မန္တလေးမြို့

ရေတံခွန်တောင်

သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာ

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း

# ယဉ်ကျေးလိမ္မာ တတိယဆင့်



ကောဇာသက္ကရာဇ် – ၁၃၆၇

ခရစ် – ၂၀၀၅

( သင်တန်းသားများအတွက်သာ )


မန္တလေးမြို့

ရေတံခွန်တောင်

သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာ

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း

# ယဉ်ကျေးလိမ္မာ တတိယဆင့်



ကောဇာသက္ကရာဇ် – ၁၃၆၇ ခရစ် – ၂၀၀၅

( သင်တန်းသားများအတွက်သာ )

# ဆန္ဒ နှင့် ပန်ကြား

နေလုံးကြီးကထွက်လာပြီ၊ ခေါင်းလောင်းသံ စီစီ။
လက်အုပ်တင်ချီ ရှိသေထား၊ ဘုန်းတော်ကျောင်းသို့ သွားစို့လား။
ဘုန်းတော်ကျောင်းက ဘုန်းဘုန်းဆရာ၊ ဘုရားစာပေ သင်ပေးရှာ။
ကျောင်းသားများစွာ ကျောင်းသူများ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြား။
ချောင်ဇရပ်က ဆရာကြီးမေ၊ ဆရာလေးတွေလည်း မကျန်ပေ။
အမျိုးသမီးတွေ လာလာသမျှ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြ။
ဆရာ – ဆရာမ အများတို့ရေ၊ ဘဂဝါဘုရားက မိန့်မှာခွေ။
ယဉ်ကျေးဖွယ်တွေ လိမ္မာရေး၊ တပည့်တွေကို သင်ကြလေး။
ရွာတိုင်းရပ်တိုင်းမြို့တိုင်းမှာ၊ ရပ်ကွက်တိုင်းလည်း မကျန်ပါ။
ယဉ်ကျေးလိမ္မာသာယာရေး၊ ကြီးသူတွေက သင်ကာပေး။
သမီး – သားတို့ လိမ္မာချင်၊ မိဘများက ဆုံးမသင်။
ဘိုးဘွားကပင် မြေးချစ်က၊ ပုံကလေးတွေ ပြောကာပြ။
ကြောင်းကျိုးကြည့်ကြ မိဘဆရာ၊ အပြောပျင်းလို့ မဖြစ်ပါ။
သီလငါးဖြာ လုံခြုံသေး၊ ပြည်လုံးမြန်မာ ချမ်းသာအေး။
ကမ္ဘာလုံးလည်း ငြိမ်းချမ်းမလေး။

ရွှေသုဝဏ်

၁၃၄၁ ခုနှစ် ၊ တန်ဆောင်မုန်းလ

# ပုံနှိပ်မှတ်တမ်း


သာသနာရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ခွင့်ပြုချက် စာအမှတ် ၁၁၉/၁ (ပုံနှိပ်)
သသန-၀၇ ဖြင့် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့၊
ဒေါ်မြင့်မြင့်ကြူ ၃၂ (B)၊ မိုးကောင်းကင် ပုံနှိပ်တိုက်၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ခွင့်ပြုသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | စ |
| ၂။ | သင်ကြားနည်း | ဆ |
| ၃။ | အနန္တတာဝန် တို့အခိင္ဘာန် | ဇ |

အပိုင်း (၁)

သုံးပါးရတနာကြောင်းရာကဏ္ဍာ

**ဗုဒ္ဓရတနာ**

| | | |
|---|---|---|
| ၄။ | သတ္တဌာနဘုရားရှိခိုး | ၁ |
| | (၁) ပလ္လင်္ကသတ္တာဟ | ၂ |
| | (၂) အနိမိသသတ္တာဟ | ၃ |
| | (၃) စင်္ကမသတ္တာဟ | ၃ |
| | (၄) ရတနာဃရသတ္တာဟ | |
| | အတုမဲ့တန်ခိုးတော်ထင်ပေါ်လာခြင်း | ၄ |
| | ပဋ္ဌာန်းဒေသနာတော်၏ မျက်မှောက်အကျိုး | ၄ |
| | ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် | ၅ |
| | (၅) အဇပါလသတ္တာဟ | ၅ |
| | အလေးအမြတ်ပြုပုံ | ၆ |
| | (၆) မုစလိန္ဒ သတ္တာဟ | ၆ |
| | (၇) ရာဇာယတနသတ္တာဟ | ၆ |
| ၅။ | ဗုဒ္ဓဝင်ဘုရားရှိခိုးကဗျာများ | |
| ၆။ | ဗုဒ္ဓဝင်အမေးအဖြေ (၃) | ၁၅ |
| | ဘုရားဖြစ်သည်မှစ၍ ဓမ္မစကြာ ဟောသည်အထိ | ၁၅ |
| | ဂုဏ်တော်ကိုးပါးလင်္ကာများ | ၁၆ |
| | ဗုဒ္ဓကိစ္စတော်များနှင့် ပရိနိဗ္ဗာန်စံတော်မူပုံ | ၁၇ |
| | အလောင်းတော်ကို ပူဇော်ပုံနှင့် ဓာတုပရိနိဗ္ဗာန်စံတော်မူပုံ | ၁၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ၃၂ ပါးသော လက္ခဏာတော်ကြီးများ | ၂၁ |
| | ဗုဒ္ဓဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ် | ၁၄ |
| | ကျက်မှတ်ရန်လင်္ကာ | ၁၄ |
| | သဗ္ဗညုတဉာဏ်တော်အစွမ်း ၃ ပါးလင်္ကာ | ၃၀ |
| | လင်္ကာ၏အဓိပ္ပာယ် | ၃၀ |
| | ဘုန်းခေါင်ငါတို့ဘုရားတည်း | ၃၆ |
| ၈။ | ဇိနဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ် | ၃၆ |
| | မာရ်ငါးပါးအောင်တော်မူပုံလင်္ကာ | ၃၆ |
| | လင်္ကာ၏အဓိပ္ပာယ် | ၃၇ |
| ၉။ | ဘဂဝါဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ် | ၃၉ |
| | ကျက်မှတ်ရန်လင်္ကာ | ၃၉ |
| | လင်္ကာ၏အဓိပ္ပာယ် | ၄၀ |
| ၁၀။ | ငါတို့ဘဂဝါ | ၄၂ |
| ၁၁။ | ဣသိရိယဘုန်းတော် ၈ ပါး | ၄၃ |
| ၁၂။ | ဘုရားဂုဏ်တော် (၉) ပါးကဗျာများ | ၄၃ |
| ၁၃။ | ဗုဒ္ဓရတနာဆိုင်ရာ သရုပ်နှင့် အဓိပ္ပာယ်များ | ၄၈ |
| | **ဓမ္မရတနာ** | **၅၆** |
| ၁၄။ | ဝိနည်းအဘိဓမ္မာ သုတ္တန် | ၅၆ |
| ၁၅။ | တရားဂုဏ်တော် ၆ ပါးကဗျာများ | ၅၈ |
| ၁၆။ | တရားဂုဏ်တော် ပွားများရကျိုးလင်္ကာ | ၆၀ |
| ၁၇။ | ဓမ္မရတနာဆိုင်ရာ သရုပ်နှင့် အဓိပ္ပာယ်များ | ၆၀ |
| | သင်္ဂါယနာ (၆) ကြိမ်တင်ခြင်း | ၆၅ |
| | **သံဃရတနာ** | **၇၁** |
| ၁၈။ | ဘုရားသားတော်များ | ၇၁ |
| ၁၉။ | ရဟန်းတော်များ၏တာဝန် | ၇၃ |
| ၂၀။ | သံဃာကျောင်းအမျိုးမျိုး | ၇၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | တာဝန် ၃ မျိုး | ၇၄ |
| ၂၂။ | သာသနာ့သမ္ပဒါ ၃ ပါး | |
| ၂၃။ | သံဃာ့ဂုဏ်တော် ၉ ပါးကဗျာများ | ၇၅ |
| ၂၄။ | သံဃရတနာဆိုင်ရာ သရုပ်နှင့် အဓိပ္ပာယ်များ | ၇၈ |
| ၂၅။ | သံဃာ့ဂုဏ်တော် ပွားများခြင်းအကျိုးလက်ာ | ၇၉ |
| ၂၆။ | သမ္ဗုဒ္ဓေဘုရားရှိခိုး ဂါထာတော်ကြီး | ၈၀ |
| ၂၇။ | သမ္ဗုဒ္ဓေတန်ခိုး အကျိုးအနန္တ | ၈၁ |
| ၂၈။ | သမ္ဗုဒ္ဓေသီချင်း | ၈၁ |
| ၂၉။ | သမ္ဗုဒ္ဓေအကျိုးပြလင်္ကာကြီး | ၈၂ |
| ၃၀။ | သမ္ဗုဒ္ဓေအကျိုးပြသံပေါက်လင်္ကာနှင့်ကဗျာ | ၈၂ |

## အပိုင်း (၂)
## စာရိတ္တကောင်းမွန်ရေးကဏ္ဍ


| | | |
|---|---|---|
| ၃၁။ | ရှင်မဟာသီလဝံသဆုံးမစာ | ၈၄ |
| ၃၂။ | အကျိုးနှင့်ကံ ဝေဖန်တတ်ဖို့လို | ၈၈ |
| | မိစ္ဆာဒိဋ္ဌိ၏ အယူမှား ၁၀ မျိုး | ၈၈ |
| | အယူမှားခြင်း၏ အပြစ် | ၉၀ |
| | အယူမှန်ခြင်း၏အကျိုး | |
| | ခန္ဓာငါးပါးနှင့် ရုပ်နာမ်အခွဲ | ၉၂ |
| ၃၃။ | ကံဆိုတာဘယ်ဟာလဲ | ၉၄ |
| ၃၄။ | ယုတ်မြတ်နှစ်ပါး ကံတရားလင်္ကာ | ၉၇ |
| ၃၅။ | ဝိပါက်တော် (၁၂) ပါးလင်္ကာ | ၉၇ |
| ၃၆။ | ဒါနခန်း၊ | ၉၈ |
| ၃၇။ | သီလခန်း | ၁၀၁ |
| ၃၈။ | ဘာဝနာခန်း | ၁၀၉ |
| ၃၉။ | ရှင်ရာဟုလာအကြောင်း | |
| | မေတ္တသုတ်ပါဠိနှင့်မြန်မာပြန် | ၁၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၄၀။ ငါးရာနှစ်ဆယ်ရှစ်သွယ်မေတ္တာ ၁၂၂
၄၁။ သစ္စာလေးပါးကဗျာများ ၁၃၇
၄၂။ ပဋိစ္စသမုပ္ပာဒ် အနုလုံပါဠိ ၁၃၉
၄၃။ ပဋိစ္စသမုပ္ပာဒ်ကဗျာနှင့် အဓိပ္ပာယ်အကျဉ်း ၁၃၉

## အပိုင်း (၃)

## ကြီးပွားချမ်းသာရေးကဏ္ဍ

၄၄။ ဗျဂ္ဃပဇ္ဇသုတ်
ဤဘဝချမ်းသာကြောင်းတရားလေးပါး
နောက်ဘဝချမ်းသာကြောင်းတရားလေးပါး ၁၄၅
၄၅။ အိမ်ထောင်စုံ ၄ မျိုး ၁၅၀
၄၆။ သိင်္ဂါလောဝါဒသုတ်မှ ထုတ်နုတ်ချက်
အဂတိမလိုက်ရ ၁၅၁
မောဟာဂတိ၏ကြောက်ဖွယ် ၁၅၂
စီးပွားစုပါ ၁၅၃
ကိုယ့်ကိုယ်ကိုကိုယ်ချစ်ပါ ၁၅၆
၄၇။ မိဘနှစ်ပါး ၁၅၆
မိဘကျေးဇူးဆပ်နည်း ၁၅၈
၄၈။ သင်္ဂဟဝတ္ထု ၄ ပါး ၁၅၉
၄၉။ သုခ ၄ မျိုး ၁၆၀
၅၀။ လောကဓံ ၈ ပါး ၁၆၁
၅၁။ လောကပါလတရား ၂ ပါး ၁၆၃
၅၂။ အမှောင်သွားအလင်းသွား
နန္ဒိယဥပါသကာဝတ္ထု ၁၆၅
၅၃။ လူသုံးမျိုး ၁၆၆
၅၄။ နောင်ရေးကိုလည်း ပြင်ဆင်ပါ ၁၆၇
၅၅။ နိဓိကဏ္ဍသုတ်ကောက်နုတ်ချက် ၁၇၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဥစ္စာ ၄ မျိုး | ၁၇၀ |
| | ဥစ္စာမြုပ်နှံရာ၌ ရည်ရွယ်ချက် ၂ မျိုး | ၁၇၀ |
| | အကျိုးမဲ့ကိုယ်လိုခြင်း၌ ရည်ရွယ်ချက် ၅ မျိုး | ၁၇၀ |
| | မြုပ်နှံဥစ္စာပျောက်ဆုံးခြင်းအကြောင်း ၅ ပါး | ၁၇၁ |
| | ဥစ္စာပျက်စီးခြင်းအကြောင်းရင်း | ၁၇၁ |
| | အနုဂါမိကဥစ္စာမြုပ်နှံရာ (၇) ဌာန | ၁၇၁ |
| ၅၆။ | ဆောင်ပုဒ် | ၁၇၁ |
| ၅၇။ | ဘဝလမ်းညွှန်ကဗျာများ | ၁၇၂ |
| ၅၈။ | ပုဂ္ဂိုလ် ၄ မျိုးပြကဗျာများ | ၁၇၅ |
| ၅၉။ | မိတ်ဆွေအတုအစစ်ပြကဗျာများ | ၁၇၇ |
| ၆၀။ | ကံဉာဏ်ဝီရိယအဖွင့် | ၁၈၁ |


## အပိုင်း (၄)
## အောင်မြင်ရေးကဏ္ဍ


| | | |
|---|---|---|
| ၆၁။ | ပလာယိတ ပရိဗ္ဗာဇကအောင်ပွဲ | ၁၈၆ |
| ၆၂။ | သာဝတ္ထိ တိတ္ထိများအောင်ပွဲ | ၁၉၁ |
| ၆၃။ | ဘာရဒွါဇ မိစ္ဆာပုဏ္ဏားအောင်ပွဲ | ၁၉၃ |
| ၆၄။ | အက္ကောသဘာရဒွါဇအောင်ပွဲ | ၁၉၉ |
| ၆၅။ | ဥရုဝေလကဿပအောင်ပွဲ | ၂၀၀ |
| ၆၆။ | အောင်ပါစေကဗျာ | ၂၀၂ |

# အမှာစာ

အမြင့်ကျယ်တော်မူကြသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများက ဗုဒ္ဓဘာသာဝင် ကလေးလူငယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအမွေအနှစ်များ ရရှိပိုင်ဆိုင်စေရန်၊ ရေရှည်မြဲတ်နိုး ထိန်းသိမ်းတတ်ကြစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များ၊ ဆုံးမစာများကို အသီးအသီး သမိုင်းပေးတာဝန်ကျေပွန်စွာ ရေးသားထားရစ်တော်မူခဲ့ကြပါ၏။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကလည်း နွေရာသီ ကျောင်းပိတ်ရက်များ၌ ကလေးလူငယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို နိုင်ငံတစ်ဝှမ်း ပြဋ္ဌာန်းဖွင့်လှစ်၍ သင်ကြားစေခဲ့ပါသည်။ ဤအရှင်၏ ရိပ်သာ၌ ဖွင့်လှစ်သင်ကြားသော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း သင်ခန်းစာများကိုလည်း (၄) ဆင့်ခွဲ၍ ရေးသားပြဋ္ဌာန်းပါသည်။ သို့ရေးသားရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှ ပြဋ္ဌာန်းထားသော စာအုပ်များမှလည်းကောင်း၊ အခြားသော ဆရာတော်ဘုရားကြီးများ ရေးသားသော စာအုပ်အသီးသီးမှလည်းကောင်း အဆင့်အားလျော်စွာ ကောင်းနိုးရာရာ ရွေးချယ်ကောက်နုတ်၍ စီစဉ်ပါသည်။

သို့စီစဉ်သည့်အတွက် စာမူပိုင်ရှင်များ ဖြစ်တော်မူကြသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများမှလည်း ဤစာစီစဉ်သူအား နားလည်ခွင့်လွှတ်ပြီး အမျိုးဘာသာ သာသနာအတွက် ဝမ်းမြောက်ဝမ်းသာစွာ ချီးမြှောက်တော်မူကြလိမ့်မည်ဟု မလွဲမသွေ ယုံကြည်ပါသည်။

သို့စီစဉ်ရာတွင်လည်း ကလေးလူငယ်များ ကျက်စာမများစေရန်၊ စိတ်ဝင်စားစေရန်၊ ပျော်ရွှင်စေရန်အတွက် ကဗျာလင်္ကာများကို ခပ်များများ ပါဝင်စေပါသည်။ ထို့ပြင် ဤသင်ခန်းစာများ၌ ပါဝင်သော ကဏ္ဍ ၄ ကဏ္ဍကိုသာ အဆင့်အားလျော်စွာ ချဲ့ထွင်တိုးမြှင့်၍ စွဲဝင်အောင် သင်ကြားနည်းကို အသုံးပြုထားပါသည်။

# သင်ခန်းစာ သင်ကြားနည်း

ဤသင်ခန်းစာပါ ကဗျာလင်္ကာများသည် အားလုံး အရကျက်ရန်ချည်းမဟုတ်ပါ။ အနည်းဆုံး တီးလုံးသွင်းထားသည့် ကဗျာပုဒ်ရေ (၃၀) လောက်နှင့် အခြား ရသင့်ရထိုက်သော ကဗျာဆောင်ပုဒ် (၁၀) ပုဒ်လောက်ကို အာဂုံရရှိထားလျှင်ပင် ကလေးလူငယ်များအတွက် ကျေနပ်ဖွယ်ဖြစ်ပါသည်။ ဘုရား တရား သံဃာဂုဏ်တော် ပါဠိအနက် မြန်မာပြန်များကို ယဉ်ကျေးလိမ္မာ ဒုတိယဆင့်တုန်းက အာဂုံရကြပြီးဖြစ်၍ ယခု ဤတတိယအဆင့်၌ ပါသော ဂုဏ်တော်ကဗျာများနှင့် ဗုဒ္ဓဝင်ဘုရားရှိခိုးကဗျာ၊ ဗုဒ္ဓဝင်အမေးအဖြေကဗျာ၊ ရှင်မဟာသီလဝံသ ဆုံးမစာကဗျာများကိုလည်း အရကျက်စရာမလိုပါ။ အားလုံး သံပြိုင်ညီညာ ပျော်ရွှင်စွာ ထပ်ကာထပ်ကာ သီဆိုခိုင်း၍ ကလေးလူငယ်များ ရင်ထဲအသည်းထဲတွင် စွဲဝင်နစ်တည်သွားအောင် အဓိပ္ပာယ် များကို ပြောပြပါ။ အချို့နေရာများတွင် ပုံဝတ္ထုများနှင့် ယနေ့ခေတ် အတွေ့အကြုံများကိုပါ ဆရာက ကလေးများနားလည်သော စကားလုံးများဖြင့် သေသေချာချာ ရှင်းပြဖို့လိုအပ်ပါသည်။ ဤသင်ခန်းစာများ၌ ပါရှိသော ကဏ္ဍ ၄ ကဏ္ဍသည်ပင် မိမိဗုဒ္ဓဘာသာ ရွှေမြန်မာတို့ အရေးတကြီးလိုအပ်နေသော အင်အားများ (ဝါ) မဖြစ်မနေ လျှောက်လှမ်းချီတက် အရောက်သွားရမည့် စခန်းသာများဖြစ်၏။ ထို့ကြောင့် ရဟန်းသံဃာ တော်များ၊ ရပ်မိရပ်ဖများနှင့် လူကြီး လူရွယ် လူငယ်များ၊ ဆရာ – ဆရာမများ အားလုံးတို့ဟာ အမျိုးဘာသာ သာသနာအတွက် တာဝန်မဲ့ အသိမဲ့ အမှတ်တမဲ့ မနေသင့်ကြပါ။ သွေးအေးမနေသင့်ကြပါ။ ထုံထိုင်းလေးဖင့် မနေသင့်ကြပါ။ ဘာသာခြားတို့ကဲ့သို့ ဓမ္မတေး (ဗုဒ္ဓဝင်ကဗျာ၊ ဂုဏ်တော်ကဗျာ၊ ပဋိစ္စသမုပ္ပာဒ်ကဗျာနှင့် အခြားကောင်းနိုးရာ) ကဗျာများကို အော်ဂင်၊ ဂစ်တာ၊ ဒရမ် စသည့် တူရိယာသံစဉ်များပါ တွဲဖက်၍ သံပြိုင် တစ်ခါ၊ တစ်လှည့်စီ တစ်ထွေ သာယာနာပျော်ဖွယ် သီဆိုစေ၍ ဘုရားဝတ်ပြုခိုင်းရလျှင် အပြစ်ရှိမည်မထင်ပါ။ အပြစ်ရှိခဲ့လျှင်လည်း အပြစ်ထက် ကောင်းကျိုးရတာက တန်ဖိုးဖြတ်နိုင်လိမ့်မည်မဟုတ်ပါ။

ထို့ကြောင့် အဆိုပါတာဝန်ရှိသူအားလုံးတို့သည် အဖိတ်၊ ဥပုသ်နေ့များ၌ဖြစ်စေ၊ တနင်္ဂနွေ၊ စနေနေ့ များ၌ဖြစ်စေ ရပ်ကွက်ဓမ္မာရုံများ၊ နီးရာဘုန်းတော်ကြီးကျောင်းများ၌ ကလေးလူငယ်များကို အသီးအသီး စုရုံးစေ၍ ဤပြအပ်သောနည်းအတိုင်း မပျက်မကွက် အချိန်မှန် ဘုရားရှိခိုးခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ တရားစာဖတ်ခြင်း စသည့် ဘာသာရေးအလုပ်တို့ဖြင့် ပျော်မွေ့တတ်အောင် ငြိမ်းချမ်းစွာ အနားယူတတ်အောင် ရှေ့ဆောင်ပြုလုပ်ပေးကြဖို့အမှန်တကယ် လိုအပ်နေပါသည်။

**အရှင်ခေမာစာရ**

သစ္စဝေဒဂူမိုးကုတ်ဝိပဿနာ

ရေတံခွန်တောင် ၊ မန္တလေးမြို့

# အနန္တတာဝန် တို့အမိဌာန်

၁။ ဘုရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၂။ တရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၃။ သံဃာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၄။ ဆရာ့ကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၅။ မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၆။ တိုင်းပြည်ကျေးဇူး၊ စိတ်ကြည်နူး၊ အထူးကျေအောင် ဆပ်ပါမည်။

၇။ ကျေးဇူးမကျေ၊ လူမိုက်တွေ၊ မသေ့ဖြစ်မှာ စိုးရသည်။

၈။ ကျေးဇူးဆပ်ကာ၊ လူလိမ္မာ၊ မှန်စွာဖြစ်အောင် ကြိုးစားမည်။

၉။ တိုင်းပြည်လူမျိုး၊ များကောင်းကျိုး၊ သယ်ပိုးရွက်ဆောင်ပြုပါမည်။

မာဂဓီ – သာစည်

# ဒီသင်တန်းဖွင့်ချိန်ခါ

(၁) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
ရွက်ဝါတွေထက်မှာ ကြွေလို့သာ။ ဖူးပုရစ်တွေ ထူးသစ်ဝေလို့ပြာ။
ရွက်သစ်တွေ ယှက်ဖြာစိမ်းလို့ နွဲ့ယိမ်း ဘယ်ညာ၊
လေပွေရူးနော့ကာ၊ မြူမှုန်ထ၊ နွေလ သည့်ချိန်ခါ။

(၂) ဒီသင်တန်း ဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
မျိုးဘာသာ အတွက်ပါ အမှန်မို့သာ။ တို့သူငါ အသက်ပါအပ်နှံစို့ကွာ။
တို့တတွေ ညီညွတ်ခြင်းနဲ့ ယှိုင်းပင်းညီညာ။
ယဉ်ကျေးမှုဖွင့်ကာ၊ သင်ကြားကြ၊ နွေလ သည့်ချိန်ခါ။

(၃) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
ရွှေညသြကျူးကာ အထူးသံသာ၊ ပိတောက်ပန်း စိန်ပန်း ပွင့်လန်းလို့သာ
တထိန်ထိန် ပူရှိန်ပြင်းတဲ့၊ နေမင်းဖန်ဝါ။
လရောင်အေးမှတ်ကာ၊ လှုပ်ရှားကြ၊ နွေလ သည့်ချိန်ခါ။

(၄) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
ကလေးတွေမွေးမေ ဖေတို့ဟာ၊ ယဉ်ကျေးစေအောင် ပို့ဆောင်အပ်ကြပါ။
ကိုယ့်သွေးလို မြတ်တနိုးနဲ့ အကျိုးဆောင်မှာ။
ယဉ်ကျေးလို့ လိမ္မာ၊ ပြုံးပျော်ကြ၊ နွေလ သည့်ချိန်ခါ။

(၅) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
မြတ်ဆရာ အမှန်ပဲ့ တို့တွေဟာ၊ ယဉ်ကျေးလိမ္မာ စံပြဖြစ်ရမှာ။
နစ်နာခံသည်းခံတမ်းကွဲ့ ပင်ပန်းခံကာ။
အနာဂတ်အတွက်ပါ၊ ပြုပြင်ကြ၊ နွေလ သည့်ချိန်ခါ။

(၆) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
ဗုဒ္ဓယဉ်ကျေး သင်တန်းသား အများတို့ဟာ။
ရွှင်လန်းစွာ သင်ခန်းစာ သင်ကြားကြတာ။
တမေးဖြေ သုံးကြိမ်ပြုလို့ အောင်ဆုဝေဖြာ။
မျိုးဘာသာအကျိုးပါ၊ အောင်မြင်ကြ၊ နွေလ သည့်ချိန်ခါ။

အရှင်ခေမာစာရ (မန်းရေတံခွန်)

## ဗုဒ္ဓယဉ်ကျေးသင်တန်း ရည်မှန်းချက်ကဗျာ

(၁) ဗုဒ္ဓဘာသာ အကျိုးရှက်လို့သာ၊ မျိုးရွှေမြန်မာ တိုးတက်ဖို့ပါ။
မြင့်မြတ်ပါတဲ့ စေတနာ၊ အောင်မင်္ဂလာ ဖြစ်ပါစေဖို့ရာ၊
နောင်စဉ်မကွာ မေတ္တာဝေလို့ဖြာ၊ ထူးမြတ်ပါတဲ့ စဉ်အလာ၊
ဗုဒ္ဓဘာသာ ယဉ်ကျေးသင်တန်း၊ ဆင်မြန်း အောင်စေရာ။

(၂) အမျိုးဘာသာ မညှိုးစေရာ၊ မညှိုးစေရာ အမျိုးဘာသာ၊
အဖိုးတန်တဲ့ ရတနာ၊ ဤမြေကမ္ဘာ ဆုံးတိုင်စေတော့ကွာ၊
ပြည်ရွှေမြန်မာ ကြံ့ခိုင်စေရမှာ၊ ယဉ်ကျေးမှုနဲ့ သာသနာ၊
ဆရာ၊ ဒကာ လက်တွဲသင်တန်း၊ တက်လှမ်း အောင်စေမှာ။

(၃) ဤမြေကမ္ဘာ တစ်ဝှမ်းဆန်လို့သာ၊ တို့ရွှေဘာသာ လွှမ်းဖြန့်ကြရာ
ငြိမ်းချမ်းပါလိမ့် အမှန်သာ၊ အားမာန်မကွာ ရှေးရှုညာဏ်နဲ့သာ၊
တရားသမ္မာ အလေးပြု မှန်ဖို့ရာ၊ မျိုးဆက်သစ်တို့ တာဝန်ပါ။
ဗုဒ္ဓဘာသာ တိုင်းပြည်နေဝန်း၊ တောက်ထွန်း ရောင်ဝေဖြာ။

(၄) အနော်ရထာ အရဟံရဟန်းတို့ပမာ၊ ကမ္ဘာပေါ်မှာ အမှန်လှမ်းဖို့ရာ၊
မြတ်ဗုဒ္ဓရဲ့ သာသနာ၊ ဘုရင့်နောင်ပါ အကြောင်းမှတ်လို့သာ၊
ဦးအောင်ဇေယျာ အလောင်းမြတ်သို့ပမာ၊ မျိုးဘာသာရဲ့ နမူနာ၊
လက်တွဲညီညာ ခွန်အားဖြည့်စွမ်း၊ ဆောင်ထမ်း နောင်စဉ်လာ။

အရှင်ခေမာစာရ (မန်းရေတံခွန်)

# အပိုင်း (၁)

# သုံးပါးရတနာ ကြောင်းရာကဗျာ

## ဗုဒ္ဓရတနာ

### ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော
### သတ္တဋ္ဌာန ဘုရားရှိခိုး

၁။ ဘုန်းရောင်ထွန်းရှိန်၊ စောမုနိန်၊ ပညိန္ဒြေ၊ ရွှေရာမုန်ဘိ၊ ဗောဓိကြငှန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှာပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစမွှာယ်သည်၊ ဘုန်းကြွယ်လက်ဦးပွဲပေကို။

၂။ နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံမှ၊ သေန်တူရှု၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိန်းစိန်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရွှင်သည်၊ ကြည်လင်ညွတ်နူးဖွယ်ပေကို။

၃။ သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်၊ တရားဆင်ခြင်လျက်ပေကို။

၄။ လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့် ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ ရွှေစံအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို မဟာဉာဏ၊ သာဂရဖြင့် ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်၊ ရောင်ရှင်ခြောက်ဖြာညီးလို့ကို။

၅။ ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြဗ္ဗာ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စမွှာယ်နေသည်၊ ရိုသေမြတ်နိုးဖွယ်ပေကို။

၆။ ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်မွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညို ပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုးစုံသည်၊ မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စမွှာယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ချီးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်၊ ရေးကျိုးသမ္ဘာတော်ကြောင့်ကို။

၇။ ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လကျာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည်၊ ကြီးမားဉာဏ်တော်ပွင့်လို့ကို။

၈။ ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွှတ်ကျိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်းပြည့်စေသောဝ်။

*သတ္တဌာနဘုရားရှိခိုးပြီး၏။*

## သတ္တဌာန သတ္တသတ္တာဟ

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ အပရာဇိတပလ္လင်ထက်ဝယ် မာရ်ငါးပါးကို အောင်တော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ "အနေကဇာတိ သံသာရံ" အစရှိသော ဥဒါန်းကို စိတ်တော်ဖြင့် ကျူးရင့်တော်မူသည်။

### ၁။ ပလ္လင် သတ္တာဟ

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် အပရာဇိတပလ္လင်တော်ထက်ဝယ် ဘုရားဖြစ်ပြီးနောက် ထိုပလ္လင်တော်ထက်၌ပင်လျှင် ဆက်လက်၍ ကဆုန်လပြည့်ကျော် (၁) ရက်နေ့မှ (၇) ရက်နေ့အထိ ၇ ရက်ပတ်လုံး သီတင်းသုံးတော်မူသည်။ ဤသတ္တာဟပထမနေ့ နေ့အခါ၌ ဖလသမာပတ်ကို ဝင်စား၍ နေတော်မူသည်၊ ညအခါ၌မူကား ဘုရားအဖြစ်သို့ ရောက်အောင် ထောက်ပံ့သည့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အနုလုံ ပဋိလုံ၊ အပြန်အလှန် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူပြီးလျှင် "ယဒါ ဟဝေ" စသော ဥဒါန်းသုံးဂါထာကို အသံမထွက် နှုတ်မမြွက်မူဘဲ စိတ်တော်ဖြင့်သာ ကျူးရင့်တော်မူသည်။ ဤနေ့ ညဉ့်ဦးယံ၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အစဉ်အတိုင်း အနုလောမနည်းအားဖြင့် ဆင်ခြင်ပြီးလျှင် 'ယဒါဟဝေ' ဟူသော ပထမဂါထာကို ဥဒါန်းကျူးရင့်တော်မူသည်။ မဇ္ဈိမယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အပြန်အားဖြင့် ပဋိလောမနည်း ဆင်ခြင်တော်မူပြီးလျှင် ယဒါဟဝေ' ဒုတိယဂါထာကို ဥဒါန်းကျူးရင့်တော်မူသည်။ ပစ္ဆိမယံ၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံ၊ ပဋိလုံ အပြန်အလှန် ဆင်ခြင်တော်မူပြီးသော် 'ယဒါဟဝေ' တတိယဂါထာကို ဥဒါန်းကျူးရင့်တော်မူသည်။

နောက် (၆) ရက်အတွင်းမှာမူ ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ချမ်းသာဖြင့် စံနေတော်မူသည်။ သတ္တမမြောက်နေ့ ညဉ့်ဦးပထမယံအစ၌ ဖိုလ်မှ ထတော်မူပြီးနောက် ညဉ့်သုံးယံပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အနုလုံ၊ ပဋိလုံ အပြန်အလှန် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူသည်။

ထိုသို့ (၇) ရက်ပတ်လုံး ရွှေပလ္လင်တော်ထက်၌ စံနေတော်မူသဖြင့် ဤအပရာဇိတပလ္လင်တော်ကို 'ပလ္လင်သတ္တာဟ' ဟု ခေါ်ပေသည်။ (သတ္တာဟ – ၇ ရက်)

## ၂။ အနိမိသ သတ္တာဟ

ထို့နောက် ပလ္လင်ပေါ်ပြီးမှ သက်ဆင်းတော်မူပြီးလျှင် ဗောဓိပင်၏အနီး အရှေ့မြောက်ခပ်ယွန်းယွန်း ၁၄ လံကွာနေရာ၌ ကဆုန်လပြည့်ကျော် ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ ၇ ရက်ထပ်မံ၍ သီတင်းသုံး စံမြန်းတော်မူပြန်သည်။ ဤနေရာကို ဒုတိယသတ္တာဟဟုခေါ်သည်။ ရှင်တော်ဘုရားသည် 'ငါသည် ပါရမီတော်များ ဖြည့်ခဲ့သဖြင့် ဤပလ္လင်ထက်၌ မာရ်ငါးပါးကို အောင်မြင်၍ ဘုရားဖြစ်ခဲ့ပြီတကား' ဟု ဆင်ခြင်တော်မူကာ ဖြောင့်ဖြောင့်မတ်မတ် ရပ်တော်မူ၍ အပရာဇိတ ပလ္လင်မြတ်ကို မမှိတ်သောမျက်စိဖြင့် ၇ ရက်ပတ်လုံး ရှုတော်မူပြီးလျှင် စံနေတော်မူသည်။ ထို့ကြောင့်ပင် ဤဌာနကို 'အနိမိသ သတ္တာဟ' ဟု ခေါ်တွင်သည်။ [**အနိမိသ** – (**အ** – မ၊ **နိမိသ** – မျက်တောင်ခတ်သည်၊ မျက်စိမှိတ်သည်) မျက်တောင်မခတ် မျက်စိမမှိတ်]

## ၃။ စင်္ကမ သတ္တာဟ

ထို့နောက်တစ်ဖန် ၇ ရက်ထပ်မံ၍ ကဆုန်လကွယ်နေ့မှ နယုန်လဆန်း ၆ ရက်နေ့အထိ ရွှေပလ္လင်နှင့် အနိမိသဌာနအကြား ဗောဓိပင်၏ မြောက်ဘက်၌ အရှေ့အနောက် သွယ်တန်းလျက် အတောင် ခြောက်ဆယ်ရှိသော နတ်တို့ဖန်ဆင်းသည့် ရတနာစင်္ကြံတော်၌ လူးလာတုံ့ခေါက် စင်္ကြံကြွကာ သီတင်းသုံး စံမြန်းတော်မူသည်။ အနိမိသ သတ္တာဟဌာန၌ စံမြန်းတော်မူစဉ် နတ်ဗြဟ္မာတို့၏စိတ်ထဲ၌ 'အရှင်ဂေါတမ သည် ပလ္လင်တော်၌ တပ်မက်ခြင်းရှိနေသေးသည်။ ဘုရားအဖြစ်သို့ ဆုံးခန်းတိုင်ရောက်တော်မမူသေး' ဟု ယုံမှားသံသယဖြစ်ကြသည်။ နတ်တို့၏ ယုံမှားသံသယဖြစ်နေသည်ကို သိတော်မူ၍ ထိုယုံမှားသံသယကို ပယ်ဖျောက်စိမ့်သောငှာ ရေအစုံ မီးအစုံသော ယမကပြာဋိဟာကို ပြတော်မူသည်။ ရှင်တော်မြတ်ဘုရားသည် စင်္ကြံသွားတော်မူရင်းပင် တရားဆင်ခြင်တော်မူ၍သော်လည်းကောင်း၊ အရဟတ္တ ဖလသမာပတ်ဝင်စား၍ သော်လည်းကောင်း စံနေတော်မူသည်။ ထိုသို့ စင်္ကြံသွားလျက် ၇ ရက်စံနေသည့်ဌာနကို 'စင်္ကမ သတ္တာဟ' ဟုခေါ်သည်။

## ၄။ ရတနာဃရ သတ္တာဟ

ထို့နောက် ဗောဓိပင်၏အနောက်မြောက်ဘက် အတောင် ၄၀ (၁၀ လံ) ကွာဝေးသောအရပ်၌ နတ်တို့ ဖန်ဆင်းအပ်သော ရတနာရွှေအိမ်သို့ ကြွတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် နယုန်လဆန်း ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူလျက် ၇ ရက် ဘိုဟိ သီတင်းသုံး စံနေတော်မူသည်။ ဤသို့ ရှင်တော်ဘုရား ၇ ရက် ရတနာရွှေအိမ်၌ စံတော်မူနေသည်ကို "ရတနာဃရ သတ္တာဟ" ဟု ခေါ်သည်။

ရှင်တော်ဘုရားသည် ဤရတနာဃရရွှေအိမ်၌ အဘိဓမ္မာ ၇ ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူရာတွင် ရှေးဦးခြောက်ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်း တို့ကို ဆင်ခြင်တော်မူသောအခါ ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးခြင်းမရှိသေးချေ။

## အတုမဲ့တန်ခိုးတော် ထင်ပေါ်လာခြင်း

ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှသာ ရှင်တော်မြတ်ဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူးလာကာ အနန္တစကြဝဠာသို့ ပျံ့နှံ့ ထွန်းလင်း လွှမ်းမိုးလေတော့သည်။ ရှင်တော်မြတ်ဘုရား၏ ဉာဏ်တော်အနန္တကို ထင်ရှားပေါ်လွင်စေသည့် အခမ်းအနားကြီး ကျင်းပဘိသကဲ့သို့ ဖြစ်တော့သည်။ ဉာဏ်တော်တန်ခိုးတော်တို့သည် တုမဲ့ကင်း ပြိုင်ဘက် ကင်းသည့် အထွတ်အထိပ်သို့ ရောက်ချေပြီဟု မရေတွက်နိုင်လောက်အောင် များပြားလှသော နတ်၊ ဗြဟ္မာအပေါင်းတို့သည် လိုက်လိုက်လှဲလှဲ ကြည်ညိုသဒ္ဓါ လွန်ကျူးစွာဖြင့် ခေါင်းတော်ဦးခိုက် ပူဇော်ကြလေပြီ။

ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်မှသာ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တဖြစ်ကြောင်း ပေါ်လွင်လာပေသည်။ နတ်ပရိသတ် ဗြဟ္မာပရိသတ်တို့ သိလာကြသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားဖြစ်သည်နှင့်တစ်ပြိုင်နက် တုဘက်ကင်း ပြိုင်ဘက်ကင်းသည့် ဉာဏ်တော်ရှင်တန်ခိုးတော်ရှင် အထွတ်အထိပ်သို့ ရောက်ခဲ့သည်ကား မှန်၏။ သို့ရာတွင် ပဋ္ဌာန်းဒေသနာ တော်ကြီးကို သုံးသပ်တော်မူသည့်အခါမှသာ ထိုသတ္တိများ ပေါ်လွင်လာပေသည်။

## ပဋ္ဌာန်းဒေသနာတော်၏ မျက်မှောက်အကျိုး

သို့ဖြစ်သောကြောင့် ‘ကောင်းရာမြတ်နိုး၊ ကောင်းအောင်ကြိုးပမ်း’ နေသူတို့အတွက် ကောင်းကျိုးတွေ ဖြိုးဝေအောင် တန်ခိုးရှိန်စော်အာနုဘော်တို့ တိုးစေသည့် ပဋ္ဌာန်းဒေသနာတော်ကြီးကို နေ့ညမပြတ် ရွတ်ဖတ် သရဇ္ဈာယ်ကြရပေမည်။ သို့မှသာလျှင် မိမိတို့သန္တာန်၌ ကိန်းအောင်းနေသော ဉာဏအား၊ ကာယအား အစွမ်းသတ္တိတို့ ပေါ်လွင်မည်၊ ထွန်းတောက်မည်၊ ထက်မြက်မည်၊ ပေါ်လွင်ထက်မြက်သည့် ဉာဏ်အား၊ ကိုယ်အား၊ စိတ်အားရှိသည့်အတိုင်းလည်း မျှော်မှန်းသည့် ကောင်းကျိုးဟူသမျှ အခါမလင့် မျက်မှောက် ချက်ခြင်းပင် ဖြစ်ထွန်းကာ အောင်ပန်းဆွတ်ခူးနိုင်ကြရပေမည်။

ထို့ကြောင့် ဖြူစင်ကောင်းမြတ်သည့် စေတနာရှင်တို့သည် မိမိတို့မျှော်မှန်းသော ကောင်းမြတ်သည့် ကောင်းကျိုးဟူသမျှကို မုချအောင်မြင်မှု ရရှိနိုင်ကြစေရန် ပဋ္ဌာန်းဒေသနာတော်ကြီးကို ဓမ္မပူဇာ အခါမလပ် ထက်ကြပ်မကွာပြုနိုင်ကြပါစေသတည်း။

## ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်

ဟေတုပစ္စယော အာရမ္မဏပစ္စယော
အဓိပတိပစ္စယော အနန္တရပစ္စယော
သမနန္တရပစ္စယော သဟဇာတပစ္စယော
အညမညပစ္စယော နိဿယပစ္စယော
ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော
ကမ္မပစ္စယော ဝိပါကပစ္စယော
အာဟာရပစ္စယော ဣန္ဒြိယပစ္စယော
ဈာနပစ္စယော မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော နတ္ထိပစ္စယော
ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။

### ၅။ ဆိတ်ကျောင်းညောင်ပင် အဇပါလ သတ္တာဟ

ရတနာဃရ စတုတ္ထသတ္တာဟ၌ ၇ ရက်စံတော်မူပြီးနောက် မြတ်စွာဘုရားသခင်သည် မဟာဗောဓိပင်၏ အရှေ့မျက်နှာ ၃၂ လံကွာ၌ရှိသော အဇပါလညောင်ပင်ရင်းသို့ ချဉ်းကပ်တော်မူ၍ နယုန်လဆန်း ၁၄ ရက်နေ့မှ နယုန်လပြည့်ကျော် ၅ ရက်နေ့အထိ တစ်ဖန် ၇ ရက် သီတင်းသုံးတော်မူပြန်သည်။

ဤပဉ္စမသတ္တာဟ အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် တရားတော်ကို ဆင်ခြင်တော်မူ၍ ရံခါရံခါ ဖလသမာပတ်ကို ဝင်စားတော်မူသည်။

ဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ်အခါ တဏှာ၊ အရတိ၊ ရာဂါ အမည်ရှိသော မာရ်နတ်မင်း၏ သမီး ၃ ယောက်တို့ လာရောက်ကြ၍ မြတ်စွာဘုရားကို အကျင့်ပျက်အောင် မြူဆွယ်ဖြားယောင်းကြသည်။ မြင်းမိုရ်တောင်ကို မှန်ညင်းစေ့နှင့် ပစ်ခတ်ဖြိုခွင်းသော် ပြိုကွဲကောင်း ပြိုကွဲပေမည်၊ ရှင်တော်မြတ်ဘုရား၏ ဖြူစင်သောအကျင့်ကို မည်သူတစ်ဦးတစ်ယောက်မျှ ညစ်ညူးစေအောင် စွမ်းနိုင်မည် မဟုတ်ပေ။

ထို့ပြင် ဟုံဟုံကအမည်ရှိသော ပုဏ္ဏားတစ်ဦးသည် ရှင်တော်ဘုရား ထံတော်မှောက်သို့ ရောက်လာပြီးလျှင် 'အဘယ်သို့သောသူသည် ဗြာဟ္မဏမည်ပါသနည်း' ဟု မေးလျှောက်သည်။ 'အမျက်ဒေါသမရှိမူ၍ သတ္တဝါတို့အား သနားချစ်ခင်သူ၊ ရာဂစသော ကိလေသာတို့ကို စွန့်ခွာပြီးသူ၊ ပုညကြိယာဝတ္ထုကောင်းမှု ၁၀ ပါးတို့၌ ပျော်မွေ့သူသည်သာလျှင် ဗြာဟ္မဏမည်၏' ဟု မြတ်ဗုဒ္ဓရှင်တော်ဘုရားက ဥဒါန်းကျူးဖြေကြားတော်မူသည်။



၁။ ပလ္လင်္က သတ္တာဟ



၂။ အနိမိသ သတ္တာဟ




၃။ စင်္ကြမ သတ္တာဟ



၄။ ရတနာဃရ သတ္တာဟ



၅။ အဇပါလ သတ္တာဟ



၆။ မုစလိန္ဒ သတ္တာဟ



၇။ ရာဇာယတန သတ္တာဟ

## တရားတော်ကိုသာ ဗုဒ္ဓရှင်တော်ဘုရားတို့ အလေးအမြတ်ပြုပုံ

အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ရှင်တော်မြတ်ဘုရားသည် ဤသို့ ကြံစည်ဆင်ခြင်လေသည် 'လောကတစ်ခွင် တစ်ပြင်လုံး၌ ငါ အလေးပြုအပ်သည့် ပုဂ္ဂိုလ်ရှိသေး၏လော' ဟု ဆင်ခြင်သည်။ ထိုအခါ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် မိမိက အလေးပြုထိုက်သူ တစ်စုံတစ်ယောက်မျှမရှိသည်ကို မြင်တော်မူသည်။ ထို့နောက် မိမိက အလေးအမြတ်ပြုအပ်သည့်အရာကို ရှာကြံရာ ဗုဒ္ဓရှင်တော်မြတ်ဘုရားတို့ အလေးပြုအပ်သည်မှာ တရားတော်သာ ဖြစ်ကြောင်းကို မြင်တော်မူလေသည်။

ထို့ကြောင့် ရှင်တော်မြတ်ဘုရားသည် တရားတော်ကို အလေးအမြတ်ဆင်ခြင်၍ သီတင်းသုံး စံပယ်တော်မူသည်။

### ၆။ မုစလိန္ဒ သတ္တာဟ

(မုစလိန္ဒ – ကျည်းပင်၊ မုစလိန္ဒာအိုင် – ကျည်းပင်ပေါက်ရာရေအိုင်) အဇပါလပဥ္စမသတ္တာဟ၌ ၇ ရက် သီတင်းသုံးတော်မူပြီးနောက် ရှင်တော်မြတ်ဘုရားသည် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ၅၁ လံကွာအရပ်၌ရှိသော မုစလိန္ဒာအိုင်၏အနီး ကျည်းပင်ရင်း၌ နယုန်လပြည့်ကျော် ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ၇ ရက် သီတင်းသုံးတော်မူပြန်သည်။

ဤ ဆဋ္ဌမသတ္တာဟ၌ သီတင်းသုံးတော်မူသည့် ၇ ရက်ပတ်လုံး ရှင်တော်မြတ်ဘုရားသည် ဖလသမာပတ်ကို ဝင်စား၍နေတော်မူသည်။

ရှင်တော်မြတ်ဘုရား ကျည်းပင်ရင်း၌ သီတင်းသုံးတော်မူသည့် ၇ ရက်ပတ်လုံး စကြာဝဠာတိုက်အလုံး နှံ့အောင်ရွာသော အခါမဲ့မိုးကြီး ရွာလေသည်။

ထိုအခါ မုစလိန္ဒာနဂါးမင်းကြီးသည် မြတ်စွာဘုရားကို အလွန်အေးမြသော မိုးရေမိုးပေါက်နှင့် လေကြမ်းတို့ မထိခိုက်စေရန် ရှင်တော်မြတ်ဘုရား၏ကိုယ်တော်ကို ခုနစ်ခွေရစ်ပတ်ပြီးသော် ဦးခေါင်းတော်ထက်က ပါးပျဉ်းဖြင့်အုပ်မိုး၍ ပူဇော်လေသည်။

### ၇။ လင်းလွန်းပင် ရာဇာယတန သတ္တာဟ

(ရာဇာယတန – လင်းလွန်းပင်) ဆဋ္ဌမသတ္တာဟဖြစ်သော မုစလိန္ဒာအိုင်၏အနီး ကျည်းပင်ရင်း၌ ၇ ရက် သီတင်းသုံးတော်မူပြီးနောက် မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်၏ တောင်မျက်နှာ အလံ ၄၀ ကွာသောအရပ်၌ရှိသည့် လင်းလွန်းပင်ရင်းဝယ် နယုန်လပြည့်ကျော် ၁၃ ရက်နေ့မှ ဝါဆိုလဆန်း ၅ ရက်နေ့အထိ ၇ ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စားတော်မူ၍ သီတင်းသုံး စံမြန်းတော်မူသည်။

၇ ရက်စေ့ပြီးနောက် ဝါဆိုလဆန်း ၆ ရက်နေ့နံနက်၌ သိကြားမင်းသည် မြတ်စွာဘုရားအား ကြိစုသီး၊ ကွမ်းရိုးဒန်ပူ၊ အနောတတ်ရေများကို ကပ်လှူလာသည်။ ရာမညတိုင်း ဥက္ကလာပဇနပုဒ် ပေါက္ခရ

ဝတီမြို့သား တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ဘုရားရှင်ရှိရာအရပ်သို့ ရောက်ကြသည်။

ထိုအခါ တပုဿ၊ ဘလ္လိကညီနောင်တို့နှင့် မိတ်ဆွေဖြစ်ခဲ့ဖူးသော နတ်က ကိုယ်ထင်ပြလျက် 'လောက ၃ ပါးတွင် အတုမရှိသော မြတ်စွာဘုရား ထင်ရှားဖြစ်ပွင့်တော်မူပြီ။ ယခုအခါ ရှင်တော်ဘုရားသည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူသည်။ သင်တို့ အကျိုးစီးပွားဖြစ်ထွန်းလိုကြလျှင် လှူဒါန်းပူဇော်ချေ' ဟု ညွှန်ကြားပြောဆိုသည်။

ညီနောင် ၂ ဦးတို့သည် အားရဝမ်းသာစွာ မိမိတို့၌ပါသော ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်တို့ကို ရှင်တော်ဘုရားအား ကပ်လှူပူဇော်သည်။ ရှင်တော်မြတ်ဘုရားအား ဃဋိကာရဗြဟ္မာလှူသော သပိတ်တော်သည် သုဇာတာနို့ဆွမ်းလှူစကပင် ကွယ်ခဲ့သည်။ အစဉ်အလာအားဖြင့် မြတ်စွာဘုရားတို့မည်သည် သပိတ်တော်ဖြင့်သာ ခံယူတော်မူကြသည်။ ရှင်တော်မြတ်ဘုရားသည် တပုဿညီအစ်ကိုတို့လှူသော မုန့်ဆုပ်တို့ကို ခံယူတော်မူလိုသော အကြံတော်ဖြစ်သည်။

ထိုအခါ စတုမဟာရာဇ်နတ်မင်းကြီး ၄ ယောက်တို့သည် ရှေးဦးစွာ ဣန္ဒနီလာကျောက်ညိုသပိတ် ၄ လုံးကို ကပ်လှူသည်။ ဘုရားရှင်ကိုယ်တော်မြတ်သည် ထိုသပိတ်တော်တို့ကို ခံယူတော်မမူချေ။

တစ်ဖန် နတ်မင်းကြီး ၄ ယောက်တို့သည် ပဲနောက်အဆင်းရှိသော ကျောက်သပိတ် ၄ လုံးကို လှူသည်။ ထိုကျောက်သပိတ်တို့ကို ခံယူတော်မူပြီးလျှင် လေးလုံးသော သပိတ်တို့ကို ဆင့်၍ အဓိဋ္ဌာန် ဖြင့်နှိပ်ရာ အနားရေး ၄ ခုရှိသော သပိတ် ၁ လုံးဖြစ်လာသည်။ ထိုသပိတ်ဖြင့် ပျားမုန့်ဆုပ်တို့ကို ခံယူတော်မူသည်။ (ရှင်တော်မြတ်ဘုရား၏ သပိတ်တော်၌ အနားလေးရစ်ပါသည်ကို အထိမ်းအမှတ် ပြုခြင်းအားဖြင့် ယခုအခါ သံဃာတော်၏ ပရိက္ခရာဖြစ်သည့် သပိတ်များကိုလည်း အနားရေး ၄ ရစ်ဖြင့် ပြုလုပ်လေ့ရှိသည်)။

ရှင်တော်မြတ်ဘုရားသည် တပုဿညီနောင် ၂ ယောက်တို့အား ဆံပင်ရှစ်ချောင်း (ဆံတော်ရှစ်ဆူ) ကို ပူဇော်ရန် ပေးသနားတော်မူလိုက်သည်။ ထိုဆံတော်ရှစ်ချောင်းသည် ယခုတိုင်အောင် ရွှေတိဂုံစေတီတော် ဌာပနာတိုက်၌ ကိန်းဝပ်သီတင်းသုံး စံပယ်တော်မူလျက်ရှိသည်။ ထို့ကြောင့်ပင် မြန်မာပြည်သို့ ဗုဒ္ဓသာသနာ ရောက်လာသည့်အချိန်ကာလမှာ 'ဗုဒ္ဓသာသနာအစ မြတ်ရွှေတိဂုံက' ဖြစ်သည်ဟု မှတ်တမ်းတင် မော်ကွန်း ထိုးခဲ့လေသည်။ မြန်မာပြည်သို့ ဗုဒ္ဓသာသနာ ရောက်လာသည်မှာ ယခု ၁၃၃၄ ခုနှစ်အထိ ရေတွက်ပါမူ နှစ်ပေါင်း ၂၅၁၆ (နှစ်ထောင့်ငါးရာတစ်ဆယ့်ခြောက်) နှစ် ရှိချေပြီ။

*သတ္တဋ္ဌာန သတ္တသတ္တာဟ ပြီး၏။*

ဗုဒ္ဓယဉ်ကျေးမှုအခြေပြု
(၁၈ – ၃၉)

# ဗုဒ္ဓဝင်အမေးအဖြေ (၃)

## အဋ္ဌမအခန်း

(ဘုရားဖြစ်သည်မှစ၍ ဓမ္မစကြာဟောတော်မူသည်အထိ)

၁။ ဘုရားဖြစ်လျှင်၊ တို့မြတ်ရှင်၊ ဘယ်တွင်ဆက်၍ စံသနည်း။

၂။ ဘုရားဖြစ်လျှင်၊ ဗောဓိပင်၌၊ တင်ပလ္လင်ဖွဲ့ကာ၊ ၇ ရက်ကြာ ဆက်ကာစံနေပါသတည်း။

၃။ ထိုပလ္လင်၊ သတ္တာဟနောက်၊ ဘယ်ဆီရောက်၊ ဘယ်လောက်ကြာအောင်စံသနည်း။

၄။ ဗောဓိပင်ရှေ့၊ မြောက်နားကွေ့၌၊ ရပ်၍တိတ်တိတ်၊ ပလ္လင်စိတ်ဖြင့်၊ မမှိတ်မသုန်၊ ရှုလျက်တုံ၊ နေပုံ ၇ ရက်ကြာသတည်း။

၅။ အနိမိသ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ်လောက်ကြာအောင် စံသနည်း။

၆။ ဗောဓိပင်သာ၊ ရပ်တည်ရာနှင့်၊ မကွာအကြား၊ ရှေ့နောက်သွားဖို့၊ အလျားစင်္ကြံ၊ ၇ ရက်မှန်၊ တုန့်ပြန်လျှောက်၍နေသတည်း။

၇။ ထိုစင်္ကြံ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ်လောက်ကြာအောင် စံသနည်း။

၈။ ဗောဓိပင်ထောက်၊ အနောက်မြောက်သို့၊ ကြွရောက်တုံလျှင်း၊ နတ်ဖန်ဆင်းသည့် သန့်ရှင်းရတနာဃရမှာဝယ်၊ ဘိဓမ္မာတရား၊ ဆင်ခြင်ငြား၊ ချိန်ကား ၇ ရက်ကြာသတည်း။

၉။ ရတနာဃရ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ်လောက်ကြာအောင်စံသနည်း။

၁၀။ ရတနာဃရ၊ သတ္တာဟမှ၊ အဇပါလ၊ မည်ရညောင်ပင်၊ တို့ဖျားရှင်၊ ကပ်ဝင် ၇ ရက်စံသတည်း။

၁၁။ အဇပါလ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ်လောက်ကြာအောင်စံသနည်း။

၁၂။ အဇပါလ၊ သတ္တာဟမှ၊ မုစလိန္ဒ မည်ရကျည်းပင်၊ တို့ဖျားရှင်၊ ကပ်ဝင် ၇ ရက်စံသတည်း။

၁၃။ မုစလိန္ဒ၊ သတ္တာဟနောက်၊ ဘယ်သို့ရောက်၊ ဘယ်လောက်ကြာအောင်စံသနည်း။

၁၄။ မုစလိန္ဒာ ၇ ရက်ကြာသော် ရာဇာယတန၊ နာမခေါ်တွင်၊ လင်းလွန်းပင်၊ ကပ်ဝင် ၇ ရက်စံသတည်း။

၁၅။ ၇ ရက်မျှ၊ ပြည့်ကာလ၊ ဘယ်ကဘယ်သူလာသနည်း။

၁၆။ ၇ ရက်မျှ၊ ပြည့်ကာလဝယ်၊ တပုဿနှင့် ဘလ္လိကမည်၊ လှည်းကုန်သည်၊ ဥက္ကလာပြည်မှ လာသတည်း။

၁၇။ ဥက္ကလာပြည်သား၊ နောင်ညီများ၊ ဘုရားဘာကိုလှူသနည်း။

၁၈။ ဥက္ကလာပြည်သား၊ နောင်ညီများတို့၊ ဘုရားရှင်ကို၊ လွန်ကြည်ညို၊ မုန့်ကိုလှူကြလေသတည်း။

၁၉။ နောင်ညီတို့မှာ၊ ကိုးကွယ်ရာ၊ ဘာကိုရ၍သွားသနည်း။

၂၀။ နောင်ညီနှစ်ဖော်၊ အလွန်ပျော်၊ ဆံတော်ဓာတ်များရသတည်း။

၂၁။ ရာဇာယတန၊ သတ္တာဟမှ၊ ကြွ၍ဘယ်တွင်၊ စံနေစဉ်၊ တို့ရှင်ဘယ်စိတ်ဖြစ်သနည်း။

၂၂။ ထိုမှတစ်ဖြာ၊ အဇပါသို့၊ ပြန်ကာအကြွ၊ ရောက်ခါစဝယ်၊ များလှစိတ်ထား၊ ညံ့သည့်အားကြောင့်၊ တရားအထူး၊ မတန်ဘူး၊ စိတ်ကူးတို့ရှင်ဖြစ်သတည်း။

၂၃။ စိတ်ကူးဖြစ်ကာ၊ ဘယ်သူလာ၊ ဘယ်အရာကို လျှောက်သနည်း။

၂၄။ သဟမ္ပတိ ဗြဟ္မာ၊ ဆိုသူလာ၊ ဟောပါတရား လျှောက်သတည်း။

၂၅။ တရားဟောရန်၊ လက်သင့်ခံ၍၊ ဟောရန်ဓမ္မ၊ ဘယ်ဒေသ၊ ဗုဒ္ဓကြွတော်မူသနည်း။

၂၆။ မိဂဒါဝုန်၊ သားမျိုးစုံသည့်၊ ရဂုံဒေသ၊ တို့ဗုဒ္ဓ၊ ဓမ္မဟောရန်ကြွသတည်း။

၂၇။ ဘယ်သူတို့အား၊ အမှူးထား၊ ဘယ်တရားကိုဟောသနည်း။

၂၈။ ပဉ္စဝဂ္ဂီများ၊ အမှူးထား၍၊ အများရောက်လာ၊ နတ်ဗြဟ္မာ၊ စကြာတရားဟောသတည်း။

၂၉။ ဓမ္မစကြာ၊ ဟောသောခါ၊ သတ္တဝါဘယ်လောက်ကျွတ်သနည်း။

၃၀။ အရှင်ကောဏ္ဍည၊ အမှူးစ၍၊ ဓမ္မစက်သစ်၊ ဟောဖော်လှစ်သော်၊ ဆယ့်ရှစ်ကုဋေ၊ နတ်ဗြဟ္မေ၊ ထိုနေရာတွင်ကျွတ်သတည်း။

## နဝမအခန်း

(**ဤအခန်း၌ ဂုဏ်တော် ၉ ပါးကိုပြထား၏**။ ဂုဏ်တော်များ၏မူရင်းကို နာမည်မပျက်စေလိုသောကြောင့် လင်္ကာများမချောဘဲရှိသည်ကို သည်းခံ၍ဖတ်ပါ)

၁။ ဘုရားဖြစ်သော်၊ တို့ဘုန်းမော်၊ ဂုဏ်တော်မည်မျှကျော်သနည်း။

၂။ ဂုဏ်တော်မှန်က၊ အနန္တပင်၊ သိကြအများ၊ ဂုဏ်တော်ကား ၉ ပါးပုံ့နှံ့ကျော်သတည်း။

၃။ ဂုဏ်တော် ၉ သွယ်၊ ပုံ့နှံ့ကြွယ်၊ အဘယ်အဘယ်တို့ပါနည်း။

၄။ ဣတိပိသောဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါဘဂဝါ၊ ဤ ၉ ဖြာ၊ မှတ်ပါ ဂုဏ်တော်အနံ့တည်း။

၅။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်အရဟံရသနည်း။

၆။ ကိလေသာကင်း၊ ဝေးသန့်ရှင်း၍၊ မင်းမင်းပြည်သူ အလှူတော်မှန်၊ ပူဇော်ခံဖို့ ထိုက်တန်သည့်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော်အရဟံ ရသတည်း။

၇။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်သမ္မာသမ္ဗုဒ္ဓရသနည်း။

၈။ သိထိုက်သိရန်၊ ကြွင်းမကျန်အောင်၊ အမှန်ကိုယ်တိုင်၊ သိမြင်နိုင်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော်သမ္မာသမ္ဗုဒ္ဓ ရသတည်း။

၉။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်ဝိဇ္ဇာစရဏ သမ္ပန္န ရသနည်း။

၁၀။ အသိပညာ၊ ဉာဏ်ဝိဇ္ဇာနှင့်၊ ကောင်းစွာကျင့်ပုံ၊ စရဏစုံ၊ ဂုဏ်တော်ဝိဇ္ဇာစရဏသမ္ပန္န ရသတည်း။

၁၁။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်သုဂတ ရသနည်း။

၁၂။ ဒီပင်္ကရာ၊ စောမြတ်စွာမှ၊ စ၍ဗောဓိ၊ မဏ္ဍိုင်ထိအောင် သတိသမ္ပဇဉ်၊ မပြတ်ယှဉ်လျက်၊ သဗ္ဗဉ် ဉာဏ်တော်၊ ရဖို့မျှော်၍၊ ကြွတော်မူပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော်သုဂတ ရသတည်း။

၁၃။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်လောကဝိဒူ ရသနည်း။

၁၄။ သတ္တောကာသ၊ သင်္ခါရဟု၊ လောကသိပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော်လောကဝိဒူ ရသတည်း။

၁၅။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်အနုတ္တရော ပုရိသဒမ္မသာရထိ ရသနည်း။

၁၆။ ဆုံးမထိုက်သူ၊ နတ်လူဗြဟ္မာ၊ ဆုံးမရာဝယ်၊ အသာမရှိ၊ ယဉ်ကျေးသည့်တိုင်၊ ဆုံးမနိုင်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော်အနုတ္တရော ပုရိသဒမ္မသာရထိ ရသတည်း။

၁၇။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် သတ္ထာ ဒေဝ မနုဿာနံ ရသနည်း။

၁၈။ လူနတ်ဗြဟ္မာ၊ သတ္တဝါ၏၊ ဆရာဖြစ်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော်သတ္ထာဒေဝ မနုဿာနံ ရသတည်း။

၁၉။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်ဗုဒ္ဓ ရသနည်း။

၂၀။ လေးပါးသစ္စာ၊ မြိုက်ရသာကို၊ ကောင်းစွာပိုင်ပိုင်၊ ကိုယ်တော်တိုင်နှင့်၊ သုံးဆိုင်ဝေနေ၊ များဗိုလ်ခြေကို၊ သိစေနိုင်ပုံ၊ ပြီးပြည့်စုံ၊ ဂုဏ်တော်ဗုဒ္ဓ ရသတည်း။

၂၁။ ဘယ်အကြောင်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော်ဘဂဝါ ရသနည်း။

၂၂။ ဣဿရိယ၊ ဓမ္မ–ယသ၊ သိရီ–ကာမ၊ ပယတ္တဟု၊ ခြောက်ဝဘုန်းဟုန်၊ ပြီးပြည့်စုံ၊ ဂုဏ်တော် ဘဝဂါ ရသတည်း။

၂၃။ လေးဆယ့်ငါးဝါ၊ ကာလကြာအောင်၊ ကောင်းစွာဟောပြ၊ တို့ဗုဒ္ဓ၊ ဓမ္မအချုပ် အဘယ်နည်း။

၂၄။ အကြောင်းရှိလျှင်၊ အကျိုးထင်၍၊ ကြောင်းအင်လည်းပြတ်၊ ကျိုးလည်းချုပ်ဟု၊ လောကုတ်လောကီ၊ ကြောင်းကျိုးမှီ၊ လေးလီသစ္စာ အချုပ်တည်း။

## ဒသမအခန်း

**(ဗုဒ္ဓကိစ္စတော်များနှင့် ပရိနိဗ္ဗာန်စံတော်မူပုံ)**

၁။ ဝေနေယျများ၊ ကျိုးစီးပွား၊ ဘုရားဘယ်သို့ပြုသနည်း။

၂။ ဝေနေယျများ၊ ကျိုးစီးပွား၊ မအားလပ်အောင် ပြုသတည်း။

၃။ နံနက်ကာလ၊ ဘယ်ကိစ္စ၊ ဗုဒ္ဓနေ့စဉ်ပြုသနည်း။

၄။ စောစောကပင်၊ ထပြီးလျှင်သော်၊ သုတ်သင်ကိုယ်လက်၊ လွန်ငြိမ်သက်အောင်၊ နေလျက်ပြီးမှ၊ ဆွမ်းခံကြွ၍၊ ခေတ္တပြန်နား၊ ရဟန်းများ၊ ဆွမ်းစားပြီးအောင် စောင့်သတည်း။

၅။ ဆွမ်းစားပြီးက၊ ဘယ်ကိစ္စ၊ ဗုဒ္ဓနေ့စဉ်ပြုသနည်း။

၆။ ဆွမ်းစားပြီးက၊ တရားပြ၍၊ ဂန္ဓကျောင်းတော်၊ ဝင်လျောင်းပျော်၏။ ထသော်တစ်လှည့် လောက ကြည့်၍၊ ရောက်ရှိလာကြား၊ လူအများ၊ တရားနေ့စဉ်ဟောသတည်း။

၇။ ညဦးယံတွင်၊ ဘယ်သို့လျှင်၊ ညစဉ်ကိစ္စပြုသနည်း။

၈။ ညဦးယံသော်၊ သံဃာတော်၏၊ ထုတ်ဖော်မေးက၊ အဖြေပြ၊ ဓမ္မညစဉ်ပေးသတည်း။

၉။ သန်းခေါင်ယံတွင်၊ ဘယ်သို့လျှင်၊ ညစဉ်ကိစ္စပြုသနည်း။

၁၀။ သန်းခေါင်ရောက်လတ်၊ ဗြဟ္မာနတ်၏၊ ပြဿနာမေး၊ အဖြေပေးလျက်၊ ငြိမ့်လေးနာပျော်၊ တရားတော် ဟောဖော်ညွှန်ပြပါသတည်း။

၁၁။ မိုးသောက်ယံတွင်၊ ဘယ်လိုလျှင်၊ ညစဉ်ကိစ္စပြုသနည်း။

၁၂။ မိုးသောက်ယံရောက်၊ စင်္ကြံလျှောက်၍၊ ထို့နောက်ဆက်လက်၊ တစ်မှေးစက်၏၊ ကျိန်းစက်ထမှ၊ ချွတ်ထိုက်သူ၊ နတ်လူစုံအောင် ကြည့်သတည်း။

၁၃။ ကျွတ်ထိုက်ကြသူ၊ နတ်နှင့်လူ၊ မြင်မူဘယ်သို့ပြုသနည်း။

၁၄။ အချိန်ကာလ၊ အံကိုက်ကျအောင်၊ ကြွ၍မနေး၊ တရားအေး၊ တိုက်ကျွေးဟောဖော်ချွတ်သတည်း။

၁၅။ ရန်သူကပြိုင်၊ တို့ဘုန်းလှိုင်၊ ရှုံးနိုင်ဘယ်သို့ရှိသနည်း။

၁၆။ ရန်သူများစွာ၊ ပြိုင်ကြပါလည်း၊ မေတ္တာတော်ဓာတ်၊ ဉာဏ်တော်မြတ်ဖြင့်၊ မပြတ်အောင်မြင်၊ သူတို့ပင်၊ အစဉ်ရှုံးရလေသတည်း။

၁၇။ ဗုဒ္ဓမြတ်စွာ၊ ရှုံးရပါ၊ ကမ္ဘာ ဘယ်ရန်ရှိသနည်း။

၁၈။ အိုဘေး နာဘေး၊ သေခြင်းဘေးဟု၊ ဘေးကြီး ၃ ဖြာ၊ ရန်သူလာ၊ မြတ်စွာရှုံးရပါသတည်း။

၁၉။ အို အို မြတ်စွာ၊ အိုဘေးမှာ၊ ဘယ်ခါကြုံရပါသနည်း။

၂၀။ သက်တော်ရင့်ညောင်း၊ ရွယ်တော်ပြောင်း၊ အိုကြောင်းဘေးကြီး ကြုံသတည်း။

၂၁။ ဖြစ်ရလေဖျာ၊ နာဘေးမှာ၊ ဘယ်ခါကြုံရပါသနည်း။

၂၂။ မကြာမကြာ၊ ခါးတော်နာ၍၊ ခြေမှာနုနု၊ သွေးခြေဥ၏၊ မရှုရက်နော်၊ နောက်ဆုံးသော်၊ ဝမ်းတော်လားရပါသတည်း။

၂၃။ ဝမ်းတော်လားလျှင်၊ တို့ဖျားရင်၊ ဘယ်တွင်ကြွ၍စံသနည်း။

၂၄။ ဝမ်းတော်အလား၊ သက်တော်အားလည်း၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ ဝင်စံဖို့ရာ၊ ကုသိနာရုံ၊ အင်ကြင်းစုံ၊ ရဂုံကြွ၍စံသတည်း။

၂၅။ များအင်ကြင်းပင်၊ မြတ်ဥယျာဉ်၊ ဖူးမြင်ဘယ်မျှလာသနည်း။

၂၆။ အင်ကြင်းပင်စပ်၊ ဥယျာဉ်ရပ်၌၊ လူနတ်ဗြဟ္မာ၊ များသံဃာ၊ ရောက်လာဖူးမြော်ကြသတည်း။

၂၇။ နတ်ဗြဟ္မာလယ်၊ သံဃာ့အလယ်၊ ဘုန်းကြွယ်ဘယ်သို့ဖြစ်သနည်း။

၂၈။ အိုအို ဟင်ဟင်၊ မကြားချင်နှင့် တို့ရှင်ဘုရား၊ သံဃာများကို၊ တရားသတိ၊ နောက်ဆုံးဖြည့်၍၊ လပြည့်ကဆုန်၊ နီးအရုဏ်၊ ဓာတ်မြဲနိဗ္ဗူစံသတည်း။

၂၉။ ဘုရားနိဗ္ဗူ၊ စံတော်မူသော်၊ နတ်လူဗြဟ္မာ၊ မြေကမ္ဘာ ထွေလာထူးခြားဘယ်သို့နည်း။

၃၀။ ဘုရားနိဗ္ဗူ၊ စံတော်မူသော်၊ ဝှန်းဆူမြေကြီး၊ ပဲ့တင်ဟီး၍၊ ထန်သည်းပြင်းပြ၊ ငိုကြွေးကြ၊ ချို့က သံဝေယူသတည်း။

## **ကောဒသမအခန်း**

**(အလောင်းတော်ကို ပူဇော်ပုံနှင့် ဓာတုပရိနိဗ္ဗာန် စံတော်မူပုံ)**

၁။ နိဗ္ဗာန်ပြောင်းသော်၊ အလောင်းတော်၊ ပူဇော်ဘယ်သူပြုသနည်း။

၂။ နိဗ္ဗာန်ပြောင်းသော်၊ အလောင်းတော်၊ ပူဇော်နတ်လူပြုသတည်း။

၃။ အလောင်းတော်အား၊ သံဃာများ၊ ထူးခြားပူဇော် ဘယ်သို့နည်း။

၄။ အလောင်းတော်အား၊ သံဃာများ၊ ထူးခြားပူဇော်မပြုတည်း။

၅။ နိဗ္ဗာန်စံ၍၊ ဘယ်ရက်စေ့၊ ဘယ်ရွှေ့ပင့်ဆောင်ထားသနည်း။

၆။ နိဗ္ဗာန်စံ၍၊ ၇ ရက်စေ့၊ မြို့ရှေ့ပင့်ဆောင်ထားသတည်း။

၇။ မြို့ရှေ့ရောက်သော်၊ အလောင်းတော်၊ ပူဇော်ဘယ်သို့ပြုသနည်း။

၈။ ဝါဂွမ်းအဝတ်၊ ထပ်ကာထပ်ကာ၊ စုံငါးရာဖြင့်၊ ပတ်ကာရစ်ငြောင်း၊ မြတ်အလောင်း၊ ရွှေခေါင်းတော်မှာ သွင်းသတည်း။

၉။ ခေါင်းသွင်းပြီးသော်၊ အလောင်းတော်၊ ဘယ်ပေါ်မီးသင်္ဂြိုဟ်သနည်း။

၁၀။ စန္ဒကူးနံ့သာ၊ ထင်းပုံမှာ၊ သွင်းကာမီးသင်္ဂြိုဟ်သတည်း။

၁၁။ သင်္ဂြိုဟ်ပြီးငြား၊ ဓာတ်တော်ကား၊ အများဘယ်လောက်ရှိသနည်း။

၁၂။ ရှစ်စိတ်လောက်မျှ၊ ဓာတ်တော်ရ၊ ပြောကြစဉ်ဆက်ရှိသတည်း။

၁၃။ နဂိုနေမြဲ၊ မကြေကွဲ၊ မှတ်စွဲဘယ်ဓာတ်တို့ပါနည်း။

၁၄။ ညှပ်ရိုး ၂ ဆူ၊ စွယ် ၄ ဆူနှင့်၊ တစ်ဆူသင်းကျစ်၊ ဓာတ်ခုနစ်၊ တည်ရစ်နဂိုအတိုင်းတည်း။

၁၅။ မီးငြိမ်းပြီးသော်၊ ဓာတ်ခေါင်းတော်၊ ပူဇော်ဘယ်ဆီရွှေ့သနည်း။

၁၆။ မီးငြိမ်းပြီးသော်၊ ဓာတ်ခေါင်းတော်ကို၊ ပူဇော်ဖို့ရာ၊ မြို့တွင်းသာ၊ ရုံးမှာရွှေ့၍ထားသတည်း။

၁၇။ ဓာတ်တော်ဝေဖို့၊ ဘယ်ပြည်မြို့၊ ဘယ်သို့လာ၍ တောင်းသနည်း။

၁၈။ ဓာတ်တော်ဝေဖို့၊ ခုနစ်ပြည်မြို့၊ မင်းတို့စစ်နှင့် တောင်းသတည်း။

၁၉။ ထိုသို့ထွက်လာ၊ မင်းများစွာ၊ ဘယ်ခါဘယ်သူ ဝေသနည်း။

၂၀။ ခန္တီနှလုံး၊ ဘုရားထုံးကို၊ သုံးဖို့ဟောပြ၊ ကြေအေးကြ ဒေါဏပါမောက် ဝေသတည်း။

၂၁။ ဓာတ်တော်ပေါင်းကာ၊ ဘယ်နေရာ၊ ထာပနာခဲ့ပါသနည်း။

၂၂။ ရာဇဂြိုဟ်မှာ၊ စုပေါင်းကာ၊ ထာပနာခဲ့ပါသတည်း။

၂၃။ ထို့နောက် ဘယ်သူ တူးဖော်ယူ၊ ဇမ္ဗူအနှံ့ဖြန့်သနည်း။

၂၄။ ဓမ္မာသောက၊ မည်ရသသူ၊ မင်းဖော်ယူ၊ ဇမ္ဗူအနှံ့ဖြန့်သတည်း။

၂၅။ ဓာတ်တော်အားလုံး၊ ဘယ်ချိန်သုံး၊ နောက်ဆုံးဘယ်သို့ဖြစ်သနည်း။

၂၆။ သာသနာ၏၊ ကွယ်ချိန်ပြည့်သော်၊ ဗောဓိပင်သာ၊ ဓာတ်ပေါင်းကာ၊ ရောင်ဝါလွှတ်၍ ပြမည်တည်း။

၂၇။ ရောင်လျှံလွှတ်ဖော်၊ ဓာတ်ကိုယ်တော်၊ ပြီးသော်ဘယ်သို့ဖြစ်သနည်း။

၂၈။ ရောင်လျှံလွှတ်ဖော်၊ ဓာတ်ကိုယ်တော်၊ ပြီးသော် တေဇောလောင်မည်တည်း။

၂၉။ ဓာတုနိဗ္ဗာန်၊ နောက်ဆုံးစံ၊ ဖူးပြန်ဘယ်စိတ်ဖြစ်မည်နည်း။

၃၀။ ဓာတုနိဗ္ဗာန် နောက်ဆုံးစံကို၊ ဖူးပြန်ရကာ၊ နတ်ဗြဟ္မာတို့၊ စိတ်မှာကြေကွဲ၊ လွမ်းဝမ်းနည်း ငိုပွဲ သံဝေ ဖြစ်သတည်း။

**( လင်္ကာ )** *ဓာတ်အမွေတော်၊ ကြွင်းပါသော်လည်း၊ ချုတ်ချော်သာသနာ၊ နောင်သောခါဝယ်၊ ရောင်ဝါ ပျောက်ကြွေ၊ ကွယ်ပချေသော်၊ ထွေထွေရပ်နယ်၊ ဓာတ်သွယ်သွယ်လည်း၊ ကိုးကွယ်ကြမည့်၊ လူမရှိ၍၊ ဗောဓိပင်မှာ၊ စုပေါင်းကာဖြင့်၊ ရောင်ဝါလွှတ်ပြီး၊ ရွှေတုံးကြီးသို့၊ ဓာတ်မီး လောင် တောက်၊ ကုန်ဆုံးပျောက်က၊ လာရောက်ကြရှာ၊ နတ်ဗြဟ္မာတို့ သာသနာဗုဒ္ဓ၊ ယခုမှပင်၊ မုချအတည်၊ ကွယ်ရပြီဟု၊ ငိုမည်တမ်းတ၊ သံဝေဂဖြင့်၊ မရယူကျုံး၊ ကိုယ်စိတ်ချုံးသည် နောက်ဆုံးသာသနာ့ပွဲတော်ဘုရား။*

*ကောဒသမအခန်း ပြီး၏။*

**အရှင်ဇနကာဘိဝံသ**

**ဗုဒ္ဓဝင်အမေးအဖြေ (၇၉ – ၁၂၇)**

# ၃၂ ပါးသော လက္ခဏာတော်ကြီးများ

ဘုရားရှင်သည် ကောသလတိုင်း ဣစ္ဆာနင်္ဂလပုဏ္ဏားရွာအနီး တောအုပ်တစ်ခု၌ သီတင်းသုံးနေသည်။ ထိုသတင်းကို ပေါက္ခရသာတိပုဏ္ဏားကြီး ကြားသဖြင့် သူ၏တပည့် အမ္ဗဋ္ဌလုလင်အား ဂေါတမမြတ်စွာဘုရားမှာ (၃၂) ပါးသော လက္ခဏာတော်များ ရှိမရှိ စုံစမ်းစေသည်။ (၃၂) ပါးသော လက္ခဏာတော်ကြီးများဖြင့် တင့်တယ် သပ္ပာယ် ဖူးမြော်ဖွယ်ရှိကြောင်း အမ္ဗဋ္ဌကအစီရင်ခံသဖြင့် ပေါက္ခရသာတိပုဏ္ဏားကြီး ဘုရားရှင်အား သွားရောက်ဖူးမြော်၏။

လက္ခဏာတော်ကြီး (၃၀) ကို အလွယ်တကူ ဖူးမြော်သိရှိနိုင်သော်လည်း ပေါက္ခရသာတိသည် လျှာတော်နှင့် ပုရိသနိမိတ် လက္ခဏာတော်ကို စူးစမ်းလိုစိတ်ဖြစ်နေ၏။ ထိုပုဏ္ဏား၏ စိတ်အကြံကို ဘုရားရှင်သိတော်မူ၍ လျှာတော်၏ ရှည်လျားသောလက္ခဏာကို နားရွက်နှစ်ဖက်ကို ထိပြခြင်းဖြင့် လည်းကောင်း၊ နူးညံ့သော လက္ခဏာကို နှာခေါင်းနှစ်ပေါက်ထဲသို့ သွင်းပြခြင်းဖြင့် လည်းကောင်း၊ လျှာတော်၏ ကျယ်ပြန့်သောလက္ခဏာကို နဖူးပြင်ကို အုပ်ပြခြင်းဖြင့် ပြတော်မူခဲ့သည်။

အိမ်ဖြင့် ဖုံးအုပ်လျက်ရှိသော ပုရိသနိမိတ်ကိုကား တန်ခိုးတော်ဖြင့် ဖန်ဆင်း၍ ပြတော်မူခဲ့သည်။ ပေါက္ခရသာတိပုဏ္ဏားနှင့် သာဝတ္ထိမြို့သားတို့သည် ဘုရားရှင်၏ (၃၂) ပါးသော မဟာပုရိသ လက္ခဏာတော်များ အဘယ့်ကြောင့် ပြည့်စုံသည်ကို မသိကြသဖြင့် အချင်းချင်း မေးမြန်းစုံစမ်းနေကြသည်။ ထိုသတင်းကို ညီတော်အာနန္ဒာ လျှောက်ကြားသဖြင့် "မည်သည့်ကောင်းမှု မည်သည့်စိတ်ထားကြောင့် မည်သို့သော ယောကျ်ားမြတ်လက္ခဏာတော်များ ဖြစ်ပေါ်ရရှိကြောင်း လက္ခဏသုတ္တန်ကို ဟောတော်မူသည်။

| | | | |
|---|---|---|---|
| ၁။ | ခြေဖဝါးလက္ခဏာတော် | – | ရွှေခြေနင်းပမာ ညီညာစွာထိသော ဖဝါးအပြင်ရှိသည်။ ဘဝများစွာတို့၌ ပါရမီကောင်းမှုမှန်သမျှ မတွန့်မဆုတ် မြဲမြံစွာ အားထုတ်ခဲ့သောကြောင့် ဤလက္ခဏာကို ရသည်။ |
| ၂။ | စက်ဝန်းလက္ခဏာတော် | – | ခြေဖဝါးတော်၌ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်များ ပေါ်နေသည်။ ဒါနပြုလုပ်သောအခါတိုင်း အခြံအရံ လှူဖွယ်ပစ္စည်းများကိုပါ ပြည့်စုံစွာ လှူဒါန်းခဲ့သောကြောင့် ဤလက္ခဏာကိုရသည်။ |
| ၃။ | ဖနောင့်တော်ရှည်ခြင်း | | |
| ၄။ | လက်ချောင်းခြေချောင်းတော် ရှည်သွယ်ခြင်း | – | လက္ခဏာကို ဘဝများစွာ၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့် ရသည်။ |
| ၅။ | လက်ဖဝါးခြေဖဝါးတော်နူးညံ့ခြင်း– | | |

၆။ လက်ချောင်းခြေချောင်းတော် ညီညာခြင်း – လက္ခဏာ (၂) ပါးကို လူအများတို့အား သင်္ဂဟတရား (၄) ပါးဖြင့် ချီးမြှင့်မြှောက်စားခဲ့သောကြောင့် ရရှိတော်မူသည်။

၇။ ခြေဖမျက်တော် မြင့်မောက်ခြင်း – လက္ခဏာကို ဘဝများစွာတို့၌ သတ္တဝါတို့အား ကြီးပွားမြင့်မောက် အထက်တန်းရောက်အောင် ဟောပြောကူညီခဲ့သောကြောင့် ရသည်။

၈။ သလုံးမြင်းခေါင်းတော်လက္ခဏာ – လုံးဝန်းပြေပြစ်သည်မှာ တပည့်တို့အား ပညာကို ဆရာစားမချန် အပြည့်အစုံ သင်ပေးသောကြောင့်ဖြစ်သည်။

၉။ အရပ်တော်နှင့် အချိုးသွယ်လျသောလက်တော် – ကိုယ်တော်ကိုမကိုင်းညွတ်ဘဲ ဒူးနှစ်ဘက်ကို လက်ဝါးပြင်တို့ဖြင့်သုံးသပ်ဆုပ်နယ်နိုင်၏။ မိမိ၏ အခြွေအရံများကို အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားသောကြောင့် ရသည်။

၁၀။ ယောင်္ကျားနိမိတ်လက္ခဏာတော် – အိမ်ဖြင့်ဖုံးသော ယောင်္ကျားနိမိတ်ရှိသည်။ အချင်းချင်း၏ အပြစ်ကို ဖုံးအုပ်လျက် ကွဲပြားနေသူတို့ကို ညီညွတ်အောင်၊ ညီညွတ်နေသူတို့ကို စည်းလုံးညီညွတ်မှု တည်မြဲအောင် ပြုလုပ်ခဲ့သောကြောင့် ဤလက္ခဏာတော်ကိုရသည်။

၁၁။ အသားတော်လက္ခဏာ – ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရည်ရှိ၏။ အမျက်ဒေါသ အထွက်နည်းခြင်း၊ စိတ်ပူပန်မှုနည်းခြင်းနှင့် ချောမွတ်သော အထည်တို့ကို လှူခဲ့သောကြောင့် ဤလက္ခဏာကိုရ၏။

၁၂။ အရေတော်လက္ခဏာ – မြူအညစ်အကြေး မတင်နိုင်လောက်အောင်ပင် ချောမွေ့နူးညံ့သော အရေတော်ရှိ၏။ ပညာရှိတို့ထံကပ်၍ အကုသိုလ် အညစ်အကြေး မတင်နိုင်လောက်အောင် မေးမြန်းစုံစမ်းလေ့ရှိသောကြောင့် ဤလက္ခဏာကိုရ၏။

၁၃။ မွေးညင်းတော်လက္ခဏာ – မွေးညင်းတွင်း တစ်တွင်းတစ်တွင်းတွင် မွေးညင်းတစ်ပင်တစ်ပင်စီသာ ပေါက်၏။ မုသားမပြော အမှန်ကိုသာ ပြောသောကြောင့် ဤလက္ခဏာကိုရ၏။

| | | | |
|---|---|---|---|
| ၁၄။ | | – | အထက်သို့သာ အဖျားကော့သော မွေးညင်းတော်လက္ခဏာတို့မှာ ဘ၀များစွာတို့၌ သတ္တဝါတို့အား ကြီးပွားမြင့်မောက်အထက်တန်းရောက်အောင် ကူညီခဲ့သောကြောင့် ဖြစ်သည်။ |
| ၁၅။ | ကိုယ်ခန္ဓာတော် ဖြောင့်မတ်ခြင်း | – | လက္ခဏာတို့ကို ဘ၀များစွာ၌ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ခဲ့သောကြောင့်ရသည်။ |
| ၁၆။ | ပြည့်ဖြိုးသော အသားတော်လက္ခဏာ | – | ခြေဖမိုး လက်ဖမိုး ပခုံးတော်နှစ်ဘက်စီနှင့် လည်ကုတ်တော်ဟူသော ခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိ၏။ ကောင်းမွန်မြင့်မြတ်သော ဘောဇဉ်အရသာတို့ကို အပြည့်အစုံ လှူခဲ့ဖူးသောကြောင့်ဖြစ်၏။ |
| ၁၇။ | ရှေ့ပိုင်းကိုယ်တော် | – | ခြင်္သေ့မင်း၏ အရှေ့ပိုင်းကိုယ်ကဲ့သို့ ပြည့်ဖြိုးသော ကိုယ်တော်ရှိ၏။ လူအများ၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့သောကြောင့် ဤလက္ခဏာ (၂) ပါး ကို ရ၏။ |
| ၁၈။ | ကျောက်ကုန်းတော် | – | ပြည့်ဖြိုးညီညာသော ကျောပြင်ရှိ၏။ |
| ၁၉။ | လုံးဝန်းသော ကိုယ်တော်လက္ခဏာ | – | အရပ်တော်နှင့် လက်အလံတော် အချိုးကျညီမျှ၍ လုံးဝန်းသော ကိုယ်တော်ရှိ၏။ တပည့်များအား အရည်အချင်းနှင့် ကိုက်ညီအောင် ချီးမြှင့်မြှောက်စားခဲ့သောကြောင့် ဖြစ်၏။ |
| ၂၀။ | လည်တိုင်တော်လက္ခဏာ | – | လုံးဝန်းသော လည်တိုင်တော်ရှိ၏။ လူအများ၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်တော်မူခဲ့သောကြောင့် ဖြစ်၏။ |
| ၂၁။ | ရသာဆောင်ကြော လက္ခဏာတော် | – | နှမ်းစေ့ခန့်မျှအရသာကို တစ်ကိုယ်လုံး ပျံ့နှံ့သွားအောင် စွမ်းဆောင်နိုင်ကြသော အကြောပေါင်း ၇၀၀၀ ရှိ၏။ ဘ၀များစွာတို့၌ သတ္တဝါတို့ကို လက် စသည်ဖြင့် မညှဉ်းဆဲခဲ့ခြင်းကြောင့် ရ၏။ |
| ၂၂။ | မေးတော်လက္ခဏာ | – | ခြင်္သေ့မင်း၏ မေးကဲ့သို့ ပြည့်ဖြိုး၍ လဆန်း ၁၂ ရက်နေ့၌ ထွက်ပေါ်လာသော လနှင့် သဏ္ဌာန်တူ၏။ အနှစ်မရှိပြိန်ဖျင်းသေးနုပ်သော သမ္ဖပ္ပလာပ စကားပြောခြင်းမှ ရှောင်ခဲ့သောကြောင့် ရ၏။ |
| ၂၃။ | ညီညာသော သွားတော်လက္ခဏာ | – | ဘ၀များစွာ၌ စင်ကြယ်စွာ အသက်မွေးခဲ့သောကြောင့် ဤလက္ခဏာကိုရ၏။ |

၂၄။ သွားတော်လေးဆယ်လက္ခဏာ – သွားတော်လေးဆယ် အစေ့အငရှိခြင်း။

၂၅။ သွားမကျဲခြင်းလက္ခဏာ – မကျဲမကျွ သွားတော်စေ့စပ်ခြင်းလက္ခဏာ၊ ကွဲပြားနေသူတို့ကို ညီညွတ်အောင် စေ့စပ်ပေးခဲ့သောကြောင့် ဤလက္ခဏာနှစ်ခုကို ရလေ၏။

၂၆။ စွယ်တော်လေးဆူလက္ခဏာတော် – သန့်ရှင်းဖြူစင်စွာ အသက်မွေးခဲ့သောကြောင့် ဤလက္ခဏာကို ရ၏။

၂၇။ လျှာတော်လက္ခဏာ – နားကိုထိ၍ရအောင် ရှည်၏။ နှာခေါင်းထဲသို့ လိပ်၍ သွင်းလို့ရအောင် နူးညံ့၏။ နဖူးပြင်တစ်ခုလုံးကို အုပ်လို့ရအောင် ကျယ်ပြန့်၏။

၂၈။ အသံတော်လက္ခဏာ – ဗြဟ္မာမင်းအသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ရန့်ရင်းသော စကားမပြော၊ ချစ်ခင်ဖွယ်ရာ ချိုသော ယဉ်ကျေးသော စကားကို ပြောခဲ့သောကြောင့် ဤလက္ခဏာနှစ်ပါးကို ရခြင်းဖြစ်၏။

၂၉။ မျက်လုံးတော်လက္ခဏာ – ညိုသောမျက်လုံးရှိ၏။

၃၀။ မျက်တောင်မွေးတော်လက္ခဏာ – အလွန်နူးညံ့သော မျက်တောင်မွေးတော်ရှိ၏။ ရိုးဖြောင့်တည်ငြိမ်ချစ်ကြည်သော မျက်လုံးဖြင့် ကြည့်ခဲ့သောကြောင့် ဤလက္ခဏာ (၂) ပါးကို ရ၏။

၃၁။ ဥဏ္ဏာလုံမွေးရှင်တော်လက္ခဏာ – မျက်ခုံးတော်နှစ်ဘက်အလယ်၌ ဖြူစင်ဝင်းလက်သော ဥဏ္ဏာလုံမွေးရှင်တော်ရှိ၏။ မုသားမပြော သစ္စာစကားကိုသာ ပြောခဲ့သောကြောင့် ဤလက္ခဏာကိုရ၏။

၃၂။ သင်းကျစ်တော်လက္ခဏာ – နဖူးတော်တွင် သင်းကျစ်ရွှေပြား ကပ်စီထားသကဲ့သို့ သင်းကျစ်တော်အသားလွှာ ပါရှိ၏။ ကုသိုလ်ကောင်းမှုပြု၍ အများ၏ ဦးစီးရှေ့ဆောင် ပြုခဲ့သောကြောင့် ဤလက္ခဏာကို ရရှိ၏။

ပေါက္ခရသာတိပုဏ္ဏားသည် (၃၂) ပါးသော လက္ခဏာတော်ကိုကြည့်၍ ဘုရားရှင်အား ဆည်းကပ်ရာမှ သောတာပန်တည်ကာ မိဖုရားနှင့် အခြွေအရံတို့လည်း သရဏဂုံတည်ကြသကဲ့သို့ မြတ်စွာဘုရား၏ ကြည်ညိုဖွယ်လက္ခဏာများကို ကြည်ညိုကာ ကုသိုလ်ရယူသင့်ကြပေသည်။

# ဗုဒ္ဓဘွဲ့တော်ရထိုက်သော ပုဂ္ဂိုလ်

## ကျက်မှတ်ရန်လင်္ကာ

*လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပာယ်လှစွာ၊ ကိုယ်အင်္ဂါငယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွှမ်းထုံ သင်းကြူ၊ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား၊ ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊ ကိန်းဝပ် စံပျော်၊ ခန္ဓာပေါ်ဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ တင်ပါရသည်၊ လောကထွတ်ထား မြတ်ဘုရား။*

## မမှန်သော ဘွဲ့နာမည်

"ဗုဒ္ဓ" ဟူသော ပါဠိသည် သိစရာအားလုံးကို အကုန်သိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အပေါ်၌သာ တင်ထားရသော ဘွဲ့တော် နာမည်တော်ဖြစ်၏။ ထိုဘွဲ့တော် နာမည်တော်ကို နောက်လိုက်နောက်ပါ တပည့် ပရိသတ်များသော ဆရာတိုင်း၌ မတင်နိုင်၊ မိမိတို့၏ တပည့်များက မိမိတို့ဆရာကြီးကို အမွှန်းတင်ကာ ဗုဒ္ဓဗုဒ္ဓဟု ခေါ်နေကြ၊ ဆရာကြီးတို့ကိုယ်တိုင်ကလည်း ဗုဒ္ဓ ဗုဒ္ဓဟု ဝန်ခံနေကြစေကာမူ ဗုဒ္ဓအစစ်မဖြစ်နိုင်ပါ။

## မှန်သော ဘွဲ့နာမည်

ဗုဒ္ဓအမည်တော်ကို အမှန်အတိုင်း ရထိုက်သောပုဂ္ဂိုလ်သည် လင်္ကာ၌ပါသော ဂုဏ်တော်အားလုံးနှင့် ပြည့်စုံရပါသည်။ ဘုန်းကြီးနှင့်တကွ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးစား အားထားအပ်သော ဘုရားရှင်သည် ထိုဂုဏ်တော်များနှင့် ပြည့်စုံ မပြည့်စုံကို လေးလေးနက်နက် အာရုံပြု၍ ကြည့်တတ်ဖို့ရန် ဘုန်းကြီးရေးပြအပ်သော စကားအစဉ်ကို ကြည့်ရုံဖတ်ရုံမျှမကဘဲ စိတ်ထဲ၌စွဲနေအောင် သတိစိုက်လိုက်ပါ။ မိမိစိတ်၌ ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်း (ဖြစ်မှန်းမသိ) ဖြစ်နေပါလိမ့်မည်။

# လင်္ကာ၏ အဓိပ္ပာယ်

## လက္ခဏာတော်ကြီးငယ်

"လက္ခဏာ" ဟူသော ပါဠိစကားသည် မြန်မာလို "အမှတ် အသား" ဟု အနက်အဓိပ္ပာယ်ပြ၏။ ထိုအမှတ်အသားသည် ရှေးရှေးဘဝက ပြုအပ်ခဲ့သော ကံနှင့်ဆိုင်၏။ မျက်လုံး၊ မျက်ခုံး၊ လက်ခြေစသော ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် ကိုယ်လုံးကိုယ်ပေါက် တို့ဝယ် ရှေးကံအားလျော်စွာ ကောင်းမကောင်းသော အမှတ် လက္ခဏာများ ပါရှိကြ၏။ ထိုလက္ခဏာကိုကြည့်၍ ဗေဒင်ပညာရှိတို့သည် ယောကျ်ားကောင်း ယောကျ်ားမြတ်၊ မိန်းမကောင်း မိန်းမမြတ်ဟု အတပ်သိနိုင်ကြသည်။ [ထိုလက္ခဏာများကို ရတနာ့ဂုဏ်ရည်

နောက်ဆက်တွဲ (နောက်ရိုက်စာအုပ်ငယ်) ၌ ပြထားခဲ့ပါပြီ] အချုပ်မှတ်ဖွယ်ကား – ဗုဒ္ဓမြတ်စွာ၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်ရှိ၏။ ထိုတွင် –

**အရပ်အမောင်း**

ဗုဒ္ဓမြတ်စွာသည် မြင့်သောအရပ်တော်နှင့် လိုက်လျောသော ကိုယ်လုံးတော်၊ ထိုကိုယ်လုံးတော်မှ ပေါ်ထွက်လာသောကြောင့် "ကိုယ်ပေါက်" ဟု ခေါ်ဝေါ်ရသော လက်မောင်းတော်၊ ခြေတော်၊ လက်ချောင်းတော်၊ ခြေချောင်းတော်တို့ဖြင့် အင်္ဂါတိုင်းမှာ လွန်စွာတင့်တယ် သပ္ပာယ်တော်မူ၏။ အသားအရေတော်ကား ရွှေအဆင်းကဲ့သို့ ဝါဝင်းနေ၏။

**မျက်နှာတော်**

မျက်နှာတော်သည် ဖူးမြော်၍မဝနိုင်အောင် လှပတင့်တယ် သပ္ပာယ် တော်မူ၏။ မျက်နှာတော်ဝယ် မျက်လုံးတော်အစုံသည် ညိုသင့်ရာအရပ်၌ ညို၍ ဖြူသင့်ရာအရပ်၌ဖြူ၏။ ထိုမျက်လုံးတော်သည် ကြီးကြီးမားမား အလျားရှည်၍ ခပ်ကော့ကော့ စီရရီပေါက်နေသော မျက်မွေးများဖြင့် ထူးခြားစွာ တင့်တယ်တော်မူ၏။ မျက်ခုံးတော်သည် မျက်လုံးတော်နှင့် လိုက်လျောအောင် ကြီးကြီးမားမား ရှည်လျား၍ မျက်ခုံး၏ အမွေးတော်များလည်း မကြမ်းတမ်းဘဲ သိမ်မွေ့လျက် သုံးရက်လအရေးကဲ့သို့ ညွတ်ကွေးတော်မူ၏။ နှာတံ တော်သည် များစွာသော မြန်မာလူမျိုးများ၏ နှာတံကဲ့သို့ ပိပိပြားပြားမဟုတ်ဘဲ ခပ်မြင့်မြင့် တင့်တယ်တော်မူ၏။

**နဖူးတော်**

လက်ယာဘက်နားတော်၏ အစွန်မှစ၍ အထက်သို့တက်သွားသော အသားပြင်သည် အထက်တက်ပြီးလျှင် နဖူးတော်အပြင်ကို ပြည့်စေလျက် လက်ဝဲနား၏ အစွန်တိုင်အောင် တည်တော်မူ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ နဖူးတော်သည် သင်းကျစ်ပြားဖြင့် ရစ်ပတ်ထားသကဲ့သို့ အလွန်တင့်တယ်တော်မူ၏။ ထိုနဖူးတော်ကို အတုလိုက်၍ ယခုအခါ အချို့ဆင်းတုတော်၏ နဖူးတော်၌ လည်းကောင်း၊ ရှင်ဘုရင်တို့၏ နဖူး၌လည်းကောင်း သင်းကျစ်ပြားကို ဖွဲ့ကပ်ထားကြလေသည်။

**ဥဏ္ဏာလုံ ( မွေးရှင်တော် )**

မျက်ခုံးတော်နှစ်သွယ်၏ အလယ်ဗဟိုဝယ် နှာတံတော်၏ အဆုံးအထက်၌ ပေါ်ပေါက်၍ အထက်သို့ တက်ပြီးလျှင် နဖူးတော်၏အလယ်မှာ လဲဝါဂွမ်းအစုကဲ့သို့ အလွန်ဖြူဖွေးစွာ တည်နေ၏။ ထိုအမွေးတော်သည် ဆွဲ၍ဆန့်လိုက်သောအခါ လက်မောင်း တစ်ဝက်မျှ ရှည်လျား၍ လက်မှ လွှတ်လိုက်သောအခါ လက်ယာရစ် လည်၍ စုသွားပြီးလျှင် အထက်သို့ အဖျားလှည့်လျက် တည်နေတော်မူသောကြောင့် အသက်ရှင်နေသကဲ့

ထင်ရကား "ဥဏ္ဏာလုံ မွေးရှင်တော်" ဟု ခေါ်ဝေါ်ကြရသည်။ ရွှေအဆင်းရှိသော နဖူးတော်အပြင်၌ တည်သော ထိုမွေးရှင်တော်သည် ကောင်းကင်၏ အရဏ်ရောင်လာခိုက်ဝယ် သောကြာကြယ်ကဲ့သို့ အလွန်တင့်တယ် တော်မူသည်။

## နှုတ်ခမ်းတော်စသည်

ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေတော်ဖြင့် တင့်တယ်နေသော မျက်နှာတော်ဝယ် နီမြန်းသော နှုတ်ခမ်းတော်၊ နီမြန်းသော သွားဖုံးတော်၊ ဖြူစင်သော သွားတော်၊ စွယ်တော်၊ ပြည့်သော အထက်မေး၊ အောက်မေးတော်တို့သည် မျက်နှာတော်ကို ဖူးမြော်ချင်ဖွယ် သာ၍တင့်တယ်အောင် ဟန်ဆာဆင်သကဲ့သို့ ဖြစ်ကြသည်။ ဤနည်းအားဖြင့် ဦးခေါင်းတော် မျက်နှာတော်မှစ၍ ခြေဖဝါးတော်တိုင်အောင် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပာယ်တော်မူသော ဘုရားရှင်ကို တွေ့မြင်ရသောအခါ ရုပ်လက္ခဏာ၌ ကျွမ်းကျင်သော ဝေဒပါရဂူတို့သည် ဘုရားအလောင်းတော်ကို လူ့ဘောင်၌နေလျှင် စကြာမင်း၊ တောထွက်တော်မူလျှင် ဗုဒ္ဓစင်စစ် ကေန်ဖြစ်မည်ဟု အတတ်ဟောကြပါသည်။ (ဤနေရာ၌ "ပစ္ဆိမံဖလဒါနေန" စသော ရတနာ့ဂုဏ်ရည်ဂါထာကို ရပြီးသူတို့က ရွတ်ဆို၍ အာရုံပြုကြပါလေ။)

## ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍

ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော် စသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၌ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ဖြည့်ကျင့်တော်မူအပ်ခဲ့သော ဒါန သီလ စသော ပါရမီတော်တို့သည် တစ်ကိုယ်လုံး လွှမ်းခြုံထားသကဲ့သို့ ဖြစ်၏။ ပါရမီတော် အမွှေးအကြိုင်တို့ဖြင့် တစ်ကိုယ်လုံးကို မွှမ်းထုံ၍ ထားသကဲ့သို့ဖြစ်၏။

## အမျက်မထွက် အဝတ်ကောင်းလှူ

ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော်မူစဉ်အခါဝယ် သတ္တဝါတို့အပေါ်၌ အမျက်ဒေါသမထွက်ရအောင် မေတ္တာဖြင့် စောင့်စည်းတော်မူခဲ့၏။ သိမ်မွေ့နူးညံ့သော အဝတ်တို့ကိုလည်း ပေးလှူခဲ့၏။ ထို့ကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော်ကို ရတော်မူ၏။ ဤသို့ အမျက်ဒေါသမထွက်ရအောင် ချုပ်တည်းခဲ့သော ကောင်းမှု၊ နူးညံ့သောအဝတ်ကို ပေးလှူခဲ့သော ကောင်းမှုတော်အဟုန်သည် ဝါဝင်းသော အဆင်းတော်ဖြင့် တစ်ကိုယ်လုံးလွှမ်းခြုံ၍ မွှမ်းထုံထားသကဲ့သို့ ဖြစ်ပေသည်။

## ဂုဏ်နှင့်လိုက်အောင် ချီးမြှောက်

ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော်မူစဉ်အခါ၌ ချီးမြှောက်ထိုက်သူကို ချီးမြှောက်သောအခါ သူ၏ဂုဏ်နှင့်လိုက်အောင် ချီးမြှောက်လေ့ရှိ၏။ ပို၍လည်း မချီးမြှောက်၊ လျော့၍လည်း မချီးမြှောက်၊ ထိုသို့

ချီးမြှောက်ခြင်းအားဖြင့် အကဲ့ရဲ့မခံရဘဲ လူအများကို နှစ်သိမ့်စေခဲ့၏။ ထို့ကြောင့် ဗုဒ္ဓဖြစ်မည့်ဘဝ၌ အရပ်တော်အမြင့်နှင့် ကိုယ်လုံးကိုယ်ပေါက်တို့ လိုက်လျောသော ကိုယ်တော်ကို ရတော်မူ၏။ ဤသို့ ရှေးရှေးဘဝ၌ သူ၏ဂုဏ်နှင့် လိုက်လျောအောင် ချီးမြှောက်ခဲ့သော ကောင်းမှုပါရမီတို့က အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက်တို့ကို လိုက်လျောအောင် လွှမ်းခြုံ၍ မွှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

## ပိယစက္ခုဖြင့် ကြည့်ရှုခဲ့

ဗုဒ္ဓမြတ်စွာသည် ဘဝများစွာ ရှေးရှေးအခါတို့၌ သူတစ်ပါး၏ ကောင်းကျိုးကိုသာ လိုလားသဖြင့် ချစ်ကြည်သော ပိယစက္ခုဖြင့် ကြည့်ရှုတော်မူလေ့ရှိ၏။ ထို့ကြောင့် ဘုရားဖြစ်မည့်ဘဝ၌ အများ၏ ချစ်စရာ ကြည်ညိုစရာကောင်းသော မျက်လုံး၊ မျက်ခုံး၊ ကော့နေသော မျက်တောင်မွေးတော်တို့ကို ရတော်မူ၏။ ဤသို့ မေတ္တာရှေးရှု၍ ချစ်ကြည်သောစက္ခုဖြင့် ကြည့်ခဲ့သော ကောင်းမှုပါရမီတော်က မျက်လုံးမျက်ခုံး မျက်တောင်မွေးတော်များကို လွှမ်းခြုံ၍ မွှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

## ကျက်သရေရှိတော်မူခြင်း

ဤပြအပ်ခဲ့သောနည်းအားဖြင့် ဗုဒ္ဓမြတ်စွာ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်းဝယ် ယောကျ်ားထူး ယောကျ်ားမြတ်ဖြစ်ကြောင်း သိဖို့ရာ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့ဖြင့် အမှတ်တံဆိပ် ခပ်နှိပ် ပါရှိရကား ထိုလက္ခဏာတော်တို့ကိုလည်း ရှေးရှေးကောင်းမှု ပါရမီတော်တို့က တစ်ကိုယ်လုံးလွှမ်းခြုံ၍ မွှမ်းထုံနေသကဲ့သို့ ဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာသည် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းပရိသတ်တို့အလယ်၌ သီတင်းသုံး၍ တရားဓမ္မ ဩဝါဒပေးတော်မူသောအခါ အမင်းမင်းတို့ကို လွှမ်း၍ ကျက်သရေမင်္ဂလာဖြင့် လွန်စွာသပ္ပာယ် တင့်တယ်တော်မူပါသည်။

## စိတ်တော်အရည်အချင်း

ဗုဒ္ဓမြတ်စွာ၏ လူ့လောကဝယ် ရုပ်လက္ခဏာအားဖြင့် အသာဆုံး ယောကျ်ားမြတ်ဖြစ်ပုံကို ပြပြီးပါပြီ၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဟူသည် လူ၌ဖွား၍ လူသားတစ်ယောက်ဖြစ်ကြောင်း (ရှေးခေတ်က ကပိလဝတ် နေပြည်တော်– ယခု နီပေါပြည်၊ လုမ္ဗိနီဥယျာဉ်ဝယ် မယ်တော် မာယာဒေဝီမှ ဖွားမြင်သော သာကီဝင်မင်းသား ဖြစ်ကြောင်း) ကောင်းကောင်းသတိပြုခဲ့ပါ။ ယခုအခါ ထိုလူသားဖြစ်သော ဘုရားအလောင်း၏ စိတ်ဓာတ်တော် အရည်အချင်းကို ပြပါမည်။

## သယမ္ဘူဟု

ဗုဒ္ဓမြတ်စွာသည် လူ့ဘဝ၌ နန်းပြာသာဒ်သုံးဆောင်ဝယ် ယသော်ဓရာ အမျိုးရှိသော မောင်းမမိဿံ အခြွေအရံတို့နှင့်အတူ ထုံးစံအတိုင်း စံစားတော်မူစဉ် မင်္ဂလာဥယျာဉ်သို့ ထွက်လာသောအခါ သုဒ္ဓါဝါသ ဗြဟ္မာမင်းတို့ ဆောင်ပြအပ်သော သူအို သူနာ သူသေတို့ကို မမြင်စဖူး မြင်ရသဖြင့် လူ့စည်းစိမ်၌ ငြီးငွေ့သော သံဝေဂဉာဏ် ဖြစ်တော်မူသည်။ ထို့နောက် အလွန်တည်ငြိမ်စွာ တရားကျင့်နေသော ရဟန်းတော်ကို မြင်ရသောအခါ ထိုရဟန်းတော်၏ ကျင့်ပုံကိုနှစ်သက်၍ တောထွက်တော်မူ၏။ တောသို့ ရောက်သော အခါ အခြားယောဂီပုဂ္ဂိုလ်တို့ ကျင့်ဖို့ခဲယဉ်းလှသော အကျင့်ကို ၆ နှစ်ပတ်လုံး ကျင့်တော်မူ၍ အလွန် ထူးခြားသော ဉာဏ်တော်ကို ရတော်မူသည်။ ထိုဉာဏ်တော်သည် ဆရာတစ်ပါးပါး၏ နည်းပြခြင်းကြောင့် ရအပ်သော ဉာဏ်မဟုတ်၊ ဘုရားလောင်းကိုယ်တိုင်ကျင့်၍ ဖြစ်ပေါ်လာသော ဉာဏ်တော်ဖြစ်၏။ ထို့ကြောင့် "သယမ္ဘူဉာဏ်" မည်၏။ (သယံ – ဆရာမရှိ၊ မိမိ ဘာသာ + ဘူ – ဖြစ်ပေါ်လာသော ဉာဏ်တော်။)

## ဉာဏ်တူကင်းလတ်၊ အရဟတ်

ထိုဉာဏ်တော် ဖြစ်ပေါ်လာသောအခါ ရာဂ စသော ကိလေသာအညစ်အကြေးဟူသမျှတို့ လုံးဝဥဿုံ အကုန်သန့်ရှင်းသွား၏။ ထို့ကြောင့် ထိုဉာဏ်တော်ကို "အရဟတ္တမဂ်ဉာဏ်" ဟု ခေါ်၏။ မြန်မာလို "ကိလေသာတို့ကို အလုံးစုံသတ်တတ်သော ရဟန္တာ၏ ဖြစ်ကြောင်းဉာဏ်" ဟု ဆိုလိုသည်။ အခြားရဟန္တာ တို့၏ ကိလေသာကိုပယ်ရာ၌ အထုံဝါသနာကျန်သေး၏။ ဘုရားရှင်တော်၌ကား အထုံဝါသနာမျှမကျန်တော့၊ ထို့ကြောင့် "ဉာဏ်တူကင်းသော အရဟတ္တမဂ်ဉာဏ်" ဟု ဆိုသည်။

## ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်

ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှာပင် အရဟတ္တမဂ်ဉာဏ်ကိုရ၍ ရဟန္တာ ဖြစ်နိုင်ပါ၏။ သို့သော် အိုနာသေရေး အပါယ်ဘေးတို့နှင့် ရောထွေး၍နေပါလျက် ထိုဘေးတို့ကို မတွေးမရှု နိုင်လောက်အောင် မေ့နေကြသော သတ္တဝါတို့ကို သနားတော်မူသော မဟာကရုဏာတော်ကြောင့် ဒီပင်္ကရာ မြတ်စွာဘုရားကဲ့သို့ သတ္တဝါအများကိုပင် ကယ်နိုင်သော ဘုရားတစ်ဆူဖြစ်အောင် ပါရမီတော်တို့ကို ဖြည့်တော် မူခဲ့သည်။ ထို့ကြောင့် မဟာကရုဏာဉာဏ်ကို "ဉာဏ်အားလုံး၏ အရင်းခံဉာဏ်တော်" ဟု ခေါ်ရပေသည်။

## သမ္မာသမ္ဗောဓိ၊ အစရှိလတ်

အမှန်အတိုင်းလည်းသိ၊ (ဆရာမရှိဘဲ) ကိုယ့်ဘာသာလည်း သိနိုင်သော ဉာဏ်တော်ကို "သမ္မာ သမ္ဗောဓိဉာဏ်" ဟု ခေါ်၏။ ထိုဉာဏ်သည် ပြအပ်ပြီးသော အရဟတ္တမဂ်ဉာဏ် အရင်းခံသော သဗ္ဗညုတ ဉာဏ်တော်ပင်တည်း။

(သမ္မာ – အမှန် + သံ – ကိုယ်တိုင် + ဗောဓိ – သိသောဉာဏ်။)

**လောကထွတ်ထား မြတ်ဘုရား**

ပြအပ်ပြီးသောစကားကို ပြန်၍စဉ်းစားပါ၊ ၁ – လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် အသပ္ပာယ် ဆုံးလည်းဖြစ်ခြင်း၊ ၂ – ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်း၌ ကောင်းမှုပါရမီတော်တို့က လွှမ်းခြုံ၍ မွမ်းထုံထားခြင်း၊ ၃ – ရာဂ ဒေါသ မောဟ စသော ကိလေသာတို့ကို သတ်ဖြတ်နိုင်သော အရဟတ္တမဂ်ဉာဏ်ကိုရခြင်း၊ ၄ – သတ္တဝါတို့၏အပေါ်၌ သနားကြင်နာ ကရုဏာကြီးမားခြင်း၊ ၅ – အလုံးစုံကို အကုန်သိနိုင်သော သဗ္ဗညုတ ဉာဏ်တော်ကိုရခြင်း၊ ဤဂုဏ်တို့၏ ကိန်းဝပ်စံပျော်ရာ ခန္ဓာကိုယ်တော်၌သာ "ဗုဒ္ဓ" ဟု ဘွဲ့နာမည်တော်ကို တင်ထိုက်သည်။ ထိုသို့တင်ထိုက်သော ယောကျ်ားမြတ်သည်သာ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အထွတ် အထိပ်ထားရသော ဘုရားဖြစ်ပါသည်။

## သဗ္ဗညုတဉာဏ်တော်အစွမ်း ၃ ပါးလင်္ကာ

၁။ *သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။*

၂။ *သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။*

၃။ *ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။*

၄။ *ဉာဏ်တော်စွမ်းပကား၊ ဤသုံးပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊ သက်တော် အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင်ငါတို့ဘုရားတည်း။*

## လင်္ကာ၏အဓိပ္ပာယ်

**၁။ သိရန်မှန်က၊ မကျန်ရ**

"ဗုဒ္ဓ" ဟူသော ဘွဲ့နာမည်တော်ကို ရဖို့ရန် အရင်းခံဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် ၁ – သိဖို့ရန် တရားမှန်သမျှကို မကျန်ရအောင် လုံးဝစုံလင် အကုန်သိမြင်နိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံတော်မူ၏။

## သိဖွယ်တရား

စကြာဝဠာ ကမ္ဘာလောကသည် အဆုံးမရှိအောင် များပြောင်လှသောကြောင့် အနန္တဖြစ်၏။ (အနန္တ – န + အန္တ – အဆုံးမရှိ) ထိုစကြာဝဠာ အနန္တ၌ရှိကြသော သတ္တဝါတို့ကား သာ၍ပင် အနန္တ ဖြစ်၏။ ထိုမျှလောက် အဆုံးမရှိအောင် များပြောင်သော်လည်း ထိုသတ္တဝါအားလုံး၌ရှိသော တရားတို့သည် စိတ်၊ စေတသိက်၊ ရုပ် ၃ မျိုးသာတည်း၊ ထိုသုံးမျိုးမှတစ်ပါး သတ္တဝါတို့၏အတွင်း၌ မရှိသော နိဗ္ဗာန်နှင့် ပညတ်ကိုထည့်၍ သိဖို့ရန်တရားသည် အကျဉ်းချုပ်အားဖြင့် ငါးမျိုးသာရှိ၏။

## ဉေယျဓမ်တရားငါးပါး

ထိုငါးမျိုးကို "ဉေယျဓမ်တရားငါးပါး" ဟု (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ဉာဏကထာ မာတိကာ အဖွင့်၌) ဆိုသည်။ (ဉေယျ – သိသင့်သိထိုက်သော + ဓမ္မ (ဓမ်) – တရား။) ထိုငါးပါးကား သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်တည်း။ ဤငါးပါးကိုရည်ရွယ်၍ "များသင်္ခါရ၊ ဝိကာရနှင့်၊ လက္ခဏာပညတ်၊ နိဗ္ဗာန်ဓာတ်ဟု၊ ငါးရပ်သိရန်၊ ဉေယျဓမ်ကို၊ ဖောက်ပြန်မရှိ၊ ကိုယ်တော်တိုင် သိတော်မူသော" ဟု ရတနာ့ဂုဏ်ရည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့်၌ ပြခဲ့သည်။ (စိတ်စေတသိက်နှင့် နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်ပါး ကို "သင်္ခါရဟုလည်းကောင်း၊ အနိပ္ဖန္နရုပ်ဆယ်ပါးကို "ဝိကာရ၊ လက္ခဏာ" ဟု လည်းကောင်း နာမည် တပ်သည်။)

## သက်မဲ့အရာဝတ္ထုကိုလည်း သိတော်မူ

ဗုဒ္ဓမြတ်စွာသည် အသက်ရှိ သတ္တဝါတို့ကိုသာ သိတော်မူသည် မဟုတ်သေး၊ အသက်မရှိသော သစ်ပင် တောတောင် မြေ ရေ လေ မီးတို့၏ အကြောင်းအရာကိုလည်း ကောင်းစွာသိတော်မူ၏။ သစ်ပင်ကို မြင်တော်မူလျှင် ဤသစ်ပင်သည် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ဖြူ၏။ မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် နက်၏၊ နီ၏၊ ဝါ၏၊ သစ်ခက်တို့သည် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ကောက်၏၊ ဖြောင့်၏၊ ဆူးရှိ၏၊ ဆူးမရှိ၊ နူးညံ့၏၊ ကြမ်း၏၊ သစ်ရွက်တို့သည် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ညို၏၊ စိမ်း၏၊ ဝါ၏၊ ခြောက်၏၊ ရွက်လှပင်၏ အရွက်တစ်ရွက်တည်း၌ပင် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ဤနေရာသည် စိမ်း၏၊ ထိုနေရာသည် နီ၏၊ ဟိုနေရာသည် ဝါ၏၊ ဤသို့ စသည်ဖြင့် သက်မဲ့ဝတ္ထုအားလုံး၏ အကြောင်းအရာကိုလည်း ကောင်းစွာ သိတော်မူသည်။ (ဤဉာဏ်တော်ကို **အနေကဓာတု** နာနာဓာတုကို သိသောဉာဏ်ဟု ခေါ်၏၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့်လည်း သိနိုင်ပါသည်။)

## ကံနှင့်အကျိုးကိုလည်း သိတော်မူ

ရှေးကပြုလုပ်အပ်ခဲ့သော ကောင်းမှု၊ မကောင်းမှုကို (ထိုအမှုကို ပြုရာ၌ ဖြစ်စေသောစေတနာကို) "ကံ" ဟု ခေါ်၏။ ထိုကံ၏သတ္တိသည် ခန္ဓာအစဉ်၌ အမြဲလိုက်ပါကြောင်းကိုလည်း သိတော်မူ၏။ ထိုကံ၏သတ္တိသည် နောက်နောက်ဘဝ၌ ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂတို့၏ သမ္ပတ္တိဖြစ်မှု (ကောင်းမှု)၊ ဝိပတ္တိဖြစ်မှု (မကောင်းမှု) ကိုလိုက်၍ အကျိုးပေး၏။ ဤသို့ ခွဲခြား၍ သိတော်မူသည်။

## သမ္ပတ္တိ

ကောင်းနေမှု၊ ပြည့်စုံနေမှုကို "သမ္ပတ္တိ" ဟု ခေါ်၏။ မိမိမှာရှိသော ကောင်းသောကံ အကျိုးပေးဖို့ရန် ထိုက်တန်သောဘဝကို "ဂတိ သမ္ပတ္တိ" ဟု ခေါ်၏။ ကောင်းသောကံသည် အကျိုးပေးဖို့ရန် ထိုက်တန်သော ကာလကို "ကာလသမ္ပတ္တိ" ဟု ခေါ်သည်။ ကောင်းသောအကျိုးကို ပေးဖို့ရန် ထိုက်တန်သော လှပသော ရုပ်အဆင်းကို "ဥပဓိသမ္ပတ္တိ" ဟု ခေါ်၏။ ကောင်းသော အကျိုးပေးဖို့ရန် ထိုက်တန်သော ကာယပယောဂ (ကိုယ်ဖြင့်ပြုလုပ်မှု) ဝစီပယောဂ (နှုတ်ဖြင့်ပြောဆိုမှု) မနောပယောဂ (စိတ်ဖြင့်ကြံစည်မှု) တို့ကို "ပယောဂ သမ္ပတ္တိ" ဟု ခေါ်၏။ ကောင်းသောကံတို့သည် ထိုသို့သမ္ပတ္တိနှင့်ကြုံမှ ကောင်းကျိုးကို ပေးနိုင်ကြသည်။

## ဝိပတ္တိ

မကောင်းနေမှု ပျက်နေမှုကို "ဝိပတ္တိ" ဟု ခေါ်၏။ မိမိမှာရှိနေသော ကောင်းသောကံ၏ အကျိုးပေးဖို့ရန် မလျော်သောဘဝ (ဂတိ)၊ မလျော်သောကာလ၊ အရုပ်ဆိုးခြင်း၊ ကာယပယောဂ ဝစီပယောဂ မနောပယောဂတို့၏ ညံ့ဖျင်းခြင်းသည် ဝိပတ္တိဖြစ်၏။ ထိုဝိပတ္တိ တစ်ခုခုဖြစ်နေသောအခါ၌ ကောင်းသောကံသည် အကျိုးမပေးနိုင်၊ မကောင်းသော အကုသိုလ်ကံသာ အကျိုးပေး၏။

**မှတ်ချက်** ။ ။ *သမ္ပတ္တိ ဝိပတ္တိဖြစ်မှုသည် မူသေမဟုတ်၊ လူ၏အလုပ်လိုက်၍ အပြောင်းအလွဲရှိ၏။ ဥပမာ – လသာသောအခါသည် လူကောင်းများအတွက် သမ္ပတ္တိကာလဖြစ်၍၊ သူခိုးများအတွက် ဝိပတ္တိကာလ ဖြစ်သကဲ့သို့တည်း။*

## ကံပြုတုန်းကပင်သိတော်မူ

ကံကို သိတော်မူရာ၌ ကံပြုတုန်းကပင် နောင်ပေးမည့်အကျိုးကို သိတော်မူ၏။ လူအများစုပေါင်း၍ သူ့အသက်သတ်မှု စသော အကုသိုလ်တစ်ခုခုကိုပြုရာ၌ လူတစ်ယောက်သည် လုံ့လဝီရိယ အလွန်ကောင်း၏။ လူတစ်ယောက်ကား သာမန်လောက်သာ ကောင်း၏။ လူတစ်ယောက်မှာ အဖော်ဖြစ်သူတို့၏ ကျေနပ်ရုံ

စိတ်မပါ့တပါဖြင့်ပြု၏။ ထိုသူသုံးယောက် အကျိုးပေးရာ၌ ပထမလူသည် ငရဲသို့ကျနိုင်၏။ ဒုတိယလူသည် တိရစ္ဆာန်ဖြစ်နိုင်၏။ တတိယလူကား တစ္ဆေပြိတ္တာဖြစ်နိုင်၏ဟု သူတို့၏ စေတနာ ထက်၊ မထက်ကိုကြည့်၍ ကံပြုတုန်းကပင် သိတော်မူသည်။

## စုပေါင်းဒါန

လူသုံးယောက်စုပေါင်း၍ ဆွမ်းဒါန စသော ဒါနပြုရာ၌လည်း ဤသို့ စေတနာထက်မထက် လိုက်၍ ပထမလူသည် ခတ္တိယမျိုး၌ ဖြစ်နိုင်၏။ ဒုတိယလူသည် ဗြာဟ္မဏမျိုး၌ဖြစ်နိုင်၏။ တတိယလူကား ဝေဿ (လယ်ယာလုပ်ကိုင်သူ၊ နွားမွေးသူ၊ ကုန်သည်ရောင်းဝယ်သူ) အမျိုးမျိုးဖြစ်နိုင်၏။ ဤသို့ သိတော်မူ၏။

## တစ်ယောက်ချင်းဒါန

တစ်ယောက်ချင်း အလှူဒါနပြုရာ၊ ဥပုသ်သီတင်းဆောက်တည်ရာ၊ ဘာဝနာပွားရာတို့၌လည်း ဂုဏ်ပကာသနကိုလိုလား၍ ပြုလျှင် အောက်တန်းကောင်းမှုဖြစ်၏။ လူနတ်စည်းစိမ်ကို မှန်း၍ပြုလျှင် အလတ်တန်းကောင်းမှု ဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ပြုလျှင် ပထမတန်းကောင်းမှုဖြစ်၏။

## အလောင်းတော်တို့၏ကောင်းမှု

ဘာကိုမျှမတောင့်တဘဲ ဆင်းရဲသူများ ချမ်းသာစေလို၍ ပြုအပ်သော ဒါန၊ စိတ်စင်ကြယ်စေလို၍ ပြုအပ်သော သီလ ဘာဝနာတို့ကား ဘုရားအလောင်းတော်တို့၏ ပြုလေ့ရှိသော ကောင်းမှုဖြစ်၍ အလွန် ဖြူစင်သည်၊ ဤသို့ ကံပြုစဉ်ကပင် စိတ်နေစိတ်ထား ကွဲပြားနေသော ထိုထိုကောင်းမှု မကောင်းမှုများ၏ အစွမ်းသတ္တိတို့ကို ဗုဒ္ဓမြတ်စွာသည် ကံပြုစဉ်ကပင် ပေးမည့်အကျိုးကို သိတော်မူ၏။ ဤသို့ ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်သည် သိရန်ဟူသမျှကို သိမြင်တော်မူပါသည်။

## ၂။ သိသည့်တရား များအပြား၌

သိအပ်ပြီးသော တရားတို့သည် အလွန်များ၏၊ ထိုများပြားသော တရားတို့ သူတစ်ပါးသိအောင် ဟောပြတော်မူရာ၌ နည်းအမျိုးမျိုးတို့ဖြင့် ဟောပြတော်မူရ၏။ ထိုသို့ဟောဖို့ရန် နည်းအမျိုးမျိုးကို သိတော် မူခြင်းသည် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းတစ်မျိုးပင်ဖြစ်သည်။ ထိုသို့ နည်းအမျိုးမျိုးတို့ဖြင့် လေးဆယ့် ငါးဝါ ကာလပတ်လုံး ဟောတော်မူအပ်သောကြောင့် “ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မက္ခန္ဓာတော်ပေါင်း ရှစ်သောင်း လေးထောင်ရှိ၏” ရှေးဆရာအဆက်ဆက်တို့ တွက်ပြခဲ့ကြ မှတ်သားခဲ့ကြပေသည်။ (ဓမ္မ – တရားတော် + ခန္ဓ – အစု)

## ၃။ ကျွတ်ထိုက်ကြပေ များဝေနေ၏

ဘုရားရှင် ဟောပြောပြသ၊ ဆုံးမထိုက်သော သတ္တဝါကို "ဝေနေယျ" ဟု ခေါ်၏။ "သံသရာဝဋ်ဒုက္ခမှ ကျွတ်ထိုက်လွတ်ထိုက်သော သတ္တဝါများဖြစ်၍ ဘုရားရှင်ဆုံးမထိုက်သော သတ္တဝါများ" ဟု ဆိုလိုသည်။

## ဣန္ဒြေ စရိုက်

ထိုသတ္တဝါများ၌ သဒ္ဓိန္ဒြေ ပညိန္ဒြေ စသော ဣန္ဒြေတို့သည် အနုအရင့် ကွဲပြားကြ၏။ စရိုက်လည်း အမျိုးမျိုးရှိ၏။ တချို့က ရာဂစရိုက်ရှိ၏။ ရာဂအားကြီး၏။ တချို့က ဒေါသစရိုက်ရှိ၏။ ဒေါသအားကြီး၏။ တချို့က မောဟစရိုက်ရှိ၏။ မောဟအားကြီး၏။ တချို့က ဝိတက်စရိုက်ရှိ၏။ အကြံများ၍ အလုပ်မတွင်၊ တချို့က သဒ္ဓါစရိုက်ရှိ၏။ ရတနာသုံးပါးကိုလည်းကောင်း၊ ကံနှင့် ကံ၏အကျိုးကိုလည်းကောင်း ယုံကြည်၏။ တချို့က ပညာစရိုက်ရှိ၏။ အသိဉာဏ်ကြီး၏။

## သဒ္ဓါပညာညီမျှမှ အကျိုးရ

သဒ္ဓါအားကြီး၍ ပညာနည်းနေလျှင် ညာဖြန်းဟောအပ်သော တရားအတုအယောင်ကို အမှန်ထင်တတ်၏။ ပညာကြီး၍ သဒ္ဓါတရားမရှိလျှင် "ဥပုသ်စောင့်နေဖို့ မလိုပါ၊ စိတ်ကောင်းရှိလျှင် ပြီးတာပဲ။ လှူနေဖို့မလိုပါ၊ သူများအလှူကို သာဓုခေါ်လျှင် ပြီးတာပဲ" ဟု ပရိယာယ်မာယာ များနေတတ်၏။ သဒ္ဓါနှင့် ပညာ ညီမျှမှ အကျိုးရပါသည်။

## သူ့အကြိုက်

သတ္တဝါတို့၌ အလိုဆန္ဒဟုခေါ်အပ်သော အဇ္ဈာသယအကြိုက်လည်း အမျိုးမျိုးရှိ၏။ ထိုအဇ္ဈာသယကို အဓိမုတ္တိ (စွဲစွဲမြဲမြဲသက်ဝင်ခြင်း) ဟု ခေါ်၏။ ထိုအကြိုက်သည် တချို့က အောက်တန်းကျ၏။ တချို့က အထက်တန်းကျ၏။ စိတ်နေစိတ်ထား အောက်တန်းကျသူသည် မိမိကဲ့သို့ အောက်တန်းကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိ၏။ စိတ်နေစိတ်ထား အထက်တန်းကျသူကလည်း မိမိကဲ့သို့ အထက်တန်းကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိသည်။

## နိုက်ချွတ်စုံလင် အကုန်မြင်

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ သဒ္ဓါစသော ဣန္ဒြေအမျိုးမျိုးကိုလည်းကောင်း၊ စရိုက်အမျိုးမျိုးကိုလည်းကောင်း၊ အဇ္ဈာသယဟုခေါ်အပ်သော အကြိုက်အမျိုးမျိုးကိုလည်းကောင်း၊ နိုက်နိုက်ချွတ်ချွတ် အစုံအလင် သိမြင်တော်မူ၏။ ထိုသိမြင်တော်မူခြင်းသည် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းတစ်ပါးပင်တည်း။

## ၄။ ဉာဏ်တော်စွမ်းပကား ဤသုံးပါးကြောင့်

သိစရာဟူသမျှကို အကုန်သိနိုင်တော်မူခြင်း၊ ဟောထိုက်သော တရားတို့၌ ဟောဖို့ရန် နည်းအမျိုးမျိုးကို သိတော်မူနိုင်ခြင်း၊ ဝေနေယျသတ္တဝါတို့၏ ဣန္ဒြေအမျိုးမျိုး စရိုက်အမျိုးမျိုး၊ အကြိုက် (အဇ္ဈာသယ) အမျိုးမျိုးကို သိတော်မူခြင်း၊ ဤသုံးပါးကို သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါးဟုမှတ်ပါ။

### အများဝေနေ၊ ကျွတ်လွတ်စေဖို့ မနေမနား

သမားတော်တစ်ယောက်သည် ဆေးအမျိုးမျိုးကိုလည်း သိ၏။ ထိုဆေးများကို ဖော်စပ်ဖို့ နည်းအမျိုးမျိုးကိုလည်း သိ၏။ သူနာ၏ ရောဂါအမျိုးမျိုးကို စစ်ဆေးမေးမြန်းသောအားဖြင့် ရောဂါ၏ ဖြစ်လာပုံအကြောင်းစုံကိုလည်း သိ၏။ ထိုအစွမ်းသုံးပါးနှင့် ပြည့်စုံသော သမားတော်သည် ရောဂါအမျိုးမျိုးကို ပျောက်အောင်ကုနိုင်၏။ ကုလို့မရနိုင်သော ရောဂါကိုလည်း "မရနိုင်" ဟုပင် သိ၏။ ထို့အတူ ဗုဒ္ဓမြတ်စွာသည် အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ကြောင့် များစွာသော သတ္တဝါတို့ကို သံသရာဝဋ်မှ လွတ်စေဖို့ရာ လေးဆယ့်ငါးဝါ ကာလပတ်လုံး ခေတ္တမျှသာ ကျိန်းစက်တော်မူ၍ တစ်နေရာတည်း၌ နေတော်မမူခဲ့၊ အချိန်အားယူ၍ နားလည်း နားတော်မမူခဲ့။

### ပရိနိဗ္ဗာန် စံသည့်တိုင်အောင်

နောက်ထပ်ခန္ဓာတော်ဖြစ်ဖို့ ပဋိသန္ဓေနေရခြင်းမရှိဘဲ ခန္ဓာဝန်ကြီးကို ပစ်ချသောအားဖြင့် ခန္ဓာဇာတ်သိမ်း၍ ငြိမ်းတော်မူခြင်းကို "ပရိနိဗ္ဗာန်" ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာတို့၏ ထုံးစံမှာ အသက်တမ်းကို ငါးပုံပုံ၍ တစ်ပုံအကျန်လောက်တွင် ပရိနိဗ္ဗာန် စံတော်မူရိုး ဖြစ်၏။ အလွန်အိုမင်းအောင် နေတော်မူရိုးမရှိ၊ ထို့ကြောင့် ငါတို့၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည် အသက်တမ်း၏ ငါးပုံတွင် တစ်ပုံလောက် အကျန်ဖြစ်၍ အလွန်အိုမင်းတော်မမူခင် သက်တော်ရှစ်ဆယ် ပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူပါသည်။

### သယ်ယူဆောင်

ထိုပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဝမ်းတော်လားလျက် အားနည်းတော်မူလျက် သုဘဒ္ဒရသေ့ ပရိဗိုဇ်ကို ကျွတ်လွတ်စေဖို့ရန် ပါဝါမြို့မှ သုံးဂါဝုတ်ဝေးသော ကုသိနာရုံမြို့သို့ ကြွတော်မူခဲ့သည်။ ဤသို့ ဗုဒ္ဓမြတ်စွာသည် ဓမ္မစကြာတရားဦးကို ဟောတော်မူသည်မှစ၍ ပရိနိဗ္ဗာန်စံခါနီးတိုင်အောင် ကျွတ်ထိုက်သော သတ္တဝါတို့ကို နိဗ္ဗာန်သို့ သယ်ယူပို့ဆောင်တော်မူပါသည်။

# ဘုန်းခေါင် ငါတို့ဘုရားတည်း

၁။ သာကီဝင်မင်းမျိုး၌ ဖွားမြင်၍ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပာယ်သော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာဘုရားတည်း။

၂။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းက ဆည်းပူးအပ်ခဲ့သော ပါရမီတော်တို့၏ အဟုန်ဖြင့် တစ်ကိုယ်လုံးခြုံ၍ ကျက်သရေမင်္ဂလာရှိအောင် မွမ်းထုံထားအပ်သော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာဘုရားတည်း။

၃။ ဆရာမကူ သယမ္ဘူဖြစ်သော အတူလည်းမရှိသော အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ရာဂ ဒေါသ စသော ကိလေသာအညစ်အကြေးတို့ကို ပယ်နိုင်သောကြောင့် သန့်ရှင်းသော စိတ်အစဉ်ဖြင့် ကြည်လင်အေးမြတော်မူသော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာဘုရားတည်း။

၄။ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်းမှစ၍ ကြီးမားလှသော မဟာကရုဏာဉာဏ်တော်ဖြင့် သတ္တဝါတို့ကို သနားတော်မူသော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာဘုရားတည်း။

၅။ "သမ္မာသမ္ဗောဓိ" အမည်ရှိသော သဗ္ဗညုတဉာဏ်တော်၏ အရှင်ဖြစ်၍ ထိုဉာဏ်တော်၏ အစွမ်းသုံးပါးကြောင့် မနေမနား သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန်စံသည့်တိုင်အောင် သတ္တဝါတို့ကို နိဗ္ဗာန်သို့ သယ်ယူပို့ဆောင်တော်မူသော မြတ်ဘုရားသည် ငါတို့၏ ထိပ်ခေါင်၌ တင်ထားအပ်သော ဘုရားပင်ဖြစ်ပါသတည်း။

# ဇိနဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ်

**မာရ်ငါးပါးအောင်တော်မူပုံ**

**ကျက်မှတ်ရန်လင်္ကာ** ။

။ *ဘုန်းတော်ထိန်လျှမ်း၊ ကျွန့်ထိပ်ပန်းကား၊ စိတ်သွမ်းကိုယ်ကြမ်း၊ မာရ်နတ်ရမ်း၏၊ အစွမ်းနှိပ်နင်း၊ နယ်ပယ်တွင်းမှ၊ လွတ်ကင်းထွက်ကြွား၊ မြတ်ဘုရားတည်း၊ ထပ်ပွားအသစ်၊ မဖြစ်နိုင်စေ၊ ကိလေ – ဘိသင်၊ မာရ်နှစ်အင်လောင်း၊ အကြောင်းသမုဒယ၊ ပယ်ချပိုင်ပိုင်၊ သိနိုင်သမျှ၊ ခန် – မစ္စုပ္ပာ၊ နှစ်ခုမာရ်နှင်၊ ပေါင်းငါးအင်ကို၊ ပင်ဗောဓိမင်း၊ အောင်မြေတွင်း၌၊ မကြွင်းကုန်စင်၊ အောင်ပွဲရင်သည်၊ မြတ်ရှင်ဇိန ဘွဲ့တော်ဘုရား။*

# လက်ာ၏အဓိပ္ပာယ်

## ဘုန်းတော်ထိန်လျှမ်း ကျွန့်ထိပ်ပန်းကား

ဘဂဝါဂုဏ်တော်ဖွင့်၌ ပြအပ်သော ဘုန်းတော်ခြောက်ပါးဖြင့် တောက်ပထိန်လျှမ်းသော ဗုဒ္ဓမြတ်စွာသည် ဗုဒ္ဓဘာသာဝင်ဖြစ်သော အကျွန်ုပ်တို့၏ ဦးထိပ်ဝယ် ဦးဆောက်ပန်းသဖွယ် တင့်တယ်တော်မူ၏။

## မာရ်ငါးပါးကို အောင်တော်မူ

"မာရ" ဟူသော ပါဠိသည် "သတ်တတ် နှိပ်စက်တတ်" ဟူသော အနက်အဓိပ္ပာယ်ကိုပြ၏။ ထိုမာရကို "မာရ်" ဟု မြန်မာပြန်ကြသည်။ ထိုသတ်ဖြတ်တတ် နှိပ်စက်တတ်သော မာရ်သည် ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်အားဖြင့် ငါးပါးရှိ၏။ မိမိဆိုင်ရာ ရန်မာရ်တို့ကို အောင်နိုင်သောပုဂ္ဂိုလ်သည် "ဇိန" ဟူသော အမည်တော်ကိုရ၏။ ငါတို့၏ ဗုဒ္ဓမြတ်စွာသည် ထိုမာရ်ငါးပါးကို ဗုဒ္ဓဖြစ်တော့မည့်ညဉ့်၏ ရှေ့ပိုင်းနောက်ပိုင်းအချိန်မှာပင် ကောင်းစွာ အောင်နိုင်တော်မူခဲ့သောကြောင့် "ဇိနံ" ဟူသော ဘွဲ့နာမည်တော်ကို ရခဲ့ပေသည်။ (**ပဉ္စမာရေ** – ငါးပါးသော ရန်မာရ်တို့ကို + **ဇိတဝါ** – အောင်တော်မူပြီ၊ **ဣတိ** – ထို့ကြောင့်၊ **ဇိနော** – ဇိနမည်တော်မူ၏။)

## ဒေဝပုတ္တမာရ်

ဝသဝတ္တီနတ်ပြည်၌ သူပုန်များ တန်ခိုးကြီးသကဲ့သို့ သူ့နည်းနှင့်သူ တန်ခိုးကြီးသော မာရ်နတ်ကို "ဒေဝပုတ္တ" ဟု ခေါ်၏။ ထိုမာရ်နတ်သည် ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်ညဉ့်သို့ မရောက်ခင် နေမဝင်မီအချိန်၌ ဗောဓိပင်အောက်ဝယ် သမာဓိကြီးစွာ တရားဝင်နေသော ဗုဒ္ဓအလောင်းတော်ကို သမာဓိပျက်အောင် နှောင့်ယှက်ဖို့ရန် နတ်စစ်သည်များစွာနှင့် အတူလာ၍ လက်နက်အမျိုးမျိုးဖြင့် ပစ်ခတ်၏။ နှုတ်အားဖြင့်လည်း ဤဗောဓိပင်ဝယ် တင်ပျဉ်ထိုင်ရာမှ ထသွားဖို့ရန် နှင်ထုတ်သည်။

## အောင်တော်မူခြင်း

ဗုဒ္ဓမြတ်စွာသည် သဒ္ဓါဗိုလ် ပညာဗိုလ် စသော စစ်သည်ဗိုလ်ပါတို့ဖြင့် ခန္တီမေတ္တာ စသော ပါရမီတော် လက်နက်များကို အသုံးပြု၍ ကာကွယ်တော်မူ၏။ ထိုအခါ၌ မာရ်စစ်သည်တို့၏ လက်နက်များသည် အစွမ်းမထက်ကြတော့သဖြင့် မာရ်နတ်၏အစွမ်းသတ္တိကို နှိမ်နင်းပြီးဖြစ်၏။ မာရ်နတ်၏ တန်ခိုးသတ္တိသည် ကာမဘုံ၌သာ ရှိ၏။ ထိုကာမဘုံ၏ ကာမဂုဏ်အာရုံကို ခံစားလိုသော ကိလေသာစိတ် မရှိတော့သဖြင့် မာရ်နတ်၏ နယ်ပယ်ကိုလည်း လွန်မြောက်တော်မူပြီးဖြစ်၏။ ဤသို့ မာရ်နတ်၏အစွမ်းကို

နိုပ်နင်းတော်မူခြင်း၊ မာရ်နတ်၏နယ်ပယ်ကို လွန်တော်မူခြင်းဖြင့် အောင်တော်မူသောကြောင့် "အစွမ်း၊ နှိပ်နင်း၊ နယ်ပယ်တွင်းမှ၊ လွတ်ကင်းထွက်ငြား၊ မြတ်ဘုရားတည်းဟု လင်္ကာ၌ဆိုသည်။

## ကိလေသမာရ်

ဘဝများစွာ သံသရာ၌ ခန္ဓာအစဉ်ဝယ် ကိန်းဝပ်၍ပါနေသော လောဘ ဒေါသ မောဟ စသော ကိလေသာတို့သည် မိမိဆိုင်ရာ ခန္ဓာအစဉ်ကိုပင် ဒုက္ခရောက်အောင် ညှဉ်းဆဲတတ်သောကြောင့် "ကိလေသ မာရ်" ဟု ခေါ်သည်။ ထိုကိလေသမာရ်ကို ဗောဓိပင်အောက်ဝယ် ဘုရားဖြစ်ခါနီး၌ အရဟတ္တမဂ်ဖြင့် အကုန်ပယ်နိုင်သောကြောင့် အောင်တော်မူပြီးဖြစ်၏။

## အဘိသင်္ခါရမာရ်

ခန္ဓာကိုယ်၌ရှိသော ရုပ်နာမ်တို့ကို ပြုစီမံတတ်သော ရှေးရှေးကံသည် ဇာတိဒုက္ခ စသည်တို့၏ အရင်းခံဖြစ်၍ ညှဉ်းဆဲတတ်သောကြောင့် "အဘိသင်္ခါရမာရ်" မည်၏။ ထိုကံဟူသော အဘိသင်္ခါရသည် အဝိဇ္ဇာတဏှာအဖော်ပါမှ ဘဝခန္ဓာအကျိုးကို ဖြစ်စေနိုင်၏။ အဝိဇ္ဇာ တဏှာ အဖော်မရှိပါလျှင် မအောင်မြင်သော မျိုးစေ့ကဲ့သို့ ခန္ဓာအပင်ကို မပေါက်စေနိုင်၊ ထို့ကြောင့် အဘိသင်္ခါရမည်သော ကံသည် ခန္ဓာအသစ်ကို ထပ်၍မဖြစ်နိုင်ရကား ထိုအဘိသင်္ခါရမာရ်ကိုလည်း အောင်တော်မူပြီးဖြစ်၏။ ထို့ကြောင့် "ထပ်ပွားအသစ်၊ မဖြစ်နိုင်စေ၊ ကိလေဘိသင်၊ မာရ်နှစ်အင်လောင်း" ဟု လင်္ကာ၌ ဆိုသည်။

## ခန္ဓမာရ်၊ မစ္စုမာရ်

ဤခန္ဓာကိုယ်သည် ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ စသော (ဓမ္မစကြာ၌ လာသော) ဒုက္ခတို့ဖြင့် မိမိဆိုင်ရာသတ္တဝါကို ညှဉ်းဆဲနှိပ်စက်တတ်၏။ ထို့ကြောင့် "ခန္ဓမာရ်" ဟုခေါ်ရသည်။ သေခြင်း သဘောကို "မစ္စု" ဟု ခေါ်၏။ ထိုမစ္စုသည် သေခါနီး၌ မိမိဖြစ်ရာ သတ္တဝါကို ရောဂါဒဏ်ဖြင့်လည်း နှိပ်စက်တတ်၏။ လက်ရှိသံယောဇဉ်ဖြစ်သော သက်ရှိသက်မဲ့ ဆွေမျိုးဥစ္စာတို့နှင့် ခွဲရမည့်အရေးကိုတွေး၍ စိတ်ဆင်းရဲစေသောအားဖြင့်လည်း နှိပ်စက်၏။ ရောက်ရမည့်နောက်ဘဝက မသေချာသည့်အတွက် ကြောက်ရွံ့စေ သောအားဖြင့်လည်း ပုထုဇဉ်တို့ကိုနှိပ်စက်၏။ ထို့ကြောင့် သေရခြင်းသဘောကို "မစ္စုမာရ်" ဟု ခေါ်ရသည်။

## မာရ်နှစ်ပါးကို အောင်တော်မူပုံ

ဗုဒ္ဓမြတ်စွာသည် ခန္ဓာကိုယ်တော် ရှိနေသေးသောကြောင့် လည်းကောင်း၊ ဤဘဝ၌ ပရိနိဗ္ဗာန် စံခြင်းဟူသော မစ္စုရှိသေးသောကြောင့် လည်းကောင်း၊ ထိုမာရ်နှစ်ပါးကို မုချအားဖြင့် အောင်တော်မူပြီးဟု မဆိုနိုင်ပါ။ သို့သော် နောက်နောက်ဘဝ၌ ခန္ဓာအသစ်ဖြစ်ဖို့ရန် အကြောင်းဖြစ်သော တဏှာသမုဒယကို

ပယ်နိုင်လျှင် နောက်နောင်ခန္ဓာများ ဖြစ်တော့မည်မဟုတ်၊ ခန္ဓာအသစ်မဖြစ်လျှင် မစ္စု (သေခြင်း) လည်း ဖြစ်တော့မည်မဟုတ်။

ထို့ကြောင့် အကြောင်းဖြစ်သော တဏှာ သမုဒယကိုပယ်လျှင် အကျိုးဖြစ်သော ခန္ဓမစ္စုနှစ်ပါးကို အောင်တော်မူပြီး ဖြစ်တော့၏။ ထို့ပြင် ထိုခန္ဓာ ထိုမစ္စုတို့၏ ဖြစ်ပုံအကြောင်းအရာကို ကောင်းစွာပိုင်ပိုင် သိနိုင်သောကြောင့်လည်း ထိုခန္ဓမစ္စုနှစ်ပါးကို အောင်ပြီးဖြစ်၏။ ထို့ကြောင့် "အကြောင်းသမုဒယ၊ ပယ်ချ ပိုင်ပိုင်၊ သိနိုင်သမှု၊ ခန်မစ္စုဟု၊ နှစ်ခုမာရ်နှင်" ဟု လင်္ကာ၌ ဆိုသည်။

**မြတ်ရှင်ဇိန ဘွဲ့တော်ဘုရား**

ဤပြခဲ့သောနည်းဖြင့် မာရ်ငါးပါးကို ဗုဒ္ဓဖြစ်တော်မူရာ ဇောဓိပင် အောင်မြေအတွင်းဝယ် အောင်မြင် တော်မူခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ၏အပေါ်၌ "ဇိန" ဟူသော ဘွဲ့နာမည်တော်ကို တင်ရပါသည်။

## ဘဂဝါဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ်

**ကျက်မှတ်ရန်လင်္ကာ**

၁။ *ကိုယ်တော်မြတ်၏၊ စိတ်ဓာတ်တော်မှ၊ စ၍မကြွင်း၊ လူနတ်မင်းကို ပိုင်နင်းအုပ်စိုး၊ လွှမ်းမိုးနိုင်ဘိ "ဣဿရိယ" ဘုန်းတော်*

၂။ *ကိလေသာရန်၊ ပယ်ဖျက်လှန်ဖို့၊ နိဗ္ဗာန်ဖိုလ်မဂ်၊ ကိုးချက်အပြား၊ လောကုတ္တရာတရားဟူသော "ဓမ္မ" ဘုန်းတော်*

၃။ *ဟုတ်တိုင်းမှန်စွာ၊ ဖြစ်ပေါ်လာ၍၊ ကမ္ဘာတိုက်ပေါင်း၊ သောင်းလောကဓာတ်၊ ပဲ့တင်ထပ်မျှ၊ နှံ့စပ်သတင်း၊ ကျော်စောခြင်းဟူသော "ယသ" ဘုန်းတော်*

၄။ *ရွှေမျက်နှာတော်၊ လက်ခြေတော်မှ၊ စ၍မကြွင်း၊ ပင်လုံးဝင်းသည့်၊ ပန်းမင်းအနေ၊ ကျက်သရေ မင်္ဂလာ၊ စုဝေးကာဖြင့်၊ လွန်စွာတင့်တယ်၊ သပ္ပာယ်တော်မူသော "သိရီ" ဘုန်းတော်*

၅။ *အလိုတော်အတိုင်း၊ တောင့်တတိုင်းပင်၊ မဆိုင်းမတွ၊ ပြီးစီးရသည့် "ကာမ" ဘုန်းတော်*

၆။ *တစ်လောကလုံး၊ ညွှတ်ရုံးကိုယ်စား၊ အားထားဖို့ရာ၊ လွန်စွာကြိုးကုတ်၊ အားထုတ်တော်မူ သော "ပယတ္တ" ဘုန်းတော်*

*ဤခြောက်ဖော်ဂုဏ်၊ ဘုန်းတော်ဟုန်ဖြင့်၊ သုံးဘုံလွှမ်းကျော်၊ လွန်ထင်ပေါ်၍၊ ဘွဲ့တော်ဘဂဝါ၊ တင်ရပါသည်၊ ကမ္ဘာထွတ်ထားမြတ်ဘုရား။*

# လက်ဘ၏အစိပ္ပာယ်

## ဘုန်းတော်ခြောက်ပါး

ဗုဒ္ဓမြတ်စွာ၏ "ဘဂဝါ" ဟူသော ဘွဲ့နာမည်တော်ရခြင်း၏ အကြောင်းသည် အလွန်များ၏။ ထိုအကြောင်းများစွာတို့တွင် ဤနေရာ၌ "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်း" ဟူသော အကြောင်း တစ်မျိုးကိုသာ ပြပါမည်။ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူသော ဤခြောက်ပါးကို "ဘုန်းတော်ခြောက်ပါး" ဟု ခေါ်ပါသည်။

## ဣဿရိယ ဘုန်းတော်

ဗုဒ္ဓမြတ်စွာသည် မိမိ၏စိတ်တော်ကို အလိုရှိရာအာရုံ၌ တည်ငြိမ်အောင် ထားတော်မူနိုင်သည်။ ဤသို့ ထားတော်မူနိုင်ခြင်းသည် စိတ်တော်ကို အစိုးရခြင်းတည်း။ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ကိုလည်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ အကျွတ်တရားကို ရစေတော်မူနိုင်၏။ ထိုသို့ တရားရသော မင်းများကိုလည်း ဗုဒ္ဓမြတ်စွာသည် အစိုးရတော်မူ၏။ ဤသို့ စိတ်တော်ကိုလည်းကောင်း မင်းအများကို ပဓာနထား၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကိုလည်းကောင်း အစိုးရတော်မူခြင်းသည် ဣဿရိယ ဘုန်းတော်ပင်ဖြစ်သည်။ (ဣဿရ – အစိုးရသော ပုဂ္ဂိုလ်၏ + ဣယ – အဖြစ်၊ အစိုးရခြင်း) ထိုဣဿရိယ ဘုန်းတော်သည် အဏိမာ၊ လဃိမာ စသောအားဖြင့် ရှစ်ပါးပြားပြန်၏။ ထိုရှစ်ပါးကို ရတနာ့ဂုဏ်ရည် ဘဂဝါဂုဏ်တော်အဖွင့်၌ ပြထားသည်။

## ဓမ္မ ဘုန်းတော်

ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်တစ်ပါး၌ ထူးခြားသော တရားဓမ္မရရှိသည်။ ဗုဒ္ဓမြတ်စွာ၌ကား မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားဟူသော ထူးခြားသော လောကုတ္တရာတရားများ ရှိပါသည်။ ထို တရားများကြောင့် ကိလေသာအနှောက်အယှက်ကင်းစင်ရကား ဗုဒ္ဓမြတ်စွာ၏ စိတ်တော်အစဉ်သည် အမြဲကြည်လင် အေးမြတော်မူပါသည်။

## ယသ ဘုန်းတော်

အရပ်ရပ်တို့၌ နံ့စပ်ကျော်စောသော ဂုဏ်တော်ကို "ယသ ဘုန်းတော်" ဟု ခေါ်၏။ တချို့ပုဂ္ဂိုလ် များ၌ နာမည်ကျော်ကြားသော်လည်း အစစ်အမှန်ရှိသောဂုဏ်ကြောင့် ကျော်ကြားသည်မဟုတ်၊ အသိုင်းအဝိုင်း ဖြင့် မကျော်ကျော်အောင် ဝါဒဖြန့်မှုကြောင့် အထိုက်အလိုက် ကျော်ကြားကြရသည်။ ထိုကျော်ကြားမှုကလေး

သည်လည်း ကြာကြာမခံပါ။ မကြာခင် မေးမှိန်သွားတတ်၏။ ဗုဒ္ဓမြတ်စွာကား လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ ရောက်အောင် နတ်ဗြဟ္မာတို့အတွင်း၌ ဂုဏ်သတင်းပြန့်ပွားတော်မူသည်။ ဤစကြာဝဠာ ကမ္ဘာလောက၌ သာမက၊ နတ်ဗြဟ္မာတို့က တစ်ဆင့်တစ်ဆင့် ပြောကြားကြသောကြောင့် စကြာဝဠာ ကမ္ဘာတစ်သောင်း တိုင်အောင် ဂုဏ်သတင်း ပျံ့နှံ့တော်မူသည်။

## သိရီ ဘုန်းတော်

ဗုဒ္ဓမြတ်စွာ၏ ကိုယ်လုံးကိုယ်ပေါက်နှင့်တကွ မျက်နှာတော် လက် ခြေတော် စသော ရုပ်လက္ခဏာ တော်သည် (ဗုဒ္ဓဘွဲ့တော်၌ ပြခဲ့သည့်အတိုင်း) ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသဖွယ် အလွန် တင့်တယ်တော်မူရကား ဖူး၍မဝနိုင်အောင် ကျက်သရေကို ဆောင်တော်မူပါသည်။

## ကာမ ဘုန်းတော်

လိုလားတောင့်တတော်မူသည့်အတိုင်း ပြည့်စုံသော ဂုဏ်တော်ကို "ကာမဘုန်းတော်" ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာဘုရားသည် သုမေဓာ ရသေ့ဘဝတုန်းက ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ သတ္တဝါအများကို ကယ်တင်နိုင်ဖို့ရန် စိတ်ဖြင့်လိုလားတော်မူ၏။ **"ဗုဒ္ဓေါဗောဓေယျံ** – ငါသည် တရားထူးကို သိလို့ရှိလျှင် ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူအံ့" ဟု နှုတ်တော်ဖြင့် တောင့်တတော်မူခဲ့၏။ ဘုရားဖြစ်သော အခါ ထိုတောင့်တသည့်အတိုင်း ပြီးစီး၏။ ဓမ္မစကြာတရား ဟောတော်မူသောအခါ၌ပင် တစ်ဆယ့် ရှစ်ကုဋေသော နတ်ဗြဟ္မာတို့ သစ္စာလေးပါးကို သိနိုင်ကြပေမည်။

## ပယတ္တ ဘုန်းတော်

လောက၌ ဉာဏ်ပညာနှင့် လုံ့လဝီရိယရှိသူကို အများက အားကိုး၏။ ဗုဒ္ဓမြတ်စွာသည်ကား တစ်လောကလုံး၏ အားကိုးလောက်အောင်ပင် လုံ့လဝီရိယ ကြီးမားတော်မူ၏။ နေ့စဉ်နေ့စဉ် ကျွတ် ထိုက်သော သတ္တဝါတို့ကို ဉာဏ်တော်ဖြန့်၍ ကြည့်တော်မူ၏။ ထိုသတ္တဝါသည် အဝေးအရပ်၌ရှိလျှင် အချိန်အားလျော်စွာ တန်ခိုးဖြင့်ကြွ၍ တရားဓမ္မကို ဟောပြတော်မူကာ တရားထူးကို ရစေတော်မူပါသည်။ ပရိနိဗ္ဗာန်စံတော်မူခါနီး၌ သုဘဒ္ဒပရိဗိုဇ်ကို ချွတ်တော်မူလိုသောကြောင့် ဝမ်းတော်လားသဖြင့် အားနည်းတော် မူလျက်ပင် ကုသိနာရုံမြို့သို့ ကြွတော်မူသည်။ ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၌လည်း နောက်နောက် ဗုဒ္ဓ ဘာသာဝင်တို့ တရားတော်ကိုကြားနာ၍ တရားကျင့်ဖို့ရန် တရားတော်ကို ထားတော်မူခဲ့၏။ အရိုးဓာတ်တော် များကိုလည်း နောက်နောက် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ဖို့ရန် အငယ်ဆုံး မုန်ညင်းစေ့ပမာဏတိုင်အောင် ခွဲ၍နှင်းတော်မူခဲ့၏။

### ဘွဲ့တော်ဘဂဝါ

လောက၌ မိမိတို့ကိုးကွယ်ရာပုဂ္ဂိုလ်ကို "ဘဂဝါ" ဟု ဘွဲ့နာမည်တင်ထားကြ၏။ သို့သော် ထို ဘွဲ့နာမည်သည် အစစ်အမှန် နာမည်မဟုတ်၊ ဘုန်းတော်ခြောက်ပါးရှိသော ပုဂ္ဂိုလ်၌ တင်ထားအပ်မှသာ မှန်ကန်သော ဘွဲ့နာမည်ဖြစ်ပါသည်။

## ငါတို့ဘဂဝါ

၁။ သိရီဘုန်းတော်အားဖြင့် ကျက်သရေမင်္ဂလာရှိ၍ လွန်စွာတင့်တယ် သပ္ပာယ်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၂။ ဣဿရိယဘုန်းတော်အားဖြင့် မိမိစိတ်တော်ကိုလည်းကောင်း၊ ကျွတ်ထိုက်သော လူ နတ် ဗြဟ္မာ တို့ကိုလည်းကောင်း အစိုးရတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၃။ ဓမ္မဘုန်းတော်ဖြင့် ကိလေသာ အနောက်အကျုတို့ကို ကင်းစင်စေကာ လွန်စွာ ကြည်လင်သော စိတ်တော်ဖြင့် အစဉ်အေးမြတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၄။ ယသဘုန်းတော်ဖြင့် လောကသုံးဘုံ အလုံးစုံကို လွှမ်းခြုံကျော်ကြား ထင်ရှားတော်မူသော ဗုဒ္ဓမြတ်စွာ သည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပါတကား။

၅။ ကာမဘုန်းတော်ဖြင့် ကိုယ်တိုင်သိဖို့ရန်လည်းကောင်း၊ ဝေနေယျတို့ကို သိစေဖို့ရန်လည်းကောင်း၊ တောင့်တတော်မူခဲ့၍ ထိုတောင့်တသည့်အတိုင်း ပြီးစီးအောင်မြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား၊

၆။ ပယတ္တဘုန်းတော်ဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အားထားလောက်အောင် လုံ့လ၊ ဝီရိယ ကြီးမားတော်မူလှသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

**အရှင်ဇနကာဘိဝံသ**
**ဗုဒ္ဓဘာသာသင်ခန်းစာ**
**(၁၀၆ – ၁၂၂)**

## ဣဿသရိယဘုန်းတော် ၈ ပါး

၁။ အဏုမြူသဖွယ်၊ ပျောက်ကွယ်သိမ်မွေ့၊ မမြင်တွေ့အောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော "အဏိမာ" ဘုန်းတော်။

၂။ စိတ်၏အလား၊ ကောင်းကင်ဖျား၌၊ ပေါ့ပါးလျင်မြန်၊ ချန်ပျံကြွသွားနိုင်သော "လဃိမာ" ဘုန်းတော်။

၃။ ကိုယ်တော်သဏ္ဌာန်၊ ပုံဟန်တိုင်းခြား၊ မနိုင်းအားဖို့၊ ကြီးမားလေအောင်၊ ရုပ်ဆောင်ဖန်ဆင်းနိုင်သော "မဟိမာ" ဘုန်းတော်။

၄။ ဆီးတားကွယ်ကာ၊ မရှိပါဘဲ၊ လိုရာတိုင်းပေါက်၊ တစ်ခဏလောက်ဖြင့်၊ ကြွရောက်နိုင်သော "ပတ္တိ" ဘုန်းတော်။

၅။ အဆင်းအတန်တန်၊ ပုံသဏ္ဌာန်ကို၊ စီမံဖန်တီး၊ တစ်ခဏတည်းဖြင့်၊ ပြီးစီးနိုင်သော "ပါကမ္မ" ဘုန်းတော်။

၆။ ကိုယ်တော်မြတ်၏၊ စိတ်ဓာတ်တော်မှ၊ စဉ်မကြွင်း၊ လူနတ်မင်းကို၊ ပိုင်နင်းအုပ်စိုး၊ လွှမ်းမိုးနိုင်သော "ဤသိတာ" ဘုန်းတော်။

၇။ သမာပတ်ချာန်၊ အဘိဉာဏ်ကို၊ ဝင်စံလိုက၊ တစ်ခဏချင်းပိုင်၊ ဝင်စားနိုင်သော "ဝသိတာ" ဘုန်းတော်။

၈။ ကိစ္စတစ်ခု၊ ပြုစုတုန်းပင်၊ ပြီးဆုံးချင်သော်၊ ဆောလျင်မသွေ၊ ပြီးဆုံးစေနိုင်သော "ယတ္ထကာမာ ဝသာယိတာ" ဘုန်းတော်။

**ရတနာ့ဂုဏ်ရည်**
**(နှာ – ၆၆)**

## ဘုရားဂုဏ်တော်ကဗျာများ

၁။ *လူမင်း နတ်မင်း၊ ဝပ်စင်းပူဇော်*
*ကိလေသာဓာတ်၊ ခွာဖြတ်သနော်*
*ကွယ်ရာတောင်ဘဲ၊ ရှောင်လွှဲမလျော်*
*အရဟ၊ မည်ရတို့ဘုန်းတော်*

(က) လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်းအထူးကို ခံယူတော်မူထိုက်သောကြောင့်လည်းကောင်း၊
(ခ) ကိလေသာရန်သူတို့ကို မဂ်ပညာဖြင့် သတ်တတ်သောကြောင့်လည်းကောင်း၊

(ဂ) ဆိတ်ကွယ်ရာ၌ပင် မကောင်းမှု၊ မလျော်ကန်သောအမှုကို ပြုတော်မမူသောကြောင့်လည်းကောင်း 'အရဟ' ဂုဏ်တော်ကို ရတော်မူသည်။

*၂။ ဆရာမရှိ၊ မိမိဘာသာ*
*သိထိုက်သမျှ၊ ဓမ္မသဘာဝ်။*
*ကောင်းစွာတိပြတ်၊ သိတတ်မှန်စွာ*
***သမ္မာ၊ သမ္မဒည်တွင်တာ။***

သိသင့် သိထိုက်သော ဓမ္မသဘာဝများကို ဆရာမရှိဘဲ မိမိဘာသာ ကောင်းမွန်မှန်ကန်စွာ၊ တိကျပြတ်သားစွာ သိတော်မူတတ်သောကြောင့် 'သမ္မာသမ္ဗုဒ္ဓ' ဂုဏ်တော်ကိုရတော်မူသည်။

*၃။ ပု ဒိ အာ သုံး၊ သာဆုံးဝိဇ္ဇာ*
*ခြေခံသီလ၊ ညီမျှစျာန်ပါ*
*စရဏများ၊ ဆဲ့ငါးစုံစွာ*
***ဝိဇ္ဇာစ၊ စရဏသမ္ပန္နာ***

ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာသုံးပါး၊ သီလကို စောင့်ခြင်း၊ ဣန္ဒြေကိုထိန်းသိမ်းခြင်း စသည်တို့ဖြင့်၊ ရူပစျာန်များပါဝင်သော စရဏတရား ၁၅ ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္န' ဂုဏ်ကို ရတော်မူသည်။

*၄။ ကောင်းကျိုးနှင့်စပ်၊ သင့်မြတ်ချိန်တန်*
*မှန်ကန်ချက်ကျ၊ မြွက်ဟလေပြန်*
*ကောင်းစွာကြွသွား၊ တရားနိဗ္ဗာန်*
***သုဂတ၊ ရှုကြအမည်မှန်။***

(က) ကောင်းကျိုးနှင့်စပ်လျဉ်း၍ အစဉ်မှန်ကန်သော စကားကိုသာ ပြောချိန်သင့်မှ မြွက်ဟ ပြောဆိုတတ်သောကြောင့်လည်းကောင်း။

(ခ) ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သောကြောင့်လည်းကောင်း 'သုဂတ' ဂုဏ်ကို ရတော်မူသည်။

*၅။ သတ္တောကာသ၊ လောကသင်္ခါရ်*
*အထက်အောက်ချဉ်း၊ ဖောက်ထွင်းသေချာ*
*ကေန်တိတိ၊ သိရှိပြန်တာ*
*သဘောကျ၊ **လောကဝိဒူပါ။***

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟု ဆိုအပ်သော လောကသုံးပါးကို စုန်ဆန် ထက်အောက် ထွင်းဖောက်၍ သိမြင်တော်မူတတ်သောကြောင့် 'လောကဝိဒူ' ဂုဏ်ကိုရတော်မူသည်။

*၆။ သီလအာဒိ၊ သမာဓိပညာ*
*ဂုဏ်ဝိမုတ္တိ၊ သုဒ္ဓိဉာဏ်ပါ*
*တူသူရှိဘဲ၊ လွန်ကဲဘယ်မှာ*
***နုတ္တရ၊ မုချ မည်သညာ။***

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့၌ တူသူ လွန်ကဲသူ မရှိသောကြောင့် 'အနုတ္တရ' ဂုဏ်ကို ရတော်မူသည်။

*၇။ လူကြမ်း နတ်ကြမ်း၊ အကြမ်းစုံညီ*
*တရားရှိန်တွေ့၊ သိမ်မွေ့စေပြီ*
*ဆုံးမမှုတွင်း၊ တုကင်းပေသည်*
***ပုရိသ၊ ဒမ္မသာရထိ။***

ကြမ်းတမ်းသော လူယောကျ်ား၊ နတ်ယောကျ်ား စသည်တို့ကို ယဉ်ကျေးသိမ်မွေ့အောင် တရားပြ၍ ဆုံးမတော်မူတတ်သောကြောင့် 'ပုရိသဒမ္မသာရထိ' ဂုဏ်ကို ရတော်မူသည်။

*၈။ လွန်မြောက်စေဘိ၊ ဇာတိကန္တာရ်*
*ခုနောင်ကောင်းဖို့၊ ပေါင်းလို့သင်တာ*
*ဗြဟ္မာလူနတ်၊ သူမြတ်ဆရာ*
***သတ္ထာရ၊ ဒေဝမနုဿာ***

(က) ဇာတိကန္တာရ၊ သံသရာခရီးခဲမှ လွန်မြောက်အောင် ပို့ဆောင်တော်မူတတ်သောကြောင့်လည်းကောင်း၊
(ခ) ယခုဘဝ နောက်နောင်ဘဝတို့၌ ကောင်းကျိုးချမ်းသာရအောင် နတ်လူတို့ကို စုပေါင်း၍ သင်ပြတော်မူတတ်သောကြောင့်လည်းကောင်း 'သတ္ထာဒေဝမနုဿာနံ' ဂုဏ်ကိုရတော်မူသည်။

*၉။ သစ္စာလေးပါး၊ ပိုင်းခြားသိလေ*
*နတ်လူအများ၊ တရားသိစေ*
*ဂုဏ်သကတ်ကြောင့်၊ အမြတ်မဟေ*
*မှန်မုချ၊ **ဗုဒ္ဓ**မည်သလေ။*

(က) သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိတော်မူသောကြောင့်လည်းကောင်း၊
(ခ) လူ နတ် ဗြဟ္မာတို့ကိုလည်း ဟောကြား၍သိစေတော်မူတတ်သောကြောင့်လည်းကောင်း 'ဗုဒ္ဓ' ဂုဏ်ကိုရတော်မူသည်။

*၁၀။ ဣဿရိယ၊ ဓမ္မ ယသာ*
*သိရီ ကာမ၊ ပယတ္တခိုင်မာ*
*ဘုန်းတော်ခြောက်မျိုး၊ တန်ခိုးပိုင်တာ*
*အတည်ပဲ့၊ မည်ရဘဂဝါ။*

ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူသော ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောကြောင့် 'ဘဂဝါ' ဂုဏ်ကိုရတော်မူသည်။

*ကျေးဇူးတော်စစ်၊ အနှစ်ဂုဏ်တော်*
*အာရုံတမ်းတ၊ မှန်းဆထင်ပေါ်*
*ဘယလာဘ၊ ဘာမှမမျှော်*
*မြတ်ဘုရား၊ ဝပ်တွားရှိပူဇော်။*

အထက်ပါ ဂုဏ်တော်တွေကို အာရုံယူမှန်းဆ၍ ကြောက်လန့်ခြင်း၊ ဆုလာဘ်ကို မျှော်ကိုးတောင့်တခြင်းတို့မှ ကင်းစေလျက် ဘုရားကို ရှိခိုးပူဇော်တတ်ပါစေ။

**အရှင်ကောသလ္လ ( ဘီအေ )**
**ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ်**
(၂၃ - ၂၆)

## ဘုရားဂုဏ်တော်ပွားများခြင်းအကျိုး

ဘုရားဂုဏ်တော်ကို ရွတ်ဆိုပွားများ နှလုံးသွင်းဆင်ခြင်သောသူအား ရရှိနိုင်သော အကျိုးတရားများကို ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

၁။ ရာဂ ဒေါသ မောဟ ကိလေသာမဖြစ်ပွားခြင်း။
၂။ စိတ်ဓာတ် အစဉ်ဖြောင့်မတ်ခြင်း။
၃။ ဘုရား၌ ရိုသေခြင်း။
၄။ သဒ္ဓါ သတိ ပညာ ပုည ပြန့်ပြောခြင်း။
၅။ ပီတိ ပါမောဇ္ဇ များပြားခြင်း။
၆။ ဘေးရန်အမျိုးမျိုးကို သည်းခံနိုင်ခြင်း။
၇။ ဘုရားနှင့်အတူနေရသကဲ့သို့ ထင်မှတ်ခြင်း (ဘုရားနှင့်စပ်၍ အကုသိုလ်အပြစ် နည်းပါးသည်ဟူလို)
၈။ စေတီအလား ပူဇော်ထိုက်ခြင်း (ဗုဒ္ဓါနုဿတိပွားများသူတို့၏ ကိုယ်ခန္ဓာသည် စေတီအလား ပူဇော်ထိုက်သည်ဟူလို)။

၉။ ဘုရား၌ **စိတ်ညွတ်ခြင်း** (ဘုရား၌ စိတ်ရောက်နေ၍ အပြင်အပ အကုသိုလ်အာရုံများ မဝင်နိုင်ခြင်း)။

၁၀။ အရှက်အကြောက်ဖြစ်ခြင်း (အကုသိုလ်ပြစ်မှု ကျူးလွန်စရာ တွေ့ကြုံခဲ့သော် ဘုရားအာရုံ ထင်မြင်လာ၍ ဟီရိဩတ္တပ္ပအရှက်အကြောက်ဝင်ပြီး မလွန်ကျူးခြင်း)။

၁၁။ နတ်ရွာစသော သုဂတိသို့ရောက်ရခြင်း (ဤဘဝ၌ မဂ်မရသေးစေကာမူ ကွယ်လွန်သောအခါ ဒုဂ္ဂတိမကျနိုင်)

(ဝိသုဒ္ဓိမဂ်၊ ပထမအုပ်၊ ၂၀၆)

## ဆောင်ပုဒ်ကဗျာ

*၁ – ကိလေမနှောင့်၊ ၂ – စိတ်စဉ်ဖြောင့်၏။*
*၃ – ဘုန်းခေါင့်ရှိသေ၊ ၄ – သဒ္ဓါစွေ၍၊*
*၅ – နှစ်ထွေပီတိ၊ ၆ – သည်းခံချိ၏၊*
*၇ – စေတီပုံလား၊ ၈ – ဘုရားနှင့်နေ၊*
*၉ – ထင်ပေဟီရောတ်၊ ၁၀ – စိတ်ညွတ်ချစ်ရှင်၊*
*၁၁ – မဂ်စဉ်မပွား၊ နတ်ရွာလားသည်၊*
*ဘုရားဂုဏ်တော်ပွားကျိုးတည်း။*

(ဝိသုဒ္ဓါရုံလင်္ကာ)
**မာဂဓီ – သာစည်**
ယဉ်ကျေးမှုသင်တန်း (၂၀ – ၂၁)

# မုဒ္ဓရတနာဆိုင်ရာသရုပ် နှင့် အဓိပ္ပာယ်များ

## ဘဒ္ဒကမ္ဘာ၌ပွင့်သော ဘုရားငါးဆူ

ကကုသန်၊ ကောဏာဂုမ်၊ ကဿပ၊ ဂေါတမ
(ပွင့်ပြီး) နှင့် (ပွင့်လတ္တံ့) အရိမေတ္တေယျဘုရား။

## ကမ္ဘာနှင့်ဘုရား

*တစ်ဆူသာရ၊ နှစ်မဏ္ဍာ၊ ဝရသုံးဆူသာ၊*
*သာရမဏ္ဍာ၊ လေးဆူပြ၊ ဘဒ္ဒငါးဆူသာ၊*
*တစ်ဆူသော်မျှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ၊*
*ကမ္ဘာခြောက်မျိုး၊ မော်ကွန်းထိုး၊ ကျမ်းရိုးစဉ်အလာ။*

## ပါရမီ ၁၀ ပါး

မြင့်မြတ်သောသူတို့၏ လုပ်ဆောင်ချက်ကို ပါရမီခေါ်၏။

၁။ ဒါနပါရမီ = အလှူပေးခြင်း
၂။ သီလပါရမီ = ကိုယ်ကျင့်သီလ စောင့်ထိန်းခြင်း
၃။ နိက္ခမပါရမီ = တောထွက်ခြင်း (မကောင်းမှုမှရှောင်ခြင်း)
၄။ ပညာပါရမီ = ပညာဖြင့် အများအကျိုးသည်ပိုးခြင်း
၅။ ဝီရိယပါရမီ = ကြိုးစားအားထုတ်ခြင်း
၆။ ခန္တီပါရမီ = သည်းခံခြင်း
၇။ သစ္စာပါရမီ = မုသားကင်းအောင်ကျင့်ခြင်း
၈။ အဓိဋ္ဌာနပါရမီ = စိတ်ဓာတ်ခိုင်ခံ့မြဲမြဲအောင် ဆောက်တည်ခြင်း
၉။ မေတ္တာပါရမီ = မေတ္တာဓာတ် အပြည့်အဝထားခြင်း
၁၀။ ဥပေက္ခာပါရမီ = ဘက်မလိုက်ဘဲ မျှတစွာကျင့်သုံးခြင်း (လျစ်လျူရှုခြင်း)

## ပါရမီအထူး
## ပါရမီ (၁၀) ပါး အပြား (၃၀)

(က) ခန္ဓာကိုယ်ပြင်ပဖြစ်သော ပစ္စည်းတို့ကိုစွန့်၍ ဖြည့်ကျင့်ခြင်းသည် ပါရမီ။
(ခ) လက်ခြေအင်္ဂါ အနစ်နာခံ၍ ဖြည့်ကျင့်ခြင်းသည် ဥပပါရမီ။
(ဂ) အသက်စွန့်၍ ဖြည့်ကျင့်ခြင်းသည် ပရမတ္ထပါရမီ။

ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဤ ၁၀ ပါးကိုတည်၊ ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီသုံးမျိုးနှင့်မြှောက်၊ အပြား ၃၀ ဖြစ်၏။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၈၀၊ ၁၃၈)

## ပါရမီအထူးဆောင်ပုဒ်

* *သက်မဲ့သက်ရှိ၊ ဗာဟိရက၊ စွန့်နိုင်က၊ မူလပါရမီ။*
* *အင်္ဂါကြီးငယ်၊ အသွယ်သွယ်ကို၊ မတွယ်စိတ်မှ၊ စွန့်နိုင်က၊ ဥပပါရမီ။*
* *အသက်ဇီဝ၊ စွန့်နိုင်က၊ ပရမတ္ထပါရမီ။*
* *ပါရမီဆယ်ပါး၊ အကျယ်ပွား၊ အပြားသုံးဆယ်ညီ။*

## ပါရမီဖြည့်ရာ အပိုင်းအခြား

၁။ ဘုရားအလောင်းတို့မှာ ပါရမီကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ရသည်။
၂။ ပစ္စေကဗုဒ္ဓါတို့မှာ ပါရမီကို နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ရသည်။
၃။ အဂ္ဂသာဝကတို့မှာ ပါရမီကို တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ရသည်။
၄။ အသီတိမဟာသာဝကတို့မှာ ပါရမီကို ကမ္ဘာတစ်သိန်းဖြည့်ရသည်။
၅။ ပကတိသာဝကတို့မှာ ပါရမီကိုဖြည့်ရာ ကာလအပိုင်းအခြားမရှိ။
(ခဂ္ဂဝိသာဏသုတ်အဖွင့်၊ သုတ္တနိပါတအဋ္ဌကထာ၊ ၄၃၊ ၄၅၊ ၄၆)

* အဂ္ဂသာဝကဆိုသည်မှာ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်ကိုဆိုသည်။
* အသီတိမဟာသာဝကဆိုသည်မှာ ဘုရားလက်ထက်က ရဟန္တာကြီးရှစ်ကျိပ်ကို ဆိုသည်။
* ပကတိသာဝကဆိုသည်မှာ ကြွင်းသော ရဟန္တာအလောင်းအလျာများကို ဆိုလိုသည်။

## ဘုရားလောင်း အင်္ဂါ ၈ ပါး

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရ ဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၁၃၅)

| | | | |
|---|---|---|---|
| ၁။ | မနုဿတ္တံ | = | လူသားစင်စစ်ဖြစ်ရခြင်း။ |
| ၂။ | လိင်္ဂသမ္ပတ္တိ | = | ယောကျ်ားဖြစ်ရခြင်း။ |
| ၃။ | ဟေတု | = | တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရခြင်း။ |
| ၄။ | သတ္ထာရဒဿနံ | = | ဘုရားကိုဖူးတွေ့ရခြင်း။ |
| ၅။ | ပဗ္ဗဇ္ဇာ | = | ရသေ့ရဟန်းဖြစ်ရခြင်း။ |
| ၆။ | ဂုဏသမ္ပတ္တိ | = | ဈာန်သမာပတ်နှင့်ပြည့်စုံခြင်း။ |
| ၇။ | အဓိကာရော | = | ဘုရားဆုကိုတောင်းခြင်း။ |
| ၈။ | ဆန္ဒတာ | = | ဘုရားဖြစ်လိုသော ကုသိုလ်ဆန္ဒရှိခြင်း။ |

## ဆောင်ပုဒ်

*လူသားအစစ်၊ ယောကျ်ားဖြစ်စေ၊ တိဟိတ်နေသား၊*
*ဘုရားကိုတွေ့၊ ရသေ့ရဟန်း၊ တစ်ခန်းဘိညာဉ်၊*
*ရှစ်အင်သမာပတ်၊ ပြည့်စုံလတ်သား၊ ဘုရားဖြစ်လို*
*ဆုကိုလည်းတောင်း၊ ကောင်းသောဆန္ဒ၊ ကြီးမားလှလျှင်၊*
*ရကြောင်းမြင်၏။ ဗုဒ္ဓဝင်ပါဠိ၊ ရှေ့ကျမ်းရှိသည်၊*
*ရဘိခဲ့စွာ တံဆိပ်လျှာ။*

## ဗျာဒိတ်ရပြီး ဘုရားလောင်းတို့ မဖြစ်ရာဌာန ၁၈ ပါး

* *ကန်း ပင် ရိ ဆွံ့၊ ရူး ရိုင်း ကျွန်၊ ဒိဋ္ဌိ ပန် သတ် ငုံး နူ။*
* *စက် သုဒ် ပါယ် မာန်၊ ပြိတ်နှင့်ပြန်၊ အမှန်ဆဲ့ရှစ်ယူ။*
* *ယင်း အဋ္ဌာရသ်၊ ဇောဓိသတ်၊ လွတ်လွတ်ကင်းတော်မူ။*
* *နိပါတသုတ်၊ ပါဠိဂုတ်၊ ဖွင့်ထုတ်ကျမ်းထွက်ဟူ။*

**(ကင်းဝန်မင်းကြီးလင်္ကာ)**

ဗျာဒိတ်ရပြီးသော ဘုရားအလောင်းတို့ မဖြစ်ရာဌာန ၁၈ ပါးရှိသည်။ ယင်းကို အဋ္ဌာရသ အဘဗ္ဗဋ္ဌာနဟု ကျမ်းဂန်တို့၌ သုံးနှုန်းသည်။ အဘဗ္ဗဋ္ဌာန ၁၈ ပါးကို သုတ္တနိပါတအဋ္ဌကထာ ပထမအုပ် ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာ နှာ ၄၅ တွင် ဖွင့်ပြထားသည်။ အလွယ်တကူ မှတ်သားနိုင်စေရန် ကင်းဝန်မင်းကြီးက အထက်ပါလင်္ကာသံပေါက်ကို အကျဉ်းချုပ်ရေးစပ်ပေးထားသည်။ အဓိပ္ပာယ်ကို အောက်ပါအတိုင်း သိပါလေ။

| | | | |
|---|---|---|---|
| ၁။ | ကန်း | = | ပဋိသန္ဓေကန်းမဖြစ်။ |
| ၂။ | ပင်း | = | နားပင်းသူမဖြစ်။ |
| ၃။ | ရိ | = | အရိမယို (သွားရေမကျ)။ |
| ၄။ | ဆွံ့ | = | ဆွံ့အသူမဖြစ်။ |
| ၅။ | ရူး | = | အရူးမဖြစ်။ |
| ၆။ | ရိုင်း | = | လူရိုင်းမဖြစ်။ |
| ၇။ | ကျွန် | = | ကျွန်မျိုးမဖြစ်။ |
| ၈။ | ဒိဋ္ဌိ | = | နိယတမိစ္ဆာဒိဋ္ဌိမဖြစ်။ |
| ၉။ | ပန် (ပဥ်) | = | ပဉ္စာနန္တရိယကံ မလွန်ကျူး။ |
| ၁၀။ | သတ် | = | အသညသတ် ဗြဟ္မာမဖြစ်။ |
| ၁၁။ | ငုံး | = | ငုံးအောက်ငယ်သော တိရစ္ဆာန်မဖြစ် (ဆင်ထက်လည်း မကြီး)။ |
| ၁၂။ | နူ | = | နူနာရောဂါမဖြစ်။ |
| ၁၃။ | စက် | = | စကြာဝဠာတစ်ပါးသို့ ပြောင်း၍မဖြစ်။ |
| ၁၄။ | သုဒ် | = | သုဒ္ဓါဝါသဗြဟ္မာဘုံ၌ မဖြစ်။ |
| ၁၅။ | ပါယ် | = | အပါယ်ငရဲမကျ (အဝီစိနှင့် လောကန္တရိက် ငရဲ၌မဖြစ်)။ |
| ၁၆။ | မာန် | = | မာန်နတ်မဖြစ်။ |
| ၁၇။ | ပြိတ် | = | ပြိတ္တာမျိုးမဖြစ် (ပြိတ္တာတွင် ခုပ္ပိပါသ၊ နိဇ္ဈာမတဏှိကမဖြစ်၊ အသူရာတွင် ကာလကဉ္စိက မဖြစ်။ |
| ၁၈။ | ပြန် | = | လိင်ပြန်ရိုးမရှိ (ယောကျ်ားဘဝမြဲ၏)။ |

**မှတ်ချက်** ။ ။ *စွယ်စုံကျော်ထင်ကျမ်းတွင် လည်းကောင်း၊ မဃဒေဝလင်္ကာတွင် လည်းကောင်း၊ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ဒုတိယပိုင်းတွင်လည်းကောင်း ၁၈ ပါးသရုပ်နှင့်အဓိပ္ပာယ်ကို ဗဟုသုတအဖြစ်ကြည့်နိုင်ပါသည်။*

## ဖွားဘက်တော် (၇) ဦး

*ယသော်ခင်လေး၊ ညီထွေးအာနန်။*
*ကဏ္ဍကမြင်း၊ ကျွန်ရင်းမောင်ဆန်။*
*ကာဠုဒါယိ၊ ဗောဓိရုက္ခံ။*
*ရွှေအိုးစွက်၊ ဖွားဘက် ခုနစ်တန်။*

## ရွှေနန်းသုံးဆောင်

၁။ ရမ္မနန်းတော် = ဘုံ ၉ ဆင့်ရှိ၍ နွေရာသီစံနန်းတော်အဖြစ် အသုံးပြုသည်။
၂။ သုဘနန်းတော် = ဘုံ ၇ ဆင့်ရှိ၍ မိုးရာသီစံနန်းတော်အဖြစ် အသုံးပြုသည်။
၃။ သုရမ္မနန်းတော် = ဘုံ ၅ ဆင့်ရှိ၍ ဆောင်းရာသီနန်းတော်အဖြစ် အသုံးပြုသည်။

## လူအများသိခွင့်မရသော အချက် ၃ ပါး

ဘုရားအလောင်းတို့ သန္ဓေယူရန် အမိဝမ်းသို့ ဝင်လာခြင်း၊ သန္ဓေယူခြင်း၊ ဖွားမြင်ခြင်း ဤသုံးမျိုးကို လူတို့ သိခွင့်မရလိုက်။

*လူတခရိုင်၊ မသိနိုင်ရာ၊ သုံးပါးမှာမူ။*
*ဝင်ယူမိဝမ်း၊ တည်ခန်းသန္ဓေ၊ ဖွားပေကာလ။*
*မသိရဟု၊ ကျမ်းစုဖော်ထုတ်၊ သုတ်မဟာဝါ။*
*မိန့်ခဲ့မှာသည်၊ ဗုဒ္ဓလောင်းစု၊ ဖြစ်မြဲမှု။*

## ပရိက္ခရာ ၈ ပါး

(၁) ဒုကုဋ်၊ (၂) ကေသီ၊ (၃) သင်းပိုင်၊ (၄) ခါးပန်းကြိုး၊ (၅) သပိတ်၊ (၆) သင်ဓုန်းဓား၊ (၇) ရေစစ်၊ (၈) အပ်။

## လမ်းစဉ်များနှင့် လမ်းစဉ်မှန်

(က) သိဒ္ဓတ္ထမင်းသားသည် ကာမသုခလ္လိကလမ်းစဉ်ကို ၂၉ နှစ်တိုင် ခံစားသည်။
(ခ) အတ္တကိလမထလမ်းစဉ် (ဒုက္ကရစရိယာ) ကို ၆ နှစ်တိုင်တိုင် လိုက်မှားမိသည်။
(ဂ) ထိုလမ်းစဉ်များ ၂ ခု၏ အလယ်၌တည်၍ ယထာဘူတကျသော လမ်းစဉ်မှန်ကို မဇ္ဈိမပဋိပဒါဟု ခေါ်၏။ ထိုလမ်းစဉ်ဖြင့် သစ္စာတရားကိုသိသည်။ ၃၅ နှစ်ကျမှ သိသည်။

## အိပ်မက်ကြီးငါးပါး

သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ ရက်နေ့ည ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား မြင်မက်သော အိပ်မက်ကြီးငါးပါးမှာ–

(၁) မြေပြင်ကို အိပ်ရာခင်း၍ ဟိမဝန္တာတောင်ကြီးကို ခေါင်းအုံးပြီး သမုဒ္ဒရာကို ခြေလက်တင်ရသည်ဟု မြင်မက်ခြင်း။

(၂) ဝင်ရိုးပမာ သန္တာခါနီအဆင်းရှိသော မြက်သည် ချက်မှဖောက်၍ ကောင်းကင်သို့ တက်သည်ဟု မြင်မက်ခြင်း။
(၃) အဆင်းမျိုးစုံငှက်တို့သည် လာလတ်၍ ခြေတော်ရင်း၌ အဖြူရောင် ငှက်တွေချည်း ဖြစ်ကုန်သည်ဟု မြင်မက်ခြင်း။
(၄) ပိုးကောင်ဖြူကလေးများ ဒူးပုဆစ်မြုပ်အောင် တက်သည်ဟု မြင်မက်ခြင်း။
(၅) မစင်တောင်ကြီးပေါ်သို့တက်၍ စင်္ကြံကြွရာ လူးလဲခြင်းမရှိဟု မြင်မက်ခြင်း။

ထိုအိပ်မက်ငါးပါးကိုမြင်မက်ရာ မုချဘုရားဖြစ်မည်ဟု အားတက်ယုံကြည်သွားလေသည်။

(၁) *မြေကြီးဟိမဝန္တာ သမုဒ္ဒရာခြေလက် (၂) နေဇာမြက်နှင့်*
(၃) *လောက်တက်၊ (၄) ငှက်ဖြူ၊ နည်းတူထိုပြင်*
(၅) *မစင်တောင်ဖျား၊ စင်္ကြံသွားက၊ ငါးပါးအိပ်မက်၊ မြင်လေမက်သည်၊ ဆက်ဆက်ဘုရား၊ ဖြစ်မည်လား။*

**(သုံးပုံလေ့ကားကျမ်း)**

## ဒုလ္လဘတရားငါးပါး

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ = ဘုရားဖြစ်ရန်ခဲယဉ်းခြင်း။
၂။ မနုဿတ္တ ဒုလ္လဘ = ဘုရားပွင့်ချိန်၌ လူဖြစ်ရန်ခဲယဉ်းခြင်း။
၃။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ = သဒ္ဓါတရားနှင့် ပြည့်စုံရန် ခဲယဉ်းခြင်း။
၄။ ပဗ္ဗဇ္ဇိတ ဒုလ္လဘ = ရဟန်းဖြစ်ရန်ခဲယဉ်းခြင်း။
၅။ သဒ္ဓမ္မဿဝနဒုလ္လဘ = သူတော်ကောင်းတရား နာကြားရန် ခဲယဉ်းခြင်း။

မြတ်စွာဘုရားသည် ဤဒုလ္လဘတရားငါးပါးကို နေ့စဉ်ဟောလေ့ရှိသည်။

**(သီလက္ခန္ဓအဋ္ဌကထာ၊ နှာ၊ ၄၇)**

## ဗုဒ္ဓကိစ္စ ငါးပါး

မြတ်စွာဘုရားသည် ၄၅ ဝါကာလပတ်လုံး ဘုရားတို့ပြုအပ်သော ဗုဒ္ဓကိစ္စငါးပါးကို နေ့စဉ်အမြဲ အောက်ပါအတိုင်း ပြုကျင့်တော်မူ၏။

၁။ ပုရေဘတ္တကိစ္စ = ဆွမ်းမခံမီ လူတို့ကို တရားဟောတော်မူ၏။
၂။ ပစ္ဆာဘတ္တကိစ္စ = ဆွမ်းစားပြီးနောက် နေ့လယ်ပိုင်းတွင် ရဟန်းရှင်လူတို့ကို တရားဟောတော်မူ၏။

၃။ ပုရိမယာမကိစ္စ = ညဥ့်ဦးယံတွင် ရဟန်းတို့အား တရားဟော၍ အမေးပုစ္ဆာကို ဖြေကြားတော်မူ၏။

၄။ မဇ္ဈိမယာမကိစ္စ = သန်းခေါင်ယံတွင် နတ်ဗြဟ္မာတို့အား တရားဟောတော်မူ၏။

၅။ ပစ္ဆိမယာမကိစ္စ = မိုးသောက်ယံတွင် အချိန်သုံးပိုင်းထား၍ ပထမပိုင်း စင်္ကြံသွား၊ ဒုတိယပိုင်း ကျိန်းစက်၊ တတိယပိုင်း၌ ကျွတ်ထိုက်သော သတ္တဝါကို ကြည့်ရှုတော်မူ၏။

(သီလက္ခန်၊ နှာ – ၄၆)

* *နေ့ကိုကားလူ၊ ညမူရှေ့ယံ၊ သမဏံတည့်*
*လယ်ယံရှေ့နတ်၊ ဖလတ်လျောင်းနောက်*
*နောက်ယံရောက်က၊ များမြောက်ဝေနေ*
*ကြည့်ရှုလေ၊ ပရမေကိစ္စငါး။*

(လယ်တီဆရာတော်၏ကဗျာ)

## စူဠာမဏိ နှင့် ဒုဿစေတီ

အနော်မာမြစ်ကမ်းနား၌ ဖြတ်ပယ်သော သိဒ္ဓတ္ထမင်းသား (ဘုရားလောင်း) ၏ ဆံပင်ကို သိကြားမင်းက ရတနာပန်းကလပ်ဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ စေတီတစ်ဆူတည်၍ ဆံတော်ကို ဌာပနာထားလေသည်။ ဆံတော်ဌာပနာသည်ကို အစွဲပြု၍ စူဠာမဏိစေတီဟု အမည်တွင်၏။

ဃဋိကာရဗြဟ္မာကြီးက သိဒ္ဓတ္ထမင်းသား၏ ဝတ်လဲတော်ကို ဗြဟ္မာပြည်သို့ယူဆောင်၍ စေတီတစ်ဆူတည်ထားရာ ဝတ်လဲတော်ကို ဌာပနာသည်ကိုစွဲ၍ ဒုဿစေတီဟုခေါ်၏။

## စေတီ ၄ မျိုး

လူတို့ အမြတ်တနိုး ကိုးကွယ်ရာဌာနကို "စေတီ" ဟု ခေါ်သည်။

(၁) **ဓာတုစေတီ**

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အမွေအနှစ်အဖြစ်ဖြင့် ထားတော်မူခဲ့သော အရိုးဓာတ်တော်များကို "ဓာတုစေတီ" ဟု ခေါ်သည်။

(၂) **ဓမ္မစေတီ**

ဘုရားရှင်ဟောကြားတော်မူခဲ့သော ပိဋကတ်တော်များကို "ဓမ္မစေတီ" ဟု ခေါ်သည်။

### (၃) ဥဒ္ဒိဿစေတီ

ဘုရားရှင်ကို ရည်မှန်း၍ ပုံတူပြုလုပ်ထားသော ရုပ်ပွားဆင်းတုတော်များကို "ဥဒ္ဒိဿစေတီ" ဟု ခေါ်သည်။

### (၄) ပရိဘောဂစေတီ

ဘုရားရှင်၏ ဓာတ်တော်များ ဌာပနာရာဖြစ်သော အုတ်သားစေတီတော် အစရှိသည်နှင့် ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော ဗောဓိပင်၊ သက်န်းတော်၊ သပိတ်တော်များကို "ပရိဘောဂစေတီ" ဟု ခေါ်သည်။

## ဘုရားရှင်၏ ဓာတ်တော်ပမာဏ နှင့် အဆင့်

| | အမျိုးအစား | ပမာဏ | အရောင်အဆင်း |
|---|---|---|---|
| ၁။ | အကြီးစား | ပဲနောက်လုံး | ရွှေအဆင်း |
| ၂။ | အလတ်စား | ဆန်ကျိုး | ခရေစေ့ (နီကျင်ကျင်) |
| ၃။ | အငယ်စား | မုန်ညင်းစေ့ | ပုလဲရောင် (ဖြူဖြူ) |

## ရောင်ခြည်တော် (၆) ပါး

| | | | |
|---|---|---|---|
| ၁။ | နီလရောင်ခြည်တော် | = | အညို (အပြာ) ရောင် |
| ၂။ | ပီတရောင်ခြည်တော် | = | အဝါရောင် |
| ၃။ | လောဟိတရောင်ခြည်တော် | = | အနီရောင် |
| ၄။ | ဩဒါတရောင်ခြည်တော် | = | အဖြူရောင် |
| ၅။ | မဉ္ဇိဋ္ဌရောင်ခြည်တော် | = | မောင်းသောရောင်ခြည်တော် (ပန်းရောင်၊ နီကြင်ကြင် ဝါကြင့်ကြင့်အရောင်) |
| ၆။ | ပဘဿရရောင်ခြည်တော် | = | ပြိုးပြိုးပြက် တလက်လက်အရောင် |

## ဘုရားရှင်တို့ မစွန့်အပ်သော အရပ် (၄) ပါး

၁။ ဗောဓိပလ္လင် (ဗောဓိပင်)

၂။ ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်တော။

၃။ တာဝတိံသာမှ သက်ဆင်းသည့်အခါ သင်္ကဿနဂိုရ်မြို့ တံခါး၌ ပထမခြေတော်ချရာဌာန။

၄။ ဇေတဝန်ကျောင်း ဂန္ဓကုဋီတိုက်၌ လေးချောင်းသော ညောင်စောင်းခြေတို့၏နေရာ (ဤလေးပါးကို အဝိဇဟိတဌာနဟု ခေါ်သည်။)

(သုတ်မဟာဝါ အဋ္ဌကထာ ၁၁)

**မာဂဓီ သာစည်**

ယဉ်ကျေးမှုသင်တန်း (၄၃ – ၅၃)

## ဓမ္မရတနာ

၁။ ဗုဒ္ဓမြတ်စွာသည် သုံးဆယ့်ငါးနှစ်အရွယ်တော်၌ ဘုရားဖြစ်၍ သက်တော်ရှစ်ဆယ် ပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူ၏။ ထို့ကြောင့် လေးဆယ့်ငါးနှစ် (လေးဆယ့်ငါးဝါ) ကာလပတ်လုံး တရားတော်ကို ဟောတော်မူ၊ ညွှန်ပြတော်မူသည်။ ထိုတရားတော်သည် အချုပ်အားဖြင့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟု သုံးမျိုးရှိပါသည်။

### ဝိနည်း

"ဝိနည်း" ဟူသည် ရဟန်းသာမဏေများ၏ ဝတ်နည်း၊ စားနည်း၊ နေထိုင်နည်း၊ ပြောဆိုနည်းများကို သင်ပြ၍ ကိုယ်မှု နှုတ်မှု (ကာယကံ၊ ဝစီကံ) ကို ကောင်းမွန်အောင်ဆုံးမသော တရားဖြစ်၏။ ဝိနည်းတရားတော်သည် မနောကံ (စိတ်မှုကို) မဆုံးမသေး၊ မနောကံ – စိတ်မှုကို အဘိဓမ္မာသုတ္တန်တရားတို့ကသာ ယဉ်ကျေးအောင် ဆုံးမနိုင်ပါသည်။

### အဘိဓမ္မာ

"ဓမ္မ + အဘိဓမ္မာ" ဟု ရှေးဦးစွာ ဓမ္မနှစ်မျိုးကို ခွဲခြားရာ၏။ သုတ္တန်တရားတော်သည် "ဓမ္မ" အမည်သာရနိုင်၏။ အဘိဓမ္မာအမည်မရနိုင်၊ ထိုသုတ္တန်တရားထက် ကျယ်ဝန်းသောတရား ထူးခြားသော တရားကိုသာ "အဘိဓမ္မာ" ဟု ခေါ်နိုင်၏။ ကျယ်ဝန်းပုံ ထူးခြားပုံကိုကား ထိုဓမ္မနှစ်မျိုးကို ယှဉ်၍ ကြည့်တတ်သူမှ သိနိုင်မည်။ ဤအဘိဓမ္မာသည် ရုပ်တရား၊ နာမ်တရားတို့ကို ခွဲခြားပြသော တရားတော်ဖြစ်၏။ သတ္တဝါတို့က ယောကျ်ား၊ မိန်းမ (အထီး၊ အမ)၊ သူ၊ ငါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန် စသည်ဖြင့် ပြောဆိုပညတ်ထားသော်လည်း အစစ်အမှန်အားဖြင့် ယောကျ်ား၊ မိန်းမ စသည်မရှိ၊ ရုပ်နှင့် နာမ်သာရှိ၏ဟု အစစ်အမှန်ကိုပြသော တရားတော်ဖြစ်သည်။

## သာသနာ့အသက် ဝိနည်း

ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်ဖြစ်၏။ ဝိနည်းမရှိလျှင်လည်းကောင်း၊ စာအုပ်ထဲ၌ ဝိနည်းတရားတော်တွေ ရှိနေသော်လည်း ဝိနည်းတော်အတိုင်း နေထိုင်သော ရဟန်းတော်များမရှိလျှင်လည်းကောင်း၊ သာသနာတော်အသက်မရှိတော့၊ သာသနာကွယ်တော့၏။ သင်္ကန်းကို ဝတ်နေသူတွေ ရှိသော်လည်း ဘုရားသားတော် ရဟန်းသံဃာအစစ်မဟုတ်တော့၊ သာသနာပကာလ၌ ရှိကြသော ရသေ့မျိုးသာ ဖြစ်ကြတော့၏။ ထို့ကြောင့် ဝိနည်းကို "သာသနာတော်၏ အသက်" ဟု အသိအမှတ် ပြုခဲ့ကြပါသည်။

## ကြည်ညိုစေနိုင်သော ဝိနည်း

ဝိနည်းတရားတော်အတိုင်း ဝတ်စားသွားလာနေထိုင်သော ရဟန်းသာမဏေများကို တွေ့မြင်ရသော လူဝတ်ကြောင်တို့သည် နဂိုကသာသနာတော်ကို မကြည်ညိုသူတို့သော်မှ ကြည်ညိုကြ၏။ နဂိုက သာသနာတော်ကို ကိုးကွယ်သော ဗုဒ္ဓဘာသာဝင်ဖြစ်မူကား တိုး၍ ကြည်ညိုလာကြ၏။ ထို့ကြောင့် ဝိနည်း၌ပါသော ပညတ်တော်မှန်သမျှသည် သာသနာတော်ကို ကြည်ညိုစေနိုင်သော ပညတ်တော်များ ဖြစ်ပေသည်။

## သေချာသော ဝိနည်း

ဝိနည်းပညတ်တော်သည် ရဟန်းသာမဏေများ၏ ဥပဒေသ (ဥပဒေတော်) ဖြစ်ရကား အလွန်ကျနသေချာ၏။ ရွာထဲသို့သွားသောအခါ

(က) သင်္ကန်းကို သပ်သပ်ရပ်ရပ် ရုံ၍သွားရ၏။ (ခါးဝတ်သင်းပိုင်ကို မရှည်မတိုဝတ်၍ ထိုသင်းပိုင်အပေါ်၌ ရုံထားသော ကေသီကို သင်းပိုင်ထက် လက်သုံးသစ်လေးသစ်မျှ အထက်တက်စေ၍ လည်ပင်းထိအောင် ဖုံးလျက်၊ သင်္ကန်းရုံထားသောအခါ လောင်းကွတ်အင်္ကျီ (အင်္ကျီအရှည်ကို) ဝတ်ထားသကဲ့သို့ အလွန်ဣန္ဒြေရပေသည်။)

(ခ) မြို့ရွာအတွင်း၌သွားသောအခါ ထိုင်နေသောအခါတို့၌ အကြောင်းထူးမရှိပါလျှင် လေးတောင်ခန့်လောက်သာ ကြည့်ရ၏။ လက်ရုံး လက်မောင်း ဦးခေါင်းတို့ကို မလှုပ်စေရ၊ ငြိမ်နိုင်သမျှ ငြိမ်ငြိမ်ထား၍ သွားရထိုင်ရသည်။

(ဂ) မြို့ရွာအတွင်း၌ စကားပြောသောအခါ ကျယ်ကျယ်မပြောရ၊ အနီးအပါး၌ရှိသော အခြားပုဂ္ဂိုလ်တစ်ပါး ကြားရုံသာပြောရသည်။ (တရားဟောသောအခါ၌ကား လူအများကြားအောင် ဟောနိုင်ပြောနိုင်၏။)

(ဃ) ဤသို့ စသည်ဖြင့် ဆွမ်းစားရာ၌ ဆွမ်းလုတ်ပြင်ပုံ၊ ပါးစပ်အတွင်းသို့ ဆွမ်းလုတ်သွင်းပုံ၊ ဆွမ်းစားပုံမှစ၍ ဟင်းရည်သောက်ပုံပါမကျန် ညွှန်ပြချက်များ ပါရှိ၏။

(င) ကုဋီတက် (ကျင်ကြီးစွန့်) ရာ၌လည်း အပေါ်သက်န်းကို အတွင်းသို့ ယူမသွားရ၊ နင်းခုံပေါ်ရပ်မိမှ ခါးဝတ်သင်းပိုင်ကို အပေါ်သို့ မရမည်။ ကျင်ကြီးစွန့်နေစဉ် "အင်းအင်း" ဟု မညစ်ရ၊ ကျင်ကြီးစွန့်၍ ပြီးသောအခါ ရေဆေးရသည်။ ဤသို့ စသည်ဖြင့် ဝိနည်းတော်ဝယ် ရဟန်းသာမဏေများ၏ ယဉ်ကျေးဖွယ်များကို အပြည့်အစုံ ညွှန်ပြထားတော်မူသည်။ (အကျယ်ကိုသိလိုလျှင် မြန်မာလို ပြန်ထားသော ဘုရားဥပဒေတော်ကြီးစာအုပ်ကိုရှုပါ။)

## သုတ္တန်

သုတ္တန်တရားတော်ကား လူအများနားလည်အောင် (လူအများ၏ စိတ်အလိုလိုက်၍) ဟောတော်မူအပ်သော တရားတော်ဖြစ်၏။ ထို့ကြောင့် သုတ္တန်တရားတော်သည် လူဝတ်ကြောင်များရော၊ ရဟန်းသံဃာများရော၊ နတ်ဗြဟ္မာတွေရော သတ္တဝါအများ၏ ဤဘဝ၌ ချမ်းသာရေး၊ နောင်သံသရာ၌ ချမ်းသာရေးတို့ကို ညွှန်ပြသော တရားတော်ဖြစ်ပေသည်။

**ဗုဒ္ဓဘာသာသင်ခန်းစာ**
(၁၂၆ – ၁၂၇)

## တရားဂုဏ်တော်ခြောက်ပါး ကဗျာနှင့် အဓိပ္ပာယ်

*၁။ စလယ်ဆုံးအား၊ သုံးပါးကောင်းစွာ၊*
*ဓိပ္ပာယ်ပြည့်ဝ၊ တိကျသဒ္ဒါ။*
*ပြည့်စုံသန့်ရှင်း၊ ကျင့်ခင်းဖော်တာ၊*
***သွာက္ခာတ၊ ဓမ္မဂုဏ်တော်ပါ။***

မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားတော်သည် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းဟု ဆိုအပ်သော ကောင်းခြင်းသုံးပါးရှိ၍ မှန်ကန်တိကျသော သဒ္ဒါနှင့် ကောင်းသော အနက်အဓိပ္ပာယ်ရှိသည့်ပြင် သံသရာမှလွတ်မြောက်ကြောင်း ကျင့်ခန်းကျင့်စဉ်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသောကြောင့် သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံပါသည်။

*၂။ မျက်မှောက်ကျိုးများ၊ တိုးပွားစေတာ၊*
*လူပြော သူပြော၊ ယောင်ရောမပါ။*
***ကိုယ်တိုင်တိကျ၊ သိရမှန်စွာ၊***
***သန္ဒိဋ္ဌိ၊ မည်ရှိဂုဏ်တော်ပါ။***

ပစ္စုပ္ပန်မျက်မှောက်၌ပင် အကျိုးများရရှိနိုင်၍ လူပြောသူပြောနှင့် မပြတ်မသား ယောင်ဝါးဝါးဖြစ်နေရသော တရားမျိုးမဟုတ်ဘဲ မိမိကိုယ်တိုင် တိတိကျကျသိနိုင်သောကြောင့် သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံပါသည်။

၃။ ရက်ပိုင်း ချိန်ပိုင်း၊ မဆိုင်းအမှန်၊
မိုးကြိုးစက်လား၊ မင်္ဂလာများသဏ္ဍာန်။
မင်္ဂဆိုက်ဖိုလ်ကူး၊ ကျိုးထူးလျင်မြန်၊
**အကာလီ၊ လာဘိဂုဏ်တော်မှန်။**

ရက်ပိုင်း လပိုင်း အချိန်ကာလ ဆိုင်းမနေရဘဲ မိုးကြိုးစက်နှင့်တူသော မဂ်ကို ရသည်နှင့် တစ်ပြိုင်နက် ဖိုလ်ဟူသော အကျိုးထူးတရားကို အလျင်အမြန် ရနိုင်သောကြောင့် အကာလိကဂုဏ်တော်နှင့် ပြည့်စုံပါသည်။

၄။ ရှိတာထင်လင်း၊ သန့်ရှင်းစင်ကြယ်၊
ကြောင်း ၂ ဖြာရှိ၊ လာကြည့်ခေါ်ဖွယ်။
ရွှေစင်ပြစ်ဝေး၊ စစ်ဆေးခံနှယ်၊
**ဧဟိပဿိ၊ မည်ရှိဂုဏ်တော်ဝယ်။**

တကယ်အမှန်ရှိခြင်း သန့်ရှင်းစင်ကြယ်ခြင်းတည်းဟူသော အကြောင်းနှစ်ပါးရှိ၍ အပြစ်မရှိသော ရွှေစင်ရွှေကောင်းသည် မှတ်ကျောက်တင်ခံနိုင်သကဲ့သို့ "လာကြည့်စမ်းပါ" ဟု ခေါ်၍ အပြခံနိုင်သောကြောင့် ဧဟိပဿိကဂုဏ်တော်နှင့် ပြည့်စုံပါသည်။

၅။ ရွှေ ငွေလိုကွဲ့၊ ကိုယ်နှင့်မကွာ၊
စိတ်ဝယ်သွင်းလတ်၊ ချဉ်းကပ်ယူကာ။
စွဲမြဲအောင်ကျင့်၊ ဆောင်သင့်ပေတာ၊
သဘောက၊ **ဩပနေယျိကာ။**

အဘိုးတန် ရွှေ၊ ငွေစသော ရတနာတို့ကို ကိုယ်နှင့်မကွာ မြတ်မြတ်နိုးနိုး ဆောင်ယူသိမ်းဆည်းထားသကဲ့သို့ မိမိစိတ်တွင် အစဉ်မပြတ် ဆောင်ထားသင့်သောကြောင့် ဩပနေယျိကဂုဏ်တော်နှင့် ပြည့်စုံပါသည်။

၆။ ပညာရှိများ၊ သိကြားမမွှ၊
ကိုယ်တိုင်ကျင့်က၊ ကိုယ်ရကိုယ်စံ။
ငမိုက်သားများ၊ လားလားမတန်၊
**ပစ္စတ္တံ၊ ဝေဒိတဗ္ဗံ။**

ပညာရှိသူတော်ကောင်းတို့သည် ကိုယ်တိုင်ကျင့်က ကိုယ်တိုင်သိ ကိုယ်တိုင်ရကာ ကိုယ်တိုင်အကျိုးခံစားရ၍ မကျင့်ကြံသူ လူမိုက်တို့နှင့် မထိုက်တန်သောကြောင့် ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်နှင့် ပြည့်စုံပါသည်။

*ကျေးဇူးတော်စစ်၊ အနှစ်ဂုဏ်တော်၊*
*အာရုံတမ်းတ၊ မှန်းဆထင်ပေါ်။*
*ဘယလာဘ၊ ဘာမျှမမျှော်၊*
*မြတ်တရား၊ ဝပ်တွားရှိပူဇော်။*

အထက်ပါဂုဏ်တော်တွေကို အာရုံယူမှန်းဆ၍ ကြောက်လန့်ခြင်း၊ ဆုလာဘ်ကို မျှော်ကိုးတောင့်တခြင်းတို့မှ ကင်းစေလျက် တရားတော်ကို ရှိခိုးပူဇော်တတ်ပါစေ။

## တရားဂုဏ်တော် ပွားများရကျိုးလင်္ကာ

*၁ – ကိလေမနှောင့်၊ ၂ – စိတ်စဉ်ဖြောင့်၏*
*၃ – ဘုန်းခေါင်ဟောကြား၊ တရားရှိသေ၊*
*၄ – သဒ္ဓါခွေ၍၊ ၅ – နှစ်ထွေပီတိ၊ ၆ – သည်းခံချိ၏။*
*၇ – စေတီပုံလား၊ ၈ – တရားနှင့်နေ၊ ၉ – ထင်ပေဟိရောတ်၊*
*၁၀ – စိတ်ညွတ်ခမ္မ၊ ၁၁ – မဂ်မရလည်း၊ ရောက်ထမမှား၊*
*နတ်ရွာလားသည်၊ တရားဂုဏ်တော်ပွားကျိုးတည်း။*

(မာဃဝီ – လင်္ကာ)

# ဓမ္မရတနာဆိုင်ရာ သရုပ် နှင့် အဓိပ္ပာယ်များ

## သူတော်ကောင်းတရား ၇ ပါး

၁။ သဒ္ဓါ = ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်မှု။
၂။ သတိ = ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ဘဲ အမှတ်ရမှု။
၃။ ဝီရိယ = ကုသိုလ်ကောင်းမှု သုစရိုက်တရားစု၌ အားစိုက်လုံ့လပြုမှု။
၄။ ဟိရီ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှ ရှက်မှု။
၅။ ဩတ္တပ္ပ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှ ကြောက်မှု။
၆။ သုတ = ကုသိုလ် အကုသိုလ် စသော တရားတို့၌ အကြားအမြင်များမှု။
၇။ ပညာ = ရုပ်နာမ်ဓမ္မတို့၌ အမှန်သိမြင်မှု။

## သူတော်ကောင်းဥစ္စာ ၇ ဖြာ

၁။ သဒ္ဓါ = ရတနာသုံးပါး ကံ ကံ၏အကျိုးတရားကို ယုံကြည်မှု။
၂။ သီလ = ကိုယ်ကျင့်သီလနှင့် ပြည့်စုံမှု။
၃။ စာဂ = စွန့်ကြဲပေးကမ်း လှူဒါန်းမှု။
၄။ ဟိရီ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှရှက်မှု။
၅။ ဩတ္တပ္ပ = အကုသိုလ်မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုခြင်းမှ ကြောက်မှု။
၆။ သုတ = ကုသိုလ် အကုသိုလ် စသော တရားတို့၌ အကြားအမြင်များမှု။
၇။ ပညာ = ရုပ်နာမ်ဓမ္မတို့၌ အမှန်သိမြင်မှု။

## သာဓုနရတရား ၄ ပါး

၁။ ရှေးသူတော်ကောင်းတို့ သွားရာလမ်းကိုလိုက်ခြင်း။
၂။ စိုသောလက်ကို အခြောက်မခံခြင်း။ (ရှိပြီးမိတ်ကို အပျက်မခံခြင်း)
၃။ မိတ်ဆွေကို မပြစ်မှားခြင်း။
၄။ မိန်းမယုတ်အလိုမလိုက်ခြင်း။

## ဥေယျဓမ္မတရား ၅ ပါး

သင်္ခါရ = စိတ် စေတသိက် နိပ္ဖန္နရုပ်။
ဝိကာရ = ဝိကာရရုပ် ၅ ပါး
လက္ခဏ = လက္ခဏရုပ် ၄ ပါး
ပညတ် = အမည်နာမ မှန်သမျှ
နိဗ္ဗာန် = ရုပ်နာမ်ပညတ်တို့ ကင်းပြတ်ချုပ်ငြိမ်းရာ နိဗ္ဗာနဓာတ်။

## ဝိဇ္ဇာ ၃ ပါး

(ပု) ပုဗ္ဗေနိဝါသဉာဏ်တော် = ရှေးရှေးဘဝက ဖြစ်ဖူးသမျှကို သိနိုင်သော ဉာဏ်တော်။
(ဒိ) ဒိဗ္ဗစက္ခုဉာဏ်တော် = ဝေးသော ဖုံးကွယ်နေသော သိမ်မွေ့သေးငယ်သော အရာဝတ္ထုတို့ကို မြင်နိုင်သော ဉာဏ်တော်။
(အာ) အာသဝက္ခယဉာဏ်တော် = အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော ဉာဏ်တော်။

## ဝိဇ္ဇာ ၈ ပါး

| | | | |
|---|---|---|---|
| (ဝိ) | ဝိပဿနာ ဉာဏ်တော် | = | ရုပ်နာမ်တို့၌ လက္ခဏာကို သေချာပြတ်သားစွာ သိနိုင်သော ဉာဏ်တော်။ |
| (မ) | မနောမယိဒ္ဓိ ဉာဏ်တော် | = | မိမိစိတ်အလိုအတိုင်း ပြီးစီးဖြစ်မြောက်စေနိုင်သော ဉာဏ်တော်။ |
| (စေ) | စေတောပရိယ ဉာဏ်တော် | = | သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သော ဉာဏ်တော်။ |
| (ဒိ) | ဒိဗ္ဗစက္ခု ဉာဏ်တော် | = | ဝေးသော ဖုံးကွယ်နေသော သိမ်မွေ့သေးငယ်သော အရာဝတ္ထုတို့ကို မြင်နိုင်သော ဉာဏ်တော်။ |
| (အာ) | အာသဝက္ခယ ဉာဏ်တော် | = | အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော ဉာဏ်တော်။ |
| (ပု) | ပုဗ္ဗေနိဝါသ ဉာဏ်တော် | = | ရှေးရှေးဘဝက ဖြစ်ဖူးသမျှကို သိနိုင်သော ဉာဏ်တော်။ |
| (ဣ) | ဣဒ္ဓိဝိဓ ဉာဏ်တော် | = | ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်တော်။ |
| (ဒိ) | ဒိဗ္ဗသောတ ဉာဏ်တော် | = | ဝေးကွာသော သိမ်မွေ့သေးငယ်သော အသံတို့ကို ကြားနိုင်သော ဉာဏ်တော်။ |

## ဝိဇ္ဇာ ၈ ပါးဆောင်ပုဒ်

*သုံးပါးဝိဇ္ဇာ၊ ပု – ဒိ – အာနှင့်၊ ဝိဇ္ဇာရှစ်ရပ်၊ ဝိပသ် – စေတော*
*မနောမယိဒ်၊ ဒိနှင့်ဣဒ်၊ ထည့်သိပ်ရေတွက်လေ။*

## စရဏတရား ၁၅ ပါး

| | | | |
|---|---|---|---|
| | သဒ္ဓမ္မာ | = | သူတော်ကောင်းတရား ၇ ပါး။ |
| (ဘော) | ဘောဇနေမတ္တညုတာ | = | စားဖွယ်အာဟာရ ဆွမ်းဘောဇဉ်၌ ချင့်ချိန်တိုင်းတာမှုကို သိခြင်း။ |
| (ဇာ) | ဇာဂရိယာနုယောဂ | = | နိုးနိုးကြားကြား အိပ်စက်မှုဖြစ်အောင် လုံ့လပြုခြင်း။ |
| (သီ) | သီလသံဝရ | = | ဆိုင်ရာ ကိုယ်ကျင့်သီလကို စောင့်ထိန်းခြင်း။ |
| (ဣန်) | ဣန္ဒြိယသံဝရ | = | မျက်စိ နား စသော ဣန္ဒြေ ၆ ပါးကို ထိန်းသိမ်းခြင်း။ |
| | (ဈာန်လေးကြိမ်) | | ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်။ |

# စရဏ ၁၅ ပါးဆောင်ပုဒ်

*သဒ္ဓါ သတိ၊ ဟိရီ ဩတ္တပ္ပ၊ ဝီရိယနှင့် သုတ ပညာ၊*
*၇ဖြာ၊ သဒ္ဓမ္မာဟုပြ။*
*ထိုသဒ္ဓမ္မာ၊ ၇ ဖြာနှင့်၊ ဘော ဇာ သီ ဣန်၊ ဈာန်*
*လေးကြိမ်ထား၊ တစ်ဆယ့်ငါး၊ မှတ်သားစရဏ။*

## လောက ၃ ပါး

(၁) သတ္တလောက = သတ္တဝါအမျိုးမျိုး၊
(၂) ဩကာသလောက = ထိုထိုသတ္တဝါတို့ တည်နေရာဘုံအမျိုးမျိုး။
(အပါယ် ၄ ဘုံ၊ လူ့ဘုံ ၁၊ နတ်ဘုံ ၆၊ ဗြဟ္မာ့ဘုံ ၂၀၊ ပေါင်း ၃၁ ဘုံ)
(၃) သင်္ခါရလောက = ပြုပြင်အပ်သော ရုပ်နာမ်ဓမ္မများ။

## သာသနာတော် ၃ ရပ်

(၁) ပရိယတ္တိသာသနာ = ပါဠိတော်နှင့် အဋ္ဌကထာကျမ်းစာများကို သိအောင် သင်ကြားလေ့လာမှု။
(၂) ပဋိပတ္တိသာသနာ = ထိုသိသည့်တရားတော်အတိုင်း ကျင့်ကြံအားထုတ်မှု။
(၃) ပဋိဝေဓသာသနာ = မဂ်ဖိုလ်နိဗ္ဗာန်တရားကို ထိုးထွင်း၍ သိကြ၊ ရကြမှု။

## ဓမ္မရတနာ ၁၀ ပါး

| မဂ် ၄ ပါး | ဖိုလ် ၄ ပါး |
|---|---|
| (၁) သောတာပတ္တိမဂ် | (၅) သောတာပတ္တိဖိုလ် |
| (၂) သကဒါဂါမိမဂ် | (၆) သကဒါဂါမိဖိုလ် |
| (၃) အနာဂါမိမဂ် | (၇) အနာဂါမိဖိုလ် |
| (၄) အရဟတ္တမဂ် | (၈) အရဟတ္တဖိုလ် |
| (၉) နိဗ္ဗာန် | (၁၀) ဓမ္မက္ခန္ဓာဟုခေါ်သော ပိဋကတ်တော် |

# ကိလေသာမီး ၁၀ ပါး

၁။ လောဘ = လိုချင်မှုမီး။
၂။ ဒေါသ = စိတ်ဆိုးမှုမီး။
၃။ မောဟ = မသိ မလိမ္မာမှုမီး။
၄။ မာန = မာနကြီးမှုမီး။
၅။ ဒိဋ္ဌိ = အယူမှားမှုမီး။
၆။ ဝိစိကိစ္ဆာ = ဘုရားတရားသံဃာ၊ ကံ ကံ၏အကျိုးများ၌ ယုံမှားမှုမီး။
၇။ ထိန = အိပ်ချင်အားကြီး ထိုင်းမှိုင်းမှုမီး။
၈။ ဥဒ္ဓိစ္စ = ပျံ့လွင့်မှု၊ မတည်ကြည်မှုမီး။
၉။ အဟိရိက = အကုသိုလ်ဒုစရိုက်မှ မရှက်မှုမီး။
၁၀။ အနောတ္တပ္ပ = အကုသိုလ်ဒုစရိုက်မှ မကြောက်မှုမီး။

## မီး ၁၁ ပါး

၁။ လောဘ = လိုချင်မှုမီး။
၂။ ဒေါသ = စိတ်ဆိုးမှုမီး။
၃။ မောဟ = မသိ မလိမ္မာမှုမီး။
၄။ ဇာတိ = ရုပ်နာမ်ဖြစ်မှု၊ ပဋိသန္ဓေနေမှုမီး။
၅။ ဇရာ = ရုပ်နာမ်တည်မှု၊ အိုမှုမီး။
၆။ မရဏ = ရုပ်နာမ်ပျက်မှု၊ သေမှုမီး။
၇။ သောက = စိုးရိမ်မှုမီး။
၈။ ပရိဒေဝ = ငိုကြွေးမှုမီး။
၉။ ဒုက္ခ = ကိုယ်ဆင်းရဲမှုမီး။
၁၀။ ဒေါမနဿ = စိတ်ဆင်းရဲမှုမီး။
၁၁။ ဥပါယာသ = ပြင်းထန်စွာ ပူပန်မှုမီး။

# သင်္ဂါယနာ (၆) ကြိမ်တင်ခြင်း

## ပထမ သင်္ဂါယနာ

မြတ်စွာဘုရားသည် (၄၅) ဝါကာလပတ်လုံး သတ္တဝါဝေနေ များဗိုလ်ခြေတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် သက်တော် (၈၀) ပြည့်တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုအချိန်တွင် အရှင်မဟာကဿပ မထေရ်ကြီးသည် နောက်ပါ တပည့်ရဟန်းငါးရာနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာတော်မူရာ လမ်းခရီးတွင် တက္ကတွန်း တစ်ယောက်ထံမှ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးဖြစ်ကြောင်းကို ကြားသိတော်မူ၏။

ထိုအခါ သုဘဒ်အမည်ရှိသော တောထွက်ရဟန်းကြီးက ငါ့ရှင်တို့ အဘယ်ကြောင့် ဤမျှလောက် စိုးရိမ်ပူဆွေး ငိုကြွေးကြသနည်း။ ငါတို့သည် ထိုရဟန်းဂေါတမ၏လက်အောက်မှ ကောင်းစွာ လွတ်မြောက် ကြပြီ။ ဤရဟန်းဂေါတမသည် ငါတို့အား ဤအမှုကိုပြုအပ်၏။ ဤအမှုကိုကား မပြုအပ် စသည်ဖြင့် ချုပ်ချယ်၏။ ယခုမူကား ငါတို့ပြုလိုရာ ပြုနိုင်ပေပြီဟု ပြောဆိုလေ၏။

ထိုတောထွက်ရဟန်းကြီး သုဘဒ်၏ မဖွယ်ရာသောစကားကို ရှင်မဟာကဿပမထေရ်မြတ်ကြီး ကြားတော်မူလျှင် ထိတ်လန့်တုန်လှုပ်၍ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးစ ဤအချိန်တွင်သော်မှ အဓမ္မဝါဒီတို့သည် ဤသို့ မဖွယ်မရာပြောဆိုဘိ၏။ ကြာလျှင် ဤထက်ပို၍ ဆိုးရွားတော့အံ့ဟု အလွန်ထိတ်လန့် သံဝေဂ ရတော်မူလေ၏။

ထို့ကြောင့် ထိုမထေရ်မြတ်ကြီးသည် မသူတော်တရား မထွန်းကားမီ ဓမ္မဝါဒီတို့ ထွန်းကားစိမ့်သော ငှာ သင်္ဂါယနာတင်ရသော် ကောင်းလေစွဟု အောက်မေ့တော်မူ၏။ ယင်းသို့ အောက်မေ့တော်မူသည့်အတိုင်း ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် (၃) လအကြာတွင် မဂဓပြည့်ရှင် ဘုရင်အဇာတသတ်၏ အကူအညီ ဖြင့် ရာဇဂြိုဟ်ပြည် ဝေဘာရတောင် စရည်းပင်ရောက်ရာ လိုဏ်ဝတွင် အရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာတို့သည် ပထမသင်္ဂါယနာ တင်တော်မူကြကုန်၏။

ဤပထမအကြိမ်ဖြစ်သော ပထမသင်္ဂါယနာသည် (၇) လကြာမှ ပြီးစီးလေသတည်း။

## ဒုတိယ သင်္ဂါယနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အနှစ် (၁၀၀) မြောက်၌ ဝေသာလီပြည် ဝဇ္ဇီရဟန်းတို့သည် ဝိနည်းတော်နှင့်မညီသော အကျင့် (၁၀) ပါးကို ပြုကြလေသည်။ ထိုအခါ ဓမ္မဝါဒီ ဖြစ်ကြကုန်သော အရှင်ကောင်းအရှင်မြတ်တို့သည် အဓမ္မဝါဒီ အလဇ္ဇီရဟန်းတို့၏အယူကို ပယ်ရှား ဘွန်းလှန်ခြင်းငှာ၊ ကာလာသောက ဘုရင်မင်းမြတ်၏ အကူအညီဖြင့် ဝေသာလီပြည် ဝါလိကာရာမ

ကျောင်းတိုက်တွင် အရှင်မဟာယသ အမှူးရှိသော ရဟန္တာ (၇၀၀) တို့သည် ဒုတိယသင်္ဂါယနာ တင်ကြပြန်သတည်း။

ဤသင်္ဂါယနာသည် (၈) လတိုင်တိုင် ကြာလေ၏။

## တတိယ သင်္ဂါယနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သီရိဓမ္မာသောကမင်းကြီး၏ လက်ထက်တွင် သာသနာတော်သည် အလွန်စည်ပင်ပြန့်ပွားလေသည်။ ရဟန်းသံဃာတော်မြတ်များလည်း မင်းကြီး၏ ထောက်ပံ့ခြင်းဖြင့် ချမ်းမြေ့စွာ သီတင်းသုံးတော်မူနိုင်ကြလေသည်။ ဤသည်ကိုမြင်လျှင် တိတ္ထိတို့သည် ရဟန်းဘဝဖြင့် လွယ်ကူစွာ အသက်မွေးကုန်အံ့ဟု သာသနာ့ဘောင်သို့ ဝင်ရောက်ကြလေသည်။

ထိုအခါ ထိုရဟန်းတု ရဟန်းယောင်များကြောင့် သာသနာတော်သည် မသန့်ရှင်းဘဲ၊ ညစ်နွမ်းခဲ့ရာ ရဟန်းသံဃာတော်များသည် ထိုရဟန်းတု ရဟန်းယောင်များနှင့်အတူ ဥပုသ်မပြုကြကုန်။ ထိုအကြောင်းကို အသောကမင်းတရားကြီး ကြားသိလျှင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးကို ပင့်ဆောင်၍ သာသနာကို မည်ကဲ့သို့ သန့်ရှင်းစေသင့်ကြောင်းနှင့် မေးမြန်းရာ၊ မထေရ်မြတ်သည် သင်္ဂါယနာတင်သင့်ကြောင်း ဩဝါဒပေးတော်မူ၏။ မင်းကြီးလည်း ထိုဩဝါဒအရ သင်္ဂါယနာသဘင်ကို ဆင်ယင်ကျင်းပစေလေ၏။

ယင်းသို့ အရှင်မောဂ္ဂလိပုတ္တတိဿ မဟာခီဏာသဝ သံဃာဦးစီး ရဟန္တာမထေရ်ကြီးသည် ထို အသောကမင်းတရားကြီး၏ အကူအညီအထောက်အပံ့ဖြင့် သာသနာတော် (၂၃၅) ခုနှစ်တွင် ရဟန္တာ တစ်ထောင်နှင့်တကွ အသောကာရာမကျောင်းတိုက်၌ တတိယသင်္ဂါယနာ မဟာသဘင် ဆင်ယင်ကျင်းပတော်မူရာ (၉) လတိုင်တိုင် ကြာလေ၏။

သင်္ဂါယနာတင်ပြီးသည့်နောက် အရှင်မဟိန္ဒ စသော ရဟန္တာအရှင်မြတ်တို့အားလည်း (၉) တိုင်း (၉) ဌာနသို့ စေလွှတ်၍ သာသနာပြုတော်မူလေသတည်း။

## စတုတ္ထ သင်္ဂါယနာ

သာသနာတော်နှစ် (၄၅၀) လောက်တွင် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက် မလယဇနပုဒ် အာလောကလိုဏ်ဂူတွင် အရှင်မဟာဓမ္မရက္ခိတအမှူးရှိသော (၅၀၀) သော ရဟန္တာအရှင်မြတ်တို့သည် ရှေးအခါက ပိဋကတ်တော်များကို နှုတ်ဖြင့်သာ ဆောင်လေ့ရှိရာ နောင်အခါ သတ္တဝါတို့ သတိ၊ ပညာ၊ သမာဓိ ယုတ်လျော့သဖြင့် ပိဋကတ်တော်တို့ နှုတ်တက်မဆောင်ရွက်နိုင်ကြမည်ကို မြင်တော်မူသောကြောင့် ပေထက်အက္ခရာတင် စတုတ္ထသင်္ဂါယနာကို ပြုတော်မူကြလေသတည်း။

ဤသင်္ဂါယနာတင်ရာကာလ မည်မျှကြာသည်ဟု အဋ္ဌကထာ ဋီကာများ၌ အဆိုမရှိပါ။

## ပဥ္စမ သင်္ဂါယနာ

ပဥ္စမသင်္ဂါယနာကို သာသနာတော်နှစ် (၂၄၁၅) ခုသို့ ရောက်သောအခါ သာသနာတော်အရောင် တောက်ပြောင်ထိန်လင်း မင်းတုန်းမင်းကြီး၏လက်ထက် မန္တလေး ရတနာပုံနေပြည်တော်ကြီးမှာ ထိုမင်းကြီး ၏ အကူအညီဖြင့်၊ တိပိဋကဓရ သီလဝိသုဒ္ဓိ ဒက္ခိဏေယျနွယ်စဉ် ဓမ္မဥ္စရ ဓမ္မရစိရွှန်းရွှန်းညီသော ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘုရားကြီးဆရာတော် အမှူးရှိသော (၂၄၀၀) သော ဆရာတော် သံဃာတော် အရှင်မြတ်တို့က တင်တော်မူကြသည်။

ပဥ္စမသင်္ဂါယနာ တင်ရခြင်းအကြောင်းကား မူအကွဲကွဲရှိသည်များကို ညီညွှတ်ရေး ပေပုရပိုက် ရှိမှုတို့ထက် တည်တံ့ခိုင်ခံ့ရေး စသည်တို့ကို ရည်ရွယ်၍ တင်တော်မူကြကုန်၏။

ဤပဥ္စမသင်္ဂါယနာပွဲကြီးမှာ အားလုံး (၁၂) နှစ်ကြာမှ ပြီးစီးသည်ဟု ဆိုကြကုန်၏။

## ဆဋ္ဌမ သင်္ဂါယနာ

ရှေးက မဟာကဿပ အစရှိကုန်သော မဟာထေရ်ကြီးတို့သည် သာသနာတော်ကို ကြည်ညို ကြကုန်သော အဇာတသတ် အစရှိသော မင်းကောင်းမင်းမြတ်တို့၏ အကူအညီကို ရရှိခဲ့သဖြင့် (၅) ကြိမ် တိုင်တိုင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမသင်္ဂါယနာများကို တင်တော်မူကြကုန်၏။

ထို့အတူ ဆဋ္ဌမသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီးကို ကမ္ဘာတစ်ခွင် လေးစားလောက်အောင် ထေရဝါဒ နိုင်ငံတကာရှိ ပိဋကတ္တယပါရဂူအာသဘမြောက်ပြီး ပညာရှိ မဟာထေရ်ကြီးတို့နှင့်တကွ မြန်မာ နိုင်ငံတော်ရှိ ပိဋကတ္တယပါရဂူ အာသဘမြောက်ပြီး ပညာရှိမထေရ်ကြီးတို့သည် နှီးနှောဆွေးနွေး အလေးပြုကာ သုံးဖြာသော ပိဋကတ်တော်တို့ကို တည်းဖြတ်သုတ်သင် အကြိမ်ကြိမ်ပြင်ဆင်ပြီးနောက် သာသနဒါယကာ နိုင်ငံတော်အစိုးရကြီးမှူးသော သူတော်ကောင်းအပေါင်းတို့၏ အကူအညီဖြင့် တင်တော် မူကြကုန်၏။

ယင်းသို့တင်ရာ၌ ရှေးဦးစွာ ၁၃၁၆ ခု၊ ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံတော် ရန်ကုန်မြို့အနီး သီရိမင်္ဂလာကုန်းတော်ပေါ်ရှိ လိုဏ်ဂူတော်ကြီး၌ ထေရဝါဒ (၅) နိုင်ငံအပါအဝင် ဆရာတော်၊ သံဃာတော် (၂၅၀၀) တို့နှင့် ဆဋ္ဌသင်္ဂါယနာတင် ဖွင့်ပွဲကြီးကို နိုင်ငံပေါင်း (၂၅) နိုင်ငံမှ ကြွရောက်လာသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စသော ကိုယ်စားလှယ်တော်ကြီးများ အစုံအညီနှင့် (၃) ရက်တိုင်တိုင် ဆင်ယင် ကျင်းပလေ၏။

၎င်းလပြည့်ကျော် (၃) ရက်နေ့မှစ၍ အစိုးရနှင့် ဗုဒ္ဓသာသနာ့အဖွဲ့ဝင် ဒါယကာများ လျှောက်ထား တောင်းပန်ချက်အရ ဆဋ္ဌသင်္ဂါယနာတင်ရန် အဆုံးအဖြတ်ပေးတော်မူ၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး အောင်မြင် ပြီးဆုံးသည့်တိုင်အောင် အဆုံးအမဩဝါဒပေးတော်မူကြသည့် –

(၁) အဘိဓဇ မဟာရဋ္ဌဂုရု ဟသ်ာတဘုရားကြီး ဆရာတော်ဘုရားကြီး၊
(၂) အဘိဓဇ မဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး၊
(၃) အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီး၊
(၄) အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူမဟာဝိဇယာရာမတိုက်ဆရာတော်ဘုရားကြီး
(၅) အဘိဓဇ မဟာရဋ္ဌဂုရု မန္တလေး မစိုးရိမ်ဆရာတော်ဘုရားကြီးတို့ ကြီးမှူးတော်မူကြသည့် သံဂီတိကာရက သံဃာတော်အရှင်မြတ် (၅၀၀) တို့သည် ဝိနည်းပိဋကတ်တော်ကို စတင်၍ သင်္ဂါယနာတင်တော်မူကြရာ ၁၃၁၆ ခုနှစ် ဝါဆိုလဆန်း (၈) ရက်နေ့တွင် ပထမသန္နိပါတ ပြီးဆုံးလေ၏။

ဒုတိယ၊ တတိယ၊ စတုတ္ထသန္နိပါတများကို သတ်မှတ်ထားတော်မူသည့်အတိုင်း ပြီးဆုံး၍ ၁၃၁၈ ခု၊ ကဆုန်လပြည့်နေ့၊ သာသနာတော် ၂၅၀၀ ပြည့်မြောက်သောအခါ၊ ပဉ္စမသန္နိပါတ အပါအဝင် သန္နိပါတ ငါးကြိမ်ပြီးဆုံးသဖြင့် ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ပွဲကြီး ပြီးဆုံးအောင်မြင်တော်မူပါသတည်း။

**နဝဓုတင်္ဂါစာရမဟာထေရ်၏**
**ကမ္ဘာ့ဂန္ထဝင် သာသနာ့သင်ခန်းစာကျမ်း**
**(၁၃၂ - ၁၃၆)**

**မဟာသက္ကရာဇ်** ။ ။ မဟာမာယာဒေဝီ၏ ခမည်းတော်၊ မြတ်စွာဘုရား၏ ဘိုးတော်ဘုရင် အဥ္စနမင်းကြီးသည် သူ၏လက်ထက်၌ ရောက်ဆဲသက္ကရာဇ် ၈၆၄၉ ကို ထိုနှစ် တပေါင်းလကွယ် စနေနေ့အထိ ဖြိုပြီးလျှင် တန်ခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ကို အစပြု၍ သက္ကရာဇ်တစ်ခုဟု တည်ထားလေသည်။ ထိုသက္ကရာဇ်ကို နောင်အခါ၌ မဟာသက္ကရာဇ်ဟု ခေါ်ဝေါ်သုံးစွဲကြ၏။ (သက္ကသာကီဝင်မင်းတို့ သုံးစွဲရိုးပြုခဲ့သည့် အမှတ်အသားတစ်ခုဖြစ်၍ "သက္ကရာဇ်" ဟု ခေါ်၏။) ထိုမဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့တွင် ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသည်။

**သာသနာသက္ကရာဇ်** ။ ။ ဘုရားရှင်သည် သက်တော် (၈၀) အရွယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ ဥယျာဉ်တော် အတွင်း၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ သာသနာတော်နှစ် တစ်ခုဟု သတ်မှတ်ကာ သာသနာတော်သက္ကရာဇ်ကို စတင်သုံးစွဲခဲ့ကြသည်။ ထိုင်း၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဤသာသနာသက္ကရာဇ်ကို

ယနေ့တိုင် သုံးစွဲလျက်ရှိကြ၏။ သို့ရာတွင် သာသနာနှစ် ၆၂၄ ခုနှစ်အရောက် သရေခေတ္တရာပြည် သုမုန္ဒရီမင်းက ၂ ခုကြွင်းထား၍ ဒေါဒေါရသကိန်းဖြင့် (၆၂၂) ကိုဖြိုခဲ့၏။ ထိုသက္ကရာဇ် ၅၆၂ သို့ ရောက်ပြန်သော် ပုဂံပြည် ပုပ္ပားစောရဟန်းမင်းက ၂ ခုကြွင်းထား၍ ခဆပဥကိန်းဖြင့် (၅၆၀) ကို ဖြိုခဲ့၏။ ထို့ကြောင့် ယခုအခါတွင် ထိုမင်းနှစ်ပါး ဖြိုခဲ့သော နှစ်ပေါင်း (၁၁၈၂) လျော့၍ မြန်မာသက္ကရာဇ်ဖြစ်သည်။ မြန်မာတို့ သုံးစွဲနေသည့် သက္ကရာဇ်တွင် (၁၁၈၂) ပေါင်းထည့်က သာသနာသက္ကရာဇ် ဖြစ်လေတော့၏။ ထိုသာသနာသက္ကရာဇ်တွင် (၁၄၈) ပေါင်းက မဟာသက္ကရာဇ်ဟုလည်း ခေါ်နိုင်၏။

ဥပမာ –

| | | |
|---|---|---|
| မြန်မာနှစ် | | ၁၃၆၄ |
| | + | ၁၁၈၂ |
| သာသနာနှစ် | | ၂၅၄၆ |
| | + | ၁၄၈ |
| မဟာသက္ကရာဇ် | | ၂၆၉၄ |

**အရှင်မဟောသဓပဏ္ဍိတ**

**ဓမ္မစက္ကပဝတ္တနသုတ္တန်**

**(၁၂ – ၁၃)**

# သင်္ဂါယနာတင်ခြင်းသမိုင်း

| အကြိမ် မြောက် | သာသနာနှစ် | နေရာ | ခေါင်းဆောင်သံဃာ | သံဃာဦးရေ | ပစ္စယနုဂ္ဂဟ – မင်း | တင်ရသည့်အကြောင်းရင်း | ကြာချိန် | ရဟန်းတု |
|---|---|---|---|---|---|---|---|---|
| ပဌမ | (၃) လ (၄) ရက်<br>(နှုတ်) | သတ္တပဏ္ဏိလိုဏ်ဂူ<br>ဝေဘာရတောင်<br>ရာဇဂြိုဟ်ပြည် | – အရှင်မဟာကဿပ (ဦး)<br>– ရှင်ဥပါလိ<br>– ရှင်အာနန္ဒာ | ရဟန္တာ<br>(၅၀၀) | – အဇာတသတ် | – သာသနာပုတ်ခတ် | (၇) လ | သုဘဒ္ဒ |
| ဒုတိယ | (၁၀၀) နှစ်<br>(နှုတ်) | – ဝါဠုကာရာမကျောင်း<br>– ဝေသာလီပြည် | – အရှင်ယသ (ဦး)<br>– အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတ | ရဟန္တာ<br>(၇၀၀) | – ကာလာသောက | – အခမ္မဝတ္ထု (၁၀) ပါး | (၈) လ | ၁၀၀၀၀ ကျော် |
| တတိယ | (၂၃၅) နှစ်<br>(နှုတ်) | – အသောကာရုံကျောင်း<br>– ပါဋလိပုတ်ပြည် | – အရှင်တိဿ (ဦး)<br>– မဇ္ဈန္တိက၊ မဟာဒေဝ<br>သာသနာပြု<br>(မြန်မာ သုဝဏ္ဏဘူမိ) | ရဟန္တာ<br>(၁၀၀၀) | – သီရိဓမ္မာသောက<br>ကိုးတိုင်း၊ ကိုးဌာန | – ရဟန်းတုမိစ္ဆာဒိဋ္ဌိအယူရှိ | (၉) လ | ၆၀၀၀၀ |
| စတုတ္ထ | (၄၅၀) နှစ်<br>(ပေ) | – အာလောကလိုဏ်ဂူ<br>– မလယဇနပုဒ်<br>– သီဟိုဠ်နိုင်ငံ | – အရှင်မဟာဓမ္မရက္ခိတ (ဦး) | ရဟန္တာ<br>(၅၀၀) | – ဝဋ္ဋဂါမဏိ | – ငတ်မွတ်အား / သူပုန်အား<br>(၁၂) နှစ်ကြာ | (၁) နှစ် | |
| ပဥ္စမ | (၂၄၁၅) နှစ်<br>(ကျောက်) | – ရတနာပုံနေပြည်တော်<br>– မန္တလေးမြို့<br>– မြန်မာနိုင်ငံ | – အရှင်ဇာဂရာ | ရဟန်း<br>(၂၄၀၀) | – မင်းတုန်းမင်း<br>(စကျင်ကျောက်ပြား)<br>(၇၂၉) | – ပေရွက်များသည်အချိန်<br>ကြာလျှင်ပျက်စီး<br>– မူကွဲများရှိလာ | (၇) နှစ်<br>(၆) လ<br>(၁၄) ရက် | |
| ဆဋ္ဌမ | (၂၄၉၈) နှစ်<br>(စာရွက်) | – မဟာပါသာဏလိုဏ်ဂူ<br>– ကမ္ဘာအေးကုန်းမြင့်<br>– ရန်ကုန်မြို့<br>– မြန်မာနိုင်ငံ | – ညောင်ရမ်း – အရှင်ရေဝတ<br>– မဟာစည် – ဦးသောဘဏ<br>– မင်းကွန်း – ဦးဝိစိတ္တသာရာဘိဝံသ | ရဟန်း<br>(၂၅၀၀)<br>ထေရ (၅) နိုင်ငံ<br>မြန်မာ၊ ယိုးဒယား<br>လာအို၊ ကမ္ဘောဒီးယား<br>သီရိလင်္ကာ | – ဖဆပလ အစိုးရဦးနု | – သူ့ကျွန်ဘဝနှစ် (၁၀၀)<br>သာသနာညှိုးနွမ်း | (၂) နှစ် | |

# သံဃာ့ရတနာ

## ဘုရားသားတော်များ

ဘုရားလက်ထက်တော်တုန်းကပင် ရဟန်းသံဃာတော်များကို "သကျပုတ္တိယ သာကီဝင်မင်းသား ဖြစ်သော မြတ်စွာဘုရား၏သားတော်များ" ဟု အသိအမှတ်ပြု၍ ခေါ်ဝေါ်ခဲ့ကြသည်။ ထိုဘုရားသားတော်များကို "သမဏ – ငြိမ်သက်သူများ" ဟု လည်းကောင်း၊ "သံဃ – အကျင့်သိက္ခာတူသော အပေါင်းအစု" ဟု လည်းကောင်း အသိအမှတ်ပြုကြပြန်သည်။ ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးသောခါ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဦးကို ဟောတော်မမူမီ ဗုဒ္ဓရတနာနှင့် ဓမ္မရတနာ နှစ်မျိုးသာရှိသေး၏။ ဓမ္မစကြာကို ဟောတော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့ တရားထူးရကြ၏။ ထိုသို့ တရားထူးရ၍ ရဟန်းပြုကြသောအခါကျမှ သံဃာ့ရတနာ ဖြစ်ပေါ်လာသည်။ ပဉ္စဝဂ္ဂီငါးဦးတို့၏နောက်၌ သံဃာ့ရတနာအဆက်ဆက်ပေါ်လာပုံကို အဇာတသတ် မဟာရာဇာအား အောက်ပါအတိုင်း ဟောတော်မူသည်။

## ဘုရားပွင့်တော်မူပုံ

မဟာရာဇာ ဤလောက၌ ကိလေသာကုန်စင်၍ အစုံအလင်သိမြင်နိုင်သော တထာဂတ (ဘုရား) သည် ဖြစ်တော်မူလာ၏။ ထိုတထာဂတသည် နတ် ဗြဟ္မာတို့နှင့်တကွဖြစ်သော ဤသတ္တဝါအပေါင်းကို ထူးခြားသော သဗ္ဗညုတဉာဏ်ဖြင့် ကိုယ်တိုင်သိ၍ သတ္တဝါတို့အားလည်း (နတ်ဗြဟ္မာတွေရှိကြောင်း၊ လူ တိရစ္ဆာန်သာမက ငရဲသတ္တဝါ ပြိတ္တာသတ္တဝါတွေလည်း ရှိကြောင်းကို) သိအောင် ဟောပြတော်မူ၏။

## တရားဟောတော်မူပုံ

ထိုတထာဂတသည် အစ၌ သီလဖြည့်ကျင့်ရပုံကို ပြ၍လည်းကောင်း၊ အလယ်၌ ကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်သောအားဖြင့် သမာဓိဖြည့်ကျင့်ရပုံကို ပြ၍လည်းကောင်း၊ အဆုံး၌ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာကို ပြ၍လည်းကောင်း၊ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကောင်းသော တရားကို ဟောတော်မူ၏။ ထိုတရားသည် အနက်အဓိပ္ပာယ်လည်း ပြည့်စုံ၏။ သဒ္ဒါ စကားလုံး၊ အသုံးအနှုန်းလည်း (ကြားနာသူတွေ နားရှင်းလောက်အောင်) ပြည့်ပြည့်စုံစုံရှိ၏။

## ပြည့်စုံသန့်ရှင်းပုံ

ထိုတရားတော်၌ ဘယ်အချက်ကလေး လိုသွားသည်ဟုဆို၍ နောက်ထပ် ထည့်သွင်းစရာ မရှိသောကြောင့် အားလုံးပြည့်စုံ၏။ ဘယ်စကား အသုံးအနှုန်းဟာ ပိုနေသည်ဟုဆို၍ နုတ်ပယ်စရာလည်း မရှိ၊ ပစ္စည်းလာဘ်ကို မျှော်၍လည်းကောင်း၊ မိမိဂုဏ်ကို ဖော်၍လည်းကောင်း၊ နောက်ထပ်ဂုဏ်လိုချင်၍

လည်းကောင်း ဟောတော်မူခြင်းမဟုတ်၊ တရားနာသူတို့ကို ကယ်တင်လိုသော ဆန္ဒတော်ဖြင့် ဟောတော်မူခြင်းကြောင့် သန့်ရှင်းသော တရားတော်လည်း ဖြစ်ပေသည်။

## သာသနာတော်ဖြစ်ပေါ်ပုံ

သီလ၊ သမာဓိ၊ ပညာ အကြောင်းအရာပါရှိသော တရားတော်ကို ဟောတော်မူရင်းပင် သီလ၊ သမာဓိ၊ ပညာဟူသော အကျင့်သာသနာတော်ကိုလည်း စတည်တော်မူပြီး ဖြစ်လေတော့သည်။ (သာသန–ဘုရားရှင်သည် သွန်သင်ညွှန်ပြအပ်သော သီလ၊ သမာဓိ၊ ပညာ၊ ဤသုံးပါးသည်ပင် မိမိကိုယ်၌ စွဲမြဲအောင်ကျင့်ရသောကြောင့် "သိက္ခာအကျင့်" ဟု လည်းကောင်း၊ "ပဋိပတ်အကျင့်" ဟုလည်းကောင်း" ခေါ်၏။)

## ပရိယတ်တရား

"ပရိယတ်" ဟူသည် ပါဠိပျက်စကားတည်း။ မြန်မာလို "သင်ယူအပ်သောစာ" ဟု ခေါ်၏။ ထိုစာကိုပင် "ပိဋက" ဟုလည်း ခေါ်ပြန်သည်။ ဗုဒ္ဓမြတ်စွာသည် တရားတော်များကို ခပ်များများဟောပြီးသောအခါ ထိုတရားတော်(စာ)များကို သင်ယူရမည်ဖြစ်သောကြောင့် "ပရိယတ်သာသနာ သင်ယူရမည့်အဆုံးအမစာ" ဟူသော သာသနာတော်လည်း ဖြစ်ပေါ်လာပြီးဖြစ်လေသည်။

## သဒ္ဓါဖြစ်၍ စဉ်းစားပုံ

ထိုတရားတော်ကို ကြားနာရ၊ သိရသော အမျိုးသားတစ်ယောက်မှာ မြတ်စွာဘုရားအပေါ် ယုံကြည်သော ကြည်ညိုသော သဒ္ဓါတရားဖြစ်၏။ ထိုသဒ္ဓါတရားကို အရင်းခံ၍ စဉ်းစားဉာဏ်ဖြစ်ပုံမှာ အိမ်ရာထောင်သော လူ့ဘောင်ဆိုသည်မှာ သားမယားသံယောဇဉ်တွေ များသောကြောင့် (အိမ်က ကျယ်ဝန်းစေကာမူ စိတ်မလွတ်လပ်သဖြင့်) ကျဉ်းမြောင်းကြပ်တည်းလှ၏။ ရာဂ ဒေါသ မောဟဟူသော မြူမှုန်(ဖုံ)တွေ အမြဲကျရောက်နေရကား အများသွားသည့် လမ်းမကြီးလိုဖြစ်နေ၏။ အိမ်မှခွာ၍နေရသော ရဟန်းဘဝကား (ထိုသံယောဇဉ်အနှောင်အဖွဲ့ ကင်းသဖြင့်) လွင်တီးခေါင်လို ဖြစ်နေပေသည်။ ဤသို့ စဉ်းစားလေသည်။

## ရဟန်းပြုပုံ

"ငါသည် ဘုရားရှင်၏ တရားတော်အတိုင်း စဉ်းစားရလျှင် အိမ်မှာနေလို့တော့ ဤတရားတော်ညွှန်ပြသည့်အတိုင်း သီလကို အပြည့်အစုံဖြည့်နိုင်ဖို့ ခဲယဉ်းလှ၏။ သမာဓိရဖို့၊ ဝိပဿနာမဂ်ဖိုလ် ပညာရဖို့မှာမူ သာ၍ပင် ခက်ခဲစရာရှိ၏။ ထို့ကြောင့် ငါသည် ရဟန်းပြုမှတော်မည်" ဟု စဉ်းစားပြီးလျှင် ထားနေကျမုတ်ဆိတ်၊ ထားနေကျ ဆံရှည်ကိုရိတ်၍ သစ်ခေါက် ဖန်ရည်ဆိုးအပ်သော အဝတ် (သင်္ကန်း) ကိုဝတ်လျက်ရှင်ရဟန်း ပြုလေသည်။ (သာမညဖလသုတ်ပါဠိတော်) ဤပါဠိတော်အစဉ်ကို စဉ်းစား၍ သံဃာရတနာဖြစ်ပေါ်လာခဲ့ပုံကိုသိပါ။

## သံဃာ

"သံဃ" ဟူသော ပါဠိစကားသည် မြန်မာလို "တူညီသူတို့၏အပေါင်း" ဟု အနက်ထွက်၏။ ဤနေရာ၌ သီလအကျင့်တူညီသော ရဟန်းတော်တို့၏ အပေါင်းကို "သံဃာ" ဟုခေါ်သည်။ ထိုသံဃာတို့တွင် ဘုရားဖြစ်ပြီးကာစ ရှေ့ပိုင်းကျသော သံဃာတော်များသည် အရိယာဖြစ်ကြသည်သာများ၏။ ထိုသံဃာတော်များကို စိတ်ဖြူစင်သောကြောင့် "အရိယာသံဃာ" ဟု လည်းကောင်း၊ ရဟန်းဘဝမှ လူ့ဘဝသို့ မပြောင်းမလွဲ ခိုင်မြဲတည့်မတ်သောကြောင့် "ပရမတ္ထသံဃာ = မဖောက်မပြန်သော သံဃာ" ဟု လည်းကောင်း ခေါ်၏။

## သံဃံ သရဏံ ဂစ္ဆာမိ

"သံဃံ သရဏံ ဂစ္ဆာမိ" ၌ သံဃာဟူသည် အရိယာဖြစ်ပြီးသော သံဃာတည်း။ နောက်နောက်အဆက်ဆက် ရဟန်းပြုကြရာ၌ကား အရိယာမဖြစ်သူများလည်း ပါဝင်သောကြောင့် ထိုအရိယာမဖြစ်သော သံဃာကို "ပုထုဇဉ်သံဃာ = အရိယာတို့မှ သီးခြားဖြစ်သော ရဟန်းတော်အပေါင်း" ဟု လည်းကောင်း၊ သံဃာရတနာအစစ်မဟုတ်၊ သံဃာအစစ်နှင့် သီလ သိက္ခာ ကျင့်စရာချင်းတူသောကြောင့် သံဃာဟု လူအများက သမုတ်ထားသဖြင့် "သမ္မုတိသံဃာ" ဟု လည်းကောင်း ခေါ်ရသည်။ ထိုသမ္မုတိ သံဃာ၌ကား အကောင်းအဆိုးနှစ်မျိုးပင်ရှိသည်။ သာသနာ့တာဝန်ကို ကျေပွန်အောင်ထမ်းနိုင်သော ပုဂ္ဂိုလ်ကို အကောင်း၊ ကျေပွန်အောင် မထမ်းနိုင်သူကို အဆိုးဟုခွဲပါ။

## ရဟန်းတော်များ၏တာဝန်

ရဟန်းသံဃာမှန်လျှင် ပုထုဇဉ်ဖြစ်ဖြစ် အရိယာဖြစ်ဖြစ် သာသနာတော်၏တာဝန်ကို ထမ်းရမည်သာ။ သာသနာတော်၌ ထမ်းရမည့်တာဝန်သည် ဂန္ထဓုရ – စာပေတာဝန်၊ ဝိပဿနာဓုရ – ဝိပဿနာ (ကမ္မဋ္ဌာန်းအားထုတ်မှု) တာဝန်၊ ဤသို့ နှစ်မျိုးရှိ၏။ ဤတာဝန်နှစ်မျိုးတွင် တစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ရဟန်းဖြစ်သူတိုင်း ထမ်းဆောင်ရမြဲဖြစ်သည်။ ထိုတာဝန်တစ်မျိုးကိုမှ မယူနိုင်လျှင် တာဝန်မကျေ၊ မိမိအကျိုးသက်သက် ကမ္မဋ္ဌာန်းတရားဖြင့်နေသော ပုဂ္ဂိုလ်သည် ဝိပဿနာတာဝန်ကို ထမ်းဆောင်နေသောကြောင့် သာသနာ့တာဝန်ထမ်းသော ပုဂ္ဂိုလ်ကောင်းပင်ဖြစ်သည်။

## တာဝန်မကျေလျှင် မသင့်

လောက၌ မိဘဖြစ်စေ၊ ဆရာဖြစ်စေ၊ တာဝန်မကျေသူကို မကျေနပ်ကြ၊ တာဝန်ကျေမှ ကျေနပ်ကြ၏။ ဥပမာ – မိဘကို သားသမီးတို့က ကျွေးမွေးပြုစုထားလျှင် ထိုမိဘကလည်း အိမ်ကိုစောင့်ရှောက်ဖို့၊ မြေးကလေးများကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ သားသမီးနှင့်တကွ မြေးကလေးများလိမ္မာအောင် သွန်သင်ဖို့

တာဝန်ရှိ၏။ ထိုသို့ တာဝန်ကျေသော မိဘကို သားသမီးမြေးတို့က အလွန်ချစ်ကြ၏။ မိမိတို့အိမ်မှ တခြား သားသမီးများအိမ်သို့ ရွှေ့သွားမည်ကိုပင် စိုးရိမ်ကြ၏။

ထို့အတူ ဆရာသမားဖြစ်ကြသော ရဟန်းတော်များကိုလည်း တာဝန်မကျေလျှင် ရပ်ရွာက၊ တိုင်းပြည်က မကျေနပ်ကြ၊ ရပ်သူရွာသား တိုင်းသူပြည်သား လူကြီးလူငယ်များကို စာရိတ္တကောင်းအောင် လည်းကောင်း၊ ကလေးများကို ပညာတတ်အောင်လည်းကောင်း သွန်သင်ပြသဖော်ရမှသာ ဆွမ်း၊ သင်္ကန်း ကျောင်းများကို ကျေနပ်စွာလှူဒါန်းကြပေလိမ့်မည်။ ထိုကဲ့သို့ ရပ်ရွာ၌လည်းကောင်း၊ တိုင်းပြည်၌လည်းကောင်း အကျိုးရနေသော ရဟန်းသံဃာတော်များကို တိုင်းပြည်၌ ကွယ်ပျောက်မသွားစေလိုကြ၊ ထိုသံဃာတော် အတွက် လူဝတ်ကြောင်တို့က အသက်ကိုပင်စွန့်၍ စောင့်ရှောက်ကြပေလိမ့်မည်။ ထိုသို့ အကျိုးမရလျှင်ကား သာသနာတော် ကွယ်သွားသော်လည်း အများစုက ဝမ်းနည်းကြမည်မဟုတ်ချေ။

## သံဃာကောင်းအမျိုးမျိုး

လူဝတ်ကြောင်များအား တရားအမျိုးမျိုးတို့ဖြင့် ယဉ်ကျေးအောင် ဩဝါဒပေးလျက် မိမိကိုယ်တိုင်လည်း ဝိနည်းတော်နှင့်အညီ နေတော်မူကြသော သံဃာတော်အပေါင်းကို သံဃာကောင်းဟု ဆိုရ၏။ ထိုသံဃာ ကောင်းလည်း အမျိုးမျိုးရှိပြန်၏။ ဥပမာ – ဘုရားဆင်းတုတော်၌ ပုံအမျိုးမျိုးရှိသကဲ့သို့တည်း။ ဘုရား ဆင်းတုတော်သည် ကျောက်သား သို့မဟုတ် သစ်သားကောင်းလေ ဆင်းတုတော်ကိုထုသော ပန်းပုသမား ကောင်းလေ သပ္ပာယ်လေဖြစ်သကဲ့သို့၊ ထို့အတူ သမ္မုတိသံဃာကောင်းလည်း ပင်ကိုယ်က အလိမ္မာနှင့် သဒ္ဓါကောင်းလေ၊ ဆရာသမားကောင်းလေ (ဆရာသမားတို့က အသင်အပြ အဆုံးအမကောင်းလေ) သံဃာကောင်း ဖြစ်လေပင်တည်း။ ဆင်းတုတော်၌ သပ္ပာယ်သော၊ သပ္ပာယ်သည်ထက် သပ္ပာယ်သော၊ အစွမ်းကုန်သပ္ပာယ်သော ဆင်းတုတော်များကို တွေ့ရသကဲ့သို့ သမ္မုတိသံဃာကောင်း၌လည်း ကောင်းသော၊ ကောင်းသည်ထက် ကောင်းသော၊ အစွမ်းကုန်ကောင်းသော သံဃာကောင်းများ ရှိကြပေသည်။

## တာဝန်သုံးမျိုး

ရဟန်းသံဃာတော်များ၏ ကြီးလေးသော တာဝန်သုံးမျိုးကို အချုပ်မျှပြပါဦးမည်။ တာဝန် သုံးမျိုးကား –

(၁) ဗုဒ္ဓဘာသာဝင် လူဦးရေ နည်းမသွားအောင်၊ ဘာသာရေးအယူဝါဒ ပြယ်မသွားအောင် ထိန်းသိမ်း ရမည့်တာဝန်။

(၂) ဗုဒ္ဓမြတ်စွာ၏ တရားတော်များ ပျောက်ကွယ်၍မသွားအောင် ပျက်ပြယ်၍မသွားအောင် ထိန်းသိမ်း ရမည့်တာဝန်။

(၃) ဘုရားရှင်၏ အဆုံးအမတော်အတိုင်း ကျင့်ရမည့်တာဝန်၊ ဤသို့ တာဝန်သုံးမျိုးရှိပါသည်။

## သာသနာ့သမ္မဒါသုံးပါး

လောကဌ် မိမိတို့ဘာသာကို ဘာသာတိုင်းက "သာသနာ" ဟု ယူဆကြ၏။ ထိုသာသနာ၏ အစစ်အမှန်ဟုတ်မဟုတ်ကို ဤသာသနာ့သမ္မဒါသုံးပါးဖြင့် စစ်တမ်းထုတ်ရပါမည်။ ၁–ဗုဒ္ဓအစစ်အမှန်ဖြစ်ခြင်း၊ ၂–တရားတော်၏ ဤဘဝ နောက်ဘဝ နှစ်ဌာနလုံးအတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုကို ပေးနိုင်ခြင်း၊ ၃–သံဃာဟုခေါ်ရသော တပည့်များ၏ သာသနာ့တာဝန်ကို ဆောင်သောအားဖြင့် ကောင်းစွာကျင့်ခြင်း၊ ဤသုံးပါးစုံမှ သာသနာကောင်း သာသနာစစ်ဟု ဆိုရပါသည်။ ထို့ကြောင့် ယခုအခါ သံဃာတော်များသည် ဗုဒ္ဓဖြစ်တော်မူသော မြတ်စွာဘုရား၏ သုဓမ္မဖြစ်သော တရားတော်ကို မကွယ်မပ မတိမ်ကောရအောင် သုသံဃပီသအောင် ကိုယ်စီကိုယ်င တာဝန်ဆောင်နိုင်ကြပါစေသတည်း။

**အရှင်ဇနကာဘိဝံသ**<br>**ဗုဒ္ဓဘာသာသင်ခန်းစာ**<br>**(၁၆၈ – ၂၀၃)**

## သံဃဂုဏ်တော်ကိုးပါးကဗျာများ

*၁။ မြတ်ဘုရားစစ်၊ သားချစ်သံဃာ၊*
*ဆုံးမညွှန်တိုင်း၊ မဆိုင်းသေချာ။*
*ကောင်းစွာမြင့်မြတ်၊ ကျင့်တတ်ပေတာ၊*
*ဂုဏ်ပုဒ်ရှိ၊* ***သုပ္ပဋိပန္နပါ။***

မြတ်စွာဘုရား၏ သားတော်စစ် သံဃာမှန်တို့သည် မြတ်စွာဘုရား ဟောကြားပြသ ဆုံးမညွှန်ကြားသည့်အတိုင်း ကောင်းမွန်မှန်ကန်စွာ ကျင့်ကြံတော်မူတတ်သောကြောင့် သုပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံပါသည်။

*၂။ တင်းလွန်း လျော့လွန်း၊ အစွန်းနှစ်တန်၊*
*မငြိတွယ်တမ်း၊ လယ်လမ်းအမှန်။*
*ကောက်ကျစ်မှုကင်း၊ ဖြောင့်စင်းတော်မှန်၊*
*ကျင့်ကြံမှု၊* ***ဥဇုပဋိပန်။***

ကာမသုခကိုလိုက်စား၍ လျော့လွန်းခြင်း၊ မိမိကိုယ်ကို ညှဉ်းပန်း၍ တင်းလွန်းခြင်းတည်းဟူသော အစွန်းနှစ်ဘက်သို့ မရောက်မူ၍ အလယ်လမ်းမှန်ကန်သော မဇ္ဈိမပဋိပဒါအကျင့်ကို လှည့်ဖြားခြင်း။ ကောက်ကျစ်ခြင်းမရှိဘဲ ဖြောင့်ဖြောင့်မတ်မတ် ကျင့်ကြံတော်မူတတ်သောကြောင့် ဥဇုပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံပါသည်။

၃။ ဘဝဝင်္ဂသုံး လွတ်ရုန်းစေရန်၊
နိဗ္ဗာန်တော်ကျိုး၊ မျှော်ကိုးလေပြန်။
လျော်ကန်သင့်တင့်၊ အကျင့်မှန်ကန်၊
သံဃာမြတ်၊ ဉာယပ္ပဋိပန်။

သံသရာဝင်္ဂဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်တည်းဟူသော အကျိုးကိုသာ မျှော်ကိုးလျက် ကြောင်းကျိုးလျော်ကန် တော်မှန်သင့်တင့်စွာ ကျင့်ကြံတော်မူတတ်၍ ဉာယပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံပါသည်။

၄။ အပါယ်ရောက်ကြောင်း၊ မကောင်းမှုစင်၊
ရပ်ဟန်းပြစ်ဘေး၊ ညစ်ကြေးမတင်။
ဗြဟ္မစိုရ်ကိန်း၊ အေးငြိမ်းကိုယ်တွင်၊
သာမိစိ၊ ပဋိပန္နပင်။

အပါယ်ရောက်ကြောင်းဖြစ်သော အကုသိုလ်မကောင်းမှုတို့မှ ကင်းစင်အောင် ရဟန်းတို့၏ အညစ်အကြေး အပြစ်ဘေးတို့မှ ကင်းစင်အောင် ကျင့်ကြံတော်မူ၍ ဗြဟ္မစိုရ်တရားကိန်းပြီးလျှင် အေးငြိမ်းသော ကိုယ်စိတ်နှစ်ပါးရှိသောကြောင့် သာမိစိပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

(မူလပဏ္ဏာသ – ပါဠိတော် စူဠအဿပုရသုတ်နှင့်အညီတည်း)

၅။ တစ်ရပ်တစ်ကျေး အဝေးမှသာ၊
စိတ်ကိုယ်ပန်းလျက်၊ ထမ်းရွက်ဆောင်လာ။
အလှူတော်၌ ခံထိုက်ပေတာ၊
သံဃာစု၊ အာဟုနေယျပါ။

တစ်ရပ်တစ်ကျေးရပ်ဝေးမှ ကိုယ်ရောစိတ်ပါ အပင်ပန်းခံလျက် ယူဆောင်လာသော ပစ္စည်းဝတ္ထုကို အလှူခံတော်မူထိုက်သောကြောင့် အာဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

၆။ ဧည့်သည်အတွက် ဆောင်ရွက်စီမံ၊
အလှူတော်မြတ် ခံအပ်လေပြန်။
ဦးဦးဖြားဖြား ထူးခြားလှူရန်၊
ခံယူမှု ပါဟုနေယျမှန်။

ဂုဏ်သရေရှိသော ဧည့်သည်များအတွက် စီမံပြုလုပ်ထားသော အမွန်အမြတ် ပစ္စည်းဝတ္ထုများကို အလှူခံတော်မူထိုက်သောကြောင့် ပါဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

၇။ နောက်နောင်ကောင်းမှု တောင်းဆုရွယ်ရည်၊
အလှူတော်မျိုး ခေါ်ရိုးဒက္ခိ။

*ထိုအလှူ၌ ယူထိုက်ပေသည့်၊*

*အချက်ရှိ၊* ***ဒက္ခိဏေယျမည်။***

နှောင်အနာဂတ်ဘဝ၌ ကောင်းကျိုးရရန် ရည်သန်ပြုလုပ်သော အလှူမျိုးကို ဒက္ခိဏာဟု ခေါ်သည်။ ထိုဒက္ခိဏာအလှူကို ခံယူတော်မူထိုက်သောကြောင့် ဒက္ခိဏေယျဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

*၈။ ဗြဟ္မာနှင့်နတ်၊ မြင့်မြတ်လူပါ၊*

*လက်အုပ်ချီမိုး ရှိခိုးပူဇော၊*

*ရှိသေခံရ သံဃမဟာ၊*

***အဥ္ဇလိ၊ ကရဏီမည်သညာ။***

လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ လက်အုပ်ချီမိုး ရှိခိုးပူဇော်မှုကို ခံယူထိုက်သောကြောင့် အဥ္ဇလိကရဏီယဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

*၉။ နတ်လူပေါင်းစု ကောင်းမှုစိုက်ရာ၊*

*သဒ္ဓါစေတ်ပြည့် မြတ်သည့်လယ်ယာ။*

*မပြိုင်လေအပ် မြေစေတ်ပမာ၊*

***နုတ္တရ ပုညခေတ္တပါ။***

လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကောင်းမှုစိုက်ရာ လယ်ယာတို့တွင် အကျိုးတရား ပွားစီးဖွံ့ဖြိုးလာအောင် သဒ္ဓါစေတ်ပြည့်နေသော အတုမရှိ အကောင်းဆုံးလယ်ယာဖြစ်သောကြောင့် အနုတ္တရ ပုညခေတ္တဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

*ကျေးဇူးတော်စစ် အနစ်ဂုဏ်တော်၊*

*အာရုံတမ်းတ မှန်းဆထင်ပေါ်။*

*ဘယလာဘ ဘာမျှမမျှော်၊*

*သံဃာအား၊ ဝပ်တွားရှိပူဇော်။*

အထက်ပါဂုဏ်တော်တွေကို အာရုံယူမှန်းဆ၍ ကြောက်လန့်ခြင်း၊ ဆုလာဘ်ကို မျှော်ကိုးတောင့်တခြင်းတို့မှ ကင်းစေလျက် သံဃာတော်ကို ရှိခိုးပူဇော်တတ်ပါစေ။

**ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ်**

# သံဃရတနာဆိုင်ရာ သရုပ် နှင့် အဓိပ္ပာယ်များ

## သံဃာ ခေါ်ပုံ

အသိအမြင်ချင်း အကျင့်သီလချင်း တူညီကြသော ပုဂ္ဂိုလ်အပေါင်းကို "သံဃာ" ဟု ခေါ်သည်။

## သံဃာ ၂ မျိုး

၁။ သမ္မုတိသံဃာ = သမုတ်ပညတ်ခြင်းဖြင့် ဖြစ်သော သံဃာ။

၂။ ပရမတ္ထသံဃာ = အမှန်သဘာဝအရဖြစ်သော သံဃာ။ (အရိယာသံဃာ)

## အရိယာပုဂ္ဂိုလ် (၈) မျိုး

### မဂ္ဂဋ္ဌ ၄ မျိုး

၁။ သောတာပတ္တိမဂ်ရ ပုဂ္ဂိုလ်

၂။ သကဒါဂါမိမဂ်ရ ပုဂ္ဂိုလ်

၃။ အနာဂါမိမဂ်ရ ပုဂ္ဂိုလ်

၄။ အရဟတ္တမဂ်ရ ပုဂ္ဂိုလ်

### ဖလဋ္ဌ ၄ မျိုး

၁။ သောတာပတ္တိဖိုလ်ရ ပုဂ္ဂိုလ်

၂။ သကဒါဂါမိဖိုလ်ရ ပုဂ္ဂိုလ်

၃။ အနာဂါမိဖိုလ်ရ ပုဂ္ဂိုလ်

၄။ အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ်။

## အရိယာခေါ်ပုံ

မဂ်ဖိုလ်ဥာဏ်တည်သော (မဂ်ဖိုလ်ရပြီးသော) ပုဂ္ဂိုလ်ကို "အရိယာ" ဟု ခေါ်သည်။ (အရိယာ–တ်သူ၊ တစ်နည်း–ဖြူစင်သူ)

## သောတာပန် ၃ မျိုး

(၁) ဧကဗီဇီ = တစ်ခုသော ပဋိသန္ဓေမျိုးစေ့ရှိသော သောတာပန်။

(၂) ကောလံကောလ = နှစ်ဘဝမှ ခြောက်ဘဝအထိ ပဋိသန္ဓေနေသော သောတာပန်။

(၃) သတ္တက္ခတ္တုပရမ = ခုနစ်ကြိမ်အလွန်ပဋိသန္ဓေရှိသော သောတာပန်။

## သောတာပန် ဖြစ်ကြောင်း အင်္ဂါ ၄ ပါး

(၁) သပ္ပုရိသသံသေဝ = သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်း။
(၂) သဒ္ဓမ္မသဝန = သစ္စာတရားနာခြင်း။
(၃) ယောနိသော မနသိကာရ = သင့်တင့်ကောင်းမွန်အောင် စိတ်ထားခြင်း။
(၄) ဓမ္မာနု ဓမ္မပဋိပတ္တိ = မဂ်ဖိုလ်ဓမ္မအား လျော်သောအကျင့်ကိုကျင့်ခြင်း။

## သောတာပန်များ ရမြဲဂုဏ်အင်္ဂါ ၄ ပါး

(၁) ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။
(၂) တရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။
(၃) သံဃာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။
(၄) အရိယကန္တသီလ (ငါးပါးသီလ) နှင့် ပြည့်စုံခြင်း။

## သောတာပန် ပယ်သတ်ပြီးသော တရား ၃ ပါး

(၁) ဒိဋ္ဌိ = အယူမှားမှု။
(၂) ဝိစိကိစ္ဆာ = ယုံမှားမှု။
(၃) သီလဗ္ဗတ ပရာမာသ = နွားခွေး စသည်တို့၏ အလေ့အကျင့်မျိုးကို စွဲလမ်းကျင့်မှားမှု။

**မှတ်ချက်** ။ ။ *သောတာပန်၌ ဤသုံးမျိုးအပြင် အပါယဂမနီယ (အပါယ်လားကြောင်းဖြစ်သော) ရာဂ ဒေါသ မောဟများနှင့် ဣဿာမစ္ဆရိယ စသော အချို့ကိလေသာများကိုလည်း ပယ်ပြီးဖြစ်၏။*

## သံဃာ့ဂုဏ်တော်ပွားများခြင်းအကျိုး

*၁ – ကိလေမနှောင့်၊ ၂ – စိတ်စဉ်ဖြောင့်၏၊*
*၃ – ဘုန်းခေါင့်သံဃာ၊ မှန်စွာရိုသေ၊*
*၄ – သဒ္ဓါစွေ၍၊ ၅ – နှစ်ထွေပီတိ၊ ၆ – သည်းခံချို၏၊*
*၇ – ပြုဘိသမုတ်၊ ဥပုသ်သိမ်ပမာ၊ ၈ – သံဃာနှင့်နေ၊*
*၉ – ထင်ပေပဟိရောတ်၊ ၁၀ – စိတ်ညွတ်သံဃ၊*
*၁၁ – မဂ်မရလည်း၊ ရောက်ထနတ်ရွာ၊ ကောင်းကျိုးလာသည်၊*
*သံဃာဂုဏ်တော်ပွားကျိုးတည်း။*

**(မာဃဝီလင်္ကာ)**

# သမ္ဗုဒ္ဓေ (အန္တရာယ်ကင်းကပ်ကျော်) ဘုရားရှိခိုးဂါထာတော်ကြီး

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ** – သုံးပါးဘဝ၊ သုံးလောကတွင်၊ ဉာဏရောင်ဖိတ်၊ အောင်ဘိသိက်နှင့်၊ နှစ်ကျိပ်ရှစ်ဆူ ကုန်သော၊ **သမ္ဗုဒ္ဓေစ** – တန်ဆောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာပွင့်လင်း၊ တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ** – နိဗ္ဗာန်ကိန်းအောင်း၊ စက်မွေ့လျောင်းသည့်၊ တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ** – လရောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာဝင်းပြောင်၊ မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတ သဟဿာနိ** – သောင်းတိုက်စကြာဝဠာ၊ ဂုဏ်ဝါကျော်ဟိန်း၊ ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ** – နေရောင် ပမာ၊ ဉာဏ်ရောင်ဝါဖြင့်၊ သစ္စာလင်းထိန်၊ မြတ်မုနိန်တို့ကိုလည်းကောင်း။ **အပ္ပကာဝါဠုကာဂင်္ဂါ** – ဂင်္ဂါမြစ်ထဲ၊ ငွေသောင်သဲကို၊ နည်းစေထသော၊ **အနန္တာ** – သင်္ချာဂဏန်း၊ ရေတွက်မှန်းလည်း၊ ဆုံးခန်းတိုင်မြောက်၊ မရောက်နိုင်ထသော၊ **နိဗ္ဗုတာ** – ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူပြီးထသော၊ **ဇိနာစ** – နှောင့်ယှက်ဖန်လာ၊ မာရ်ငါးဖြာကို၊ အရိယာမဂ်၊ ဘုန်းရောင်စက်ဖြင့်၊ ချိုးဖျက်လွယ်ကူ၊ အောင်တော်မူသော၊ ဘုရားရှင်အပေါင်း တို့ကိုလည်းကောင်း၊ **အဟံ** – အကျွန်ုပ်သည်၊ **သိရသာ** – ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်၊ **နမာမိ** – ရှိခိုးပါ၏။

**တေသံ** – ထိုဂင်္ဂါဝါဠု၊ ပမာပြုလည်း၊ နှိုင်းတုမရ၊ ပွင့်တော်မူကြကုန်သော၊ ဘုရားရှင်တို့နှင့်တကွ၊ ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ **ဓမ္မဉ္စ** – တရားတော်မြတ်ကို လည်း ကောင်း၊ **သံဃဉ္စ** – တပည့်သား သံဃာတော်မြတ်ကိုလည်းကောင်း၊ **အာဒရေန** – ရိုသေစွာ၊ **အဟံ** – အကျွန်ုပ် သည်၊ **နမာမိ** – ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန** – ဤသို့ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ရသော ပဏာမ ကုသိုလ်ကံ စေတနာကြောင့်၊ **သဗ္ဗေ** – ခပ်သိမ်းကုန်သော။ **ဥပဒ္ဒဝေ** – ဘေးရန်ဥပဒ်တို့ကို၊ **ဟိတွာ** – ပယ်ဖျောက်၍၊ **အနေကအန္တရာယာပိ** – တစ်ပါးမက များစွာကုန်သော အန္တရာယ်တို့သည်လည်း၊ **အသေသတော** – အကြွင်း အကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု** – ပျောက်ပျက်စေကုန်သတည်း။

**မှတ်ချက်** ။ ။ *ဤသမ္ဗုဒ္ဓေဂါထာတော်အနက်မှာ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ပထမ ဆရာတော် ဦးသာသနရေးသားသော အနက်ဖြစ်ကြောင်း သိရပါသည်။*

## သမ္ဗုဒ္ဓေတန်ခိုး အကျိုးအနန္တ

သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်မှန်မှန် ရွတ်ပွားပေးပါက ဘေးအန္တရာယ်ကင်းရှင်းပြီး ကောင်းကျိုးအနန္တ အမှန်ပင်ရရှိပါသည်။ သမ္ဗုဒ္ဓေဂါထာတော်ကြီး စွမ်းအင်ထက်မြက်ပုံအကြောင်းကို –

၁။ ပြည်မြို့ ပဋ္ဌာရုပ် ဦးခက "တစ္ဆေပုံညွှန့်ပေါင်းကျမ်း" တွင်လည်းကောင်း။

၂။ လယ်တီဦးလှပိုင်က "လယ်တီဂန္ထဝင်ကျော်များ" စာအုပ်တွင်လည်းကောင်း။

၃။ စာရေးဆရာနှစ်ဘက်လှက "ဇယမင်္ဂလာ ရန်ကင်းဂါထာများ" စာအုပ်တွင်လည်းကောင်း။

၄။ အရှင်သုသုကက "သမ္ဗုဒ္ဓေအမျိုးမျိုးနှင့် တန်ခိုးသိဒ္ဓိများ" စာအုပ်တွင်လည်းကောင်း ကျယ်ဝန်းများပြားစွာ စုံစုံလင်လင် ဖော်ပြထားပါသည်။ ရှာဖွေလေ့လာကြည့်ရှုကြပါ။

မန္တလေးမြို့၊ ဝါးတန်းရပ်မှ (ရေချို) ဦးအေးမောင်သည် လေယာဉ်ပျံပျက်ကျရာ၌ အသက်မသေဘဲ ကျန်ရစ်သည်မှာ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုပွားများသောကြောင့်ဖြစ်ကြောင်း သူကိုယ်တိုင်ပြောပြ၍ သိရပါသည်။ ၎င်းအပြင် ၁၉၃၆ ခုနှစ်က ဘေရွတ်မြို့သို့အသွား လေယာဉ်စက်ချွတ်ယွင်း၍ ထိုးဆင်းခဲ့ရာ၌ အခြားသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါသော်လည်း စိန်မဟာသဘင်ဇာတ်အဖွဲ့မှ မင်းသား ဦးကဲနက်စိန်မှာ သမ္ဗုဒ္ဓေဂါထာကို နှလုံးသွင်း၍ ဗုဒ္ဓါနုဿတိဂုဏ်ကို အာရုံပြုသောကြောင့် အထိအခိုက်မရှိ ဘေးအန္တရာယ်ကင်းလွတ်ခဲ့ရဖူးပါသည်။ ထိုဖြစ်ရပ်ကို ကာယကံရှင် ဦးကဲနက်စိန်ကိုယ်တိုင် သီချင်းစပ်၍ ဓာတ်ပြားသွင်းထားပါသည်။

## သမ္ဗုဒ္ဓေသီချင်း

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

(အနန္တာ နိဗ္ဗူဇိနေ၊ ဂင်္ဂါဝါဠု သဲစုမကပေ ကမ္ဘာတွေ သချာ်သချေ်၊ နိဗ္ဗူမြေ စံနေကြတဲ့ ဘုရားမြတ်ပရမေ ရှင်တော်တွေ၊ မျှော်ကာရည်စူးဖူးတဲ့ သမ္ဗုဒ္ဓေ)၂

(မြို့တိုင်းရွတ်ကြပါလေ ရွာတိုင်းရွတ်ကြ ဂါထာသမ္ဗုဒ္ဓေ အိမ်တိုင်းရွတ်ကြပါလေ လူတိုင်းရွတ်ကြ ဂါထာသမ္ဗုဒ္ဓေ)၂ ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ နိဗ္ဗူဇိနေ ဦးထိပ်ရွက်ပန်ကာချွေ ဂါထာတော်ကျူး ဖူးတဲ့သမ္ဗုဒ္ဓေ။

*သံပြိုင်။* (မြန်နယ်ပြည် မယွင်းချွတ်စေ၊ ရွတ်ဖတ်ကြ သမ္ဗုဒ္ဓေ၊ အန္တရာယ်တွေ ကင်းလွတ်မလေ ရွတ်ဖတ်ကြ သမ္ဗုဒ္ဓေ) ၂

စည်းစိမ်ရွှေငွေ ရတနာမိုး ဂါထာတန်ခိုးနဲ့ သွန်းဖြိုးလို့ဝေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြမလေ၊ မြန်မာ့ပိုင်း၌နေ အေးချမ်းလို့ သာယာဖို့အခြေ၊ ဂါထာတော်ကျူး ကျူးနိုင်ကြစေ (သမ္ဗုဒ္ဓေ)၂ ဘေးအပေါင်းမကောင်းတွေ ဝေးကွာရှောင်းမယ့် ကောင်းတဲ့ သမ္ဗုဒ္ဓေ။

(မိုးသောက်ကျလာ ထကာရွတ်ကြလေ သမ္ဘုဒ္ဓေ၊ ခရီးယာယီ ခါမိုရွတ်ကြလေ သမ္ဘုဒ္ဓေ၊ အိပ်ရာဝင်တိုင်း မဆိုင်းရွတ်ကြလေ သမ္ဘုဒ္ဓေ)၂ (မြတ်ဘုရားဂုဏ်နဲ့ မြတ်တရားဂုဏ်တွေ သံဃာဂုဏ်တော် ရည်မျှော်စူးလို့ ကြည်နူးထူးတဲ့ ဖူးတဲ့သမ္ဘုဒ္ဓေ)၂

(မြို့တိုင်း နယ်တိုင်းလူတွေ ရွာတိုင်းအိမ်တိုင်းလူတွေ)၂ (အန္တရာယ်တွေ အမှန်ကွယ်စေ ဘေးရန်ရှင်းကင်းဝေးမှာ ဂါထာသမ္ဘုဒ္ဓေ။)

**မှတ်ချက်** ။ ။ *၁၉၅၄ ခုနှစ်တွင် ဂီတာတင်အုန်းက ရေးစပ်သီကုံး၍ အဆိုတော် ကိုမြသောင်းက သီဆိုစာတ်ပြားသွင်းခဲ့ပါသည်။ ကလေးများ စိတ်ဝင်စားအောင် ထည့်သွင်းသင်ကြားပေးပါသည်။ သင်တန်းနည်းပြ။* (မာဂဓီ သာစည်)

## သမ္ဘုဒ္ဓေ အကျိုးပြလင်္ကာကြီး

မြတ်သမ္ဘုဒ္ဓေ၊ ဆူဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဥ္စ၊ စီးထလှေမှာ၊ ရှစ်ကြိမ်သာတည့်၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နိုးလော့၊ ချုပ်မိုးညဥ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏၊ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက်သောခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏။ ထိတ်ခတ်နှောင်သွင်း၊ သံခြေချင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏။ ရွတ်လေနှစ်ခေါက်၊ ခရီးရောက်ရာ၊ ခေါင်းမှာပန်စိုက်၊ ရန်ဘေး၌လည်း၊ မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏၊ ခပ်သိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်သာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊ ကောင်းခြင်းထွေထွေ၊ ကောင်းကျိုးဝေသည်၊ သမ္ဘုဒ္ဓေ၏ တန်ခိုးတည်း (အကျိုးတည်း)။

## သမ္ဘုဒ္ဓေအကျိုးပြ သံပေါက်လင်္ကာ

၁။ ကွမ်းကိုဝါးပြန်၊ ခုနစ်တန်၊ မှန်မှန်ရွတ်ကြလေ။ (၇ ခေါက်ရွတ်)
၂။ ခေါင်းလျှော်ခဏ၊ ဆယ်ကြိမ်ပ၊ လှလှရွတ်ကြလေ။ (၁၀ ခေါက်)
၃။ ထမင်းစားသော်၊ သုံးကြိမ်နော်၊ ပျော်ပျော်ရွတ်ကြလေ။ (၃ ခေါက်)
၄။ အုန်းဆီလိမ်းက၊ ငါးကြိမ်ပ၊ ရွှရွှရွတ်ကြလေ။ (၅ခေါက်)
၅။ ရေကြောင်းခရီး၊ ယာဉ်ကိုစီး၊ ရွတ်ပြီးရှစ်ကြိမ်နေ။ (၈ ခေါက်)
၆။ နံ့သာပန်းပန်၊ ကိုးကြိမ်မှန်၊ ဖန်ဖန်ရွတ်ကြလေ။ (၉ ခေါက်)
၇။ အိပ်ရာသို့ဝင်၊ ကိုးကြိမ်ပင်၊ လျှင်လျှင်ရွတ်ကြလေ။ (၉ ခေါက်)
၈။ ရန်သူနှင့်တွေ့၊ ဆယ့်တစ်ဓေ့၊ လွေ့လွေ့ရွတ်ကြလေ။ (၁၁ ခေါက်)

၉။ စစ်တိုက်စစ်ဆင်၊ အောင်စေချင်၊ ကိုးအင်ရွတ်ကြလေ။ (၉ ခေါက်)
၁၀။ သန္ဓေဖွားခက်၊ ရေချိုးခွက်၊ ကိုးချက်မန်းသောက်လေ။ (၉ ခေါက်)
၁၁။ နှောင်သွင်းတိုက်လှောင်၊ ခေါက်တစ်ထောင်၊ ပြောင်ပြောင်ရွတ်ကြလေ။ (၁၀၀၀ ခေါက်)
၁၂။ ခရီးသွားရေး၊ ပန်းမွှေးမွှေး၊ ရွတ်ပေးနှစ်ခေါက်ပေ။ (၂ ခေါက်)
၁၃။ နေ့တိုင်းရွတ်လျှင်၊ ရန်ဘေးစင်၊ လာဘ်ရွှင်ပေါ်များပေ။
၁၄။ တန်ခိုးရှိန်ဝါ၊ ဘုန်းအာဏာ၊ ကျော်ကာထွန်းတောက်ဝေ။
၁၅။ ကောင်းကင်လနှယ်၊ လွန်တင့်တယ်၊ ပေါ်မယ်ချစ်သူတွေ။
၁၆။ သမ္ဗုဒ္ဓေကျိုး၊ အမျိုးမျိုး၊ ကောင်းကျိုးအသချေ်။
၁၇။ ရွတ်ဖတ်ကြရန်၊ အတန်တန်၊ ဖန်ဖန်တိုက်တွန်းပေ။

**အရှင်သုမန ( မွှာစရိယ )**
**မိုးညှင်းသမ္ဗုဒ္ဓေစေတီယကထာ**

## သမ္ဗုဒ္ဓေရွတ်ပွား အကျိုးများ

တန်ခိုးကြီးတဲ့ သမ္ဗုဒ္ဓေ၊ ငါတို့ရွတ်စို့လေ။
ထမင်းစားနေ (၃) ကြိမ်ထား၊ ဆီလိမ်း (၅) ကြိမ် ရွတ်လို့ပွား။
ကွမ်းဝါးပြန်တော့ (၇) ကြိမ်သာ၊ ရေကြောင်းခရီး (၈) ကြိမ်ပါ။
ပန်းပန်နံ့သာလိမ်းသူများ၊ (၉) ကြိမ်ရွတ်လို့ပွား။
သန္ဓေဖွားရေး ခက်ပါလျှင်၊ (၉) ကြိမ်မန်းသောက် မြတ်ရေစင်။
စစ်တိုက်စစ်ဆင် (၉) ကြိမ်ရွတ်၊ အိပ်ရာဝင်လည်း (၉) ကြိမ်မလွတ်။
ခေါင်းလျှော်ဖွတ်တော့ (၁၀) ကြိမ်တော်၊ ရန်သူတွေ့က (၁၁) နော်။
အကျဉ်းကျသော် အမောင်ယောကျ်ား၊ အခေါက်(တစ်ထောင်)ရွတ်လို့ပွား။
ခရီးသွားရင်း (၂) ခေါက်ပါ၊ နေ့တိုင်းရွတ်ကြ ဘေးရန်ကွာ။
ချစ်သူပေါ်ကာ လာဘ်ရွှင်ဆေး၊ ကောင်းကင်လနှယ် တင့်တယ်သေး။
သမ္ဗုဒ္ဓေကို ရွတ်စို့လေး။[?]

**အရှင်ခေမာစာရ**
**(မန်းရေတံခွန်)**

*အပိုင်း (၁)*
*သုံးပါရတနာကြောင်းရာကဏ္ဍ*
*ပြီး၏။*

# အပိုင်း ( ၂ )

# စာရိတ္တကောင်းမွန်ရေးကဗျာ

## ရှင်မဟာသီလဝံသ ဆုံးမစာ

၁။ တိလောကဟု၊ မရနိုင်းတူ၊ ဘက်မပြုသည်၊ သုံးဆူရတနာ၊ မာတာပိတာ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်အမြဲသွတ်။

၂။ ဂယောက်ဂယက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘအားကို၊ နိုးကြားမပြတ်၊ မျက်သစ်ဒန်ပူ၊ လုံ့လကူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖွယ်၊ မတင့်တယ်သော်၊ လှည်းဖယ်မပြတ်၊ တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါ်ငင်ညီညွတ်၊ သွား၍ခပ်။

၆။ ရေခပ်သွားလည်း၊ ကစား၍သာမနေနှင့်။ ကစား၍သာ၊ ရေမှာကြာသော်၊ သဲဒဏ်၊ ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်ကြံလော၊ မင်းတို့ကျော။

၇။ နေ့ညဥ့်နံနက်၊ ကိန်းစက်မွေ့ရာ၊ သင်းဖြူဖျာကို၊ ခင်းကာယူငြား၊ ခေါက်သွင်းထား။

၈။ သင်္ကန်းသပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်များ၊ ပြင်၍ထား။

၉။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျင်လှမ်းယူ၊ ဝတ်သင်္ကန်းကို၊ ချေးစွန်းမူကား၊ နေပူဖြန့်လှန်း၊ သွင်းခေါက်ထား။

၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှူကြီးငယ်ကို၊ လွှဲဖယ်မသွား၊ ယပ်လေခတ်၍ နေထံပါး။

၁၁။ ကိုယ်လက်ဖိန်း၍၊ ကျိန်းစက်သောအခါ၊ တစာစာနှင့်၊ ပျာပျာလောင်လောင်၊ တဟောင်ဟောင်သည်၊ ခေါင်ခေါင်ကြမ်းကို မနင်းနှင့်။

၁၂။ ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တတ်ထို၍မသွားနှင့်။

၁၃။ စားဖွယ်စားရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွတ်၊ ချဉ်း၍ကပ်။

၁၄။ ဘုဉ်းပေးဆိုတန်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကားသည့်နှယ် မမေးနှင့်။

၁၅။ မိဦးဖဦး၊ ဆရာ့ဦးကို၊ ခူး၍အလျင် မစားနှင်။

၁၆။ မိဘ – ဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခ,ယ၊ တောင်းပါကြ။

၁၇။ သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်း၊ ဟင်းဗျတ်ကို၊ ပွတ်တုံညစ်ကြေး၊ မြူမှေးမတင်၊ စင်အောင်ဆေး။

၁၈။ ကျောင်းတွင်အိမ်တွင်၊ မသန့်စင်ဘိ၊ မြင်သည်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထဲသိုငြား၊ ကောင်းကောင်းထား။

၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တစ်ခွန်းခေါ်က၊ ကြားသော်ခဏ၊ ချဉ်းကပ်ကြ။

၂၀။ ကိစ္စရှိငြား၊ သွားသည်များမှာ၊ လျင်လျားခဏ လာပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖျဖျ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

၂၂။ သီတင်းသုံးချင်း၊ ချစ်ဟုန်ပြင်းသည်၊ ပဋ္ဌင်းနှင့်ရှင်၊ ညီတွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ဆရာကိုအဖ မှတ်ပါကြ။

၂၃။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖယ်မသွေနှိမ့်ချလေ။

၂၄။ ရှိသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်သူပေ ဆိုရစေ။

၂၅။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တစ်ထောင့်စကား၊ တဟားဟားသည်၊ ရမ်းကားမိုက်မဲမပြောနှင့်။

၂၆။ လှူဖွယ်ဒါန်းဖွယ်၊ ကြီးငယ်တည်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏ၊ သူ့ခွက်ယောက်ကို၊ မပျောက်စေရ ပေးလိုက်ကြ။

၂၇။ ကွမ်း – ဆေး – မီး – လျှင်၊ ညှော်သည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ။ (ဘုန်းကြီးရဟန်းပယောဂမပါစေရ)။

၂၈။ မင်းသွား၊ ငါသွား၊ ငြင်းခုံပွားလျက်၊ စကားတောက်ဆတ်၊ မဆိုအပ်။

၂၉။ မပြတ်မချာ၊ သူလည်းလာ၍၊ ငါ၏ထံပါး၊ စေစားခံကာနေပါကြ။

၃၀။ ရဟန်းသံဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ ဖျာသင်ဖြူးနှင့်၊ ဦးဦးဖျဖျ၊ ခင်းကုန်ကြ။

၃၁။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တစ်ထွေ၊ တပည့်တွေကို၊ တစ်ပြည်တစ်ရွာ၊ သွားသောခါလည်း၊ ညီညာလျှောက်ပတ်၊ လက်ကတော့ကို၊ ကောင်းကောင်းထိုးကုန်လတ်။

၃၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွမွေ့သိမ်၊ ကြွေနွေ့နှင့်၊ ငြိမ်ငြိမ်နေဘိ၊ မျက်စိမငြိမ်၊ နားမငြိမ်၍၊ ဟိန်ဟဲ့မဆိုရစေနှင့်။

၃၃။ သင်ပုန်းထန်းရွက်၊ ပေထက်စီကာ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှတတ်ပေ။

၃၄။ မပျင်းမရိ၊ လုံ့လရှိ၍ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဥ့်နက်၊ သင်ကျက်သမျှ၊ စစကုန်စေ၊ နေ့ကိုအလွတ် ရွတ်နိုင်စေ။

၃၅။ ရဟန်းမောင်ရှင်၊ သူငယ်သွင်သို့၊ မသင်မရွတ်၊ မဖတ်စာပေ၊ မရေမရာ၊ နေသာကုန်ငြား၊ ရက်သာများအောင်၊ စကားဖောင်ဖွဲ့၊ တဲ့လှည့်ကျယ်ပွား၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍ လည်းမနေနှင့်။

၃၆။ တစ်ယောက်တစ်ခြား၊ စကားမဆို၊ ကိုယ်စီကိုယ်င၊ သင်ပုန်းပေမှာ၊ လက်မကွာအောင်၊ စာရေးကြ။

၃၇။ နားပန်းဆံနှင့်၊ နောက်ဆံလည်းထား၊ ဖြူထွားခေါင်းပေါင်း၊ နားတောင်းဝတ်ကာ၊ ပန်းပန်ကာနှင့် သီကာမြူးရွှင်၊ ရွှေငွေဆင်၍၊ သင်တို့သည့်နှယ် မကျင့်နှင့်။

၃၈။ သင်္ကန်းမှာလည်း၊ ပိန္နဲအပြင်၊ လှစေချင်၍၊ လွင်လွင်ပပ၊ ပြုကြမသင့်၊ နန္ဒင်းဆိုးနှင့်၊ တိမ်းညက်ဆိုးကို မဝတ်နှင့်။

၃၉။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဌ်၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြမြဲထွေ၊ ညီလှစေ။

၄၀။ ရှေးဆရာမွန်၊ ရှင်သီလဝံသ၊ ထေရ်ဂုဏ၏၊ နံ့မျှအကျော်၊ မိန့်တော်နှုတ်ထွက်၊ ဆုံးမချက်ကို သက်သက်သာသာ၊ ပါဌ်ဂါထာနှင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှသည်ကြောင့်၊ ရမည်မှန်စွာ၊ လွယ်ပါစေကြောင်း၊ စိတ်ဖြင့်ကြံ၍၊ ဉာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်း ကျက်မှတ်ကြလေကုန်။

၄၁။ ဗဟုသုတ၊ တတ်ပချင်လျှင်၊ သင်သာခိုက်ကို သင်လိုက်ကြ။

၄၂။ သို့ပင်တစေ၊ မနေရသာ၊ ကျောင်းကခွာသော်၊ နောင်ခါနောင်တ၊ ရှိတတ်စွ။

၄၃။ အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာနေကျိုး၊ နပ်မည်ပ။

၄၄။ ဆုံးမစကား၊ ဆိုသည်များကို မှတ်သားဝမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်၊ ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်ကြံလော၊ မင်းတို့ကျော။

၄၅။ ယခုအခါ၊ သာသနာမူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏။ လူမှသာမဏေ၊ ဖြစ်ပေမြတ်ခြင်း၊ ပဥ္စင်းသံဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိပဟု၊ သိကြပါစေ၊ သည့်ထက်သည်သာ၊ မြတ်ရာကိုသာ၊ လှမ်းပါလေ။

၄၆။ ရှင်သီလဝံသ၊ ထေရ်ဂုဏ၏၊ ဆုံးမစကား၊ မနာကြားက၊ လားလိမ့်ပါယ်ရပ်ရွာ။

၄၇။ ပစ္စုပ္ပန္န၊ ခဘာဝ၊ နေရကိုယ်ထီးသာ။

၄၈။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

၄၉။ နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ။

၅၀။ မျက်နှာညှိုးပါး၊ လူ့ငနွား၊ အများစေစားရာ။

၅၁။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၅၂။ ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစာစာ။

၅၃။ ဘယ်ငှာကိုယ်မှ၊ စွဲမရ၊ တလွှရွံ့ဖွယ်သာ။

၅၄။ ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ ချေးရသူ့ဥစ္စာ။

၅၅။ ရကာသော်ကား၊ ငတောင်းစား၊ ရှောင်ရှားနေလေပါ။

၅၆။ တောမှာပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေ့ရပ်ဝေးစွာ။

၅၇။ ရပ်ရွာတစ်ပါး၊ ရောက်တုံငြား၊ လားလားမလုပ်ပါ။

၅၈။ ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုင်ငင်ထိုးတွန်းကာ။

၅၉။ ကြင်နာရိပ္ပပ်၊ တလျှပ်လျှပ်၊ ရက်ပြတ်တော်ဖို့ပါ။

၆၀။ ရာဖွေချေးငှား၊ မရငြား၊ သွား၍ ခိုးလေပါ။

၆၁။ ခိုးမိပါလေ၊ ထိုးခုတ်သေ၊ ကျလေ ပါယ်ရပ်ရွာ။

၆၂။ ဤစာရွှေကျမ်း၊ ဆုံးမခန်း၊ ရဟန်းလူရှင်၊ လွန်ကြည်လင်၊ ထင်လိမ့်ယခုခါ။

၆၃။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။

၆၄။ လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့်များဂုဏ်အင်၊

၆၅။ သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်မွန်အများထင်။

၆၆။ ရှင်လူအများ၊ လွန်ခန့်ညား၊ သိကြားနတ်အသွင်။

၆၇။ ရွှင်ရွှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မနွမ်းမျက်နှာမြင်။

၆၈။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။

၆၉။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့်လွန်ပေါ်ထင်။

၇၀။ ရပ်ခွင်တစ်ပါး၊ ပြောင်းလည်းသွား၊ ဖိုးများကျောက်အသွင်။

၇၁။ ကောင်းကင်မိုးဝ၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။

၇၂။ သံသရာဘဝ၊ ပြောင်းလှည့်ကြ၊ ဒေဝနတ်ဘုံတွင်။

၇၃။ များဖြင်နတ်ပေါင်း၊ ရံသိန်းသောင်း၊ လောင်းတော်နတ်အသွင်။

၇၄။ ပဥ္စင်ငါးမည်၊ နတ်တို့စည်၊ မည်သည်မဆုံးအင်။

၇၅။ ဒေဝကညာ၊ ဆင်းကလျာ၊ ရလှာပတ်ကုံးအင်။

၇၆။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။

၇၇။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရမချွတ်ပင်။

၇၈။ ပဥ္စင်းညီနောင်၊ လူနတ်မြှောင်၊ အောင်လိမ့်နိဗ္ဗာန်ခွင်။

၇၉။ ပြီးပေစသတ်၊ ဆုံးမအပ်သည်၊ ကျမ်းမြတ်လင်္ကာ၊ ထေရ်မဟာလျှင်၊ မိန့်မှာသည့်တိုင်း၊ အားသံလှိုင်း၍၊ နေ့တိုင်းလုံ့လ၊ ထုတ်ကောင်းကြသည်၊ များလှဖြာဖြာ၊ သိသာတပည့်၊ မမေ့စေရ၊ နှုတ်ထဲကလျှင်၊ ထုတ်ပြသေချာ၊ အရာရာကို စိတ်မှာမှတ်ထား၊ ယူတုံငြားမှ၊ မခြားနိဗ္ဗူ မှာကမ်းငှူသို့၊ လွယ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်၊ အပေါင်းသိဿ၊ မှတ်ကုန်ကြ။

*ရှင်မဟာသီလဝံသ ဆုံးမစာပြီး၏။*

## အကျိုး နှင့် ကံ ဝေဖန်တတ်ဖို့လို

ဥပါသကာသည် ၁–ရတနာသုံးပါးကို ကိုးကွယ်ခြင်း၊ ၂–ငါးပါးသီလ လုံခြုံခြင်း၊ ၃–အသက်မွေးဝမ်းကျောင်းအတွက် မိစ္ဆာဇီဝကိုရှောင်၍ သမ္မာအာဇီဝဖြစ်အောင် ကြိုးစားခြင်း၊ ဤသုံးပါးနှင့် ပြည့်စုံပြီးသောအခါ ကံကောင်းကံဆိုး အမျိုးမျိုးကို ခွဲခြားဝေဖန်တတ်ဖို့ရာလည်းကောင်း၊ ထိုကံများ၏ ကောင်းကျိုးမကောင်းကျိုးပေးပုံကို ခွဲခြားဝေဖန်တတ်ဖို့ရာလည်းကောင်း ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ဖတ်ရသည်၊ ကြားနာမှတ်သားရသည်။

## မိစ္ဆာဒိဋ္ဌိ၏ အယူမှား ဆယ်မျိုး

### ၁။ နတ္ထိဒိန္နံ

လှူခြင်း၏ အကျိုးမရှိ၊ (ယခုဘဝ၌ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကြောင့် နောက်နောက်ဘဝ၌ ကောင်းကျိုးမရနိုင်။)

### ၂။ နတ္ထိ ယိဋ္ဌံ

အကြီးအကျယ် ယဇ်ပူဇော်ခြင်း၏ အကျိုးမရှိ၊ (ခနရှင်ဖြစ်၍ အကြီးအကျယ် အလှူပေးခြင်းကို "ယဇ်ကြီးပူဇော်ခြင်း" ဟု ခေါ်၏။ ထိုသို့ ပူဇော်ခြင်းကြောင့် နောက်နောက်ဘဝ၌ အကျိုးမရှိ။)

## ၃။ နတ္ထိ ဟုတံ

ယဇ်ငယ်ပူဇော်ခြင်း၏ အကျိုးမရှိ၊ (လက်ဆောင်ပေးခြင်း၊ ဧည့်သည်အား ဧည့်ဝတ်ပြုခြင်းကဲ့သို့ အနည်းငယ်ပူဇော်ခြင်းကို ဆိုသည်။ ထိုပူဇော်ခြင်းကြောင့်လည်း နောက်နောက်ဘဝ၌ အကျိုးမရှိ။)

## ၄။ နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော

ကောင်းစွာပြုအပ် မကောင်းသဖြင့်ပြုအပ်သော ကံတို့၏အကျိုးရင်း၊ အကျိုးဆက်မရှိ၊ (သုစရိုက်ဆယ်ပါး၊ ပုညကြိယဝတ္ထုဆယ်ပါးကို "သုကတကမ္မ=ကောင်းမှု"၊ ဒုစရိုက်ဆယ်ပါးကို "ဒုက္ကဋကမ္မ= မကောင်းမှု" ဟု ခေါ်၏။ ထိုကံတို့၏ တိုက်ရိုက်ပေးနိုင်သော အကျိုးဖလ၊ ဆက်သွယ်၍ပေးနိုင်သော အကျိုးဝိပါကလည်းမရှိ။)

## ၅။ နတ္ထိ အယံ လောကော

ဤလောက ဤဘဝမရှိ၊ (တစ်ခြားဘဝရှိမှ "ဤဘဝ" ဟု ခေါ်နိုင်ရကား တစ်ခြားဘဝ မရှိသောကြောင့် "ဤဘဝ" ဟု ခေါ်စရာလည်း မရှိ၊ "ဘဝ" ဆိုသည်မှာ တစ်ခုသာရှိ၏။ ထိုတစ်ခုဆုံးလျှင် နောက်ထပ်ဘဝ မရှိတော့ဟု ဆိုလိုသည်။

## ၆။ နတ္ထိ ပရော လောကော

အခြားဘဝမရှိ၊ (ဤလူ့ဘဝအပြင် တစ်ခြားဘဝတစ်မျိုးမရှိ၊ ဤ လူ့ဘဝ၏ နောက်၌လည်း ဘဝတစ်ရပ် နောက်ထပ်ဖြစ်စရာမရှိ၊ ဤဘဝဆုံးလျှင် ပြတ်တော့၏ဟု ဆိုလိုသည်။)

## ၇။ နတ္ထိ မာတာ

အမိမရှိ။ (မွေးသောမိခင် ရှိမှန်းသိ၏။ သို့သော် ထိုမိခင်၌ သားသမီးဝတ်ကျေအောင် ပြုစုသော်လည်း နောက်နောက်ဘဝ၌ အကျိုးမရှိဟု ဆိုလိုသည်။)

## ၈။ နတ္ထိ ပိတာ

အဘမရှိ။ (အဖေရှိမှန်းသိ၏။ သို့သော် ထိုအဖေ၌ ဝတ်ကျေအောင် ပြုစုသော်လည်း နောက်နောက် ဘဝ၌ အကျိုးမရှိဟုဆိုလိုသည်။)

## ၉။ နတ္ထိ သတ္တာ ဩပပါတိကာ

တစ်ခြားဘဝ၌သေပြီး၍ ဤဘဝ၌ ဖြစ်လာနိုင်သော သတ္တဝါမရှိ၊ (ဖြစ်ရာဘဝ၌ တစ်ကြိမ်သာဖြစ်၍ နောက်ထပ်မဖြစ်နိုင်ဘဲ ပြတ်စဲသောကြောင့် အခြားဘဝမှ ဤဘဝသို့ ရောက်လာနိုင်သူမရှိဟု ဆိုလိုသည်။)

၁၀။ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဥ္စလောကံ ပရဥ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။

ဤဘဝ နောက်ဘဝကို ကိုယ်တိုင်သိ၍ (မျက်စိအောက် ရောက်နေ သကဲ့သို့ မျက်မှောက်ပြု၍) သူတစ်ပါးတို့ကို တစ်ဆင့်သိဖို့ ဟောပြောနိုင်လောက်အောင် ကောင်းစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော ရဟန်းဆိုသူ ပုဏ္ဏားဆိုသူများ လောက၌ မရှိကြ။

**(တိကအင်္ဂုတ္တိုရ်၊ တတိယပံ၊ အာပါယိကဝဂ်။)**

**အချုပ်** ။ ။ *ဤမိစ္ဆာဒိဋ္ဌိ၏ ယူပုံဆယ်ပါးကို ခြုံ၍စဉ်းစားလျှင် "နောက်ဘဝမရှိ" ဟူသော အယူနှင့် "အလုံးစုံကို အကုန်သိသော ဘုရားမရှိ" ဟူသော အယူသာ အချုပ်အချာဖြစ်၏။ "နတ္ထိဒိန္နံ – လှူခြင်းကြောင့် အကျိုးမရှိ" စသောအယူတို့မှာ ထိုနှစ်မျိုး၏အကျယ် အဓိပ္ပာယ်သာတည်း။*

## သမ္မာဒိဋ္ဌိ

"သတ္တဝါ" ဟူသမျှသည် တစ်ဘဝ၌ ပြတ်စဲ၍မသွား၊ နောက်နောက်ဘဝ၌ ဆက်ကာဆက်ကာ (ရဟန္တာမဖြစ်သေးသမျှ) ဖြစ်ရသေး၏။ ထိုသို့ဖြစ်ရာ၌ မိမိပြုအပ်ပြီးသောကံကြောင့်သာဖြစ်ရ၏။ မည်သူမျှ ဖန်ဆင်း၍မပေးနိုင်ဟူသော အယူကို "သမ္မာဒိဋ္ဌိ မှန်သောအယူ" ဟု ခေါ်၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိက "နတ္ထိ – မရှိ" ဟု ယူသမျှ၌ သမ္မာဒိဋ္ဌိက "အတ္ထိ – ရှိ၏" ဟု ယူသည်။ ထို့ကြောင့် နတ္ထိနေရာ၌ အတ္ထိကို သွင်း၍ "အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ" စသည်ဖြင့် သမ္မာဒိဋ္ဌိဆယ်မျိုးကိုလည်း မှတ်ပါ။

## အယူမှားခြင်း၏အပြစ်

ကံနှင့် ကံ၏အကျိုးကို ခွဲခြားဝေဖန်၍ မသိတတ်သူသည် မကောင်းသောအမှုကိုလည်း အကောင်းထင်တတ်၏။ ကောင်းသောအမှုကိုလည်း မကောင်းထင်တတ်၏။ ထိုသို့ အထင်မှားမှု အယူလွဲမှုကို မိစ္ဆာဒိဋ္ဌိဟုခေါ်၏။ ထိုမိစ္ဆာဒိဋ္ဌိသည် သာမန်အပြစ်မဟုတ်ပါ။ မိမိအတွက် ဘဝအဆက်ဆက် နစ်နာစေနိုင်သော အပြစ်ကြီးဖြစ်ပါသည်။ အောက်ပါတရားတော်ကို ဖတ်ပါ။

ဘိက္ခုတို့ အယူမှားခြင်းဟူသော မိစ္ဆာဒိဋ္ဌိလောက် မဖြစ်သေးသော အကုသိုလ်ကို ဖြစ်စေနိုင်သော တရား၊ ဖြစ်ပြီးသော အကုသိုလ်ကို တိုးပွားစေနိုင်သော တရားကို ငါဘုရားမြင်တော်မမူ။

ဘိက္ခုတို့ မိစ္ဆာအယူရှိသူ၏ ထိုမိစ္ဆာအယူနှင့်စပ်၍ ပြုအပ်သမျှ ကိုယ်မှုနှုတ်မှု စိတ်မှုသည်လည်းကောင်း၊ ထိုအမှုတို့ကိုပြုရာဝယ် အရင်းခံစေတနာသည်လည်းကောင်း၊ ထိုစေတနာအလျောက် တောင့်

တမှု ဆုတောင်းမှုသည်လည်းကောင်း၊ ထိုတောင့်တမှု ဆုတောင်းမှုအားလျော်စွာ စိတ်နေစိတ်ထားသည်လည်းကောင်း၊ ထိုစိတ်နှင့်အတူဖြစ်ကြသော စေတသိက်များသည်လည်းကောင်း (ထိုအားလုံးပင်) နောက်နောင်အခါ မကောင်းသောအကျိုး ဆင်းရဲသောအကျိုးကို ရဖို့ရာသာဖြစ်ကြလေသည်။

ဥပမာ – တမာစေ့ ခဝဲခါးစေ့ ဘူးခါးစေ့သည် စိုသောမြေ၌ စိုက်ပျိုးချထားအပ်သောအခါ မြေ၏အဆီဩဇာ၊ ရေ၏အဆီဩဇာကို စုပ်ယူ၏။ ထိုစုပ်ယူအပ်သမျှ မြေဆီရေဆီသည် ခါးသောအကျိုးကိုသာ ဖြစ်စေသကဲ့သို့တည်း။ (အယူအဆမှားနေခြင်းသည် အခါးစေ့နှင့်တူ၏။ အယူအဆမှားခြင်းဟူသော မိစ္ဆာဒိဋ္ဌိကြောင့် ဒိဋ္ဌိနှင့်ဖြစ်သော စေတနာ စသောတရားတို့ မကောင်းကျိုးပေးရခြင်းသည် အခါးစေ့ကြောင့် မြေဆီရေဆီတို့၏ အခါးအကျိုးကို ပေးရခြင်းနှင့်တူ၏။ ကေအင်္ဂုတ္တိုရ်၊ ကေဧမ္ဗဝဂ်၊ မိစ္ဆာဒိဋ္ဌိသုတ်) ဤတရားတော်အရ အယူမှားယွင်းသော မိစ္ဆာဒိဋ္ဌိသည် သာမန်အပြစ်မဟုတ်၊ ဘဝအဆက်ဆက် နစ်နာစေနိုင်သော အပြစ်ကြီးဖြစ်ကြောင်းကို သိပါ။

## အယူမှန်ခြင်း၏အကျိုး

အယူမှန်ခြင်းကို သမ္မာဒိဋ္ဌိဟု ခေါ်၏။ ထိုသမ္မာဒိဋ္ဌိကား မိမိကို အခြေခံ၍ ပြုအပ်သမျှ ကိုယ်မှုနှုတ်မှု စိတ်မှုကိုလည်းကောင်း၊ ထိုအမှုကို ပြုရာဝယ် အရင်းခံစေတနာကိုလည်းကောင်း၊ ထိုစေတနာကို အကြောင်းပြု၍ တောင့်တမှု ဆုတောင်းမှုကိုလည်းကောင်း၊ ထိုတောင့်တမှု ဆုတောင်းမှု အားလျော်စွာ စိတ်အနေအထားကိုလည်းကောင်း၊ ထိုစိတ် ထိုအယူနှင့်အတူ ဖြစ်ကြသော စေတသိက်အများကိုလည်းကောင်း၊ မှန်မှန်ကန်ကန်ဖြစ်စေနိုင်ရကား မိမိအတွက် ဘဝအဆက်ဆက်၌ ကောင်းကျိုးချမ်းသာရဖို့ရာသာ ဖြစ်လေသည်။

ဥပမာ – သရက်ချိုစေ့ သလေးမျိုးစေ့ စပျစ်စေ့ကို စိုသောမြေ၌ ချထားလိုက်လျှင် ထိုအစေ့သည် မြေဆီရေဆီကို စုပ်ယူ၏။ ထိုစုပ်ယူအပ်သမျှသော အဆီသည် ချိုဆိမ့်သော အသီးကိုသာ ဖြစ်စေသကဲ့သို့တည်း။ (သမ္မာဒိဋ္ဌိသည် အချိုမျိုးစေ့နှင့်တူ၏။ သမ္မာဒိဋ္ဌိနှင့် အတူဖြစ်သော စေတနာ စသည်တို့၏ ကောင်းကျိုးချမ်းသာကို ဖြစ်စေခြင်းသည် မြေဆီရေဆီတို့၏ ကောင်းသောအရသာကို ဖြစ်စေရခြင်းနှင့်တူ၏။)

**(ကေအင်္ဂုတ္တိုရ်၊ ကေဧမ္ဗဝဂ်၊ သမ္မာဒိဋ္ဌိသုတ်)**

## ကြောင်းကျိုးတူပုံ

ကောင်းသောမျိုးစေ့သည် ကောင်းသော ချိုဆိမ့်သော အသီးကိုသာ သီးစေ၍ မကောင်းသော ခါးသောမျိုးစေ့သည် အခါးသီးကိုသာ သီးစေသကဲ့သို့၊ ကောင်းသောကံသည် ကောင်းကျိုးကိုဆောင်၍ မကောင်းသောကံကား မကောင်းကျိုးကို ဆောင်မည့်အကြောင်းကို ကောင်းကောင်းနားလည်သော ဥပါသကာ ကောင်းဖြစ်ဖို့ရန် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို တော်တော်များများပြပါမည်။

**ဆောင်** ။ ။ *ခါးသောအမျိုး၊ စိုက်ကြဲပျိုးလျှင်၊ အကျိုးပြီးစီး၊ အခါးသီးသို့၊ ကိုယ်ထည်းစိတ်၌၊ အကုသိုလ်စိုက်သော်၊ နောက်လိုက်အကျိုး၊ မကောင်းဆိုးတည်း၊ အချိုမျိုးစေ့၊ စိုက်ပျိုးလေ့က၊ မရွေ့အပြီး၊ အချိုသီးသို့၊ ထိုနည်းပုည၊ စိုက်ပျိုးကမူ၊ မုချမသွေ၊ ကောင်းကျိုးဝေမည်၊ ပျိုးစေလူပေါင်း မျိုးစေ့ကောင်း။*

**(ဓမ္မပဒ)**

### အရှုံးအမြတ်

"ပရလောကရှိ၏" ဟု ယူသူတို့သည် ပရလောက၌ ဖြစ်ရဦးမည်ကို တွေး၍ ဤဘဝ၌ ကောင်းသောအလုပ်ကိုလုပ်၏။ ထို့ကြောင့် လူကောင်းတစ်ယောက်ဖြစ်နိုင်၏။ "ပရလောကမရှိ" ဟု ယူသူကား ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိအကျိုးရှိလျှင် လုပ်မည်ဖြစ်၍ ဤဘဝမှာပင် ယုံကြည်စိတ်ချဖို့ မရှိသော လူတစ်ယောက်ဖြစ်နိုင်၏။ အကယ်၍ ပရလောကရှိလျှင် လူကောင်းဖြစ်သူမှာ ကောင်းရာဘဝ ရောက်ဖို့သာရှိ၏။ မကောင်းသူကား အပါယ်ဘဝသို့ သွားရဖို့ဖြစ်နေ၏။ ထို့ကြောင့် "ပရလောကမရှိ" ဟု ယူသူသည် ဘဝနှစ်ဘက်လုံး အရှုံးထွက်၍ "ပရလောကရှိ" ဟု ယူသူကား ဘဝနှစ်ဘက်လုံး အကောင်းထွက်၊ အမြတ်ထွက်နိုင်ပေသည်။

## ရုပ်နာမ်အခွဲ

### ရုပ်ခန္ဓာ

အများမျက်စိဖြင့်မြင်လျှင် သိနိုင်လောက်အောင် အထင်အရှား ဖောက်ပြန်တတ်၊ ပြောင်းလွဲတတ်သော တရားကို ပါဠိလို "ရူပ"၊ မြန်မာလို "ရုပ်" ဟုခေါ်၏။ ဤကိုယ်ကြီးလည်း ရုပ်ခန္ဓာတွေ စုပေါင်းနေသော အရာဝတ္ထုသာတည်း။ ထို့ကြောင့် ဤခန္ဓာကိုယ်ရုပ်အစုသည် အအေးမိလျှင်လည်း နဂိုအတိုင်းမှ ပြောင်းလွဲ၍ အအေးဖျားဖျားသော ရုပ်တွေဖြစ်၏။ အပူမိလျှင်လည်း အအေးရုပ်မှ ပြောင်းလွဲ၍ အပူဖျား ဖျားသော ရုပ်တွေဖြစ်၏။ မှက် စသည်ကိုက်လျှင်လည်းကောင်း၊ နေပူ လေပူမိလျှင်လည်းကောင်း၊ ဖောက်ပြန်ပြောင်းလွဲ၍ အဖုအပိမ့် စသည်ဖြစ်၏။ ဤသို့ အများသိအောင် ထင်ထင်ရှားရှား ဖောက်ပြန်တတ်သောကြောင့် "ရူပ – ရုပ်" ဟု ခေါ်ရသည်။

### နာမ်ခန္ဓာလေးပါး

ထိုထိုအာရုံသို့ ညွတ်တတ်သော (အာရုံကို ယူတတ်သော) တရားကို ပါဠိလို "နာမ"၊ မြန်မာလို "နာမ်" ဟု ခေါ်၏။ စိတ်သည် အာရုံမရှိဘဲမဖြစ်နိုင်၊ အမြဲ အာရုံတစ်ခုခုသို့ညွတ်နေ၏။ "ညွတ်" ဆိုသည်ကား အာရုံကိုယူခြင်းတည်း။ စိတ်က အာရုံသို့ညွတ်နေလျှင် စိတ်၏နောက်လိုက်ဖြစ်သော စေတသိက်

များလည်း ညွတ်နေတော့၏။ ထို့ကြောင့် သိမှုသဘောအစု=ဝိညာဏက္ခန္ဓာနှင့် နောက်လိုက်ဖြစ်သော ခံစားမှုသဘောအစု=ဝေဒနက္ခန္ဓာ၊ မှတ်သားမှု သဘောအစု=သညာက္ခန္ဓာ၊ ပြုပြင်မှုသဘော အစု=သင်္ခါရက္ခန္ဓာတို့ကို "နာမ်ခန္ဓာ" ဟု ခေါ်သည်။ ဤသို့လျှင် ဤကိုယ်၌ အချုပ်အားဖြင့် ရုပ်ခန္ဓာ နာမ်ခန္ဓာ (ရုပ်နှင့်နာမ်) နှစ်မျိုးသာရှိသည်။

## အကျိုးနှင့်အကန်း

ငကျိုးနှင့်ငကန်း မသန်မစွမ်းသူနှစ်ယောက်သည် ဇရပ်တစ်ခု၌နေကြစဉ် အတော်ဝေးသောနေရာ၌ ထမင်းကျွေးသော အလှူရုံရှိသည်ဟု ကြားရ၏။ ထိုအရပ်သို့သွားဖို့ရာ တစ်ယောက်ချင်း မဖြစ်နိုင်သောကြောင့် သူတို့နှစ်ယောက် တိုင်ပင်သောအခါ ကိုယ်စွမ်းသောတာဝန်ကို ကိုယ်ထမ်း၍ ပူးပေါင်းသွားဖို့ ဆုံးဖြတ်ကြ၏။ ထို့နောက် ငကန်းက ငကျိုးကိုထမ်း၏။ ငကျိုးက ငကန်း၏ လည်ကုပ်ပေါ်၌ ခွထိုင်၍ "ဝဲဘက် သွားလိုက်ပါ၊ ယာဘက်သွားလိုက်ပါ၊ ချိုင့်ရှိတယ်၊ စမ်း၍ဆင်းပါ၊ ကုန်းရှိတယ်၊ ဖြည်းဖြည်းတက်ပါ" ဤသို့ ပြော၍ ငကန်း၏ဦးခေါင်းကိုကိုင်ကာ လက်ဖြင့်လည်း အချက်ပေး၏။ သူတို့နှစ်ယောက်တွင် တစ်ယောက်ယောက်က တာဝန်မကျေလျှင် နှစ်ယောက်လုံး မသက်သာချေ။ မတော်တဆ ငကန်းလဲလျှင် ငကန်းလည်း ကျိုး၍ ငကျိုးလည်း ထပ်၍ကျိုးဖို့သာရှိတော့၏။ ထို့ကြောင့် သူတို့နှစ်ယောက် အလွန်ဂရုစိုက်စွာ တာဝန်ကျေအောင် ရွက်ဆောင်ခြင်းအားဖြင့် အလှူရုံသို့ရောက်သွား၍ ချမ်းသာသုခရရှိကြပေသည်။

## ရုပ်အကန်း နာမ်အကျိုး

ရုပ်ခန္ဓာသည် အကန်းနှင့်တူ၏။ ဘာကိုမျှမသိတတ်၊ (မမြင် မကြား မနံ မထိ အရသာကို မသိတတ်)၊ နာမ်ခန္ဓာလေးပါးသည် သိတတ်သော်လည်း သူ့ချည်းမသိနိုင်၊ မြင်သိ–သိသောစိတ်သည် စက္ခုပသာဒရုပ်ကို မှီရမှသိနိုင်၏။ ကြားသိ–သိသောစိတ် စသည်တို့လည်း ထို့အတူပင်၊ ဆိုင်ရာရုပ်တစ်ခုခုကို မှီရမှသိနိုင်ကြ၏။ ထို့ကြောင့် နာမ်ခန္ဓာလေးပါးသည် အကျိုးနှင့်တူ၏။ ယခုအခါ ထိုထို ကိုယ်မှု နှုတ်မှု စိတ်မှု ဟူသမျှသည် ရုပ်ချည်းလည်းမဖြစ်နိုင်၊ နာမ်ချည်းလည်းမဖြစ်နိုင်၊ ရုပ်နှင့်နာမ်ပူးပေါင်း၍ အကြောင်းညီညွတ်မှသာ ဖြစ်နိုင်ကြပေသည်။

## စိတ်သာပဓာန

ရုပ်နှင့်နာမ်နှစ်ပါးတို့တွင် ရုပ် (ကိုယ်) ခန္ဓာကြီးသည် အိမ်နှင့်တူ၏။ နာမ်ခန္ဓာလေးပါးကား ထိုအိမ်၌ နေသူများနှင့်တူ၏။ ထို နာမ်ခန္ဓာလေးပါးတွင်လည်း "စိတ်" ဟူသော ဝိညာဏက္ခန္ဓာသည် အုပ်ချုပ်သော အိမ်ရှင်ကဲ့သို့ အချုပ်အခြာဖြစ်၏။ စိတ်ကို ကောင်းအောင်ထားတတ်သူမှာ ထိုစိတ်အလိုအတိုင်း နာမ်ခန္ဓာသုံးပါးလည်း လိုက်ရသောကြောင့် နာမ်ခန္ဓာအားလုံး အကောင်းချည်းဖြစ်၏။ စိတ်နှင့်တကွ နာမ်ခန္ဓာ

အားလုံး ကောင်းနေလျှင် ရုပ်ခန္ဓာလည်း ရှိုးသားသောရုပ်၊ ဖြူစင်ဖြောင့်မတ်သော ရုပ်များဖြစ်၏။ ထို့ကြောင့် စိတ်ကောင်းလျှင် ကာယကံ (ကိုယ်အမှု) လည်း ကောင်း၏။ ဝစီကံ (နှုတ်အမှု) လည်း ကောင်း၏ ကိုယ်နှုတ်မပါဘဲ စိတ်သက်သက်ဖြင့် ကြံစည်ရသော မနောကံ (စိတ်အမှု) လည်း ကောင်း၏။ ထို့ကြောင့် ရုပ်ရောနာမ်ရော တစ်ကိုယ်လုံး အကောင်းဖြစ်ဖို့ရာ စိတ်ကောင်းထားဖို့ ကြိုးစားကြရသည်။

**တရားတော်**

ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော နာမ်ခန္ဓာတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကြကုန်၏။ စိတ်သာလျှင် လှုံ့ဆော်ပေးမည့် တရားရှိကုန်၏။ စိတ်ကြောင့်သာဖြစ်ကြရကုန်၏။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ စသည်တို့ကြောင့် ပျက်စီးနေသော မကောင်းစိတ်ဖြင့် ပြောလျှင်လည်းကောင်း၊ ပြုလျှင်လည်းကောင်း၊ ကြံလျှင်လည်းကောင်း ထိုသူ့နောက်သို့ ဒုက္ခသည် အခွင့်သာလျှင်ဖြစ်ဖို့ရာ လိုက်ပါနေ၏။ ဥပမာ လှည်းဝန်ကို ဆောင်ယူ၍သွားနေသော ဝန်ဆောင်နွား၏နောက်သို့ လှည်းဘီးပါနေသကဲ့သို့တည်း။

**(ဓမ္မပဒပါဠိတော်)**

**တရားတော်**

ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော နာမ်ခန္ဓာတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကြကုန်၏။ စိတ်သာလျှင် လှုံ့ဆော်ပေးမည့် တရားရှိကြကုန်၏။ စိတ်ကြောင့်သာဖြစ်ကြရကုန်၏။ အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ စသည်တို့ကြောင့် ကြည်လင်နေသော စိတ်ကောင်းဖြင့် ပြောဆိုလျှင်လည်းကောင်း၊ ပြုလုပ်လျှင်လည်းကောင်း၊ ကြံစည်လျှင်လည်းကောင်း၊ ထိုသူ့နောက်သို့ သုခသည် အစဉ်လိုက်ပါနေ၏။ ဥပမာ ခရီးသွားသူ၏နောက်သို့ လူ၏အရိပ်သည် လိုက်ပါနေသကဲ့သို့တည်း။

**(ဓမ္မပဒပါဠိတော်)**

# ကံဆိုတာ ဘယ်ဟာလဲ

ဓမ္မပဒတရားတော်နှစ်ပုဒ်ဝယ် "ဒုက္ခသည်လည်းကောင်း၊ သုခသည်လည်းကောင်း၊ လိုက်ပါနေသည်" ဟု ဟောတော်မူရာ၌ ဒုက္ခပေးမည့် အကုသိုလ်ကံ လိုက်ပါနေသည်ကို "ဒုက္ခလိုက်နေသည်" ဟုလည်းကောင်း၊ သုခပေးမည့် ကုသိုလ်ကံ လိုက်ပါနေသည်ကို "သုခလိုက်ပါနေသည်" ဟု လည်းကောင်း ဟောတော်မူလိုသည်။ ထိုသို့ ဟောတော်မူလိုလျှင် "ကံ" ဆိုသောတရားသည် "အဘယ်တရားနည်း" ဟု မေးဖွယ်ရှိ၏။ အဖြေကား ကံဟူသည် ကုသိုလ် အကုသိုလ်စိတ်၌ ယှဉ်လျက်ပါသော စေတနာစေတသိက်တည်း။ စိတ်ကခေါင်းဆောင်၍ ကုသိုလ်အကုသိုလ်ပြုသော်လည်း တကယ်အလုပ်လုပ်သော တရားသည်

စေတသိက်အများတွင် စေတနာစေတသိက်တည်း။ ကောင်းမှု မကောင်းမှုပြုသမျှ၌ စေတနာညံ့လျှင် ထိုအမှုလည်း သေးငယ်၏။ စေတနာထက်သန်လျှင် ထိုအမှုလည်း ကြီးကျယ်၏။ စေတနာသည် မိမိတာဝန်ကိုလည်း ဆောင်၏။ အခြားတရားတို့ကိုလည်း ဆိုင်ရာတာဝန်ကို ဆောင်ဖို့ လှုံ့ဆော်၏။ ဤသို့လျှင် အလုပ်တစ်ခုခုလုပ်ရာ၌ စေတနာ၏သတ္တိသည် အားကြီးရကား ထိုစေတနာကိုပင် "ကံ – အလုပ်ရှင်၊ အမှုသည်" ဟု အသိအမှတ်ပြုရသည်။ (စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ – ရဟန်းတို့ စေတနာကို ကံဟု ငါဘုရားမိန့်တော်မူသည်။)

## ကံ၏သတ္တိလိုက်ပါနေပုံ

"ကံ သည် ကုသိုလ်အကုသိုလ် စေတနာစေတသိက်ဖြစ်လျှင် အခြားနာမ်တရားတို့ကဲ့သို့ ဖြစ်ပြီးလျှင် ချက်ခြင်းချုပ်သွားသည် မဟုတ်လော၊ အဘယ်သို့ လိုက်ပါနေသနည်း" ဟု မေးဖွယ်ရှိ၏။ အဖြေကား ကံဟုခေါ်အပ်သော စေတနာသည် ဖြစ်ပြီးလျှင် ချက်ခြင်းချုပ်သော်လည်း ကံ၏သတ္တိကား ကျန်ရစ်၏။ ထိုကျန်ရစ်သော သတ္တိသည် အကျိုးပေးဖို့ရန် အစွမ်းမကုန်သေးသမျှ အမြဲလိုက်ပါ၍နေသည်။ ထင်ရှားစေအံ့၊ လူတစ်ယောက်သည် ကလေးဘဝ၌ သူငယ်တန်းမှစ၍ ပညာသင်၏။ ထိုသူငယ်သည် အတန်းအဆင့်တက်၍ နောက်ဆုံး အတန်းထိအောင်သင်၏။ ထိုသူငယ်၏ ရှေးရှေးအတန်း၌ သင်ခဲ့သောစာတွေကို တချို့မှာ သူကိုယ်တိုင် သတိမရသော်လည်း သင်ယူအပ်ပြီးသော ပညာ၏ အသိဉာဏ်သတ္တိကား သူ၏သန္တာန်၌ လိုက်ပါနေသည်သာ။ ထို့ကြောင့် တစ်တန်းထက် တစ်တန်းတက်ရာ၌ အသိဉာဏ်လည်း အဆင့်ဆင့်ကြီးထွားလျက်လာလေသည်။ ထို့အတူ ကံတရားသည် ဖြစ်ပြီး၍ ချုပ်သွားသော်လည်း ထိုကံ၏သတ္တိကား ကံပြုသူ၏ သန္တာန်၌ ကျန်ရှိရစ်သည်သာ။ ထို့ကြောင့် အကြောင်းညီညွတ်သောအခါ ထိုသူ၏ကံသည် ထိုသူ့သန္တာန်မှာ အကျိုးကိုဖြစ်စေရသည်။

## ဥပမာတစ်နည်းကား

လူတစ်ယောက်အား ငယ်စဉ်က ကျန်းမာရေးဆေးအစာတို့ကို လူကြီးများက ဂရုစိုက်၍ကျွေး၏။ ထိုဆေးအစာတို့သည် စားပြီး၍ ရက်အနည်းငယ်ကြာလျှင် ဝမ်းထဲ၌ ကုန်သွားသော်လည်း ထိုဆေး ထိုအစာ၏ ကျန်းမာစေနိုင်သော သတ္တိမှာ ထိုသူ၏သန္တာန်၌ ကျန်ရှိရစ်၏။ ထို့ကြောင့် ထိုသူသည် နောင်အခါ၌ ကျန်းမာသူဖြစ်ရ၏။ ငယ်ရွယ်စဉ်က အပျော်အပါးလိုက်စားသူ၊ သေရည်အရက်ကို အလွန်အကျွံ သောက်စားသူလည်း ထိုပျော်ပါးသောက်စားမှုတို့၏ မကောင်းသတ္တိသည် ကျန်ရှိရစ်သောကြောင့် နောင်အခါ မကျန်းမာသူဖြစ်ရ၏။ ထို့အတူ ကံတရားတို့လည်း သတ္တိကျန်ရှိရစ်သောကြောင့် သတ္တိမကုန်သမျှ ထိုသူ့အား ကုသိုလ်ကံသည် ကောင်းကျိုးပေး၍ အကုသိုလ်ကံကလည်း မကောင်းကျိုးပေးလေတော့သည်။

**တစ်ဘဝခေါ်ပုံ**

"တစ်ဘဝ" ဟူသည် ကံတစ်ခု၏သတ္တိကြောင့် ရရှိသော အစဆုံးရုပ်နာမ်နှင့် နောက်ဆုံးရုပ်နာမ် တို့၏အကြား၌ ရုပ်နာမ်အဆက်ဆက် ဖြစ်ပျက်နေသော အစဉ်သာတည်း။ အစဆုံးရုပ်နာမ်မှစ၍ ရုပ်ခန္ဓာအစဉ် သည် လည်းကောင်း၊ နာမ်ခန္ဓာအစဉ်သည်လည်းကောင်း "ဖြစ်+ပျက်၊ ဖြစ်+ပျက်" ဟု လာခဲ့ရာ ထိုဘဝကို စီမံသောကံက (အစွမ်းကုန်သောကြောင့်ဖြစ်စေ၊ အခြားကံတို့က နှောင့်ယှက်သောကြောင့်ဖြစ်စေ) နောက်ထပ် ဆက်၍ မစီမံနိုင်သောအခါ ထိုကံနှင့်ဆက်သွယ်နေသော ရုပ်ခန္ဓာအစဉ်၊ နာမ်ခန္ဓာအစဉ်သည် ရပ်တံ့တော့၏။ ထိုရပ်တံ့ခြင်းကို "တစ်ဘဝဆုံးသည်" ဟု ခေါ်စမှတ်ပြုကြသည်။

**တစ်ဘဝဆက်ပုံ**

ထိုသို့ဆုံးသည်နှင့် တစ်ပြိုင်နက် နောက်ထပ်ကံအသစ်တစ်ခုက ရုပ်ခန္ဓာ နာမ်ခန္ဓာအသစ်ကို ဆက်၍စီမံပြန်၏။ "ဆက်" ဟူရာ၌ အနည်းငယ်မျှ အကြားကာလမရှိဘဲ ရှေ့ဘဝနောက်ဆုံး (စုတိ) နှင့် နောက်ဘဝအစဆုံး ပဋိသန္ဓေသည် တစ်ဆက်တည်းကဲ့သို့ ထင်ရလောက်အောင် ဆက်စပ်နေ၏။ ပဋိသန္ဓေဟူသော ပါဠိစကားသည်ပင် မြန်မာလို "ဆက်စပ်" ဟု အနက်ထွက်၏။ "ရှေ့ဘဝအပြတ်တွင် မပြတ်အောင် ဆက်စပ်သောတရား" ဟု ဆိုလိုသည်။ ထိုသို့ စီမံ၍ရအပ်သော ရုပ်နာမ် ခန္ဓာအသစ်ကိုပင် "တစ်ဘဝစ၍ ဖြစ်ခြင်း၊ ပဋိသန္ဓေနေခြင်း" ဟု ခေါ်စမှတ် ပြုကြရပြန်သည်။

**နောက်နောက်ဘဝသို့ သတ္တိပါနိုင်ပုံ**

ဘဝတစ်ခု၏အတွင်း၌ ကံတစ်ခုခုကိုပြုတိုင်း ထိုကံ၏သတ္တိသည် ရုပ်အစဉ် နာမ်အစဉ်တွင် ပါဝင်လျက်နေ၏။ တစ်ဘဝအဆုံးဖြစ်သော ရုပ်နာမ်၌လည်း ထိုသတ္တိပါ၏။ ကံအသစ်က စီမံအပ်သော ဘဝအသစ်၌လည်း ထိုသတ္တိသည် ဆက်၍ပါနေ၏။ ဘဝပေါင်းများစွာဝယ် ကံပေါင်းများစွာ ပြုထားသော ကြောင့် သတ္တိပေါင်းများစွာလည်း ဆက်ကာဆက်ကာ ပါနေသည်သာ။ ထို့ကြောင့် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောကံ၏ သတ္တိသည် ကံပြုသူ၏ ခန္ဓာအစဉ်၌သာ ပါနေသောကြောင့် အခွင့်သင့်၍ အကျိုးပေးခွင့် ကြုံသောအခါ ထိုကံပြုသူ၏ ခန္ဓာအစဉ်၌ ကောင်းကျိုး မကောင်းကျိုးကို ပေးလေတော့၏။ ဤစကားအရ "ဆရာမိဘတို့ ပြုသောကံကို တပည့်သားသမီးတို့က တိုက်ရိုက်မခံစားရ။ ဘဝတစ်ခု၌ အတူဆုံကြသော အခါ၌မူ သွယ်ဝိုက်၍ကား ခံစားကြရသည်" ဟု မှတ်ပါ။

**ပါရမီသတ္တိများ**

"ကံ၏သတ္တိ" ဟူရာ၌ နိဗ္ဗာန်ကို မရည်ရွယ်ဘဲ ဘဝအဆက်ဆက် ချမ်းသာဖို့ကိုသာ ရည်ရွယ်၍ ပြုအပ်သော ကံတို့၏သတ္တိသည် သူတို့စွမ်းနိုင်သမျှ အကျိုးပေးပြီးသောအခါ သတ္တိလည်း ပြယ်သွားတော့၏။ "ကံအရှိန်ကုန်သဖြင့် နောက်ထပ်အကျိုးမပေးတော့" ဟု ဆိုလိုသည်။ ဘဝအဆက်ဆက်၌ ခံစားဖို့ကို

မရည်ရွယ်ဘဲ မင်္ဂဖိုလ်နိဗ္ဗာန်ကို ကေန်မျက်မှောက် ပြုလိုသောဆန္ဒဖြင့် ပြုအပ်သော ကုသိုလ်ကံတို့ကို "ပါရမီကုသိုလ်" ဟု ခေါ်၏။ "ရည်ရွယ်ချက်မြင့်သော ပုဂ္ဂိုလ်တို့၏ + ကုသိုလ်" ဟု ဆိုလိုသည်။ ထိုပါရမီကုသိုလ်ကံကား ရည်ရွယ်ချက် မပြည့်စုံသေးသမျှ အစဉ်လိုက်ပါနေ၏။ ထို့ကြောင့် ဘုရားအလောင်းတော်၏ အလွန်မြင့်မြတ်သော ပါရမီကုသိုလ်တော်များသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်းဝယ် သတ္တိမပြယ်ဘဲ လိုက်ပါနေရကား ဘုရားအဖြစ်သို့ ရောက်တော်မူမှ၊ သို့မဟုတ် ပရိနိဗ္ဗာန်စံတော်မူမှ သတ္တိများ ကုန်လေတော့သည်။

**ဗုဒ္ဓဘာသာသင်ခန်းစာ**

(၂၁၄ - ၂၂၃)

## ယုတ်မြတ်နှစ်ပါး ၊ ကံတရားလင်္ကာ

၁။ ကံလျှင်ဥစ္စာ၊ သတ္တဝါ၊ သူငါရှိကြသည်။ (ကမ္မဿကာ)

၂။ ကံလျှင်အမွေ၊ ခံစံပေ၊ ခွဲဝေယူရသည်။ (ကမ္မဒါယာဒါ)

၃။ ကံလျှင်အကြောင်း၊ ဆိုးအကောင်း၊ အပေါင်းမှန်လှသည်။ (ကမ္မယောနိ)

၄။ ကံလျှင်ဆွေမျိုး၊ ကောင်းအဆိုး၊ ကြောင်းကျိုးမှန်လှသည်။ (ကမ္မဗန္ဓု)

၅။ ကောင်းဆိုးကံသာ၊ ကိုးကွယ်ရာ၊ သေချာမှန်လှသည်။ (ကမ္မပဋိသရဏာ)

၆။ ယုတ်မြတ်နှစ်ပါး၊ ကံတရား၊ ခွဲခြားကျိုးပေးသည်။ (ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ)

၇။ ဖြစ်ဟန်သာနတ်လူ၊ ဖန်ဆင်းယူ ဘယ်သူမဟုတ်ပြီ။

**မာဃဝ သာစည်**

## မြတ်စွာဘုရားရှင်၏ ဝိပါက်တော် (၁၂) ပါးလင်္ကာ

၁။ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ကျင့်ရှာဘယ်ဝိပါက်၊
ကဿပမည်တွင်၊ ဘုရားရှင်၊ ပြစ်တင် ဝစီတွက်။

၂။ စိဉ္စမာန ကိုယ်ဝန်ပြ ဖွဲ့ရ ဘယ်ဝိပါက်၊
ရှင်ပစ္စေကာကျင့်ယုတ်မာ ပြောရှာဝစီတွက်။

၃။ သုန္ဒရီ ပရဗိုဇ်မ၊ စွပ်စွဲရ၊ ရေးက ဘယ်ဝိပါက်၊
ရှင်ပစ္စေက၊ ဒုဿီလ၊ ပြောထ ဝစီတွက်။

၄။ သုန္ဒရီသေ၊ တိတ္ထိတွေ၊ စွဲလေဘယ်ဝိပါက်၊
ရှင်ရသေ့အား၊ ကျင့်ဖောက်ပြား၊ ပြောကြား ဝစီတွက်။

၅။ ဘုရားခြေမ၊ ကျောက်မှန်ကျ၊ ရှေးကဘယ်ဝိပါက်၊
ညီငယ်ပျိုနု၊ အမွေလု၊ ကျောက်ထုသတ်သည့်တွက်။

၆။ လူသတ်လေးသမား၊ စေလွှတ်ငြား၊ ဘုရားဘယ်ဝိပါက်၊
ဆွမ်းခံကြွဝင်၊ ပစ္စေ့ရှင်၊ လမ်းတွင် ခဲပစ်ချက်။

၇။ နာဠာဂီရိဆင်၊ တိုက်သည့်အင်၊ ဘုန်းရှင်ဘယ်ဝိပါက်၊
ဆွမ်းခံကြွဝင်၊ ပစ္စေ့ရှင်၊ လမ်းတွင်ဆင်တိုက်ချက်။

၈။ ခြေမကိုက်လှ၊ ဇီဝက၊ ခွဲရဘယ်ဝိပါက်၊
မင်းဖြစ်လေငြား၊ သေသောက်စား၊ သူများသတ်သည့်တွက်။

၉။ ခေါင်းတော်ရုံဖန်၊ ခဲရပြန်၊ ဘယ်ကံဘယ်ဝိပါက်၊
တံငါအပေါင်း၊ ငါးဦးခေါင်း၊ ထုထောင်းဝမ်းမြောက်ချက်။

၁၀။ ဆွမ်းမုယောဆန်၊ စားရပြန်၊ ရှေးကံဘယ်ဝိပါက်။
သံဃာတော်များ၊ ဆွမ်းကြမ်းစား၊ ပြစ်မှား ဝစီတွက်။

၁၁။ ခါးတော်ရုံဖန်၊ နာရပြန်၊ ရှေးကံဘယ်ဝိပါက်၊
လက်ဖ္ဖေ့သမား၊ တစ်ဖက်သား၊ ခါးချိုးသတ်သည့်တွက်။

၁၂။ ဝမ်းတော်လားရ၊ ကြီးဒုက္ခ၊ ဖြစ်ရဘယ်ဝိပါက်၊
ဆေးခမပေးငြား၊ သူဌေးသား၊ ဝမ်းသွားဆေးပေးချက်။

* ဝဋ် ၁၂ ပါး၊ မြတ်ဘုရား၊ ရှောင်ရှားမလွတ်သာ၊
သူငါတို့လည်း၊ ဤသို့ပဲ၊ အမြဲဖြစ်ရမှာ၊
ကိုယ်နှုတ်စိတ်ကြံ၊ ဤသုံးတန်၊ ကြိမ်ဖန်စောင့်စည်းရာ။

## ဒါနခန်း

### ပုညကြိယဝတ္ထု

ကောင်းသောအကျိုးတရားတို့၏ တည်ရာအကြောင်းဖြစ်၍ သူတော်ကောင်းတို့သည် ပြုသင့်ပြုထိုက်သော ကုသိုလ်ကောင်းမှုကို "ပုညကြိယဝတ္ထု" ဟု ခေါ်ပါသည်။ ထိုပုညကြိယဝတ္ထုသည် ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ အားဖြင့် ဆယ်ပါးအပြားရှိ၏။

## ဒါန ၂ မျိုး

ထိုတွင် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် ဒါနမည်၏။ ထိုဒါနသည် စေတနာဒါန၊ ဝတ္ထုဒါန အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် လှူလိုသောအခါ ဖြစ်ပေါ်လာသော စေတနာသည် ပုဗ္ဗစေတနာမည်၏။ လှူဒါန်းဆဲ (လှူဒါန်းနေချိန်) တွင် ဖြစ်ပေါ်လာသော စေတနာသည် မုဉ္စစေတနာမည်၏။ လှူပြီးသောအခါ ဖြစ်ပေါ်လာသော စေတနာသည် အပရစေတနာမည်၏။ ဤသို့ ပုဗ္ဗ၊ မုဉ္စ၊ အပရစေတနာသုံးပါးသည် စေတနာဒါနမည်၏။ လှူဖွယ်ဝတ္ထုသည် ဝတ္ထုဒါနမည်၏။ နောက်နောင် အကျိုးပေးသောအခါ စေတနာဒါန သည်သာ အကျိုးပေး၏။ ဝတ္ထုဒါနသည်ကား စေတနာထက်သန်ဖို့ရာ အာရုံမျှသာဖြစ်၏။ စေတနာမသန့်ရှင်း လျှင် အကျိုးပေးလည်း မသန့်ရှင်းပါ။

## မသန့်ရှင်းသောဒါန

ဂုဏ်ကိုလည်းကောင်း၊ လာဘ်ကိုလည်းကောင်း၊ ဘဝစည်းစိမ်ကိုလည်းကောင်း တောင့်တ၍ စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်းသည် လောဘပါဝင်နေသောကြောင့် မသန့်ရှင်းသော ဒါနဖြစ်၏။ အလှူနှင့်စပ်၍ စိတ်ဆိုးခြင်း၊ ဝမ်းနည်းခြင်း၊ နှလုံးမသာယာခြင်းဖြစ်နေလျှင် ဒေါသ၊ ဒေါမနဿ ပါဝင်နေသောကြောင့် မသန့်ရှင်းသော ဒါနဖြစ်၏။

လောဘပါဝင်သော ဒါနကြောင့် အကျိုးရသောအခါ လောဘကြီးသူ ဖြစ်တတ်ပါသည်။ ဒေါသပါဝင်သော ဒါနကြောင့် အကျိုးရသောအခါ ဒေါသကြီးသူ ဖြစ်တတ်ပါသည်။ ဒေါမနဿပါဝင်သော ဒါနကြောင့် အကျိုးရသောအခါ ထိုစည်းစိမ်ကို မခံစားလိုဘဲ လူနုံ လူမွဲ လူဆင်းရဲကဲ့သို့ ဖြစ်နေတတ်ပါသည်။

## တိဟိတ်၊ ဒွိဟိတ်

ကံ ကံ၏အကျိုးကို ယုံကြည်နားလည်သော ကမ္မဿကတာဉာဏ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုတတ်သော ဝိပဿနာဉာဏ်ပါဝင်သော ကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်၏။ ထိုဉာဏ်မျိုးမပါလျှင် ဒွိဟိတ်ကုသိုလ်ဖြစ်၏။

အလှူ၏ ရှေ့အဖို့ နောက်အဖို့၌ ကုသိုလ်ခြံရံလျှင် ဥက္ကဋ္ဌကုသိုလ် ဖြစ်၏။ အကုသိုလ်ခြံရံလျှင် ဩမကကုသိုလ်ဖြစ်၏။

**( ဆောင် )**။ ။ *ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ တိဟိတ်ကုသိုလ်ခေါ်။*
*ကံကျိုးမသိ၊ ဉာဏ်မရှိ၊ ဒွိဟိတ်ကုသိုလ်ခေါ်။*
*ရှေ့နောက်နှစ်ရပ်၊ ကုသိုလ်ညှပ်၊ ဥက္ကဋ္ဌဆင့်၍ခေါ်။*
*ရှေ့နောက်နှစ်တန်၊ အကုခြံ၊ တစ်ဖန်ဩမကခေါ်။*

## တိဟိတ်ပုဂ္ဂိုလ်

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကြောင့် နောက်နောင်ဘဝ၌ ပဋိသန္ဓေနေသောအခါ ဉာဏ်နှင့်ယှဉ်သော တိဟိတ်ပဋိသန္ဓေတည်နေရ၍ တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရလေသည်။ ထိုတိဟိတ်ပုဂ္ဂိုလ်သည် အရာရာဝယ် စဉ်းစားဉာဏ်ရှိ၍ သင်ပြရာ၌ တတ်သိနားလည်သူ ဖြစ်တတ်ပါသည်။

## ဒွိဟိတ်ပုဂ္ဂိုလ်

တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကြောင့် နောက်နောင်ဘဝ၌ ပဋိသန္ဓေနေရသောအခါ ဉာဏ်နှင့်မယှဉ်သော ဒွိဟိတ်ပဋိသန္ဓေတည်နေရ၍ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်ရလေသည်။ ထိုဒွိဟိတ်ပုဂ္ဂိုလ်သည် အရာရာဝယ် စဉ်းစားဉာဏ်နည်းပါး၍ သင်ပြရာ၌ တတ်သိနားလည်ဖို့ရန် မလွယ်ကူသူ ဖြစ်တတ်ပါသည်။

## အဟိတ်ပုဂ္ဂိုလ်

ဒွိဟိတ်ဩမကကုသိုလ်ကြောင့် နောက်နောင်ဘဝ၌ ပဋိသန္ဓေနေရသောအခါ အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်တစ်ခုမျှမယှဉ်သော အဟိတ်ပဋိသန္ဓေ တည်နေရ၍ အဟိတ်ပုဂ္ဂိုလ် ဖြစ်ရလေသည်။ ထိုအဟိတ် ပုဂ္ဂိုလ်သည် အရာရာဝယ် စဉ်းစားဉာဏ်မရှိဘဲ သင်ပြရာ၌ တတ်သိနားလည်နိုင်ခဲသူ၊ လူဖျင်း၊ လူအ၊ လူနု၊ လူထိုင်း၊ လူအရိုင်းအစိုင်း ဖြစ်တတ်ပါသည်။

## အကျိုးကြီး၊ မကြီး

အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူ၏။ လှူဖွယ်ဝတ္ထုနှင့် စေတနာစုသည် မျိုးစေ့နှင့်တူ၏။ အလှူရှင်သည် လယ်လုပ်သူနှင့်တူ၏။

လယ်ယာမြေမကောင်းလျှင် အပင်ကြီးကြီး အသီးထွားထွား မဖြစ်နိုင်သကဲ့သို့ အလှူခံပုဂ္ဂိုလ်က သီလ၊ သမာဓိ၊ ပညာမရှိလျှင် အကျိုးကြီးကြီး မပေးနိုင်၊ လယ်ယာမြေက ကောင်းသော်လည်း မျိုးစေ့က မကောင်းလျှင် အပင်ကြီးကြီး အသီးထွားထွား မဖြစ်နိုင်သကဲ့သို့ အလှူခံပုဂ္ဂိုလ်က သီလ၊ သမာဓိ၊ ပညာရှိသော်လည်း လှူဖွယ်ဝတ္ထုနှင့် စေတနာစုက မသန့်ရှင်းလျှင် အကျိုးကြီးကြီးမပေးနိုင်။

လယ်ယာမြေနှင့် မျိုးစေ့ကကောင်းသော်လည်း လယ်ယာလုပ်ကိုင်သူက နားမလည်လျှင် အပင်ကြီးကြီး အသီးထွားထွား မဖြစ်နိုင်သကဲ့သို့ အလှူခံပုဂ္ဂိုလ်က သီလ၊ သမာဓိ၊ ပညာရှိ၍ လှူဖွယ်ဝတ္ထုနှင့် စေတနာစုက သန့်ရှင်းသော်လည်း အလှူရှင်က နားမလည်လျှင် အကျိုးကြီးကြီးမပေးနိုင်။

**(ဆောင်)** ။ ။ *အလှူခံမှာ လယ်ပမာ လှူရှာသူများ လယ်သမား။ အများလှူဖွယ် မျိုးစေ့နှယ် နောင်ဝယ်အသီးစား။*

# သီလခန်း

## သီလ ၂ မျိုး

ကိုယ်၊ နှုတ်၊ စိတ်တို့ကို စောင့်ထိန်းခြင်းသည် သီလမည်၏။ ထိုသီလသည် စာရိတ္တသီလ၊ ဝါရိတ္တသီလအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် ဆရာကောင်း၊ သမားကောင်း၊ မိကောင်း၊ ဖကောင်း၊ ဆွေ ကောင်း၊ မျိုးကောင်းတို့၏ ကောင်းသောအကျင့်အတိုင်း ပြောဆိုနေထိုင်ခြင်းသည် "စာရိတ္တသီလ" မည်၏။ မပြုမကျင့်ရဟု တားမြစ်အပ်သော အမှုကို မပြုမကျင့်ဘဲ ရှောင်ကြဉ်ခြင်းသည် "ဝါရိတ္တသီလ" မည်၏။ ထို့အပြင် လူဝတ်ကြောင်တို့ စောင့်ထိန်းအပ်သော ဂဟဋ္ဌသီလ၊ ရဟန်းသာမဏေတို့ စောင့်ထိန်းအပ်သော ပဗ္ဗဇိတသီလအားဖြင့် နှစ်ပါးအပြားရှိ၏။ ဂဟဋ္ဌသီလသည်လည်း နိစ္စသီလ၊ ဉပေါသထသီလအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလသည် လူဝတ်ကြောင်တို့ အမြဲစောင့်ထိန်းအပ်သော "နိစ္စသီလ" မည်၏။ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလသည် တစ်ရံတစ်ခါ စောင့်ထိန်းအပ်သော "ဉပေါသထသီလ" မည်၏။

## ဉပုသ် ၃ မျိုး

ထိုဉပုသ်စောင့်ထိန်းခြင်းသည် နိဂဏ္ဌဉပုသ်၊ ဂေါပါလကဉပုသ်၊ အရိယ ဉပုသ်အားဖြင့် ၃ ပါးအပြားရှိ၏။ ထိုတွင် နိဂဏ္ဌတို့ စောင့်ထိန်းအပ်သော ဉပုသ်သည် "နိဂဏ္ဌဉပုသ်" မည်၏။ နွားကျောင်းသားသည် နွားစားကျက်တို့ကို ကြံစည်နေသကဲ့သို့ ထို့အတူ သီလယူပြီးနောက် အစားအသောက်နှင့် အိမ်ရာကိစ္စကို ပြောဆိုကြံစည်၍နေခြင်းသည် "ဂေါပါလကဉပုသ်" မည်၏။ သီလယူပြီးနောက် တရားတစ်မျိုးမျိုးကို နှလုံးသွင်း၍နေခြင်းသည် "အရိယဉပုသ်" မည်၏။ ထိုအရိယဉပုသ်သည်သာ ကောင်းသော ဉပုသ်မည်၏။

**( ဆောင် )** ။ ။ *အင်္ဂါရှစ်တန်၊ သီလခံ၍၊ ငြိုးခြံအောင့်အည်း၊ တစ်ဖြောင့်တည်းဖြင့်၊ စောင့်စည်းအားထုတ်၊ တရားကုတ်၊ ဉပုသ်စောင့်ဟုခေါ်။*

## အရိယဉပုသ် ၅ မျိုး

ထိုအရိယဉပုသ်သည် ဗြဟ္မဉပုသ်၊ ဓမ္မဉပုသ်၊ သံဃဉပုသ်၊ ဒေဝတာဉပုသ်၊ သီလဉပုသ်အားဖြင့် ငါးပါးအပြားရှိ၏။

ထိုတွင် သီလယူပြီးနောက် ဗြဟ္မာမည်သော မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ဖြစ်စေ၊ ဂုဏ်တော်၏ အကြောင်းအရာ ဟောပြောသည်ကို နာယူ၍ဖြစ်စေ၊ ဂုဏ်တော်၏အကြောင်းအရာ ရေးသားထားသော ကျမ်းစာကို ကြည့်ရှုရွတ်ဖတ်၍ဖြစ်စေ စောင့်သုံးခြင်းသည် "ဗြဟ္မဉပုသ်" မည်၏။

သီလယူပြီးနောက် တရားတော်၏ ဂုဏ်တော်ကို အာရုံပြု၍ဖြစ်စေ၊ ဂုဏ်တော်၏အကြောင်းအရာ ဟောပြောသည်ကို နာယူ၍ဖြစ်စေ၊ ဂုဏ်တော်၏အကြောင်းအရာကို ရေးသားထားသောကျမ်းစာကို ကြည့်ရှုရွတ်ဖတ်၍ဖြစ်စေ စောင့်သုံးခြင်းသည် "ဓမ္မဥပုသ်" မည်၏။

သီလယူပြီးနောက် အရိယာသံဃာတော်၏ဂုဏ်ကို အာရုံပြု၍ဖြစ်စေ၊ ဂုဏ်တော်၏ အကြောင်းအရာ ဟောပြောသည်ကို နာယူ၍ဖြစ်စေ၊ ဂုဏ်တော်၏အကြောင်းအရာကို ရေးသားထားသော ကျမ်းစာကို ကြည့်ရှုရွတ်ဖတ်၍ဖြစ်စေ စောင့်သုံးခြင်းသည် "သံဃဥပုသ်" မည်၏။

သီလယူပြီးနောက် နတ် ဗြဟ္မာတို့၏ သဒ္ဓါ၊ သီလ စသော ဂုဏ်ကို သက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါ၊ သီလ စသော ဂုဏ်ကို အာရုံပြု၍နေခြင်းသည် "ဒေဝတာဥပုသ်" မည်၏။

သီလယူပြီးနောက် မိမိသီလ၏ မကျိုး၊ မပေါက်၊ မပြောက်မကြားခြင်းဂုဏ်ကို အာရုံပြု၍နေခြင်းသည် "သီလဥပုသ်" မည်၏။

**( ဆောင် )** ၁။ *အင်္ဂါရှစ်ပါး၊ စွန်အဖျားက၊ တစ်ပါးပါးကျိုး၊ ဥပုသ်မျိုး၊ "အကျိုးအပြတ်" ခေါ်။*

၂။ *အင်္ဂါရှစ်ပါး၊ အလယ်ကြားက၊ တစ်ပါးပါးပျက်၊ ဥပုသ်တွက်၊ "ပေါက်ပျက်သည်" ဟု ခေါ်။*

၃။ *ဝါစီပြောက်နွား၊ ပုံအလားသို့၊ ကြိုးကြားပြိုးပြောက်၊ ယွင်းသွေဖောက်၊ "အပြောက်" ဥပုသ်ခေါ်။*

၄။ *နွားကြောင်နွားကြား၊ ပုံအလားသို့၊ နှစ်ပါးသုံးပါး၊ အများဆက်လျက်၊ တရားပျက်၊ "ကျားကွက်သည်" ဟု ခေါ်။*

## သီလ ၄ မျိုး

ရဟန်းသာမဏေတို့ စောင့်ထိန်းအပ်သော သီလသည် "ပဗ္ဗဇိတသီလ" မည်၏။ ထိုပဗ္ဗဇိတသီလသည် ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရ သီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလအားဖြင့် ၄ ပါး အပြား ရှိ၏။

ထိုတွင် ဝိနည်းပါဠိတော်၌လာသော သိက္ခာပုဒ်အပေါင်းကို စောင့်ထိန်းခြင်းသည် "ပါတိမောက္ခသံဝရသီလ" မည်၏။ ဤပါတိမောက္ခသံဝရသီလ၌ သဒ္ဓါပြဋ္ဌာန်းသောကြောင့် သဒ္ဓါရှိသူသာ လုံခြုံအောင် စောင့်ထိန်းနိုင်၏။

ဣန္ဒြေ ၆ ပါးတို့ကို အဘိဇ္ဈာ၊ ဒေါမနဿ စသော အကုသိုလ်မဖြစ်ရအောင် စောင့်ထိန်းခြင်းသည် "ဣန္ဒြိယသံဝရသီလ" မည်၏။ ဤဣန္ဒြိယသံဝရသီလ၌ သတိပြဋ္ဌာန်းသောကြောင့် သတိရှိသူသာ လုံခြုံအောင် စောင့်ထိန်းနိုင်၏။

ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝတို့မှရှောင်ကြဉ်၍ တရားသဖြင့် အသက်မွေးခြင်းသည် "အာဇီဝပါရိသုဒ္ဓိသီလ" မည်၏။ ဤအာဇီဝပါရိသုဒ္ဓိသီလ၌ ဝီရိယပြဋ္ဌာန်းသောကြောင့် ဝီရိယရှိသူသာ လုံခြုံအောင် စောင့်ထိန်းနိုင်၏။

ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲခြင်းသည် "ပစ္စယသန္နိဿိတသီလ" မည်၏။ ဤပစ္စယသန္နိဿိတသီလ၌ ပညာပြဋ္ဌာန်းသောကြောင့် ပညာရှိသူသာ ပစ္စည်း ၄ ပါး၏ အကျိုးရပုံကို ဉာဏ်ဖြင့် ဆင်ခြင်သောအားဖြင့် လုံခြုံအောင် စောင့်ထိန်းနိုင်၏။

**မဟာဂန္ဓာရုံဝတ်ရွတ်စဉ်**
(၃၉ – ၄၇)

## သီလအကျိုး ၅ ပါး

* သီလခေါ်ဆို ကိုယ်ကျင့်ကောင်းမှ
တောင်းတိုင်းတတိုင်း ပြည့်စုံတယ်။
ပဒေသာပင် အိမ်မှာပေါက်သလို
ကောက်ယူသုံးစွဲ မကုန်နိုင်တယ်။
ဥစ္စာစုပုံ ကုန်မယွင်း[၁]
ဂုဏ်သတင်းလည်းသင်းပျံ့တယ်။[၂]
ရောက်လေရာရာ ပွဲလယ်တင့်လို့
ရဲရင့်ရွှင်ပျ ခင်ကြမယ်[၃]
သေသော်မှပင် သတိကောင်း[၄] လို့
ဂတိပြောင်းတော့ နတ်ပြည်ဝယ်[၅]
သီလအကျိုး ချက်ချင်းတိုး
အားကိုးလောက်ပေတယ်
အဲဒါကြောင့် ကိုယ်ကျင့်သီလ၊ ဒီဘဝ
တည်ကြမြဲကြမယ်။

**ဒေါက်တာမင်းတင်မွန်**

# အာဇီဝဋ္ဌမကသီလ အဖွင့်
# (ကျက်မှတ်ရန် ဆောက်တည်ပုံအစဉ်)

အဟံ ဘန္တေ တိသရဏေန သဟ၊ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ၊ သီလံ ဒေထ မေ ဘန္တေ၊ "ဒုတိယမ္ပိ အဟံဘန္တေ" စသည်ဖြင့် ၅ ပါးသီလ တောင်းပုံအတိုင်း "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" တိုင်အောင် ဆိုပါ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ ပိသုဏာဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၆။ ဖရုသဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

# (ကြည့်ရှုရန် အဓိပ္ပာယ်)

**ဘန္တေ** – အရှင်ဘုရား၊ **အဟံ** – တပည့်တော် (တပည့်တော်မ) သည်၊ **တိသရဏေန** – သရဏဂုံ သုံးပါးနှင့်၊ **သဟ** – တကွ၊ **အာဇီဝဋ္ဌမကသီလံ** – အာဇီဝဋ္ဌမကသီလဟူသော၊ **ဓမ္မံ** – သိက္ခာပုဒ်အကျင့်ကို၊ **ယာစာမိ** – တောင်းပါ၏။ ဤသို့စသည်ဖြင့် ရှေ့အတိုင်းဆိုပါ။ ပါဏာတိပါတာ စသည်၏ အနက်ကိုလည်း ၅ ပါးသီလအတိုင်းဆိုပါ။ **ပိသုဏာဝါစာ** – ပိသုဏာဝါစာမှ၊ **ဖရုသဝါစာ** – ဖရုသဝါစာမှ၊ **သမ္ဖပ္ပလာပါ** – သမ္ဖပ္ပလာပမှ၊ **မိစ္ဆာဇီဝါ** – ယုတ်မာသော အသက်မွေးမှုမှ၊ **ဝေရမဏိသိက္ခာပဒံ** – ရှောင်ကြဉ်ရကြောင်း၊ ကောင်းမြတ်သော သိက္ခာပုဒ်တော်ကို၊ **သမာဒိယာမိ** – စိတ်၌မြဲစွာ၊ ဆောက်တည်ပါ၏။

**သတိပြုရန်** ။ ။ *ရဟန်းများထံ သီလမတောင်းဘဲမိမိဘာသာ ရုပ်ပွားတော်၊ စေတီတော်ရှေ့ဝယ် ဆောက်တည်ကြရာ၌ "အဟံဘန္တေ" စသော သီလတောင်းများကို ဆိုဖွယ်မလို။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" က စ၍ "မိစ္ဆာဇီဝါ ဝေရမဏိ" တိုင်အောင်ဆိုပါလေ။ ငါးပါးသီလ ရှစ်ပါးသီလ တစ်မျိုးမျိုးကို ဆောက်တည်ပြီးမှ ဤအာဇီဝဋ္ဌမကသီလကို ဆက်၍ ဆောက်တည်ရာ၌ကား မုသာဝါဒါ ဝေရမဏိတိုင်အောင် ရှေ့သီလများ၌ ပါဝင်ပြီး ဖြစ်၍ နောက်ထပ်ဆိုဖွယ်မလို။ "ပိသုဏာဝါစာ ဝေရမဏိ" ကစ၍ နောက်သိက္ခာပုဒ် ၄ ပါးကိုသာ ဆက်၍ ဆိုရာ၏။*

ဤအာဇီဝဋ္ဌမကသီလသည် တစ်ကြိမ်လောက် ဆောက်တည်ပြီးဖြစ်လျှင် အသက်မွေးစင်ကြယ်သမျှ ပိသုဏဝါစာ စသည်ကို မပြောဆိုသမျှ သီလမပျက်သောကြောင့် နေ့စဉ် ဆောက်တည်ဖွယ်မလို။ အခြားသော ၅ ပါး ၈ ပါးသီလများလည်း အကျိုးမပျက်သမျှ ထပ်၍ ဆောက်တည်ဖွယ်မလို။ သို့သော် ထပ်၍ ဆောက်တည်ခြင်းကြောင့်ကား အပြစ်မရှိပါ။

## အာဇီဝဋ္ဌမက

အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းဥစ္စာရှာဖွေရသော အလုပ်အကိုင် အရောင်းအဝယ်ဟူသမျှကို ပါဠိလို "အာဇီဝ" ဟု ခေါ်၏။ မတရားသော ပစ္စည်းရှာဖွေမှုကို "မိစ္ဆာဇီဝ" ဟု ခေါ်၏။ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်လျက် တရားသဖြင့် ပစ္စည်းရအောင်ရှာဖွေမှုကို "သမ္မာအာဇီဝ" ဟု ခေါ်၏။ ၈ ပါးမြောက် သိက္ခာပုဒ်တော်ကို ပါဠိလို "အဋ္ဌမ" ဟု ခေါ်၏။ ပါဏာတိပါတာ ဝေရမဏိမှစ၍ ရေတွက်လျှင် မိစ္ဆာဇီဝါ ဝေရမဏီသည် ၈ ပါးမြောက် သိက္ခာပုဒ်တည်း။ ထို့ကြောင့် မိစ္ဆာဇီဝမှ ရှောင်ကြဉ်မှုလျှင် ၈ ပါး မြောက်ရှိသော သီလကို "အာဇီဝဋ္ဌမကသီလ" ဟု ခေါ်သည်။

ဤ အာဇဏဝဋ္ဌမကသီလ ဆောက်တည်ပုံကို ပါဠိတော်နှင့် အဋ္ဌကထာတို့၌ တိုက်ရိုက်မပြကြ။ ငါးပါးသီလ စသည် ဆောက်တည်ပုံကို နည်းယူ၍ ရှေးပညာရှိတို့ ဆောက်တည်ပုံကို ပြထားကြသည်။ "ပါဏာတိပါတာ ပတိဝိရမာမိ" စသည်ဖြင့်လည်း ဆောက်တည်နိုင်ပါ၏။ ထိုသိက္ခာပုဒ် ၈ ပါးတွင် ၁ နံပါတ်မှစ၍ ၇ နံပါတ်အထိ သိက္ခာပုဒ်တို့မှာ သုစရိုက် ၁၀ ပါးတွင် ကာယကံ ၃ ပါးနှင့် ဝစီကံ ၄ ပါး တည်း။ ထို ၇ ပါး လုံခြုံပြီးသော သူတော်ကောင်း၌ အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရောင်းအဝယ် အလုပ်အကိုင်များလည်း စင်ကြယ်ပါမူ အာဇီဝဋ္ဌမကသီလ ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ အမြဲလုံခြုံနေပါသည်။

ငါးပါးသီလကို ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ လွန်ကျူးလျှင် အပြစ် ရှိသကဲ့သို့ ဤအာဇီဝဋ္ဌမကသီလကိုလည်း ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ လွန်ကျူး မိလျှင် အပြစ်ရှိ၏။ ငါးပါးသီလသည် သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမည့် ကိုယ်ကျင့်သီလ ဖြစ်သကဲ့သို့ ဤအာဇီဝဋ္ဌမကသီလလည်း အထက်တန်းသူတော်စင်တို့ အမြဲထိန်းရမည့် ကိုယ်ကျင့်သီလဖြစ်သည်။ ဤအာဇီဝဋ္ဌမကကို ကျမ်းဂန်၌ အာဒိဗြဟ္မစရိယသီလဟုလည်း ခေါ်သေး၏။ (ဗြဟ္မစရိယ = မဂ္ဂဗြဟ္မ စရိယ၏ + အာဒိ = အစဖြစ်သော သီလ) ဤ အာဇီဝဋ္ဌမကသီလလုံခြုံမှ မဂ်ဖိုလ်ကိုရနိုင်၏။ အာဇီဝဋ္ဌမက သီလ မလုံခြုံလျှင် မဂ်ဖိုလ်မရနိုင်။ အာဇီဝဋ္ဌမကသီလသည် မဂ်ဟူသော မြတ်သောအကျင့်၏ အစအခြေခံ သီလဖြစ်သည်" ဟု မှတ်ပါ။

**ရတနာ့ဂုဏ်ရည်**
(၂၅၂ - ၂၅၅)

## သီလလုံမှ လူယဉ်ကျေး

သီလဆိုတာ ကိုယ်နှုတ်များကို
ကောင်းစွာထားဖို့ စောင့်ရသလေ။
ကိုယ်နှုတ်လုံရင် လူယဉ်ကျေးကွဲ့
ကောင်းကျိုးပေးမြဲ အမှန်ပေ။
စိတ်ပါလုံရင် ပိုလို့ကောင်းသကွဲ့
ကောင်းသထက်ကောင်းအောင် ကြိုးစားလေ။
စိတ်ပါလုံအောင် ဘာဝနာပွားဖို့
မြတ်ဘုရားက မိန့်ခဲ့ပေ။
ကိုယ်နှုတ်စိတ်ထား၊ ဤသုံးပါး၊ လုံဗြားချမ်းသာပေ။

**ချမ်းမြေ့ဆရာတော်**

## မိစ္ဆာဇီဝအဖွင့်

မုဆိုး တံငါအလုပ်တို့ဖြင့် သူ့အသက်ကိုသတ်၍ ပစ္စည်းရှာဖွေရသော ပါဏာတိပါတမှု၊ သူခိုးဓားပြလုပ်၍ ပစ္စည်းရှာဖွေရသော အဒိန္နာဒါနမှု၊ သူတစ်ပါးက ပစ္စည်းဥစ္စာပေးသဖြင့် ဖျက်ဆီးရသော ကာမမှု၊ မတရားရှေ့နေ မတရားသက်သေလိုက်၍ဖြစ်စေ၊ လိမ်လည်လှည့်ပတ် ရောင်းဝယ်၍ဖြစ်စေ၊ ပစ္စည်းရာရသော မုသာဝါဒမှု၊ ပစ္စည်းရအောင် ရန်တိုက်ပေးရသော ပိသုဏဝါစာမှု၊ ကွက်စိပ်စာပြောဆရာ၊ လူပြက်အလုပ်တို့ဖြင့် မဟုတ်မမှန် အကျိုးမရှိသော (ကြားရသူတို့ ပျော်ရွှင်ရရုံ စိတ်လေလွင့်ရုံသာဖြစ်သော) ဒဏ္ဍာရီ ဇာတ်ဝတ္ထုများကို ပြောဆိုသော သမ္ဖပ္ပလာပမှုများသည် မိစ္ဆာဇီဝမှုများတည်း။ ဤမိစ္ဆာဇီဝမျိုးကို ပါဏာတိပါတာ ဝေရမဏီ စသော ရှေ့သိက္ခာပုဒ် ၇ ပါးဖြင့် ရှောင်ကြဉ်ပြီးဖြစ်တော့သည်။ သို့သော် **"မြဲရာ သံပတ်"** ဆိုသလို ရှေ့သိက္ခာပုဒ်များဖြင့် ရှောင်ကြဉ်ရာဝယ် သာ၍ ခိုင်မြဲအောင် ဤမိစ္ဆာဇီဝါဝေရမဏီ သိက္ခာပုဒ်ဖြင့်လည်း ရှောင်ကြဉ်ရသည်။

ရှေ့သိက္ခာပုဒ် ၇ ပါးဖြင့် မရှောင်ကြဉ်ရသေးသော မိစ္ဆာဇီဝများလည်း ရှိသေး၏။ ထိုမိစ္ဆာဇီဝများကား **သတ္ထဝါဏိဇ္ဇာ** – ဓားလှံ သေနတ်ပိုက်ကွန် စသော လက်နက်ရောင်းမှု၊ **သတ္တဝါဏိဇ္ဇာ** – လူသတ္တဝါကို သွေးဆောင်ခေါ်ယူလျက် သူတစ်ပါးထံ ကျွန်အဖြစ်ဖြင့် ရောင်းမှု၊ (ပြည့်တန်ဆာများကို မွေး၍ ခေါင်းလုပ်မှုများလည်း ပါဝင်၏။) **မံသဝါဏိဇ္ဇာ** – နွား၊ ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ငှက် စသည်တို့ကို မွေး၍ အသားစားဖို့ရာ သတ်ဖြတ်သူအား ရောင်းမှု၊ **မဇ္ဇဝါဏိဇ္ဇာ** – ထန်းရည်အရက် ဘိန်းစသည်ကိုရောင်းမှု (ဘုံဆိုင်တည်မှု)၊ **ဝိသဝါဏိဇ္ဇာ** – အဆိပ်ရောင်းမှုဟု ကျမ်းဂန်၌ ၅ မျိုးလာ၏။ ထို ၅ မျိုးကို ရတနာ

သုံးပါးကိုးကွယ်သူ ဥပါသကာ ဥပါသိကာမတို့ မပြုရဟုလည်း ဆိုသည်။ ထို့ပြင် မြင်းလောင်း နွားလောင်း ကျွဲတိုက် ဖဲရိုက်၍ ပစ္စည်းရှာမှုများလည်း မိစ္ဆာဇီဝပင်တည်း။ မိမိကိုယ်တိုင် မိစ္ဆာဇီဝမှုဖြင့် ပစ္စည်းမရှာပါသော်လည်း စီးပွားတူဖြစ်သော ညီအစ်ကိုမောင်နှမတို့၏ မိစ္ဆာဇီဝကို ဝမ်းမြောက်သဘောတူလျှင် မိစ္ဆာဇီဝပင်ဖြစ်၏။ သဘောမတူလျှင် မိမိမှာ မိစ္ဆာဇီဝမဖြစ်။

## ဓမ္မိယလဒ္ဓပစ္စည်းနှင့် သမ္မာအာဇီဝ

ပြခဲ့သော မိစ္ဆာဇီဝမှရှောင်ကြဉ်၍ တရားသဖြင့်ရရှိသော ပစ္စည်းဥစ္စာကို "ဓမ္မိယလဒ္ဓ" ပစ္စည်းဟုခေါ်သည်။ (ဓမ္မိယ = တရားနှင့်လျော်စွာ + လဒ္ဓ = ရအပ်သောပစ္စည်း) မိဘ စသူတို့ထံမှ အမွေအနှစ်စသော ပစ္စည်း၊ ကူလီလုပ်၍၊ စာရေးစာချီလုပ်၍၊ ကျောင်းဆရာလုပ်၍၊ လယ်လုပ်၍ အတိုးအပွားချ၍ရသော ပစ္စည်းများသည် များသောအားဖြင့် ဓမ္မိယလဒ္ဓပစ္စည်းတည်း။ ထိုပစ္စည်းဖြင့် အသက်မွေးသူ၏ သမ္မာအာဇီဝဖြစ်ကြောင်းမှာ ဆိုဖွယ်ရာမရှိပြီ။ အချို့ကား နားမလည်ခင် မတရားပစ္စည်းရှာ၍ နားလည်သောအခါ ထိုပစ္စည်းဖြင့် စားသောက်နေထိုင်သောကြောင့် "မိမိ၏ အသက်မွေးမှုသည် သမ္မာအာဇီဝဖြစ်လေသလား၊ မဖြစ်လေသလား" ဟု စဉ်းစားတတ်ကြပေသည်။

## သမ္မာအာဇီဝ ၂ မျိုး

သမ္မာအာဇီဝသည် သုတ္တန်ပါဠိတော်၌လာသော သမ္မာအာဇီဝ၊ အဘိဓမ္မာပါဠိတော်၌ လာသော သမ္မာအာဇီဝဟု ၂ မျိုးရှိ၏။ ထိုတွင် တရားသဖြင့်ရအပ်သော ပစ္စည်းများကို စားသောက်သုံးစွဲခြင်း၊ တရားလမ်းအတိုင်း ပစ္စည်းရှာဖွေခြင်းသည် သုတ္တန် သမ္မာအာဇီဝမည်၏။ မတရားသဖြင့် ပစ္စည်းရဖို့ အခွင့်ကြုံလာလျှင် ထိုပစ္စည်းရမည့်လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်နေခြင်းသည် အဘိဓမ္မာ သမ္မာအာဇီဝမည်၏။ ထို့ကြောင့် နားမလည်ခင်က မတရားသဖြင့် ရအပ်သောပစ္စည်းများကို သုံးစွဲနေသော်လည်း နားလည်သောအခါ ထိုကဲ့သို့ မတရားမှုများကို ရှောင်ကြဉ်နေလျှင် အဘိဓမ္မာ သမ္မာအာဇီဝဖြစ်သေး၏။ ဆိုလိုရင်းကား "မတရားသဖြင့်ရခဲ့သော ပစ္စည်းဥစ္စာကို သုံးစွဲနေရာ၌ သုတ္တန်အလို မိစ္ဆာဇီဝဖြစ်သော်လည်း နောက်ထပ်တွေ့ကြုံသော မတရားပစ္စည်းရှာမှုကို ရှောင်ကြဉ်နိုင်လျှင် အဘိဓမ္မာ သမ္မာအာဇီဝဖြစ်နိုင်ပါသေး၏" ဟု ဆိုလိုသည်။

ထို့ကြောင့် သုတ္တန်သမ္မာအာဇီဝဖြစ်အောင် မတတ်နိုင်ပါလျှင် အဘိဓမ္မာ သမ္မာအာဇီဝဖြစ်နိုင်အောင် နောက်ထပ် မတရားပစ္စည်းရှာမှုမှ ရှောင်ကြဉ်၍ ဤအာဇီဝဋ္ဌမကသီလကို ထိန်းသိမ်းနိုင်ပါသေး၏။ ဘုရားလက်ထက်တော်တုန်းက "ကုက္ကုဋမိတ္တ" မုဆိုးသည် တစ်သက်လုံး မုဆိုးလုပ်၍ အသက်မွေးခဲ့သောကြောင့် သူ၏အသက်မွေးမှုမှာ မိစ္ဆာဇီဝပင်တည်း။ သို့သော် ဘုရားနှင့်တွေ့သောအခါ တရားတော်ကိုနာရ၍ သား ၇ ယောက် ချွေးမ ၇ ယောက်တို့နှင့်အတူ သောတာပန်ဖြစ်လေသည်။ ထိုသူတို့သည် ရှေးက မိစ္ဆာဇီဝဖြင့် ရခဲ့သောပစ္စည်းတွေကို ရှောင်ကြဉ်စွန့်ပစ်သည်ဟု ကျမ်းဂန်တို့၌ မလာချေ။ စွန့်ပစ်မည်လည်းမဟုတ်။

ထို့ကြောင့် တတ်သိနားလည်သောအခါမှ စ၍ မိစ္ဆာဇီဝကို ရှောင်လျှင် ဤအာဇီဝဋ္ဌမကသီလ လုံခြုံနိုင်သည်ဟု ဆိုထိုက်ပေသည်။ သူတော်ကောင်း ဖြစ်လိုသူများ သတိပြုပါလေ။ မိစ္ဆာဇီဝဖြင့် ရရှိအပ်သော ပစ္စည်းများကို လှူဒါန်းရာ၌လည်း အကျိုးမရလှ မမှတ်ရ။ ထိုက်တန်သမျှ အကျိုးရသည်သာ။ သို့သော် ဓမ္မိယလဒ္ဓ ပစ္စည်းများလောက်ကား အကျိုးပေး မထက်သန်လှချေ။

## ရဟန်းများ၏ အာဇီဝ

ရဟန်းများ၌ကား မတရားသဖြင့်ရအပ်သော ပစ္စည်းများကို လုံးဝစွန့်ပစ်နိုင်မှသာ သမ္မာအာဇီဝ ဖြစ်သည်။ ဆေးကုမှု၊ ဗေဒင်ဟောမှု၊ ကြည်ညိုလာအောင် ဟိတ်ဟန်ဆောင်မှု စသော မတရားမှုဖြင့် ရအပ်သောပစ္စည်းကို သုံးစွဲနေလျှင် သုံးတိုင်းသုံးတိုင်း အာပတ်သင့်ရုံမက ထိုပစ္စည်းများကို အခြားရဟန်းတော်များ သုံးလျှင်လည်း အာပတ်သင့်သည်သာ။ ထို့ကြောင့် ရဟန်းတော်များ၏ မိစ္ဆာဇီဝသည် လူတို့၏ မိစ္ဆာဇီဝ ထက်သာ၍ အပြစ်ကြီးသည်ဟု မှတ်ပါ။

ထို့ကြောင့် တကယ်စင်စစ် သူတော်ကောင်းဖြစ်လိုသူမှန်လျှင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ မိစ္ဆာဇီဝကို အထူးရှောင်ကြဉ်လျက် သမ္မာအာဇီဝဖြစ်အောင် အသက်မွေးကာ ဤ အာဇီဝဋ္ဌမကသီလကို စောင့်ထိန်းမှသာ အစစ်အမှန်သူတော်ကောင်းဟု ဆိုထိုက်ရကား သူတစ်ပါးမြင်လို့ ကောင်းရုံကောင်းသော သူတော်ကောင်း မဟုတ်ပါဘဲ အစစ်အမှန် သူတော်ကောင်းဖြစ်အောင် ကိုယ်တိုင်ကြိုးစားကြပါကုန်။

**ရတနာ့ဂုဏ်ရည်**
(၂၅ – ၆ – ၂၅၉)

## သီလ၏ ကြောင်းကျိုးဆက်ပုံ

* ကောင်းဆိုးနှစ်တန် ကံတရားနှင့်
သုံးပါးရတနာ ယုံရင်လေ။
ဆိုးကံပြုရန် ရှက်ကြောက်များလို့
သီလတရား လုံခြုံပေ။
သီလလုံလျှင် ကြည်ရွှင်လန်းလို့
ဝမ်းသာအားရ နှစ်သက်ပေ။
နှစ်သက်သောခါ ကိုယ်စိတ်ငြိမ်းလို့
ငြိမ်းအေး ချမ်းသာရသလေ။
ချမ်းသာလေဘိ၊ သမာဓိ ရ၏ ဉာဏ်မြင်တွေ့။

**ချမ်းမြေ့ဆရာတော်**

# ဘာဝနာခန်း

## စိတ်သေးစိတ်ငယ်

သတ္တဝါတို့၏စိတ်သည် ပင်ကိုယ်အားဖြင့် အဝိဇ္ဇာ၊ တဏှာဓာတ်ခံပါနေသောကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယတို့ဖြင့် မငြိမ်မသက် ဝိတက်များ၍ လှုပ်ရှားနေ၏။ ထိုစိတ်မျိုးကို မငြိမ်သက်သောကလေးနှင့် တူသောကြောင့် "စိတ်သေးစိတ်ငယ်များ" ဟု ခေါ်၏။ ထိုစိတ်သေး စိတ်ငယ်များကို ပယ်ရှားဖို့ရာ သဒ္ဓါ၊ ပညာ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် စိတ်ကို ကြီးကျယ်မြင့်မား တိုးပွားလာအောင် ကြိုးစားအားထုတ်ခြင်းကို "ဘာဝနာ" အလုပ်ဟုခေါ်၏။

**( ဆောင် )**။ ။ *လောဘ ဒေါသ၊ မာန်မာနနှင့်၊ ဣဿာမစ္ဆေ၊ နည်းပါးစေ၍၊ ရှစ်ထွေသဒ္ဓါ၊ ပညာသတိ၊ ဝီရိယနှင့် သမာဓိ မေတ္တာ၊ ကရုဏာနှင့်၊ မုဒိတာတွေ၊ ဖြစ်ပွားစေလျက်၊ စိတ်နေစိတ်ထား၊ ကြီးမားမြင့်မြတ်၊ ဖြစ်စေတတ်၊ မှတ်လေ ဘာဝနာ။*

(အမှာ–ဆောင်ပုဒ် ၈ ပုဒ်ကို တစ်ပုဒ်တည်းဖြစ်အောင် ချုံးထားပါသည်။ စုဆောင်းသူ)

## ကမ္မဋ္ဌာန်း

ထိုဘာဝနာကိုပင် ရှေးရှေးဘာဝနာအလုပ်သည် နောက်နောက်ဘာဝနာအလုပ်၏ တည်ရာဖြစ်သောကြောင့် "ကမ္မဋ္ဌာန" ဟု ခေါ်၏။ (ကမ္မ = ရှေးရှေးဘာဝနာအလုပ်သည် + ဌာန + နောက်နောက်ဘာဝနာ အလုပ်၏တည်ရာ၊ ဝါ – ကမ္မဋ္ဌာန်း။)

**( ဆောင် )**။ ။ *နောက်နောက်တိုးပွား၊ အလုပ်များ၏၊ ရှေ့သွားတည်ရာ၊ အလုပ်မှာ၊ ခေါ်ပါကမ္မဋ္ဌာန်း။*

## ကမ္မဋ္ဌာန်း ၂ မျိုး

ထိုကမ္မဋ္ဌာန်းသည် သမထဘာဝနာကမ္မဋ္ဌာန်း၊ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ကိလေသာတို့ကိုလည်းကောင်း၊ ဝိတက် စသည်တို့ကိုလည်းကောင်း ငြိမ်သက်စေတတ်၍ သမာဓိပြဋ္ဌာန်းသော ဘာဝနာအလုပ်သည် သမထဘာဝနာကမ္မဋ္ဌာန်းမည်၏။

ရုပ်နာမ်ခန္ဓာတို့ကို အနိစ္စဟုလည်းကောင်း၊ ဒုက္ခဟုလည်းကောင်း၊ အနတ္တဟုလည်းကောင်း အမျိုးမျိုး ရှုတတ်သည်ဖြစ်၍ ပညာပြဋ္ဌာန်းသော ဘာဝနာအလုပ်သည် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းမည်၏။

**မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်**
(၄၈ – ၅၀)

# ဘာဝနာအကျိုး

ဆရာ ။ ။ ကိုရင် ဗုဒ္ဓရက္ခိတ "ဘာဝနာ" ဆိုတာကို နားလည်ရဲ့လား။

ကိုရင် ။ ။ နားမလည်သေးပါ အရှင်ဘုရား။

ဆရာ ။ ။ မိမိစိတ်ကို (သေးသေးသိမ်သိမ် မဖြစ်စေဘဲ) တိုးတက်ကြီးပွားလာအောင် ကြိုးစားမှုကို "ဘာဝနာ" ဟု ခေါ်တယ်။ (ဘာဝနာ – တိုးပွားစေခြင်း) တစ်နည်း – မိမိ စိတ်အစဉ်ကို ကမ္မဋ္ဌာန်းအာရုံ တစ်ပါးပါးဖြင့် ထုံမွမ်း၍ထားမှုကို "ဘာဝနာ" လို့ ခေါ်တယ်။ (ဘာဝနာ – ထုံမွမ်းခြင်း)

ကိုရင် ။ ။ "ထုံမွမ်း" ဆိုတာ ဘယ်လိုဟာပါလဲအရှင်ဘုရား။

ဆရာ ။ ။ အဝတ်ကို နံ့သာတို့ဖြင့် ဆွတ်ဖြန်းထားခြင်း၊ အဝတ်အခေါက်ထဲမှာ နံ့သာမှုန့်တို့ကို သွင်းထားခြင်းကို "နံ့သာဖြင့် ထုံမွမ်းခြင်း" လို့ ခေါ်တယ်။ ထို့အတူ စိတ်ကို ကမ္မဋ္ဌာန်း အာရုံ တစ်ပါးပါးဖြင့် ကောင်းမွန်စွာထားခြင်းကိုလည်း "စိတ်ကို ကမ္မဋ္ဌာန်းဖြင့် ထုံမွမ်း ထားခြင်း" လို့ခေါ်ရတယ်။

ကိုရင် ။ ။ ဒီလို ထုံမွမ်းထားတော့ ဘာအကျိုးရှိပါသလဲ အရှင်ဘုရား။

ဆရာ ။ ။ အဝတ်ကို အမွှေးနံ့သာတို့ဖြင့် ထုံထားတဲ့အခါ အဝတ်မှာ မွှေးရနံ့သင်းပျံ့နေသလို စိတ်ကို ကမ္မဋ္ဌာန်းအာရုံကောင်းဖြင့် ထုံးမွမ်းထားသောအခါ စိတ်အစဉ်မှာ စိတ်ကောင်း စိတ်မြတ်ချည်းဖြစ်နေတဲ့ အကျိုးကိုရနိုင်တယ်။ မွှေးရနံ့ထုံနေသော အဝတ်မှာ မကောင်းနံ့ တွေ မဝင်နိုင်သလို ကမ္မဋ္ဌာန်းဖြင့် ထုံထားသော စိတ်အစဉ်မှာလည်း မကောင်းသော စိတ်အညစ်အကြေးတွေ မကပ်နိုင်တဲ့ အကျိုးကိုလည်း ရနိုင်တယ်။

ကိုရင် ။ ။ ဒီလို စိတ်အညစ်အကြေးတွေ မကပ်ရောက်ဘဲ စိတ်ကောင်းစိတ်မြတ်ဖြစ်နေတော့ ဘယ်လိုအရသာရှိပါသလဲ အရှင်ဘုရား။

ဆရာ ။ ။ စိတ်အညစ်အကြေးတွေ မကပ်ရောက်တော့ စိတ်အစဉ်ဟာ အမြဲကြည်လင်ပြီး အေးမြ ချမ်းသာတဲ့ အရသာကို ခံစားရတယ်။ ဒီလို စိတ်အေးမြတာကိုပင် "စိတ္တသုခ – စိတ် ချမ်းသာမှု" လို့ ဆိုရတယ်။ စိတ်ချမ်းသာတော့ ခန္ဓာကိုယ်လည်း ကျန်းမာချမ်းသာတဲ့ ကာယသုခအရသာကို ခံစားရတယ်။ ဒါ့ကြောင့် "ဘာဝနာ" ဆိုတာ စိတ်ရောကိုယ်ပါ ချမ်းသာသုခအရသာကို ပေးနိုင်တဲ့ တရားမျိုးလို့ အမြဲမှတ်ထားရမယ်။

ကိုရင် ။ ။ ကမ္မဋ္ဌာန်းဆိုတာနဲ့ ဘာဝနာဆိုတာ ထူးပါသေးသလား အရှင်ဘုရား။

ဆရာ ။ ။ မထူးတဲ့နည်းလည်း ရှိတယ်၊ ထူးတဲ့နည်းလည်း ရှိတယ်။ "ကမ္မ – ရှေးရှေး ဘာဝနာအလုပ် သည်ပင် + ဌာန – နောက်နောက်ဘာဝနာ၏ တည်ရာ" လို့ ဆိုရင် ရှေးရှေးဘာဝနာကိုပင် "ကမ္မဋ္ဌာန – ကမ္မဋ္ဌာန်း" လို့ ခေါ်တယ်။ ဒီလိုဆိုတော့ ဘာဝနာနဲ့ ကမ္မဋ္ဌာန်းဟာ ရှေ့နောက်သာကွဲတယ်၊ သဘောတော့မထူးဘူး။

"ကမ္မ – ဘာဝနာအလုပ်၏ + ဌာန – တည်ရာ" လို့ ဆိုရင်တော့ ဘာဝနာစိတ်အစဉ်၏ တည်ရာဖြစ်သော ကသိုဏ်းအာရုံတို့၊ ဘုရားအာရုံတို့လို အာရုံများကို "ကမ္မဋ္ဌာန်း" လို့ ခေါ်ရတယ်။ ဒီလိုဆိုရင် ဘာဝနာက စိတ်အစဉ်၊ ကမ္မဋ္ဌာန်းက စိတ်၏အာရုံဖြစ်၍ ဘာဝနာနဲ့ ကမ္မဋ္ဌာန်းဟာ ထူးတယ်။

## ဘာဝနာ ၂ မျိုး

ကိုရင် ။ ။ အဲဒီ ဘာဝနာဟာ ဘယ်နှမျိုးရှိပါသလဲအရှင်ဘုရား။

ဆရာ ။ ။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ ဘာဝနာ ၂ မျိုး ရှိတယ်။

ကိုရင် ။ ။ သမထဘာဝနာဆိုတာ ဘယ်လိုဟာမျိုးပါလဲအရှင်ဘုရား။

ဆရာ ။ ။ သမထဘာဝနာဆိုတာ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုအပေါ်မှာ စိတ်ကို တည်နေအောင်၊ ကြည်နေအောင်၊ ငြိမ်နေအောင်ထားရတဲ့ ဘာဝနာဖြစ်တယ်။ (သမထ – ငြိမ်သက်တည်ကြည်စေတတ်သော သမာဓိ)

ကိုရင် ။ ။ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုအပေါ်မှာ စိတ်တည်ကြည်ငြိမ်သက်နေရင် ဘာအကျိုးရှိပါသလဲ အရှင်ဘုရား။

ဆရာ ။ ။ လူတွေရဲ့စိတ်ဟာ မတည်ကြည်လို့၊ မငြိမ်သက်လို့ ဟိုဟာလိုချင်၊ ဒီဟာလိုချင်နဲ့ လောဘဖြစ်ရတယ်။ လိုချင်တာမရတော့ စိတ်ဆိုးခြင်း၊ စိတ်မချမ်းသာခြင်း၊ စိတ်မကျေနပ်ခြင်းဆိုတဲ့ ဒေါသဖြစ်ရတယ်။ ကိုယ့်ထက်သာနေတဲ့သူကို မနာလိုတဲ့ "ဣဿာ" ဖြစ်ရတယ်။ သူတစ်ပါးတို့ ကိုယ့်လို ကြီးပွားချမ်းသာမှာစိုးတဲ့ မစ္ဆရိယဖြစ်တယ်။ စိတ်ကြီးဝင်တတ်၊ ဟန်ကြီးပန်ကြီးလုပ်တတ်တဲ့ မာန်မာနလည်းဖြစ်တယ်။ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုအပေါ်မှာ စိတ်က တည်ကြည်ငြိမ်သက်နေပလားဆိုရင် အဲဒီလို ယုတ်မာဆိုးဝါးတဲ့စိတ်မျိုး မဖြစ်တော့ဘဲ အလွန်ချမ်းသာအေးမြသုခရှိသော စိတ်များသာ ဖြစ်နေတော့တယ်။ ဒါကြောင့် ကိုရင်တို့စိတ်ဟာ တည်ကြည်အောင်၊ စိတ်ချမ်းသာအောင် သမထဘာဝနာကမ္မဋ္ဌာန်းကို လေ့လာကြရမယ်။

ကိုရင် ။ ။ ဝိပဿနာဘာဝနာဆိုတာကတော့ ဘယ်လိုဟာမျိုးပါလဲအရှင်ဘုရား။

ဆရာ ။ ။ ဝိပဿနာဘာဝနာဆိုတာကတော့ မိမိခန္ဓာကိုယ်နှင့်တစ်ကွ တစ်လောကလုံးရှိ အရာဝတ္ထု တွေကို အနိစ္စ ဒုက္ခ အနတ္တ (မမြဲပုံ၊ မကောင်းပုံ၊ အနှစ်အတ္တမဟုတ်ပုံ) ကို သိအောင် မြင် အောင် ရှုရဆင်ခြင်ရတဲ့ ဘာဝနာဖြစ်တယ်။ [ဝိ – အထူးထူးအထွေထွေ (အနိစ္စဟု လည်း ကောင်း၊ ဒုက္ခဟုလည်းကောင်း၊ အနတ္တဟုလည်းကောင်း) ပဿနာ – ရှုတတ်သောဉာဏ်]

ကိုရင် ။ ။ ဒီလို ဝိပဿနာရှုနေတာကတော့ ဘာအကျိုးရှိပါသလဲ အရှင်ဘုရား။


ဆရာ ။ ။ ဒီလို ရှုတတ်တဲ့ဉာဏ် အမြင်သန်လာတော့ လောကကြီးတစ်ခုလုံး ဘာအသုံးမှ မကျပါ တကားလို့ သိမြင်လာတယ်။ အဲဒီလို သိမြင်လာတဲ့အခါ မိမိ ကိုယ်နှင့်တကွ လောကကြီး ဟာ ငြီးငွေ့စရာ စက်ဆုပ်စရာလို့ ထင်မြင်လာတယ်။ ဒီလို ထင်မြင်လာတဲ့အခါကျမှ လောကကြီးနှင့် တစ်ဘက်တစ်လမ်းဖြစ်ပြီး ခိုင်မြဲသော ချမ်းသာသော အေးမြသော နိဗ္ဗာန်ကို သဘောပေါက်လာတယ်။ ဒီလို ဝိပဿနာဉာဏ်မရှိသမျှ "နိဗ္ဗာန် မြန်မြန်ရပါ လို၏" ဟု ဆုသာတောင်းကြတာ၊ အဟုတ်တော့မလိုချင်ပါဘူး၊ ဒါ့ကြောင့် ဝိပဿနာ ရှုခြင်းဟာ နိဗ္ဗာန်ကို မြန်မြန်မြင်ရခြင်းအကျိုးရှိတယ်။

## ရှင်ရာဟုလာအကြောင်း
## ရှင်သာမဏေပြုခြင်း

ဘုရားရှင်၏ သားတော်ဖြစ်သော ရှင်ရာဟုလာသည် စကြာမင်းဖြစ်လောက်သော ရုပ်လက္ခဏာဖြင့် လွန်စွာ တင့်တယ်ပါပေသည်။ ထိုသားတော် ရာဟုလာ ဖွားမြင်တော်မူပြီးနောက် ညဥ့်သန်းခေါင်အချိန် လောက်မှာပင် ဘုရားအလောင်း တောထွက်တော်မူခဲ့သည်။ ဘုရားဖြစ်၍ မိဂဒါဝုန်၌ တစ်ဝါဆိုပြီးနောက် ရာဇဂြိုဟ်မြို့ရောက်၍ တပေါင်းလလောက်မှာ ကပိလဝတ်ပြည်သို့ ကြွတော်မူလာသောအခါ သက်တော် ၃၆ နှစ်လောက်သာရှိသေး၍ ရာဟုလာလည်း ၇ နှစ်အရွယ်သာရှိလေသည်။

နေပြည်တော်ရောက်၍ ငါးရက်လောက်အကြာတွင် ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ၏ နန်းတော်၌ သံဃာတော်များနှင့်အတူ ဆွမ်းဘုဥ်းပေးတော်မူစဥ် ယသောဓရာမိဖုရားသည် သားတော်ကို အဝတ်တန်ဆာဆင်၍ ပြောပြသည်မှာ –

"သားတော် ဟိုမှာကြည့်စမ်း၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိတဲ့ ရဟန်းတော်ကို မြင်ရဲ့လား၊ အဲဒီရဟန်းတော်ဟာ သားတော်ရဲ့ ခမည်းတော်ဘုရားဖြစ်တယ်။ သားတော်ရဲ့ ခမည်းတော်မှာ သုံးစွဲလို့မကုန်နိုင်အောင် ကြီးကျယ်သော ရွှေအိုး ၄ လုံးရှိတယ်။ တောထွက်သွားတဲ့အခါကစ၍ ရွှေအိုးကြီး များကို မတွေ့ရတော့ဘူး။ သွားပြီးတော့ အဲဒီရွှေအိုးကြီးများကို အမွေပေးပါ" ဟု တောင်းချေ။ ဤသို့ သင်ပြ၍ သားတော်ကို ဘုရားအထံသို့ လွှတ်လိုက်လေသည်။



ရာဟုလာ အမွေတောင်းခန်း

သားတော်ရာဟုလာသည် "ခမည်းတော်" ဟူသော ချစ်ခြင်းဖြင့် ရဲတင်းစွာ ဘုရားအထံတော်သို့ လာ၍ "ခမည်းတော်ရဲ့အရိပ်ဟာ သိပ်ပြီးတော့ အေးချမ်းသာယာပါတယ်" စသည်ဖြင့် တွတ်တီးတွတ်တာ ပြောဆိုလျက် အမွေတောင်းလေသည်။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ ကျောင်းတော်သို့ ကြွတော်မူ၏။ ရာဟုလာမင်းသားလည်း ဘုရားရှင်၏ နောက်တော်မှ အမွေတောင်းရင်း လိုက်ပါလာလေ၏။ ကျောင်းတော်သို့ ရောက်သောအခါ သားတော်အား လောကုတ္တရာအမွေ ပေးတော်မူမည်" ဟု မိန့်တော်မူပြီးလျှင် အရှင်သာရိပုတ္တရာကိုခေါ်တော်မူ၍ ရှင်သာမဏေပြုပေးဖို့ အမိန့်တော်ရှိလေသည်။

## ဘုရားရှင် ကြွ၍ ဩဝါဒပေးတော်မူခြင်း

ရာဇဂြိုဟ်မြို့တော်ဝယ် ဗိမ္ဗိသာရမင်းကြီး လှူဒါန်းအပ်သော ဝေဠုဝန်တိုက်တော်ကြီး၏ အစွန်အဖျား၌ ကမ္မဋ္ဌာန်းကျောင်းကလေး တည်ရှိလေသည်။ ထိုကမ္မဋ္ဌာန်းကျောင်းအနီး၌ သရက်ပင်ပျိုကလေးလည်း ရှိ၏။ ထိုသရက်ပင်ပျိုကို "အမ္ဗလဋ္ဌိကာ" ဟု ခေါ်၏။ ကမ္မဋ္ဌာန်းကျောင်းကလေးလည်း သရက်ပင်ပျိုကို အကြောင်းပြု၍ "အမ္ဗလဋ္ဌိကာကျောင်း" ဟုပင် နာမည်တွင်လေ၏။

ဆူးမုန်ရင် ပေါက်ကာစမှစ၍ အဖျားထက်သကဲ့သို့ ရှင်ရာဟုလာလည်း ၇ နှစ်သားအရွယ် ငယ်ငယ်ကလေးကပင် သူတော်ကောင်းဘက်၌ ထက်ထက်မြက်မြက် ရှိလှ၏။ ထို့ကြောင့် ဆိတ်ငြိမ်သောနေရာဝယ် တစ်ပါးတည်းနေလိုရကား ကျောင်းတိုက်ကြီး၏ အစွန်အဖျားဖြစ်သော ထိုကမ္မဋ္ဌာန်းကျောင်းကလေးမှာ နေလေသည်။ ဗုဒ္ဓမြတ်စွာသည် ညနေချမ်းအခါဝယ် ရှင်ရာဟုလာအား ဩဝါဒပေးတော်မူလိုသောကြောင့် ထိုအမ္ဗလဋ္ဌိကာ ကမ္မဋ္ဌာန်းကျောင်းကလေးသို့ ကြွတော်မူလေသည်။ (လိမ်၍ပြောသောစကားကို "မုသား" ဟု ခေါ်၏။ ငယ်ရွယ်သူတို့သည် မုသားပြောတတ်ကြ၏။ ထို့ကြောင့် ၇ နှစ်သားအရွယ် ရှင်ရာဟုလာအား မုသားမပြောဖို့ရန် ဩဝါဒပေးတော်မူသည်။)

ဗုဒ္ဓမြတ်စွာသည် ထိုင်တော်မူပြီးလျှင် ရေခွက်ထဲ၌ ရေအနည်းငယ်ကို ချန်ထား၍ ရှင်ရာဟုလာကို မေးတော်မူသည်မှာ –

"ရာဟုလာ ရေခွက်ထဲ၌ ရေအနည်းငယ်ကို မြင်ရဲ့လား?၊

ရာဟုလာ ။ ။ မြင်ပါသည်အရှင်ဘုရား။

ဘုရားရှင် ။ ။ "ရာဟုလာ မုသားပြောဆိုဖို့ရန် မရှက်တတ်သော ရဟန်းသာမဏေတို့မှာလည်း (ဟောဒီရေ နည်းနေသလို) ကိုယ်ကျင့်တရား နည်းနည်းကလေးသာရှိတယ်" လို့ မှတ်ထား။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ထဲမှ အနည်းငယ်သောရေကို သွန်ပြီးလျှင် ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ –



ရှင်ရာဟုလာအား ရေခွက်ဥပမာပြ၍ ဆုံးမတော်မူပုံ

"ရာဟုလာ ရေခွက်ထဲ၌ ကျန်နေသောရေအနည်းငယ်ကို သွန်ပစ်လိုက်တာ မြင်ရဲ့လား?။

ရာဟုလာ ။ ။ မြင်ပါသည်အရှင်ဘုရား။

ဘုရားရှင် ။ ။ "ရာဟုလာ မုသားပြောရမှာကို မရှက်တတ်သော ရဟန်းသာမဏေတို့မှာလည်း (ရေကျန်နည်းနည်းကလေးကို သွန်ပစ်လိုက်သလို) ကိုယ်ကျင့်တရားကို သွန်ပစ်ရာရောက်တယ်" လို့ မှတ်ထား။ ("သူ့မှာ ကိုယ်ကျင့်တရား ဘာမျှမရှိတော့ဘူး" ဟု မိန့်တော်မူလိုသည်။)

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ကို မှောက်လိုက်ပြီးလျှင် ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ "ရာဟုလာ ဟောဒီရေခွက်မှောက်နေတာကို မြင်ရဲ့လား?

ရာဟုလာ ။ ။ မြင်ပါသည် အရှင်ဘုရား။

ဘုရားရှင် ။ ။ "ရာဟုလာ မုသားပြောရမှာကို မရှက်တတ်သော ရဟန်းသာမဏေတို့မှာလည်း (ဟောဒီရေခွက်ကို မှောက်ထားသလို) ကိုယ်ကျင့်တရားတွေကို မှောက်ပစ်လိုက်ရာရောက်တယ်" လို့ မှတ်ထား။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရေခွက်ကိုလှန်ပြီးလျှင် ရှင်ရာဟုလာကို မေးတော်မူပြန်သည်မှာ "ရာဟုလာ လှန်ထားသော ရေခွက်ထဲမှာ ဘာမျှမရှိတာကို မြင်ရဲ့လား?။

ရာဟုလာ ။ ။ မြင်ပါသည် အရှင်ဘုရား။

ဘုရားရှင် ။ ။ "ရာဟုလာ မုသားပြောဆိုဖို့ရန် မရှက်တတ်သော ရဟန်းသာမဏေတို့မှာလည်း (ဟောဒီရေခွက်ထဲ၌ ဘာမျှမရှိတော့သလို) ကိုယ်ကျင့်တရား ဘာမျှမရှိတော့ဘူး" လို့မှတ်ထား။

ရာဟုလာ မုသားပြောရမည်ကို မရှက်တတ်သူသည် ဘယ်မကောင်းမှုမှ မပြုဝံ့တာမရှိတော့၊ မကောင်းမှုဟူသမျှ ပြုဝံ့တော့၏။ ထို့ကြောင့် "မုသားဆိုရင် ပြောင်သလို လှောင်သလိုတောင်မှ မပြောမိအောင် ရှောင်ကြဉ်မည်" ဟု သတိထား၍ ကြိုးစားပြီး ကျင့်ရမည်။

## မှန်ဥပမာပြ၍ ဩဝါဒပေးတော်မူခြင်း

ဘုရားရှင် ။ ။ ရာဟုလာ မှန်ဖြင့် ဘာလုပ်ကြသလဲ?။

ရာဟုလာ ။ ။ မှန်ဖြင့် မျက်နှာ၌ အပြစ်ရှိမရှိ ကြည့်ကြပါသည်။

ဘုရားရှင် ။ ။ ရာဟုလာ မှန်ကိုကြည့်၍ မျက်နှာကို ပြုပြင်ကြသလို၊ ကိုယ်မှု နှုတ်မှု စိတ်မှုများကိုလည်း ပြုသင့်မပြုသင့် နှိုင်းချင့်ပြီးမှ ပြုသင့်တာကိုသာပြုရသည်။

## ကိုယ်ဖြင့် ပြုမည့်ကြံရင် ဆင်ခြင်ပါ

ရာဟုလာ တစ်စုံတစ်ခု အမှုကိစ္စကို ကိုယ်ဖြင့်ပြုချင်ရင် ဆင်ခြင်စဉ်းစားလိုက်ပါဦး "ဘယ်လို ဆင်ခြင်စဉ်းစားရမလဲ" ဆိုရင် "ယခု ငါပြုချင်တဲ့ အမှုကိစ္စသည် ကိုယ့်ကိုယ်ကို ညှဉ်းဆဲရာရောက်မှာလား၊ သူတစ်ပါးကို ညှဉ်းဆဲရာရောက်မှာလား၊ မိမိရော သူတစ်ပါးရော ၂ ဦးလုံးကို ညှဉ်းဆဲရာရောက်မှာလား၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွားတိုးစေမှာလား" ဟု ဆင်ခြင်စဉ်းစားလိုက်ပါ။

ထိုသို့ စဉ်းစားသောအခါ "တစ်ဦးဦးကို ညှဉ်းဆဲရာရောက်မည့် အလုပ်ကိစ္စ၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုးပွားတိုးစေမည့် ကိစ္စ" ဟု သိရင် ထိုအလုပ်ကိစ္စကို စင်စစ်ကေန် အမှန်မပြုမိအောင် ရှောင်လိုက်ပါ။

ရာဟုလာ ထိုသို့စဉ်းစားသောအခါ "မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ ၂ ဦးလုံးကိုလည်းကောင်း ညှဉ်းဆဲရာမရောက်၊ ကောင်းသော ကုသိုလ်မှုဖြစ်၍ သုခအကျိုး ပွားတိုးစေနိုင်မည့် ကိစ္စ" ဟု သိရင် ထိုကိစ္စကို ကိုယ်ဖြင့် ပြုပါလေ။

## ကိုယ်ဖြင့် ပြုနေစဉ်လည်း ဆင်ခြင်ပါ

ရာဟုလာ တစ်စုံတစ်ခု အမှုကိစ္စကို ကိုယ်ဖြင့်ပြုနေတုန်းမှာလည်း ဆင်ခြင်စဉ်းစားပါ။ "ဘယ်လို ဆင်ခြင်စဉ်းစားရမလဲ" ဆိုရင် "ယခု ငါပြုနေသော အလုပ်ကိစ္စသည် ကိုယ့်ကိုယ်ကို ညှဉ်းဆဲရာရောက်သလား၊ သူတစ်ပါးကို ညှဉ်းဆဲရာရောက်သလား၊ ၂ ဦးလုံးကို ညှဉ်းဆဲရာရောက်သလား၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွားတိုးစေမည်လား" ဟု စဉ်းစားလိုက်ပါ။

ထိုသို့ စဉ်းစားသောအခါ "မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ ၂ ဦးလုံးကိုဖြစ်စေ ညှဉ်းဆဲရာရောက်နေသည်။ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွားတိုးစေလိမ့်မည်" ဟု သိရင် ထိုလုပ်နေတဲ့ အလုပ်ကိစ္စကို ရပ်သိမ်းလိုက်ပါ။

မိမိပြုနေသည့် အမှုကို စဉ်းစားသောအခါ "မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ ၂ ဦးလုံးကိုလည်းကောင်း ညှဉ်းဆဲရာမရောက်၊ ကောင်းသော ကုသိုလ်အလုပ်ဖြစ်၍ သုခအကျိုး ပွားတိုးစေနိုင်သည်" ဟု သိရင် ထိုအလုပ်ကို ထပ်၍ထပ်၍ ပြုလုပ်ပါ။

## ကိုယ်ဖြင့် ပြုပြီးသောအခါလည်း ဆင်ခြင်ပါ

ရာဟုလာ တစ်စုံတစ်ခု အမှုကိစ္စကို ကိုယ်ဖြင့်ပြုပြီးသောအခါလည်း ပြန်၍ ဆင်ခြင်စဉ်းစားပါ။ "ဘယ်လို ဆင်ခြင်စဉ်းစားရမလဲ" ဆိုရင် " ယခု ငါပြုပြီးသော အမှုကိစ္စသည် ကိုယ့်ကိုယ်ကို ညှဉ်းဆဲရာရောက်သလား၊ သူတစ်ပါးကို ညှင်းဆဲရာရောက်သလား၊ ၂ ဦးလုံးကို ညှဉ်းဆဲရာရောက်သလား၊ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွားတိုးစေသလား" ဟု စဉ်းစားပါ။

ထိုသို့ ပြန်၍စဉ်းစားသောအခါ "မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ ၂ ဦးလုံးကိုဖြစ်စေ ညှဉ်းဆဲရာ ရောက်နေသည်။ မကောင်းသော အကုသိုလ်မှုဖြစ်၍ ဒုက္ခအကျိုး ပွားတိုးစရာရှိသည်" ဟု သိရင် ထို ကိုယ်ဖြင့် ပြုခဲ့မိသောအမှုကို (ဖုံးမထားဘဲ) ဆရာသမားအထံ၌ဖြစ်စေ၊ တတ်သိနားလည်သော (သီတင်း သုံးဖော်) မိတ်ဆွေအထံ၌ဖြစ်စေ ထင်ရှားအောင်ပြောပေးပါ။ ထိုသို့ ဖွင့်ဖော်ပြောပြပြီးနောက် ထိုအမှုမျိုးကို နောင်တစ်ဖန်မပြုမိအောင် စောင့်စည်းပါ။

မိမိပြုခဲ့သောအမှုကို ပြန်၍ စဉ်းစားသောအခါ "မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ ၂ ဦးလုံးကိုလည်းကောင်း၊ ညှဉ်းဆဲရာမရောက်၊ ကောင်းသော ကုသိုလ်အလုပ်ဖြစ်၍ သုခအကျိုး ပွား တိုးဖွယ်သာ ရှိသည်" ဟု သိရင် မိမိပြုခဲ့သောအလုပ်ကို တွေးတောဆင်ခြင်၍ ကြည်ရွှင်ဝမ်းမြောက်သော စိတ်ဖြင့် နေ့ရောညဉ့်ပါ ကုသိုလ်တရားတို့၌ တိုးပွားအောင်ကျင့်ပါ။

**အမှာ** ။ ။ *နှုတ်မှုဆိုင်ရာ ဝစီကံ၊ စိတ်မှုဆိုင်ရာ မနောကံတို့၌ ဤကာယကံကို ဆင်ခြင်စဉ်းစားသကဲ့သို့ မပြုခင်၊ ပြုတုန်း၊ ပြုပြီး ၃ ဌာနတို့၌ ဆင်ခြင်စဉ်းစားမိ၍ အကုသိုလ်ဖြစ်မည့်အရာ၌ မပြောဖို့ မကြံဖို့ တားမြစ်၍၊ ကုသိုလ်ဖြစ်မည့်အရာ၌သာ ပြောဖို့ ကြံဖို့ ဩဝါဒ ပေးတော်မူသည်။*

## ရှေး ခု နောင်ခါ ဤနည်းသာ

ရာဟုလာ မိမိ၏ ကိုယ်မှု နှုတ်မှု စိတ်မှုကို သန့်ရှင်းအောင်ပြုခဲ့ကြသော ရှေးရှေးက ရဟန်းပုဏ္ဏား တို့သည် ဤနည်းအားဖြင့် (မပြုခင်၊ ပြုတုန်း၊ ပြုပြီးအချိန်မှာ ဆင်ခြင်စဉ်းစားသောအားဖြင့်) သန့်ရှင်းအောင် ပြုခဲ့ကြသည်။ နောက်နောက်အခါ မိမိ၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို သန့်ရှင်းအောင်ပြုကြမည့် ရဟန်းပုဏ္ဏား တို့လည်း ဤနည်းအားဖြင့် သန့်ရှင်းအောင် ပြုကြလိမ့်မည်။ ယခုအခါ မိမိ၏ ကိုယ်နှုတ်စိတ်မှုကို သန့်ရှင်း အောင်ပြုနေသော ရဟန်းပုဏ္ဏားတို့လည်း ဤနည်းအားဖြင့် သန့်ရှင်းအောင် ပြုနေကြသည်။

ထို့ကြောင့် အသင် ရာဟုလာလည်း "မပြုခင်၊ ပြုတုန်း၊ ပြုပြီး ၃ ဌာန၌ စဉ်းစဉ်းစားစား သိထားလျက် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကို သန့်ရှင်းအောင် ပြုမည်" ဟု အလေ့အကျင့်ပြုရမည်။

ဤသို့ ၇ နှစ်သားအရွယ် ငယ်သေးသော ရှင်ရာဟုလာအား သူ့အရွယ်နှင့် တန်ရုံဖြစ်သော ဩဝါဒကို ပေးတော်မူသည်။

## ရှင်ရာဟုလာ သဘောကောင်းပုံ

ရှင်ရာဟုလာသည် အမျိုးအားဖြင့် မင်းမျိုးအစစ်မှာ ဖွင်းမြင်ခဲ့၏။ မိမိကိုယ်တိုင်လည်း စကြာမင်း ဖြစ်လောက်သော ဘုန်းကံပါရှိ၍ ရုပ်အဆင်းအားဖြင့် ကြော့ရှင်းခံ့ညား အများကြည်နူးလောက်အောင် ကျက်သရေကိုဆောင်၏။ ရှင်သာမဏေဘဝသို့ ရောက်လာသောအခါ ဗုဒ္ဓမြတ်စွာ၏ ရင်သွေးတော်ရတနာ

ဖြစ်သောကြောင့်လည်း ရဟန်းတော်များပင် လေးစားမြတ်နိုးကြရုံမက၊ ကောသလမင်း၊ အနာထပိဏ်၊ ဝိသာခါ စသော မင်းပိုင်း၊ သူဌေး သူကြွယ်ပိုင်းကလည်း ကိုင်းရှိုင်းကြည်ညို ရှိသေချစ်ခင်ကြလေသည်။ ဤအခြေအနေကို ဆင်ခြင်စဉ်းစားရင် စိတ်ကြီးဝင်စရာ ဟန်ကြီးပန်ကြီးလုပ်ချင်စရာ လွန်စွာကောင်းပါသော်လည်း စိတ်ကြီးမဝင်သည့်ပြင် နူးညံ့ပျော့ပျောင်း၍ အလွန်စိတ်သဘောကောင်းလှပေသည်။

ရဟန်းတော်များသည် ရှင်ရာဟုလာ သဘောကောင်းကြောင်း ကျော်ကြားလှသဖြင့် စမ်း၍ကြည့်လိုရကား ရှင်ရာဟုလာ လာနေတာကို အဝေးကမြင်ရင် သူလာမည့်လမ်း၌ တံမြက်စည်းကိုဖြစ်စေ၊ အမှိုက်ကြုံးတောင်းကိုဖြစ်စေ ပစ်ထားကြ၏။ ရှင်ရာဟုလာ လွန်သွားသောအခါ တစ်ပါးပါးက "ဒီတံမြက်စည်းကို လမ်းမှာ ဘယ်သူထားသလဲ" ဟု မေးရင် အခြားရဟန်းများက "ရှင်ရာဟုလာတော့ ဒီလမ်းက လာတာပဲ" ဟု ပြောကြကုန်၏။

ထိုစကားကိုကြားရင် "တပည့်တော် မသိဘူး၊ တပည့်တော် မထားဘူး" ဟု ငြင်းမနေဘဲ ထိုတံမြက်စည်းကို သိမ်းဆည်း၍ ရဟန်းတော်များကို "သည်းခံကြပါဘုရား" ဟု တောင်းပန်၍ သွားရှာသေးသည်။ ဤမျှလောက် စိတ်သဘောကောင်းသော ရှင်ရာဟုလာသည် ရဟန်းဖြစ်သောအခါ တစ်ဝါမျှ မရသေးခင် ရဟန္တာဖြစ်လေသည်။

## မေတ္တာသုတ် ပါဠိနှင့် မြန်မာပြန်

(၁) ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါ နုယုဥ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။

(၂) သုခံ သုပတိ သုတ္တောစ၊ ပါပံကိဉ္စိ နပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမဟေ။

အိုသူတော်ကောင်းတို့ မေတ္တာသုတ်ပရိတ်တော်၏ အာနုဘော်ကြောင့် နတ်အများတို့သည် ကြောက်မက်ဖွယ် အာရုံမျိုးကို မပြနိုင်ဘဲရှိကြရသည်။ ထိုမေတ္တာသုတ် ပရိတ်တော်၌ နေ့ညမပြတ် ထပ်တလဲလဲ စွဲမြဲရွတ်ပွား ကြိုးစားအားထုတ်သူသည် ချမ်းချမ်းသာသာ အိပ်စက်ရ၏။ အိပ်ပျော်သည်ရှိသော် မကောင်းသော အိမ်မက်မျိုးလည်း မမြင်မက်ရပေ။ ဤသို့ စသော အကျိုးအာနိသင်နှင့်ပြည့်စုံသော မေတ္တာသုတ်ပရိတ်တော်ကို ငါတို့ရွတ်ကြကုန်စို့။

(၃) ကရဏီယ မတ္ထကုသလေန၊
ယန္တသန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူစ သုဟုဇူစ၊
သုဝစော စဿ မုဒုအနတိမာနီ။

(၄) သန္တုဿကောစ သုဘရောစ၊
အပ္ပဂဗ္ဘောစ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယောစ နိပကောစ၊
အပ္ပဂဗ္ဘော ကုလေသွနနုဂိဒ္ဓေါ။

ငြိမ်သက်အေးချမ်းသော နိဗ္ဗာန်ကို ဖောက်ထွင်းသိမြင်၍ နေလိုသော အကျိုးစီးပွား၌ လိမ္မာသူသည် ပြုကျင့်ရမည့် သိက္ခာသုံးပါးအကျင့်များကို ပြုကျင့်ရမည်။ (၁) ထိုသူကား စွမ်းနိုင်သူဖြစ်ရမည်။ (၂) ဖြောင့်မတ်ရမည်။ (၃) အလွန်ဖြောင့်မတ်ရမည်။ (၄) ဆိုဆုံးမလွယ်ရမည်။ (၅) နူးညံ့ပျော့ပျောင်းရမည်။ (၆) မာနမကြီးရ။ (၇) ရောင့်ရဲလွယ်ရမည်။ (၈) အမွေးအမြူလွယ်သူဖြစ်ရမည်။ (၉) ကိစ္စနည်းပါးရမည်။ (၁၀) ပေါ့ပါးသော အဖြစ်မျိုးရှိရမည်။ (၁၁) ငြိမ်သက်သောဣန္ဒြေရှိရမည်။ (၁၂) ရင့်ကျက်သော ပညာရှိရမည်။ (၁၃) မကြမ်းတမ်းမရိုင်းပျ၊ ယဉ်ကျေးသူဖြစ်ရမည်။ (၁၄) လူတို့၌ တွယ်တာမက်မောခြင်း မရှိရ။

(၅) နစ ခုဒ္ဒံ မာစရေ ကိဉ္စိ၊
ယေန ဝိညူပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(၁၅) ပညာရှိအများ သူတစ်ပါးတို့ ကဲ့ရဲ့ပြစ်တင်မည့် ဒုစရိုက်စု ယုတ်ညံ့သောအမှုမျိုးကို အသေးအဖွဲ အနည်းငယ်မျှပင်ဖြစ်စေ မပြုကျင့်ပါလေနှင့်။ (ထို့နောက် မေတ္တာပွားရမည်မှာ) သတ္တဝါမှန်သမျှ ကိုယ်ချမ်းသာကြပါစေ၊ ဘေးရန်ကင်းဝေး အေးချမ်းသာယာကြပါစေ၊ စိတ်လည်း ချမ်းသာကြပါစေ။

(၆) ယေ ကေစိ ပါဏ ဘူတတ္ထိ၊
တသာ ဝါ ထာဝရာဝ နဝသေသာ။
ဒီဃာဝါ ယေဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

(၇) ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

အလုံးစုံသော ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခများ၊ မထိတ်လန့်တတ်သော ရဟန္တာပုဂ္ဂိုလ်များ၊ ကိုယ်ခန္ဓာရှည်လျားသော သတ္တဝါများ၊ ကိုယ်ခန္ဓာကြီးမားသော သတ္တဝါများ၊ ကိုယ်ခန္ဓာအလတ်စား သတ္တဝါ

များ၊ ပုကွနိမ့်တို ကိုယ်ရှိသော သတ္တဝါများ၊ သေးငယ်မှုမွှားသော သတ္တဝါများ၊ ဆူဖြိုးဝိုင်းဝန်းသော သတ္တဝါများ၊ အဝေး၌နေသော သတ္တဝါများ၊ အနီး၌နေသော သတ္တဝါများ၊ နောင်မဖြစ်ကြမည့်၊ ဖြစ်ပြီး ဖြစ်ရသော ရဟန္တာများ၊ နောင်ဘဝသစ် ရှာမှီးတတ်သော သေက္ခပုထုဇဉ်များ လောကရှိ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၈) န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခ၊ မိစ္ဆေယျ။

သူတစ်ယောက်သည် အခြားသူတစ်ယောက်ကို စဉ်းလဲလှည့်ပတ်မှု မပြုပါစေလင့်။ ဘယ်အရပ်မှာ မဆို ဘယ်ပုဂ္ဂိုလ်တစ်ယောက်ယောက်ကိုမျှ မထီမဲ့မြင် မပြုပါစေလင့်။ ကိုယ်နှုတ်တို့ဖြင့် ထိပါးနှိပ်စက်ခြင်းဖြင့် လည်းကောင်း၊ ဒေါသစိတ်ဖြင့်လည်းကောင်း၊ အချင်းချင်း တစ်ယောက်သည် တစ်ယောက်၏ ဆင်းရဲမှုကို အလိုမရှိပါစေလင့်။

(၉) မာတာ ယထာ နိယံ ပုတ္တ၊
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗ ဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

မွေးမိခင်သည် မိမိ၏ရင်သွေးဖြစ်သော တစ်ဦးတည်းသောသားကို မိမိအသက်နှင့်လဲ၍ပင် အစဉ် ကာကွယ် စောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ သတ္တဝါအလုံးစုံတို့၌ အတိုင်းအတာ ပမာဏမရှိသော မေတ္တာစိတ်ကို ပွားများပါလေ။

(၁၀) မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။

အထက်အရူပဘဝ၊ အောက်ကာမဘဝ၊ အလယ်ရူပဘဝ၊ အလုံးစုံသော လောက၌ ပိုင်းခြား ကန့်သတ်ချက်မရှိသော မေတ္တာစိတ်ကို အပိုင်းအခြားကင်း ကျဉ်းမြောင်းခြင်းမရှိအောင်၊ ဒေါသဟူသော အတွင်းရန်မရှိအောင်၊ အပရန်သူလည်း မရှိအောင်၊ ပွားများပါလေ။

(၁၁) တိဋ္ဌံ စရံ နိသိန္နောဝ၊
သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။

ဇတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု။

ရပ်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ အိပ်လျက်ဖြစ်စေ၊ ငိုက်မျဉ်းခြင်း ကင်းနေသောအချိန်မှာ မေတ္တာစျာန်သတိကို စွဲမြဲစွာ ဆောက်တည်ရာ၏။ ဤဘုရားသာသနာတော်၌ ဤမေတ္တာစျာန်သတိဖြင့်နေခြင်းကို ဗြဟ္မဝိဟာရ (ထူးမြတ်သောနေခြင်းမျိုး) ဟူ၍ ဘုရားရှင်များ ဟောကြားတော်မူခဲ့သည်။

(၁၂) ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
နဟိဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။

ထိုမေတ္တာစျာန်ရပြီးသော ယောဂီသည် အတ္တဒိဋ္ဌိ အစွဲမရှိအောင်ပြု၍ လောကုတ္တရာသီလရှိသော သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသူဖြစ်လျက် ဝတ္ထုအာရုံကာမဂုဏ်တို့၌ ကိလေသာဖြင့် တွယ်တာခြင်းကို အရှင်းပယ်ရှားပြီးသော် အမှန်ပင် နောက်တစ်ဖန်ပဋိသန္ဓေမနေရတော့ပေ။

ပရိတ်ကြီးနိဿယသစ်
**အရှင်ဝါသေဋ္ဌာဘိဝံသ**

# ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ

## အနောဓိသပုဂ္ဂိုလ် ၅ ဦး

၁။ သဗ္ဗေ သတ္တာ – သတ္တဝါအားလုံး
၂။ သဗ္ဗေ ပါဏာ – ထွက်သက်ဝင်သက်ရှိ သတ္တဝါအားလုံး
၃။ သဗ္ဗေ ဘူတာ – ကိုယ်ထင်ရှားရှိ သတ္တဝါအားလုံး
၄။ သဗ္ဗေ ပုဂ္ဂလာ – ပုဂ္ဂိုလ်အားလုံး
၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ – အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံး

## ဩဓိသ ပုဂ္ဂိုလ် ၇ ဦး

၁။ သဗ္ဗာ ဣတ္ထိယော – မိန်းမအားလုံး
၂။ သဗ္ဗေ ပုရိသာ – ယောကျ်ားအားလုံး
၃။ သဗ္ဗေ အရိယာ – အရိယာပုဂ္ဂိုလ်အားလုံး

၄။ သဗ္ဗေ အနရိယာ – ပုထုဇဉ်အားလုံး
၅။ သဗ္ဗေ ဒေဝါ – နတ်ဗြဟ္မာအားလုံး
၆။ သဗ္ဗေ မနုဿာ – လူသားအားလုံး
၇။ သဗ္ဗေ ဝိနိပါတိကာ – အသူရာနှင့် ပြိတ္တာအားလုံး

**မှတ်ချက်** ။ ။ *မရည်ရွယ် မပိုင်းခြားဘဲပို့သော မေတ္တာကို အနောဓိသမေတ္တာဟု ခေါ်သည်။ ရည်ရွယ် ပိုင်းခြား အမည်နာမတင်၍ပို့သော မေတ္တာကို ဩဓိသမေတ္တာဟုခေါ်သည်။*

## ဆုလေးပါး (မေတ္တာလေးပါး)

၁။ အဝေရာ ဟောန္တု – ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
၂။ အဗျာပဇ္ဇာ ဟောန္တု – ကြောင့်ကြဗျာပါဒ ကင်းကြပါစေ။
၃။ အနီဃာ ဟောန္တု – ဆင်းရဲကင်းကြပါစေ။
၄။ သုခီ အတ္တာနံ ပရိဟရန္တု – ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

**ဆောင်**။ ။ *ဘေးရန်ကင်းပ ဗျာပါဒကင်း၊ ဆင်းရဲမရှိ၊ မိမိကိုယ်သာ၊ ရွက်ဆောင်ကာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။*

## ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ လင်္ကာ

၁။ မည့သွန်ပဥ္စ၊ ညွှန်သတ္တ၊ ဒွါဒပုဂ္ဂလာ၊
၂။ မေတ္တာလေးသွယ်၊ မြောက်ပွားချယ်၊ လေးဆယ်ရှစ်ရပါ။
၃။ ဒိသာဒသ၊ မြှောက်ပြန်က၊ လေးရာ့ရှစ်ဆယ်သာ။
၄။ ရည်မရည်ရွယ်၊ ရှစ်လေးဆယ်၊ ထိုဝယ်နှောလေပါ။
၅။ ငါးရာ့နှစ်ဆယ်၊ ရှစ်အကျယ်၊ ဖြစ်ဖွယ်ရွှေမေတ္တာ။

## မြှောက်ပွားပုံ

(က) ပုဂ္ဂိုလ် ၁၂ ယောက်တို့သည် ဆုလေးပါးနှင့်မြှောက် မူလမေတ္တာ ၄၈ ဖြစ်၏။
(ခ) မေတ္တာ ၄၈ ကိုတည် အရပ် ၁၀ ပါးဖြင့်မြှောက် မေတ္တာ ၄၈၀ ဖြစ်၏။
(ဂ) မေတ္တာ ၄၈၀ ကိုတည် အရပ်မပါသော မေတ္တာ ၄၈ နှင့်ပေါင်း မေတ္တာ ၅၂၈ ဖြစ်၏။

**မာဂဓီ သာစည်**

**ယဉ်ကျေးမှုသင်တန်း (၂၈ – ၂၉)**


# မေတ္တာအကျိုး ၁၁ မျိုး



၁။ အိပ်လည်း ချမ်းသာ



၂။ နိုးချမ်းသာ



၃။ ကောင်းရာအိပ်မက်



၄။ လူချစ်ခင်




၅။ နတ်ချစ်ခင်



၆။ စောင့်ရာနတ်တို့



၇။ လက်နက်ဆိပ်မီး ၊ မဖျက်ဆီး
ဥတေနမင်းနှင့် သာမာဝတီမိဖုရား၏ မေတ္တာ




၇။ လက်နက်ဆိပ်မီး ၊ မဖျက်ဆီး
မှဆိုးနှင့် နွားမကြီး၏ မေတ္တာ



၇။ လက်နက်ဆိပ်မီး ၊ မဖျက်ဆီး

သီရိမာက ဥတ္တရာအား ထောပတ်ဆီပူဖြင့် လောင်းနေပုံ။ ဥတ္တရာ၏မေတ္တာ



၈။ စိတ်တည်ကြည်



၉။ မျက်နှာကြည်



၁၀။ မတွေဝေ ၊ အသေကောင်း



၁၁။ ဗြဟ္မာ့ဘုံလား

## ဩဝိမေတ္တာ ပွားပုံအစဉ်ဆောင်ပုဒ်

၁။ မိမိကိုယ်အား၊ သက်သေထား၊ ပွားများ ရှေးဦးစွာ။
ကြည်ညိုလေးမြတ်၊ ချစ်ခင်အပ်၊ ပွားလတ်ပထမာ။
အလွန်ချစ်အပ်၊ ခင်မင်အပ်၊ ပွားလတ် ဒုတိယာ။
မုန်းချစ်မဟူ၊ လယ်လျစ်လျူ၊ ပွားမူ တတိယာ။
မုန်းသူရှိက၊ စတုတ္ထ၊ ပွားရ အေးမေတ္တာ။
ရန်သူကိုကား၊ နောက်ဆုံးထား၊ ရှုပွားရမည်သာ။

## ဩဝိမေတ္တာ၌ သတိပြုစရာများဆောင်ပုဒ်

၂။ မုန်းသူစင်စစ်၊ အလွန်ချစ်၊ မချစ်မမုန်းသူ။
ရန်သူထည့်ကာ၊ လေးယောက်မှာ၊ စစွာ မပွားဟူ။
လိင်မတူကား၊ သီးပိုင်းခြား၊ မပွားရသသူ။
သေသူမှန်က၊ ဘယ်တော့မှ၊ ပွားရမဖြစ်ဟူ။

## မေတ္တာပွားရကျိုး ၁၁ ပါးဆောင်ပုဒ်

၃။ အိပ်လည်း ချမ်းသာ[၁]၊ နိုးချမ်းသာ[၂]၊ ကောင်းရာ အိပ်မက်သည်[၃]။ လူရော[၄] နတ်ပါ[၅]၊ ချစ်ခင်တာ စောင့်ရာနတ်တို့သည်[၆]။ လက်နက်ဆိပ်မီး၊ မဖျက်ဆီး[၇]၊ အပြီးစိတ် တည်ကြည်[၈]။ မျက်နှာကြည်လေ[၉] မတွေဝေ၊ အသေကောင်းလှသည်[၁၀]။ ဗြဟ္မာ့ဘုံလား[၁၁]၊ ဆယ့်တစ်ပါး၊ ကျိုးများ မေတ္တာရည်။

**ချမ်းမြေ့ဆရာတော်**

အခြေပျိုးဗုဒ္ဓဘာသာ (၂၂၅-၂၃၃)

## သစ္စာလေးပါးကဗျာများ

၁။ ဒုက္ခသစ္စာ
၂။ သမုဒယသစ္စာ
၃။ နိရောဓသစ္စာ
၄။ မဂ္ဂသစ္စာ

၁။ ရုပ်နာမ်နှစ်ချက်၊ ဖြစ်ပျက်တတ်စွာ၊
ပေါ်လာပြီးနောက်၊ ချုပ်ပျောက်လေတာ၊
ဆင်းရဲမုချ၊ ဒုက္ခသစ္စာ၊
ရှုမှတ်သား၊ ပိုင်းခြားသိစရာ။

စွဲလမ်းမှု ဥပါဒါန်၏ တည်ရာ ရုပ်နာမ်ခန္ဓာတို့သည် အမြဲမတည်ဘဲ ဖြစ်လိုက်ပျက်လိုက် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတတ်ကြောင့် ဧကန်မုချ ဆင်းရဲလှသော ဒုက္ခသစ္စာ အစစ်ဖြစ်သည်။ ဤရုပ်နာမ်ခန္ဓာတို့၏ မမြဲသောလက္ခဏာ ဖြစ်မှုပျက်မှုကို ပိုင်းပိုင်းခြားခြား သိနေအောင် ရှုမှတ်ပွားများရမည် ဖြစ်ပါသည်။

၂။ မြင်မြင်သမျှ၊ တောင့်တလိုချင်၊
အာရုံငါးပါး၊ လိုက်စားခင်မင်။
ဆင်းရဲအပေါင်း၊ ဖြစ်ကြောင်းသူပင်။
သမုဒယ၊ ပယ်မှတော်မည်ထင်။

မြင်သမျှ ကြားသမျှ နံသမျှ စားသမျှ ထိသမျှ အာရုံငါးပါးတို့ကို လိုချင်တတ်သော လောဘတဏှာသည် ထိုထိုဆင်းရဲအပေါင်းဖြစ်ခြင်း၏ အကြောင်းဖြစ်သော သမုဒယသစ္စာဖြစ်သည်။ ဤသမုဒယသစ္စာ တဏှာလောဘကို ပယ်ခွာရမည်ဖြစ်ပါသည်။

၃။ တဏှာလောဘ၊ လုံး၀ချုပ်ရာ။
ရုပ်နာမ်ခပ်သိမ်း၊ ပြတ်ငြိမ်းနေတာ။
ဉာဏ်မှာ မျက်မှောက်၊ ဆိုက်ရောက်စရာ။
နိရောဓ၊ ဟောပြ မှန်သစ္စာ။

လောဘတဏှာ ထောက်တည်ရာမရှိသော ချုပ်ငြိမ်းမှု၊ ရုပ်နာမ်ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမှုကို နိရောဓသစ္စာဟု ခေါ်သည်။ ဤနိရောဓသစ္စာကို ဉာဏ်ဖြင့်သာ ဆိုက်ရောက်၍ မျက်မှောက်ပြုရမည် ဖြစ်ပါသည်။

၄။ နိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်းရှစ်အင်။
သီလကိုစောင့်၊ စိတ်ဖြောင့်ကြည်လင်။
ရှုမှတ်ပွားများ၊ တရားမဂ္ဂင်။
အချက်ကျ၊ မဂ္ဂသစ္စာပင်။

ထိုနိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်၌ အင်္ဂါရှစ်ပါးရှိသည်။ သီလစောင့်ထိန်းခြင်းနှင့်ဆိုင်သော သီလမဂ္ဂင် သုံးပါး၊ စိတ်ဖြောင့်တန်းတည်ငြိမ်မှု ကြည်လင်မှုနှင့်ဆိုင်သော သမာဓိမဂ္ဂင် သုံးပါး၊ ရှုမှတ်ပွားများမှုနှင့်ဆိုင်သော ပညာမဂ္ဂင် နှစ်ပါးတို့ကို မဂ္ဂသစ္စာဟုခေါ်သည်။

# ပဋိစ္စသမုပ္ပာဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု၊ ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

# ပဋိစ္စသမုပ္ပာဒ်ကဗျာ နှင့် အဓိပ္ပာယ်အကျဉ်း

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

၁။ သစ္စာလေးမျိုး၊ မှောင်အုပ်စိုး၍၊ ကောင်းကျိုးဆိုးပြစ်၊ သဘောနှစ်ကို၊ စိစစ်ဝေခွဲ၊ မသိဘဲ၊ ခေါ်မြဲ အဝိဇ္ဇာ။

၂။ အဝိဇ္ဇာယုတ်၊ ပိတ်ကာအုပ်၍၊ ကိုယ်လုပ်နှုတ်တွင်၊ စိတ်ကြံထင်၍၊ ပြုပြင်တတ်ကြောင်း၊ မျိုးစေ့ လောင်းသို့၊ ကောင်းမကောင်းစွာ၊ ကြောင်းနှစ်ဖြာကို၊ ပုညာပုည၊ အာနဥ္စ၊ ခေါ်ရသင်္ခါရာ။

၁။ လေးသစ္စာဘောင် မှောင်အုပ်စိုးလို့၊ ကောင်းကျိုးဆိုးပြစ် မသိပါ၊
ထိုအဝိဇ္ဇာ ပိတ်ကာအုပ်တော့၊ ကိုယ်နှုတ်စိတ်နဲ့ ပြုပြင်တာ၊
ခန္ဓာအစဉ် ခင်မင်စွဲလို့၊ အလွဲပြုတော့ အပုညာ၊
ဝဋ်ချမ်းသာကို မှန်းကာပြုက၊ လမ်းဖြာပုည အာနဥ္စာ၊
ကောင်း မကောင်းမှု အကြောင်းစု၊ ခေါ်မှု သင်္ခါရာ၊
အဲဒါက ပဋိစ္စသမုပ္ပ ဗုဒ္ဓဒေသနာပါ။

သစ္စာလေးပါးကို မသိမမြင်အောင် ဖုံးလွှမ်းပိတ်ကာတတ်သော အဝိဇ္ဇာ မောဟဟူသော အကြောင်း တရားကြောင့် သတ္တဝါတို့သည် ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်မှုကို ပြုကြသည်။ ဤသို့ ပြုလုပ်ရာ၌ မိမိကိုယ်ကို ခင်မင်၍ မှားယွင်းသော ဒုစရိုက်တရားများကို ပြုလုပ်လျှင် အပုညာဘိသင်္ခါရ ဟုခေါ်သည်။ သံသရာဝဋ်ဆင်းရဲ၌ဖြစ်သော ချမ်းသာကို ရအောင်ရည်ရွယ်၍ သုစရိုက်တရားများကို ပြု လုပ်လျှင် ပုညာဘိသင်္ခါရနှင့် အာနဥ္စာဘိသင်္ခါရဟု ခေါ်သည်။

## သင်္ခါရပစ္စယာ ဝိညာဏံ

၃။ ကောင်းမကောင်းစွာ၊ ကြောင်းသင်္ခါကြောင့်၊ နှစ်ဖြာကောင်းဆိုး၊ ဝိပါက်မျိုးဟု၊ အကျိုးခြောက်ပါး၊ ဝိညာဏ်များ၊ ခေါ်ငြား ဝိညာဏာ။

၂။ ကောင်းဆိုးပြုပြင် သင်္ခါရကြောင့်၊ ထင်စွာနှစ်ဝ အကျိုးလာ၊
ဝိပါက် ဝိညာဉ် ခြောက်ဖြာပ၊ ခြောက်ဒွါရက ပေါ်ရမှာ၊
မြင်ကြားလျက် နံ ထိကြံတွေး၊ ဝိညာဏ်ဒွေးလို့ ခေါ်ရတာ၊
ပုဂ္ဂိုလ်သတ္တဝါ မှတ်စရာမရှိ၊ ဓာတ်လွှာအတိ တို့သူငါ၊
ကြောင်းကျိုးနှစ်ချက် သံသာစက်၊ ဆက်လက်လည်နေတာ၊
အဲဒါက ပဋိစ္စသမုပ္ပ ဗုဒ္ဓဒေသနာပါ။

ကောင်းမှု မကောင်းမှုဟူသော အကြောင်းသင်္ခါရများကြောင့် ကောင်းကျိုးဆိုးကျိုးဟု ဆိုအပ်သော ဝိပါက်ဝိညာဏ်များ ဖြစ်ပေါ်လာကြသည်။

## ဝိပါက်ဝိညာဏ် ခြောက်မျိုးမှာ

ကောင်းသော မြင်သိမှု၊ မကောင်းသော မြင်သိမှု၊
ကောင်းသော ကြားသိမှု၊ မကောင်းသော ကြားသိမှု၊
ကောင်းသော နံသိမှု၊ မကောင်းသော နံသိမှု၊
ကောင်းသော စားသိမှု၊ မကောင်းသော စားသိမှု၊
ကောင်းသော ထိသိမှု၊ မကောင်းသော ထိသိမှု၊
ကောင်းသော တွေးသိမှု၊ မကောင်းသော တွေးသိမှု။

## ဝိညာဏ ပစ္စယာ နာမရူပ်

၄။ ဝိညာဏ်ပေါ်မှု၊ အကြောင်းပြု၍၊ သူ့ကိုမှီတွယ်၊ ရောင်စုံခြယ်ဖို့၊ တင့်တယ်မလှ၊ စေတသိကနှင့်၊ အဋ္ဌဝီသံ၊ ရုပ်နှင့်နာမ်၊ ခေါ်ရန် နာမ်ရုပ်ပါ။

၃။ ဝိညာဏ်ခြောက်လီ ရောက်သည်မှုကြောင့်၊ ထောက်မှီပြုလို့ ရောင်ခြယ်မှာ၊
မည်းစေဖြူစေ ဝေကာစိပ်ဖို့၊ စေတသိက်က ဒွိပညာ၊
လေ မီး ရေ မြေ အခံဘုတ်ပ၊ အရန်ရုပ်က ဥပါဒါ၊
သူမှီတွယ်ရာ ရုပ်တသင်းမို့၊ မကင်းကောင်းလို့ ဖြစ်ရတာ၊
စေတသိက်များ ရုပ်တရား၊ ခေါ်ကြား နာမ်ရုပ်ပါ၊
အဲဒါက ပဋိစ္စသမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

ထိုဝိညာဏ်ခြောက်ပါးကို အမှီပြု၍ သူ့ကိုပင် မကောင်းသောစိတ် ကောင်းသောစိတ်ဟု အမည်းအဖြူ အရောင်ခြယ်ရန် စေတသိက်ငါးဆယ့်နှစ်ပါးနှင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော အခြေခံမဟာဘုတ်လေးပါး အခြံအရံရုပ် ၂၄ ပါးတို့သည် မကင်းရာမကင်းကြောင်း ဖြစ်ပေါ်လာကြသည်။ (စေတသိက် ၅၂ ပါးနှင့် ရုပ်တရားများကို နာမ်ရုပ်ဟုခေါ်သည်။)

## နာမရူပ ပစ္စယာ သဠာယတနံ
## သဠာယတနပစ္စယာ ဖဿော

၅။ နာမရူပ်၊ အကြောင်းခံ၍၊ ခြောက်တန်အကြည်၊ ဓာတ်မှန်တည်ကာ၊ ငါးလီရုပ်မှတ်၊ မနောဓာတ်၊ ခေါ်လတ် သဠာယတနာ။

၆။ သဠာယတန၊ သဘာဝကြောင့်၊ ပြင်ဆအာရုံ၊ လက်ခံတုံ၍၊ တွေ့ဆုံထိကြ၊ သဘောက၊ ဖဿ မည်တွင်သာ။

၄။ နာမ်ရုပ်နှစ်တန် နောက်ခံပြုလို့၊ ခြောက်တန်အစု ဓာတ်အကြည်၊
မျက်စိ နား နှာ လျှာ ကိုယ် မနော၊ ထိုသဘောက သဠာမည်၊
အကြောင်းသဠာယတနကြောင့်၊ ပြင်အာရုံ ဆ တိုက်ဆိုင်ပြီ၊
အကြည်အာရုံ ငြိလာဟပ်မှ၊ ထိကာ ဖဿဖြစ်ရသည်၊
သဠာယတနအကြောင်းပြ၊ ဖဿခြောက်ခုအတည်၊
အဲဒါက ပဋိစ္စသမုပ္ပါ၊ ဗုဒ္ဓဒေသနာ တလီ။

နာမ်ရုပ်တရားနှစ်ပါးကို အခံပြု၍ပင် မျက်စိအကြည်ဓာတ်၊ နားအကြည်ဓာတ်၊ နှာခေါင်းအကြည်ဓာတ်၊ လျှာအကြည်ဓာတ်၊ ကိုယ်အကြည်ဓာတ်၊ စိတ်အကြည်ဓာတ်ဟု ဆိုအပ်သော အတွင်းအာယတန ခြောက်ပါးကို သဠာယတနဟုခေါ်သည်။ ဤသို့ အတွင်းအကြည်ဓာတ် ခြောက်ပါးရှိနေလျှင် အပြင်အာယ တနခြောက်ပါးခေါ် အဆင်း အသံ အနံ့ အရသာ ထိစရာ တွေးသိစရာတို့နှင့် ဆုံမိ ထိခိုက်မိကြတော့ သည်။ ဤသို့ အတွင်းအကြည်ဓာတ်များနှင့် အပြင်အာရုံများ တိုက်ဆိုင်မှုကို ဖဿဟုခေါ်သည်။

## ဖဿပစ္စယာ ဝေဒနာ

၇။ ဖဿခြောက်ခု၊ အရင်းပြု၍၊ သုခ ဒုက္ခာ၊ ဥပေက္ခာဟု၊ ခြောက်အာရုံစု၊ ခံစံမှု၊ ခေါ်ပြုဝေဒနာ။

၅။ ဖဿခြောက်တန် ထောက်ကန်ပြုလို့၊ ခံမှု စံမှု ခြောက်ခုဖြာ၊
ဣဋ္ဌာ နိဋ္ဌာ လျစ်လျူရှု၊ သုခ ဒုက္ခ ဥပေက္ခာ၊
ဖဿလာလျှင် ဝေဒနာပဲမို့၊ မကွာတွဲလို့ အမြဲပါ၊
ဒိဋ္ဌိ မာနာ တဏှာစွဲကို၊ အသာခွဲဖို့ ရှုစရာ၊
ဝေဒနာစု ပေါ်တိုင်းရှု၊ အနုပဿနာ၊
အဲဒါက ပဋိစ္စသမုပ္ပါ၊ ဗုဒ္ဓဒေသနာပါ။

ဤသို့တိုက်ဆိုင်မှု ဖဿတရားများ ဖြစ်ပေါ်သောအခါ ကောင်းသော ဣဋ္ဌာရုံနှင့်တွေ့လျှင် သုခဝေဒနာ၊ မကောင်းသော အနိဋ္ဌာရုံနှင့်တွေ့လျှင် ဒုက္ခဝေဒနာ၊ ကောင်းမကောင်း မဆိုသာသော အလတ်တန်းစား အာရုံနှင့်တွေ့လျှင် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်သည်။

## ဝေဒနာပစ္စယာ တဏှာ

ဝေဒနာအကြောင်း၊ ဆုံကာပေါင်းသော်၊ မကောင်းတွေ့လျှင်၊ ကောင်းလိုချင်၍၊ ကောင်းလျှင်ပိုမို၊ ရယူလိုသည်၊ ထိုထိုအာရုံ၊ ကာမဂုဏ်၌၊ ခုံမင်တတ်သော၊ ဓာတ်သဘော၊ လောဘနုတဏှာ။

၆။ ဖြစ်တိုင်းရုပ်နာမ် ဉာဏ်ဟာမစောင့်လို့၊ ဝေဒနာကြောင့် တဏှာဝင်၊
မကောင်းအာရုံ ပေါင်းဆုံတွေ့တော့၊ ကောင်းပေ့ဆိုမှ သူခုံမင်၊
ကောင်းတဲ့အာရုံ ကြုံလာလတ်တော့၊ ထပ်ကာသူကြိုက် ယူလိုက်ချင်၊
လောဘတဏှာ တာရှည်ထားတော့၊ ကြာလေကားတဲ့ ကတော့သွင်၊
မီးပင်လယ်အလား ကျွေးတိုင်းစား၊ ခြောက်ပါးတဏှာရှင်၊
အဲဒါက ပဋိစ္စသမုပ္ပ၊ ဗုဒ္ဓဒေသနာပင်။

ရုပ်နာမ်ဖြစ်ပေါ်တိုင်း ဉာဏ်ဖြင့်မရှုမှတ်လျှင် သာယာမှုတဏှာ ဖြစ်ပေါ်သည်။ မကောင်းသောအာရုံနှင့်တွေ့လျှင် ကောင်းသောအာရုံကို မျှော်သည်၊ လိုချင်သည်။ ကောင်းသောအာရုံနှင့် ကြုံတွေ့ရလျှင် ထပ်ကာထပ်ကာ လိုချင်သည်။ ဤတဏှာကို လွှတ်ထားလျှင် ကြာလေ ကြီးလေ အဝကျယ် ကားလေဖြစ်သော ကတော့ကြီးကဲ့သို့ အတောမသတ် ဖြစ်သွားတတ်သည်။ မီးသည် ထည့်သမျှ လောင်သကဲ့သို့ လည်းကောင်း၊ ပင်လယ်သည် စီးဝင်သမျှရေကို လက်ခံ၍ မပြည့်နိုင်သကဲ့သို့လည်းကောင်း ဖြစ်သည်။

## တဏှာပစ္စယာ ဉပါဒါန်

၉။ တဏှာအနု၊ အကြောင်းပြု၍၊ ခြောက်ခုအာရုံ၊ ကာမဂုဏ်၌၊ အာရုံတင်းလင်း၊ အစွဲပြင်း ခေါ်လျှင်း ကာမုပါ။
အမြင်ယွင်းဖောက်၊ အယူမှောက်၍၊ ခြောက်ဆယ့်နှစ်ပါး၊ ဒိဋ္ဌိများ၌၊ စွဲအားပြင်းမှု၊ အကြောင်းပြု၊ ဒိဋ္ဌုပါဒါနာ။
ခွေးနွားကျင့်စဉ်၊ အကောင်းထင်၍ အမြင်ယွင်းကွက်၊ အကျင့်ပျက်ကို၊ နှစ်သက်သမှု၊ စွဲမှတ်ပြု၊ သီလဗ္ဗတ ပါဒါနာ။
ပရမတ္ထံ၊ သဘောမှန်ဝယ်၊ ရုပ်နာမ်ကလွဲ၊ ရှိပါပဲကို၊ ငါစွဲပြင်းပြ၊ စွဲလမ်းက၊ အတ္တဝါဒုပါဒါနာ။

၇။ ခြောက်ကာမဂုဏ် အာရုံဖက်လို့၊ စုံမက်စွဲမှု ကာမုပါ၊
ခြောက်ဆယ့်နှစ်ဖြာ အယူမှားဖို့၊ တအားစွဲဘိ ဒိဋ္ဌိသာ၊
ခွေး နွားကျင့်စဉ် ခင်မင်ကြိုက်လို့၊ အမြင်မိုက်တော့ သီလဗ္ဗတာ၊
ပရမတ်နာမ် ရုပ်လွှာခဲကို၊ အဟုတ်ငါစွဲတော့ အတ္တဝါ၊
တဏှာအနေ အရင်းပြု၊ လေးခု ဥပါဒါ၊
အဲဒါက ပဋိစ္စသမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

လိုချင်မှုတဏှာကို အကြောင်းပြု၍ ရရှိသော ကာမအာရုံအပေါ်၌ ပြင်းထန်စွာ စွဲလမ်းမှု ကာမုပါဒါန်၊

ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိအယူမှုများ၌သော်လည်းကောင်း၊ မှားယွင်းဖောက်ပြန်နေသော မိမိတို့၏ အယူဝါဒအပေါ်၌လည်းကောင်း ပြင်းထန်စွာ စွဲလမ်းမှု ဒိဋ္ဌုပါဒါန်၊

ခွေးအကျင့်၊ နွားအကျင့် စသည်၌ နှစ်သက်စွဲလမ်းမှု သီလဗ္ဗတုပါဒါန်၊

ရုပ်နာမ်အစဉ် ရုပ်နာမ်တရားမျှသာဖြစ်သော မိမိခန္ဓာကိုယ်၌ ငါဟူသော အစွဲပြင်းပြမှု အတ္တဝါဒုပါဒါန်တို့ ဖြစ်ပေါ်လာကုန်၏။

## ဥပါဒါနပစ္စယာ ဘဝေါ

၁၀။ ဥပါဒါန်ဟု၊ စွဲလမ်းမှုကြောင့်၊ ကောင်းမှုကုသိုလ်၊ အကုသိုလ်၊ ပြုလို ကမ္မဘဝါ။

၈။ လေးဥပါဒါန် မြင်တာရိုင်းလို့၊ ထင်ရာစိုင်းတော့ ကမ္မဘဝါ၊
ဒုစရိုက်ဆယ် တကယ်ပွားတော့၊ အပါယ်လားဖို့ လမ်းတစ်ဖြာ၊
ဝဋ်ချမ်းသာကို မှန်းကာဖက်တော့၊ ချမ်းသာတစ်ကွက် ရေပွက်ပမာ၊
မြေကမ္ဘာမှာ ခြေရာထပ်လို့၊ သေစရာမပြတ် ဓာတ်ခန္ဓာ၊
ဥပါဒါန အကြောင်းပြ၊ ဘဝဝဋ်ချာချာ၊
အဲဒါက ပဋိစ္စသမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

အစွဲပြင်းပြမှု ဥပါဒါန်ဟူသော အကြောင်းတရားကြောင့် အပါယ်လားကြောင်း ဒုစရိုက်တရားများကို ပွားခြင်း၊ သံသရာဝဋ်၌ မှီသော ချမ်းသာကိုရည်ရွယ်၍ သုစရိုက်တရားများ ပွားခြင်းတည်းဟူသော သံသရာဝယ် အဖန်ဖန် အိုနာသေကြောင်းဖြစ်သော ကမ္မဘဝတို့ ဖြစ်ပေါ်လာကုန်၏။

## ဘဝပစ္စယာ ဇာတိ

၁၁။ မကောင်း ကောင်းမှန်၊ ဘဝကံကြောင့်၊ လေးတန်အပါယ်၊ လူနတ်ဝယ်၊ ဖြစ်ဖွယ် ဇာတိပါ။

၉။ ဝဋ်ကိုတွယ်တာ ကံဟာအမိမို့၊ ခန္ဓာဇာတိ ဖြစ်လို့လာ၊
မကောင်းကြမ္မာ လွှဲကာဘိတော့၊ ငရဲ တိရစ် ပြိတ္တ အသူရာ၊

ကောင်းမှုဓာတ်ဖြူ ထပ်ကူပိုးတော့၊ နတ်လူမျိုးနဲ့ မိုးဗြဟ္မာ၊
မိုးလေမမြင် ရှင်ပျော်ကြူးလို့၊ မီးပေါ်မြူးတဲ့ ပိုးပမာ၊
ဘဝတစ်ခု အကြောင်းပြု၊ ဖြစ်မှု ဇာတိမှာ၊
အဲဒါက ပဋိစ္စသမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

မကောင်းသော ကမ္မဘဝကြောင့် အပါယ်ဒုဂ္ဂတိဘုံဘဝ၌ ဇာတိ ပဋိသန္ဓေတည်နေရသည်။ ကောင်းသော ကမ္မဘဝကြောင့် လူနတ်ဘဝ သုဂတိဘုံဘဝ၌ ဇာတိ ပဋိသန္ဓေတည်နေရသည်။

## ဇာတိပစ္စယာ ဇရာမရဏ (လ) ပဟောတိ

၁၂။ ဇာတိသန္ဓေ၊ ခန္ဓာမွေ၍၊ နာသေအိုမင်း၊ ပျက်ပြိုခြင်းနှင့်၊ ကွေကွင်းတတ်ကြ၊ ဗျသနကြောင့်၊ ဒုက္ခမိုးတိမ်၊ တွေ့လာချိန်၌၊ စိုးရိမ်ပူဆွေး၊ ငိုဟစ်ကြွေး၍၊ ညစ်ထေးစိတ်စက်၊-ထိပ်ကိုနှက်သို့၊ မသက်မသာ၊ ခံရရှာသည်၊ ချမ်းသာတစ်ကွက်၊ မရောယှက်ဘဲ၊ သက်သက်ဆင်းရဲ၊ ခံရနည်းသည်၊ မလွဲမှန်စွာ ဖြစ်ထုံးတည်း။

၁၀။ ဇာတိဖန်လာ ခန္ဓာရတော့၊ ဇရာမရဏ စခန်းဖြာ၊
မျက်စိမှုန်ပြာ နားပါးထိုင်းလို့၊ ခါးကိုင်း သွားကျိုး ဆံဖြူကာ၊
ပစ္စည်းဥစ္စာ ဆွေညာတသင်းနဲ့၊ ကွေကွာကင်းလို့ သေရမှာ၊
စိုးရိမ်ပူပို ငိုဟစ်ကြွေးလို့၊ ညစ်ထေးစိတ်စက် မသက်သာ၊
ဒုက္ခသက်သက် မရောယှက်၊ ဆက်ဆက်ဖြစ်လို့လာ၊
အဲဒါက ပဋိစ္စသမုပ္ပ၊ ဗုဒ္ဓဒေသနာပါ။

ဇာတိဟူသော ခန္ဓာပဋိသန္ဓေတည်နေမှုကြောင့် အိုမှု နာမှု သေမှုတို့အပြင် ဗျသနတရားများနှင့်လည်း တွေ့ကြုံရ၍ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း ပြင်းစွာပူပန်မှုတို့ များစွာဖြစ်ရသည်။ ချမ်းသာအစစ်အမှန်မရှိဘဲ သက်သက် ဆင်းရဲအစုသာ ဖြစ်ပေါ်နေသည်။

**အရှင်ကောသလ္လ ( မေ့ာစရိယ၊ ဘီအေ )**
**ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ် (၇၇ – ၈၆)**

*အပိုင်း (၂)*
*စာရိတ္တကောင်းမွန်ရေးကဏ္ဍ*
*ပြီး၏။*

# အပိုင်း ( ၃ )

# ကြီးပွားချမ်းသာရေးကဏ္ဍ

## ဗျဂ္ဃပဇ္ဇသုတ် (သမ္ပဒါတရား)

(အင်္ဂုတ္တိုရ်၊ ပထမပံ၊ ဂေါတမီဝဂ်)

**မေးလျှောက်ပုံ**

အခါတစ်ပါး၌ ကောဠိယ၏ သားဖြစ်သော ဒီဃဇာဏု အမည်ရှိသော အမျိုးသားတစ်ယောက်သည် ကောဠိယနိဂုံးဝယ် သီတင်းသုံးတော်မူသော ဘုရားရှင်အား လျှောက်ထားသည်မှာ အရှင်ဘုရား ကာမ စည်းစိမ်ကို ခံစားလျက် လူဝတ်ကြောင်ဖြစ်ကြသော တပည့်တော်တို့သည် သားသမီးတို့ဖြင့် ကျဉ်းမြောင်း ကြပ်တည်းသော အိပ်ရာနေရာ၌ နေကြရပါကုန်၏။ ( အိမ်က ကြီးကျယ်စေကာမူ စိုးရိမ်ကြောင့်ကြဖွယ် များသောကြောင့် 'ကျဉ်းမြောင်းကြပ်တည်းသည်'ဟု ဆိုသည်။)

ကာသိတိုင်းမှထွက်သော စန္ဒကူးနံ့သာကိုလည်း သုံးစွဲကြပါကုန်၏။ ပန်းနံ့သာအမွှေးအကြိုင် မျက်နှာ ခြေ စသည်ကိုလည်း သုံးစွဲကြပါကုန်၏။ ရွှေငွေကိုလည်း သာယာနှစ်သက် စုံမက်ကြပါကုန်၏။ ထိုကဲ့သို့ သာယာဖွယ်တို့ကိုသာယာလျက် ကာမစည်းစိမ်ကို မစွန့်ရက်နိုင်သော တပည့်တော်တို့အား ဤဘဝ ၌ စီးပွားချမ်းသာဖြစ်နိုင်၊ နောက်ဘဝ၌လည်း စီးပွားချမ်းသာဖြစ်နိုင်သော တရားကို ဟောတော်မူပါ။ (ဒီဃဇာဏု၏အမျိုးသည် ဗျဂ္ဃပဇ္ဇာအမည်ရခဲ့ဖူး၏။ ထို့ကြောင့် 'ဗျဂ္ဃပဇ္ဇ'ဟု ခေါ်တော်မူလိမ့်မည်။)

**ဤဘဝ ချမ်းသာကြောင်းတရား**

ဗျဂ္ဃပဇ္ဇ – အမျိုးသားတစ်ယောက်အတွက် ဤဘဝ၌ စီးပွားချမ်းသာဖြစ်ဖို့ရာ အကြောင်းတရား တို့သည် ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ ကလျာဏမိတ္တတာ၊ သမာဇီဝိတာအားဖြင့် လေးပါးရှိကုန်၏။ (ဤလေးပါးကိုပင် သမ္ပဒါတရား လေးပါးဟု ရှေးက ခေါ်ခဲ့ကြသည်။)

**ဥဋ္ဌာန သမ္ပဒါ**

ဗျဂ္ဃပဇ္ဇ – ဤလူ့လောက၌ အမျိုးသားသည် အသက်မွေးဝမ်းကျောင်း တစ်မျိုးမျိုးဖြင့် အသက်မွေးရ သည်။ ထိုသို့ အသက်မွေးရာ၌ (က) လယ်ယာလုပ်ကိုင်မှုဖြင့်ဖြစ်စေ၊ (ခ) ကုန်သန်းရောင်းဝယ်မှုဖြင့်ဖြစ်စေ၊ (ဂ) နွားကျောင်းမှုဖြင့်ဖြစ်စေ၊ (ဃ) လေးအတတ်ဖြင့်ဖြစ်စေ၊ (င) မင်းမှုထမ်းခြင်းဖြင့်ဖြစ်စေ၊ (စ)

အခြားသော အတတ်တစ်စုံတစ်ခုဖြင့်ဖြစ်စေ အသက်မွေးရသည်။ (ဤစကားတော်ဖြင့် 'အသက်မွေးဝမ်းကြောင်း အလုပ်မရှိဘဲ လူ့ပေါ်ကြော့ လူ့တေလေ လုပ်နေ၍မရ' ဟု ဟောတော်မူလိုသည်။)

မည်သည့်အလုပ်ဖြင့် အသက်မွေးသည်ဖြစ်စေ ထိုအလုပ်၌ ကျွမ်းကျင်မှုရှိရသည်။ မပျင်းမရိ လုံ့လ ရှိရမည်။ ထိုအမှုကိစ္စနှင့်ဆိုင်ရာဝယ် အကြောင်းအားလျော်စွာ စူးစမ်းနိုင်းချိန်တတ်သော ဉာဏ်လည်းရှိရမည်။ ကိုယ်တိုင်လုပ်ခွင့်ကြုံလျှင် ကိုယ်တိုင်လုပ်စွမ်းနိုင်ရမည်။ သူ့ကို စီမံခွင့်ကြုံလျှင် စီမံတတ်ရမည်။ ဤသို့ ဆိုင်ရာအလုပ်၌ ကျွမ်းကျင်မှုအခြေခံပညာ၊ မပျင်းမရိခွဲရှိမှု ဝီရိယ၊ စူးစမ်းနိုင်းချိန်တတ်သောဉာဏ်၊ ဤသုံးတန်နှင့် ပြည့်စုံခြင်းကို ဥဋ္ဌာနသမ္ပဒါဟုခေါ်သည်။

**ဆောင်** ။ ။ *အလုပ်ဆိုင်ရာ ကျွမ်းကျင်စွာဘိ ပညာရှိ၍ ဝီရိယဖွဲ့ သတ္တိခဲနှင့် ကိုယ်လည်းလုပ်တတ်၊ စီမံတတ်မှ၊ ဥဋ္ဌာန မည်ရသမ္ပဒါ။*

## အာရက္ခ သမ္ပဒါ

ဗျဂ္ဃပဇ္ဇ– ထိုဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံသော အမျိုးသား၏ ထကြွလုံ့လ ဝီရိယကြောင့် ရအပ်ကုန်သော လက်ရုံးအားဖြင့် စုဆောင်း၍ ထားအပ်ကုန်သော ချွေးကျအောင် (နဖူးကချွေး ခြေမကျအောင်) ရှာဖွေအပ်ကုန်သော စီးပွားဥစ္စာတို့သည် ဓမ္မိက (တရားသဖြင့် ရှာဖွေအပ်) ဓမ္မလဒ္ဓ (တရားသဖြင့် ရအပ်သော) စီးပွားဥစ္စာများ ဖြစ်ကြပေသည်။ ထိုစီးပွားဥစ္စာတို့ကို စောင့်ရှောက်နည်းအမျိုးမျိုးဖြင့် လုံခြုံစေရမည်။

ဘယ်လိုနည်းဖြင့် စောင့်ရှောက်မှုကိုပြုလျှင် (က) မင်းတို့သည် မယူနိုင်ပါကုန်အံ့နည်း၊ (ခ) သူခိုးစားပြတို့သည် မယူနိုင်ပါကုန်အံ့နည်း၊ (ဂ) မီးသည် မလောင်နိုင်ပါအံ့နည်း၊ (ဃ) ရေသည် မဆောင်နိုင်ပါအံ့နည်း၊ (င) အမွေခံ သားသမီးဆိုးတို့သည် မယူနိုင်ပါကုန်အံ့နည်း။ ဤသို့ တွေးတောကြံစည်ကာ (ရေ မီး သူခိုး မွေခံဆိုးနှင့် မင်းဆိုးအပြား ရန်မျိုးငါးကြောင့်) မပျက်ပြားနိုင်လောက်အောင် စောင့်ရှောက်နည်းအမျိုးမျိုးဖြင့် လုံခြုံအောင် သိမ်းဆည်းတတ်ခြင်းကို အာရက္ခသမ္ပဒါ (အစောင့်အရှောက်ကောင်းခြင်း) ဟု ဆိုရသည်။ (ဤစကားတော်ဖြင့် 'ရှာဖွေ၍ရအပ်သော ပစ္စည်းကို မသိမ်းမဆည်းဘဲ မထားရ၊ ရန်သူမျိုးငါးပါးမှ လုံခြုံအောင် သိမ်းဆည်းတတ်စေရမည်'ဟု ဟောတော်မူလိုသည်။)

**ဆောင်** ။ ။ *ရေမီးသူခိုး၊ မွေခံဆိုးနှင့် မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့် မပျက်ပြားလတ် စောင့်ရှောက်တတ်မှ အာရက္ခ မည်ရသမ္ပဒါ။*

## ကလျာဏမိတ္တတာ

ဗျဂ္ဃပဇ္ဇ–မိမိနေရာ မြို့ရွာနိဂုံး၌ အသက်အရွယ် ငယ်စေကာမူ အကျင့်အားဖြင့် ကြီးရင့်ကြကုန်သော၊ ကြီးသူဖြစ်လျှင်လည်း အကျင့်စာရိတ္တပါ ကြီးရင့်ကြကုန်သော သဒ္ဓါ သီလ စာဂ (စွန့်ကြဲပေးကမ်းမှု) ပညာနှင့် ပြည့်စုံကြသော အိမ်ပိုင်ယာပိုင်ရှိ၍ ဂဟပတိ မည်သူ၊ ထိုဂဟပတိ၏ သားဖြစ်သူများ ရှိကြလိမ့်

မည်။ ကြီးပွားလိုသောအမျိုးသားသည် ထိုဂဟပတိနှင့်လည်းကောင်း၊ ထိုဂဟပတိ၏ သားများနှင့် လည်းကောင်း အတူနေ အတူပြော အတူဆွေးနွေးသောအားဖြင့် အပေါင်းအသင်းလုပ်ရမည်။

ထိုသို့ မိတ်ဆွေကောင်းနှင့် ပေါင်းသော အမျိုးသားသည် မိတ်ဆွေကောင်း၏ သဒ္ဓါတရားကောင်းပုံကို အတုလိုက်၍ မိမိလည်း သဒ္ဓါတရားကောင်းလာ၏၊ သီလနှင့်ပြည့်စုံပုံကို အတုလိုက်၍ မိမိလည်း သီလနှင့် ပြည့်စုံလာ၏၊ စွန့်ကြဲပေးကမ်းမှုစာဂကို အတုလိုက်၍ မိမိလည်း စွန့်ကြဲပေးကမ်းတတ်လာလိမ့်မည်။ အသိအလိမ္မာပညာနှင့် ပြည့်စုံပုံကို အတုလိုက်၍ မိမိလည်း အသိအလိမ္မာရှိလာလိမ့်မည်။ ဤသို့ မိတ်ဆွေကောင်း၏ ကောင်းသောအမှုသို့ အတုလိုက်ခြင်းကို 'ကလျာဏမိတ္တာ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းခြင်း' ဟုခေါ်ရသည်။ (မိတ်ဆွေကောင်းနှင့် ပေါင်းရုံတွင်မကဘဲ မိတ်ဆွေကောင်း၏ ကောင်းသော အတုကိုလည်း လိုက်ရမည်" ဟု ဟောတော်မူလိုရင်းဖြစ်သည်။)

**ဆောင်** ။ ။ *သဒ္ဓါသီလ စာဂပညာ လေးဖြာစုံတောင်း မိတ်ဆွေကောင်းနှင့် ပေါင်း၍အတု ကိုယ်လည်းပြုမှ ကလျာဏ မိတ္တပြည့်စုံသည်။*

**သမဇီဝိတာ**

ဗျဂ္ဃပဇ္ဇ – အမျိုးသားသည် မိမိမှာရှိသော စည်းစိမ်တို့၏ ဝင်လာသော အရဘက်ကိုလည်းကောင်း၊ ထွက်သွားသော အကုန်အကျဘက်ကိုလည်းကောင်း သိ၍ ကြီးကြီးကျယ်ကျယ်လည်းမဖြစ်စေ သိမ်သိမ်ငယ်ငယ်လည်း မဖြစ်စေဘဲ အကုန်နှင့်အရ မျှတအောင် အသက်မွေးမှုကို 'သမဇီဝိတာ' ဟုခေါ်သည်။ ထိုသို့ အသက်မွေးလျှင် ဝင်လာသောအရဘက်က များ၍ ထွက်သွားသော အကုန်အကျဘက်ကို လွှမ်းနိုင်လိမ့်မည်။ ထို့ကြောင့် အကုန်နှင့်အရ မျှတ မမျှတကို သိတတ်ရသည်။ ဥပမာ ချိန်ခွင်ကြီးကို ကိုင်ဆောင်ထားသူသည် ချိန်ခွင်ကြီးကို မြှောက်လိုက်သောအခါ မည်ရွေ့မည်မျှ နိမ့်ကျနေသည်၊ သို့မဟုတ် မည်ရွေ့မည်မျှ အထက်ထောင်နေသည်ဟု သေချာစွာ သိသကဲ့သို့တည်း။ ထိုသို့သိအောင် အလုပ်အကိုင်များ၌ အကုန်နှင့်အရကို ပြသော စာရင်းစာအုပ်ရှိကြရပေသည်။

**ဆောင်** ။ ။ *စားဝတ်နေပုံ၊ နေ့စဉ်ခြုံလျက်၊ အကုန်အရ၊ နှိုင်းချိန်ဆသော်၊ အရဘက်က သာစေမှ သမဇီဝိတာခေါ်။*

ဗျဂ္ဃပဇ္ဇ – အမျိုးသားသည် အရဘက်က နည်းနေပါလျက် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ဟန်ကြီးပန်ကြီး အသက်မွေးနေမှုကြောင့် အကုန်ဘက်က များနေလျှင် 'သဖန်းသီးစားတဲ့ လူလိုပဲ' ဟု အပြောအဆိုခံရတတ်၏။ (သဖန်းသီးစားလိုသူသည် သဖန်းပင်မှ အသီးတွေကို လှုပ်ချ၍ မိမိစားလိုရာ အနည်းငယ်ကိုစားပြီးလျှင် ကျန်သမျှအသီးတွေကို အချည်းနှီးဖြစ်၍ ကျန်ရစ်စေသည်။) အကယ်၍ အရဘက်ကများပါလျက် ဆင်းတောင့်ဆင်းရဲ အသက်မွေးကာ နမြောစေးကပ်နေပြန်လျှင် 'ကိုယ့်လုပ်စာ

ကိုယ်မစားရဘဲ ကိုးကွယ်ရာမဲ့ သေရမယ့်လူစား' ဟု အပြောအဆိုခံရတတ်၏။ ထို့ကြောင့် အရဘက်နှင့် အကုန်ဘက်ကို နှိုင်းချိန်ကာ မျှမျှတတ စားသောက်နေထိုင်တတ်ရသည်။

## ပျက်စီးကြောင်း လေးပေါက်

ဗျဂ္ဃပဇ္ဇ – ဤသို့ ဥဋ္ဌာနသမ္ပဒါ စသော အကြောင်းတရားလေးပါးနှင့်အညီ စုဆောင်းရှာဖွေ၍ ရအပ်သော စည်းစိမ်ဥစ္စာတို့အတွက် ပျက်စီးဖို့ရာ ထွက်ပေါက်လေးပေါက် ရှိနေသည်ကို နားလည်ရမည်။ (၁) ဣတ္ထိ ဓုတ္တ (မိန်းမလိုက်စားခြင်း)၊ (၂) သုရာဓုတ္တ (သေရည်အရက် ဘိန်းကစော် သောက်စားခြင်း)၊ (၃) အက္ခဓုတ္တ (အလောင်းအစား ကစားခြင်း)၊ (၄) ပါပမိတ္တ (အပေါင်းအသင်း မိတ်ဆွေ မကောင်းခြင်း) ဤလေးပါးတည်း။

## ဝင်လာကြောင်း လေးပေါက်

ဗျဂ္ဃပဇ္ဇ – ဤလေးပါး၏ ပြောင်းပြန်ဖြစ်သော (၁) မိန်းမ မလိုက်စားခြင်း၊ (၂) သေရည်အရက် ဘိန်းကစော် မသောက်မစားခြင်း၊ (၃) အလောင်းအစားကစားမှု မရှိခြင်း၊ (၄) မကောင်းသော အပေါင်းအသင်းမိတ်ဆွေမရှိခြင်း၊ ဤလေးပါးကား စီးပွားဥစ္စာ၏ ဝင်လာဖို့အကြောင်း ကောင်းသော လမ်းပေါက်များ ဖြစ်ကြသည်။ အမျိုးကောင်းသားသည် ပျက်စီးကြောင်းအပေါက် လေးပေါက်ကိုပိတ်၍ ဝင်လာကြောင်း အပေါက်လေးပေါက်ကို အမြဲဖွင့်ထားမှသာ ဥဋ္ဌာနသမ္ပဒါ စသော အကြောင်းလေးပါးဖြင့် ရှာမှီးအပ်သော စည်းစိမ်ဥစ္စာများသည် မပျက်မစီးဘဲ တည်တံ့တိုးပွားဖွယ်ရှိကြပေသည်။

## ရေကန်ကြီးဥပမာ

ဗျဂ္ဃပဇ္ဇ – ဥပမာပြရလျှင် ရေကန်ကြီးတစ်ကန်၌ ရေဝင်ပေါက် လေးပေါက်ရှိ၍ ရေထွက်ပေါက်လည်း လေးပေါက်ပင်ရှိ၏။ ထိုရေကန်ကြီး၌ ရေထွက်ပေါက်များ ဖွင့်ထား၍ ရေဝင်ပေါက်များကို ပိတ်ထားလိုက်လျှင်လည်းကောင်း၊ မိုးကလည်း မကြာမကြာ မရွာလျှင်လည်းကောင်း၊ ရေတွေ ယုတ်လျော့ဖို့သာရှိ၍ တိုးဖို့မရှိတော့ချေ။ ထိုသို့မဟုတ်ဘဲ ရေထွက်ပေါက်များကို ပိတ်ထား၍ ရေဝင်ပေါက်များကို ဖွင့်ထားလျှင်လည်းကောင်း၊ မိုးကလည်း မကြာမကြာ ရွာလျှင်လည်းကောင်း ထိုရေကန်ကြီးမှာ ရေတွေ ယုတ်လျော့ဖို့မရှိ တိုးဖို့သာရှိတော့သည်။

ဗျဂ္ဃပဇ္ဇ – ထို့အတူပင် ဣတ္ထိဓုတ္တ စသော လေးပါးသည် စည်းစိမ်ဥစ္စာတို့ ပျက်စီးကြောင်း ထွက်ပေါက်များဖြစ်၍ ဣတ္ထိဓုတ္တမဟုတ်သော လေးပါးသည် စည်းစိမ်ဥစ္စာတို့၏ ဝင်လာကြောင်း အပေါက်များ ဖြစ်၏။ မိန်းမလိုက်စားမှု စသော ထွက်ပေါက်လေးပါးကို မပြုလုပ်ဘဲ ပိတ်ဆို့ထား၍ မိန်းမ မလိုက်စားမှု စသော ဝင်ပေါက်လေးပေါက်ကို ဖွင့်ထားလိုက်လျှင် ဥဋ္ဌာနသမ္ပဒါ စသော လေးပါးဖြင့်

ရှာချနေသော ပစ္စည်းဥစ္စာ မိုးရေများသည် ကောင်းစွာ တည်တံ့တိုးပွားနေနိုင်ပေသည်။ ဤပြအပ်ခဲ့သော လေးပါးသည် ယခုဘဝ၌ စီးပွားချမ်းသာတိုးပွားဖို့ အကြောင်းများပင် ဖြစ်ပေသည်။

**နောက်ဘဝ ချမ်းသာကြောင်းလေးပါး**

ဗျဂ္ဃပဇ္ဇ – အမျိုးသား၏ နောက်နောက်ဘဝများစွာ၌ စီးပွားချမ်းသာဖို့ရာ အကြောင်းလေးပါးရှိ၏။ (၁) **သဒ္ဓါသမ္ပဒါ** – သဒ္ဓါ၏ ပြည့်စုံခြင်း၊ (၂) **သီလသမ္ပဒါ** – သီလ၏ပြည့်စုံခြင်း၊ (၃) **စာဂသမ္ပဒါ** – စွန့်ကြဲပေးကမ်းခြင်း၏ ပြည့်စုံခြင်း၊ (၄) **ပညာသမ္ပဒါ** – ပညာ၏ ပြည့်စုံခြင်းတည်း။

**သဒ္ဓါ သမ္ပဒါ**

ဗျဂ္ဃပဇ္ဇ – အမျိုးသားသည် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ် (အားလုံးကို သိနိုင်သော ဉာဏ်) တော်ကို ယုံကြည်၊ 'အရဟံ သမ္မာသမ္ဗုဒ္ဓေါ' စသော ဂုဏ်တော်များကို ယုံကြည်၏။ ထိုသို့ ယုံကြည်ခြင်း၏ ပြည့်စုံမှုကို 'သဒ္ဓါသမ္ပဒါ'ဟု ဆိုရသည်။ (ဘုရားရှင်ကို ယုံကြည်မှ ဘုရားရှင်၏ တရားတော်အတိုင်း လိုက်နာမည်ဖြစ်သောကြောင့် သဒ္ဓါသမ္ပဒါသည် အရင်းခံအကြောင်းဖြစ်သည်။)

**သီလ သမ္ပဒါ**

လူတို့၏ ကိုယ်ကျင့်ဖြစ်သော ငါးပါးသီလနှင့် ပြည့်စုံမှုကို သီလသမ္ပဒါဟု ဆိုရသည်။ (ဘုရားရှင်ကို ယုံကြည်မှ ဘုရားရှင်အမိန့်တော်အတိုင်း သီလကို စောင့်ရှောက်လိုကြပေမည်။)

**စာဂ သမ္ပဒါ**

အမျိုးသားသည် သူတစ်ပါးကို ပေးကမ်းဖို့ နှမြောဝန်တိုစိတ်မရှိ၊ ပေးကမ်းစွန့်ကြဲစရာ ကိစ္စကြုံလာလျှင် တွန့်တိုခြင်းမရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲလေ့ရှိ၏။ အလှူခံလာလျှင် စင်ကြယ်သောလက်ဖြင့် အဆင်သင့် ကပ်လှူဖို့ရန် မိမိလက်ကို အမြဲစင်စင်ကြယ်ကြယ်ထား၏။ စွန့်ကြဲပေးကမ်းလေ့ရှိကြောင်းကို သိကြသောကြောင့် ထိုအမျိုးသားထံ၌ တောင်းရမ်းသူတို့က တောင်းရဲကြ၏။ ထိုသို့ စွန့်ကြဲပေးကမ်း လှူဒါန်းနေရလျှင် ပျော်ရွှင်နိုင်မှုကို 'စာဂသမ္ပဒါ'ဟု ခေါ်ရသည်။

**ပညာ သမ္ပဒါ**

အမျိုးသားသည် ရုပ်နာမ်တရား၏ အဖြစ်အပျက် အနိစ္စဒုက္ခ အနတ္တသဘောကို နားလည်သော ပညာနှင့် ပြည့်စုံ၏။ ထိုသို့ ပြည့်စုံခြင်းကို 'ပညာသမ္ပဒါ'ဟု ဆိုရသည်။ (ကံနှင့် ကံ၏အကျိုးကို နားလည်သော ပညာကိုလည်း အခြေခံ 'ဥပသမ္ပဒါ'ဟုပင် ဆိုနိုင်ပါသည်။)

ဤကား နောက်နောက်ဘဝ၌ စီးပွားချမ်းသာဖြစ်ခြင်း၏ အကြောင်းဖြစ်သော တရားလေးပါးတည်း။

**အချုပ်မှတ်ဖွယ်** ။ ။ *ဤတရားတော်သည် သားမယားနှင့်အတူ အိမ်၌နေရင်းပင် ဤဘဝ နောက်ဘဝ၌ စီးပွားဥစ္စာ တိုးတက်ကြောင်း ချမ်းသာကြောင်းကို ညွှန်ပြသော တရားတော် ဖြစ်၏။*

ဤဘဝ စီးပွားချမ်းသာဖြစ်ကြောင်း၌ (၁) မိမိလုပ်သည့်အလုပ်ကိစ္စ၌ ကျွမ်းကျင်၍ မပျင်းမရိ လုံ့လရှိခြင်း၊ (၂) လုပ်ကိုင်၍ရသော စီးပွားဥစ္စာကို ဘေးရန်မရှိအောင် စောင့်ရှောက်တတ်ခြင်း၊ (၃) အရနှင့်အကုန်တွင် အရဘက်က အမြဲသာလျက်ရှိစေခြင်း၊ (၄) မိတ်ကောင်းရှိခြင်းဟု လေးပါးကို ဟောတော်မူပြီးလျှင်

(၁) မိန်းမလိုက်စားခြင်း၊ (၂) သေရည်သေရက် ဘိန်းကစော်တို့ကို သောက်စားခြင်း၊ (၃) အလောင်းအစားကစားခြင်း၊ (၄) မကောင်းသော အပေါင်းအဖော်ရှိခြင်း ဟူသော ပျက်စီးကြောင်း အပေါက်လေးပေါက်ကို ပိတ်ဆို့ရမည်ဟု ဟောတော်မူ၏။ ထိုဟောတော်မူသည့်အတိုင်း နေထိုင်လျှင် အဘယ်မှာ ဤဘဝ၌ စီးပွားမတိုးတက်ဘဲ ရှိပါအံ့နည်း။

သံသရာချမ်းသာကြောင်း၌ (၁) သဒ္ဓါပြည့်စုံခြင်း၊ (၂) သီလပြည့်စုံခြင်း၊ (၃) စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ (၄) ပညာဉာဏ်ရှိခြင်းအားဖြင့် ဤလေးပါးကို ဟောတော်မူ၏။ ထိုဟောတော်မူသည့်အတိုင်း မကျင့်နိုင်လောက်အောင် ခက်ဖွယ်လည်း မပါ၊ ထိုအတိုင်း ကျင့်ပါလျှင်လည်း ကေန်ဘဝကောင်းသို့ ရောက်ရမည်သာ။

*ဗျဂ္ဃပဇ္ဇသုတ်ပြီး၏။*

## အိမ်ထောင်စုံ လေးမျိုး

၁။ လင်နတ်သားနှင့် မယားသူသေ။
(ယောကျ်ားက သီလလုံ၍ အိမ်သူမယားက သီလမလုံခြုံ)
၂။ သူသေလင်နှင့် အိမ်ရှင်နတ်သမီး။
(ယောကျ်ားက သီလမစင်ကြယ်ဘဲ အိမ်ရှင်ဇနီးက သီလစင်ကြယ်)
၃။ သူသေလင်မယား။
(နှစ်ယောက်စလုံး သီလမစင်ကြယ်။)
၄။ နတ်သား နတ်သမီး ဇနီးမောင်နှံ။
(ဇနီးမောင်နှံ နှစ်ဦးစလုံး သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟဲရီ၊ ဩတ္တပ္ပ ဟူသော ဤသူတော်ကောင်းဥစ္စာ ၇ ပါးနှင့် ပြည့်စုံ။)

# သုတ်ပါထေယျ ပါဠိတော် သိင်္ဂါလောဝါဒသုတ်မှ ထုတ်နုတ်ချက်

## သိင်္ဂါလသတို့သား

သိင်္ဂါလသတို့သားသည် နဂိုက ဘုရားကို မကြည်ညို၊ ထို့နောက် ဘုရားရှင်၏ လောကကြီးပွားရေး တရားများကို ကြားရမှ ဘုရားကို ကြည်ညို၍ တရားသံဃာတော်ကိုပါ ကိုးကွယ်ဆည်းကပ်လေသည်။ ထိုသတို့သားအား ဟောတော်မူအပ်သော တရားတော်သည် ဗုဒ္ဓပဇ္ဇသုတ်၌ ပါပြီးသော တရားတော်များနှင့် တချို့သဘောတူ၏။ ထို့ကြောင့် သဘောမတူသော တချို့ကျင့်ဝတ်များကို ထုတ်ပြပါမည်။

## အဂတိမလိုက်ရ

ဘက်လိုက်ခြင်း၊ မျက်နှာလိုက်ခြင်းကို **'အဂတိဂမန** – မလိုက်ထိုက်သည်ကို လိုက်ခြင်း၊ မပြုထိုက်သည်ကို ပြုခြင်း**'** ဟုခေါ်၏။ ထိုအဂတိသည် **'**ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ**'** ဟု လေးပါး ရှိ၏။

## ပစ္စည်းဝေရာ၌ ဘက်လိုက်ပုံ

နှစ်ယောက် သုံးယောက်မှစ၍ အများဆိုင်ပစ္စည်းများကို ဝေဖန်ရာ၌ ချစ်သူအား ပို၍ပေးခြင်းသည် ဆန္ဒာဂတိလိုက်ခြင်းမည်၏။ (**ဆန္ဒ** – ချစ်ခြင်းကြောင့်၊ **အဂတိ** – ဘက်မလိုက်ထိုက်သည်ကို၊ **ဂမန** – လိုက်ခြင်း) မုန်းသူအား လျော့၍ပေးခြင်းသည် ဒေါသာဂတိ လိုက်ခြင်းမည်၏။ အနည်းအများ နားမလည်၊ အဖိုးတန် မတန် နားမလည်သောကြောင့် တစ်ယောက်မှာများ၍ အခြားတစ်ယောက်မှာ နည်းအောင် ဝေမိခြင်းသည် မောဟာဂတိလိုက်ခြင်းမည်၏၊ ပို၍မပေးလျှင် ရန်လုပ်မည့်အတွက် ကြောက်သောကြောင့် ပို၍ပေးလျှင် ဘယာဂတိ လိုက်ခြင်းမည်၏။ (မိမိပိုင်ပစ္စည်းကိုကား အလိုရှိသလို ပေးနိုင်၏၊ ချစ်သူအား ပေးခြင်းကြောင့် ဆန္ဒာဂတိလိုက်သည်မမည်။ သို့သော် မိမိသားသမီး မိမိတပည့်တို့အား ဝေ၍ ပေးရာ၌ကား အဂတိမလိုက် မိအောင် သတိထားရသေး၏။)

## ရာထူးခန့်ရာ၌ ဘက်လိုက်ပုံ

လူကိုရွေး၍ ရာထူးခန့်ရမည့်ကိစ္စ၌ပင် ကိုယ်က ချစ်နေသောကြောင့်ဖြစ်စေ၊ လာဘ်လာဘပေးသည့် အတွက် ယခုမှ ချစ်သောကြောင့်ဖြစ်စေ၊ ချစ်သူအား ရာထူးခန့်ခြင်း ရာထူးတိုးပေးခြင်းသည် ဆန္ဒာဂတိ လိုက်ခြင်းမည်၏။ ပင်ကိုက မုန်းသောကြောင့်ဖြစ်စေ၊ လာဘ်မပေးသောကြောင့်ဖြစ်စေ မုန်းသူအား ရာထူး မခန့်ခြင်း၊ ရာထူးမတိုးခြင်း၊ ရာထူးလျှော့ချခြင်းသည် ဒေါသာဂတိလိုက်ခြင်းမည်၏။ သူတို့၏ အရည်အချင်း

ကိုမသိသောကြောင့် ခန့်သင့်သူ ရာထူးတိုးသင့်သူကိုမခန့်ဘဲ မတိုးစေဘဲ မခန့်သင့် မတိုးသင့်သူကို ခန့်ခြင်း၊ ရာထူးတိုးပေးခြင်းသည် မောဟာဂတိလိုက်ခြင်းမည်၏။ ကြောက်သောကြောင့် ရာထူးခန့်ခြင်း ရာထူးတိုးပေးခြင်းသည် ဘယာဂတိလိုက်ခြင်းမည်၏။

**တရားဆုံးဖြတ်ရာ၌ ဘက်လိုက်ပုံ**

တရားတွေ့သူ နှစ်ဘက်တွင် နဂိုကဖြစ်စေ၊ လာဘ်ကြောင့်ဖြစ်စေ ချစ်သူဘက်ကို အနိုင်ပေးခြင်းသည် ဆန္ဒာဂတိလိုက်ခြင်းမည်၏။ ရှေးက ရန်သူဖြစ်နေ၍ သို့မဟုတ် ယခုတွေ့မှ အပြောမတည့်၍ သို့မဟုတ် လာဘ်မပေး၍ မုန်းသောကြောင့် အရှုံးပေးခြင်းသည် ဒေါသာဂတိလိုက်ခြင်းမည်၏။ တရားအမှန်ကို နားမလည်၍ အရှုံးအနိုင်ပေးရာ၌ အမှားပေးမိခြင်းသည် မောဟာဂတိလိုက်ခြင်းမည်၏။ ကြောက်သော ကြောင့် အနိုင်ပေးခြင်းသည် ဘယာဂတိလိုက်ခြင်းမည်၏။

**အဂတိလိုက်ခြင်း မလိုက်ခြင်း**

လဆုတ်ရက်များ၌ လ၏အရောင်သည် တစ်နေ့တခြား ဆုတ်ယုတ်ကာ နောက်ဆုံးနေ့၌ ကွယ်ပျောက်သကဲ့သို့ အဂတိလိုက်သူ၏ အခြွေအရံနှင့် ဂုဏ်သတင်းကျော်စောခြင်းလည်း တစ်နေ့တခြား ဆုတ်ယုတ်ကာ နောက်ဆုံး၌ တိမ်မြုပ်သွားရ၏။ လဆန်းရက်များ၌ လ၏အရောင်သည် တစ်ရက်ထက် တစ်ရက် တိုးတက်လာသကဲ့သို့ အဂတိမလိုက်သူ၏ အခြွေအရံနှင့် ဂုဏ်သတင်းကျော်စောခြင်းလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်၍ လာနိုင်ပေမည်။

**မောဟာဂတိ၏ ကြောက်ဖွယ်**

မိမိကိုယ်ကို ဘက်မလိုက်သူဖြစ်အောင် သတိထား၍ စောင့်စည်းလိုသူသည် ဆန္ဒ ဒေါသ ဘယ အတွက် ထိန်းသိမ်းနိုင်ဖွယ်ရှိသော်လည်း မောဟအတွက်ကား မစောင့်စည်းနိုင်ချေ။ ထို့ကြောင့် ကိစ္စ တစ်စုံတစ်ရာ ကြုံလာရလျှင် အရင်းခံအကြောင်းကို သိအောင်စုံစမ်းပြီးမှသာ ပြုလုပ်ရသည်။ ထိုသို့ ပြုလုပ်နိုင်မှ အမှန်ကိုပြုလုပ်ရာရောက်၍ မောဟာဂတိမှ လွတ်မြောက်ပေလိမ့်မည်။ ထိုမျှလောက် ကြိုးစား ပါလျက် လွဲသွားလျှင်ကား မိမိစွမ်းနိုင်သောအရာ မဟုတ်တော့။

**ယခုခေတ် ဖြစ်ပုံ**

ယခုခေတ်၌ကား ဆန္ဒာဂတိမှစ၍ အဂတိလိုက်မှု၊ ဘက်လိုက်မှုတွေ များလှသောကြောင့် ဆိုင်ရာ အလုပ်ကိစ္စ၌ တာဝန်ယူရသူများပင် ဂုဏ်သတင်းကျော်စောခြင်း၊ ပျက်ပြယ်ကာ နောက်ဆုံး၌ တိမ်မြုပ်သွား ကြရလေသည်။ ထို့ကြောင့် မိမိကိုယ်ကို ပါရမီရှင်ဟု အယူရှိသူတို့သည် မတတ်နိုင်သော မောဟမှတစ်ပါး အခြားအဂတိလိုက်မှုများ မလိုက်မိအောင် ရှောင်ကြရပေလိမ့်မည်။

**မှတ်ချက်** ။ ။ *ရာထူးပေးရာ၌ အရည်အချင်းရှိသူက မိမိစကားကို နားထောင်မည့်သူမဟုတ်၊ မိမိအလုပ်ကို ကူညီမည့်သူမဟုတ်သောကြောင့် ထိုသူ့ကိုမပေးဘဲ မိမိအလုပ်ကို ကူညီမည့်သူအား ပေးခြင်းမှာ ဘက်လိုက်ခြင်းဟု မဆိုနိုင်ပါ။*

( **အမှာ** ။ ။ ဥစ္စာပျက်ကြောင်းခြောက်ပါး စသော ရှောင်ရန် အပြစ်ပြတရားစုများကို ယဉ်ကျေးလိမ္မာ ဒုတိယဆင့်စာအုပ်၌ ကဗျာပြု၍ ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်၏။)

**စီစဉ်စုဆောင်းသူ**

ဗုဒ္ဓဘာသာသင်ခန်းစာ (၁၂၈ – ၁၃၅)

## စီးပွားစုပါ

ဗုဒ္ဓမြတ်စွာသည် ဤဘဝ၌ ချမ်းသာဖို့ရာ ဥဋ္ဌာနသမ္ပဒါ စသော တရားများနှင့် မိတ်တု မိတ်စစ်ကို ခွဲခြား၍ ပြတော်မူ၏။ ထိုသို့ ပြတော်မူခြင်းသည် ယခုဘဝ၌ မိတ်ဆွေအတုများကြောင့် စီးပွားပျက်တတ် နောင်ဘဝအတွက် ကုသိုလ်မရဘဲ အကုသိုလ်များတတ်ခြင်း၊ မိတ်ဆွေအစစ်များကြောင့် ယခုဘဝ၌ စီးပွားဖြစ်တတ် နောင်ဘဝအတွက် အကုသိုလ်မများဘဲ ကုသိုလ်ပွားတတ်ခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဤဘဝချမ်းသာရေးအတွက် စီးပွားစုဖို့ရန်လည်းကောင်း၊ စီးပွားဥစ္စာရှိမှ မိတ်ဆွေကောင်းတို့ကို မပျက်အောင် ထိန်းထားနိုင်ကြောင်းကိုလည်းကောင်း ဟောတော်မူပါသည်။ မှန်ပါသည်၊ ယခုအခါ၌ အချင်းချင်းမိတ်ဆွေဖြစ်ရာ၌ မိမိကလည်း ပြန်၍ပေးနိုင်မှ ကြာရှည်တည်တံ့သည်၊ ဥစ္စာကို မိတ်ဆွေကောင်းတို့က ကူညီစောင့်ရှောက်ပါလျက် စီးပွားပျက်နေသူမှာ ထိုမိတ်ဆွေများလည်း ကြာရှည်စွာ အဆက်ဆံမလုပ်နိုင်ပါ။

## ပျားကိုပုံပြု

စီးပွားကို တရားသဖြင့် စုဆောင်းရာ၌ လုံးခနဲ ခဲခနဲ တစ်ခါတည်း စုပုံ၍ ရဖို့ရာ မလွယ်ကူပါ။ ရှေးဦးစွာ ပျားတို့၏ ပျားရည်စုပုံကို စဉ်းစားပါ၊ ပျားတို့သည် ပန်းပွင့်ပေါင်းများစွာမှ ဝတ်ရည်ကို စုပ်ယူကြ၏။ ထိုသို့ စုပ်ယူသည့်အတွက် ပန်းပွင့်တို့သည် ညှိုးနွမ်းခြောက်သွေ့၍ မနေရစ်၊ လန်းမြဲလန်း လှမြဲလှ မွှေးမြဲမွှေးနေရစ်၏။ သို့သော် ပျားတို့၌ကား ပျားရည်တွေများစွာ စုမိလေသည်။ ထို့အတူ အရောင်းအဝယ်လုပ်ရာ၌လည်းကောင်း၊ အတိုးအပွားချထားရာ၌လည်းကောင်း၊ အလုပ်ရှင် အလုပ်သမား ဖြစ်ရာ၌လည်းကောင်း၊ မိမိနှင့် စီးပွားဘက်ဖြစ်ကြသူတို့ကို ဆင်းရဲမနေရစ်စေဘဲ သူတို့အထံမှ ထိုက်တန်သော ရစရာများကို နည်းနည်းစီ သို့မဟုတ် နေ့စဉ်ရအောင် ယူသောအားဖြင့် မိမိမှာ စီးပွားစုမိအောင် တရားသဖြင့် စရပါသည်။

## ခြကိုတာ

ခြဟု ခေါ်အပ်သော သတ္တဝါကလေးတို့သည် မြေမှုန့်ကလေးများကို အနည်းငယ်စီသယ်ယူကြ၏။ ထိုသို့ သယ်ယူပုံကိုကြည့်ရလျှင် တောင်ပို့ကြီးဖြစ်လိမ့်မည်ဟု ထင်နိုင်စရာမရှိ။ သို့သော် ထိုခြကလေးများသည် လုံ့လဝီရိယ အလွန်ကောင်းရကား မကြာမီပင် သူတို့နေရဖို့ရာ တောင်ပို့ကြီးဖြစ်လာလေသည်။ ထို့အတူ တစ်နေ့တစ်နေ့လျှင် တစ်မူးတစ်မတ်မျှလောက် စုနိုင်ရုံဖြင့် ဥစ္စာကြွယ်ဝသူ ဖြစ်နိုင်မည်ဟု မထင်နိုင်ပါ။ သို့ရာတွင် မှန်မှန်စုလိုက်သောအခါ အတော်ကြာလျှင် ဥစ္စာအထုပ်ကလေးကို မြင်ရ၍ ထိုအထုပ်ကလေး မှ အထုပ်ကြီးဖြစ်ကာ ဥစ္စာရှင်ဖြစ်လာနိုင်ပါသည်။

## လေးပုံခွဲ၍ သုံးစွဲပါ

တော်တော်စု၍ ဥစ္စာအထုပ်ကလေး ဖြစ်လာသောအခါ ထိုဥစ္စာကို လေးပုံခွဲ၍ သုံးစွဲရသည်။ (၁) ဝတ်ဖို့စားဖို့ သုံးစွဲဖို့တစ်ပုံ၊ (၂) အရောင်းအဝယ်လုပ်ဖို့ နှစ်ပုံ၊ (၃) ဘေးရန်ပေါ်လာသောအခါ အသုံးချဖို့ မြှုပ်နှံသိမ်းထားရ၊ ဘဏ်၌အပ်ထားရသော တစ်ပုံ၊ ဤသို့ လေးပုံခွဲ၍ သုံးစွဲရမည်ဟု သိင်္ဂါလော ဝါဒသုတ်၌ ဟောတော်မူပါသည်။ (ဤနည်းကား လက်လုပ်လက်စား မစုမိသေးသူများအတွက် လည်းကောင်း၊ အလွန်ပေါများသူအတွက်လည်းကောင်း ရည်ရွယ်တော်မူဟန်မတူ၊ အလယ်အလတ်လူများအတွက် ရည်ရွယ်တော်မူဟန်တူပါသည်။)

## သုံးစရာထဲမှ စွန့်ကြဲပါ

ဤပြခဲ့သော လေးပုံတွင် စွန့်ကြဲပေးကမ်းလှူဒါန်းဖို့ရာ သီးခြားမပါ၊ သုံးစွဲဖို့ရန် သတ်မှတ်ထားသော တစ်ပုံထဲမှပင် ရသေ့ရဟန်းတို့အားလည်း စားဦးစားဖျားကို လှူဒါန်းရ၏။ တောင်းရမ်းစားသောက် သူတို့ကိုလည်း စားကြွင်းစားကျန်ကို စွန့်ကြဲပေးကမ်းရသည်။

**မှတ်ချက်** ။ ။ *ဘုရားရှင်သည် မိမိမှာ မရှိဘဲ ကြွေးယူ၍ အလှူပေးဖို့ကို မဆိုထားဘိ၊ ကြွေးမယူရဘဲ ရှိရင်း ပစ္စည်းထဲကသော်မှ အရောင်းအဝယ် အရင်းအနှီးလုပ်နေသော ပစ္စည်းကို လှူဒါန်းဖို့ရန် ညွှန်ပြတော်မမူပါ။ မိမိ နေ့စဉ်စားသုံးသော ပစ္စည်းထဲကသာ အနည်းငယ် စွန့်ကြဲပေးကမ်း လှူဒါန်းဖို့ ညွှန်ပြပါသည်။*

## မမွဲနိုင်သော အလှူ

အခါတစ်ပါး၌ ဘုရားရှင်သည် အစားအသောက် ဒုဗ္ဘိက္ခဖြစ်နေသော နာဠန္ဒာမြို့ဝယ် ရဟန်းငါးရာ နှင့်အတူ ရောက်လာတော်မူ၏။ ထိုအခါ နိဂဏ္ဌာ၏ ဒါယကာတစ်ယောက်ဖြစ်သော ဂါမဏိ (မြို့လူကြီး) သည် ဘုရားအထံတော်သို့ လာ၍ "မြတ်စွာဘုရားသည် သတ္တဝါတို့ကို သနားသည်ဟုဆိုပါလျက် ယခု

လို ဒုဗ္ဗိက္ခအခါဝယ် ရဟန်းများစွာနှင့်အတူ လှည့်လည်တော်မူလာသည်မှာ လူတို့ကို နှိပ်စက်ရာ မရောက်ပါလော” ဟု အပြစ်တင်စကားကို လျှောက်လေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ရှေးရှေးက ဖြစ်ပျက်ပုံကို ခဏမျှ ဆင်ခြင်တော်မူလေရာ ကိုးဆယ့်တစ်ကမ္ဘာအတွင်းကို မြင်တော်မူ၍ မိန့်တော်မူသည်မှာ “ဂါမဏိ – စားဖို့ချက်အပ်သော ထမင်းအိုးဟင်းအိုးမှ ခူးခပ်၍ စားဦးစားဖျား စားကြွင်းစားကျန်ကို လှူဒါန်းပေးကမ်းသည့်အတွက် မွဲသွားသောအမျိုးကို တစ်ဦးတစ်လေမျှ ကိုးဆယ့်တစ်ကမ္ဘာအတွင်းဝယ် မြင်တော်မမူ။ စင်စစ်မှာ ကြွယ်ဝချမ်းသာသော အမျိုးဟူသမျှသည် ဒါနကြောင့်လည်း ဖြစ်ကြ၊ သစ္စာ (မှန်မှန်ကန်ကန် ပြောဆိုပြုလုပ်ရောင်းဝယ်မှု) ကြောင့်လည်း ဖြစ်ကြရ၊ ကိုယ်နှုတ်စောင့်စည်းမှုဟူသော သီလကြောင့်လည်း ဖြစ်ကြရသည်” ဤသို့ မိန့်တော်မူ၍ မွဲခြင်း၏အကြောင်းများကို ဆက်လက်မိန့်တော်မူသည်။

## မွဲခြင်း၏အကြောင်း

ဂါမဏိ – မတရားသော အစိုးရ၏ သိမ်းယူခြင်းကြောင့်သော်လည်းကောင်း၊ ဓားပြ သူခိုး လူဆိုးများကြောင့်သော် လည်းကောင်း၊ မီးလောင်ခြင်းကြောင့်သော် လည်းကောင်း၊ ရေလွှမ်းခြင်းကြောင့်သော် လည်းကောင်း၊ မြှုပ်နှံထားသော ရွှေအိုးငွေအိုး၏ နေရာရွေ့သွားခြင်းကြောင့်သော် လည်းကောင်း (ကံမကောင်းသောအခါ မြုပ်ထားသော ဥစ္စာများသည် နတ် စသည်တို့၏ ရွှေ့မှုကြောင့် နေရာရွေ့သွားတတ်သည်။) မိမိ မကျွမ်းကျင်သောအလုပ် (လယ်ယာ အရောင်းအဝယ်အလုပ် စသည်) ကို လုပ်မိခြင်းကြောင့်သော် လည်းကောင်း၊ အမျိုးထဲ၌ စည်းစိမ်ဥစ္စာကို ဖြုန်းတီးမည့် အညွန့်တုံးသော လူ့မီးသွေးခဲ လူမည်းလူမိုက် ပေါ်လာခြင်းကြောင့်သော်လည်းကောင်း၊ အနိစ္စသဘောကြောင့်သော်လည်းကောင်း ဤရှစ်ပါးတွင် တစ်မျိုးမျိုးကြောင့် ဥစ္စာစည်းစိမ်ပြိုကွဲ၍ မွဲတတ်လေသည်။

**(သဠာယတနသံယုတ်၊ ဂါမဏိဝဂ်)**

## တိုက်တွန်းချက်

ယခုခေတ် လူအချို့က ‘ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အကုန်အကျများ၍ လောကကျိုးမများ’ဟု စွပ်စွဲလိုကြသည်။ ဤတရားတော်သည် ထိုစွပ်စွဲချက်ကို ချေပပြီးဖြစ်ရကား ဗုဒ္ဓသာသနာတော်ကို ကြာရှည်စွာ တည်စေလိုပါလျှင် ဤတရားတော်ကို လေးလေးနက်နက် စဉ်းစားကြစေလိုပါသည်။ နောက်သံသရာ ချမ်းသာရေးအတွက် ညွှန်ပြတော်မူအပ်သော သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ဤလေးဖြာတွင် ဒါန (စာဂ) အတွက် ဗုဒ္ဓမြတ်စွာ၏ ညွှန်ပြချက်၌ မွဲစရာအကြောင်းမရှိပါ။ ထို့ပြင် ဒါန (စာဂ) တစ်ခုကိုသာ အားမကိုးဘဲ သဒ္ဓါ သီလ ပညာကိုလည်း အားကိုးကာ ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းကြစေလိုပါသည်။

## ကိုယ့်ကိုယ်ကို ချစ်ပါ

မိမိတို့သည် ရှေးရှေးဘဝကလည်း သတ္တဝါတစ်ယောက်အနေဖြင့် ဖြစ်ခဲ့ကြ၏။ ရဟန္တာမဖြစ်သေးသမျှ နောက်နောက်ဘဝ အဆက်ဆက်၌လည်း ဖြစ်ကြရဦးမည်။ ထိုသို့ဖြစ်ရာ၌ အကုသိုလ်ဒုစရိုက်တွေ အကျိုးပေးခွင့်ကြုံလာသောအခါ ငရဲ ပြိတ္တာ တိရစ္ဆာန်နှင့် လူနုံလူမွဲ လူဆင်းရဲဖြစ်ကြရ၏။ ကုသိုလ်သုစရိုက်တို့ အကျိုးပေးခွင့်ရသောအခါ လူချမ်းသာ နတ်ဗြဟ္မာဖြစ်ရ၏။ ထို့ကြောင့် 'ကံမကောင်းလည်း ငါ၊ ကံကောင်းလည်း ငါ'ဟု သိပြီးလျှင် မိမိကိုယ်ကို ချစ်ခင်သူသည် ယခုဘဝကစ၍ မကောင်းမဖြစ်ရအောင် ကောင်းသောသုစရိုက် ကုသိုလ်များကိုသာ သတိထား၍ ကြိုးစားပါ။ ထိုသို့ ကုသိုလ်ဘက်၌ အားတက်သရော ပြုသူသာလျှင် မိမိကိုယ်ကို ချစ်ရာရောက်ပါသည်။ ကုသိုလ်ကို မကြိုးစားဘဲ မိမိစိတ်အလိုသို့လိုက်၍ ဒုစရိုက်မကောင်းမှုများကို များစွာပြုနေသူအား မိမိကိုယ်ကို ချစ်ရာမရောက်ဘဲ ငရဲအထိ နစ်မြုပ်အောင် နှစ်ရာရောက်နေပါသည်။

*'အကုသလ ကုသလ၏ ကမ္မဿကာ လက္ခဏာကို*
*ကောင်းစွာ ဝမ်းတွင်း နှလုံးသွင်းကာ မပျင်းကုသိုလ် ထိုပုဂ္ဂိုလ်ကား*
*ကိုယ့်ကိုချစ်သူ မည်သောဟူ၏'*

မဃဒေဝလင်္ကာ

## ဝတ္တရားကျေမှ ချစ်ရာရောက်

မိမိကိုယ်ကို ချစ်ရမည်ဟု ဆိုသောကြောင့် မည်သည့်ကိစ္စ၌မဆို မိမိအကျိုးကိုသာ ကြည့်ရမည်ဟု မဆိုလိုပါ။ မိမိနှင့် ဆက်သွယ်သူများ၏ တာဝန်ဝတ္တရားကို ကျေပွန်အောင် ပြုစုရပါသည်။ မိမိက ဝတ္တရားကျေသောကြောင့် သူတို့က မိမိကို ပြန်၍ ချမ်းသာအောင်ပြုခြင်း နောင်ဘဝ ချမ်းသာဖို့ရန် ကောင်းမှုကို ကုသိုလ်ပြုရာရောက်ခြင်းကြောင့် 'ဝတ္တရားကျေမှုကိုလည်း မိမိကိုယ်ကို ချစ်ရာရောက်သည်'ဟု ဆိုလိုသည်။ ထို့ကြောင့် ဘုရားရှင်သည် သိင်္ဂါလသတို့သားအား မိဘဝတ် သားသမီးဝတ် စသော ဝတ္တရားများကို ဟောတော်မူ၏။

## မိဘာနှစ်ပါး

ဗုဒ္ဓမြတ်စွာသည် မိဘနှစ်ပါးကို ဗြဟ္မာဟုလည်းကောင်း၊ ဆရာဟုလည်းကောင်း၊ အလှူခံထိုက်သော ပုဂ္ဂိုလ်ဟုလည်းကောင်း တင်စား၍ ဟောတော်မူ၏။

(တိကအင်္ဂုတ္တိုရ်၊ ပထမပံ၊ ဒေဝဒူတဝဂ်၊ ပထမသုတ်

## ဗြဟ္မာနှင့်တူပုံ

ဗြဟ္မာတို့သည် သတ္တဝါတို့အပေါ်၌ မေတ္တာစိတ် ကရုဏာစိတ်၊ မုဒိတာစိတ်၊ ဥပေက္ခာစိတ် ထားနိုင်ကြသကဲ့သို့ မိဘတို့လည်း သားသမီးတို့အပေါ်၌ ထိုစိတ်လေးမျိုးစလုံး ထားနိုင်ကြသည်။ ထို့ကြောင့် မိဘနှစ်ပါးကို ဗြဟ္မာနှင့် စိတ်ခြင်းတူသောကြောင့် "ဗြဟ္မာ" ဟု တင်စားခေါ်နိုင်ပေသည်။

## မိဘ၏ မေတ္တာစိတ်

ကလေးငယ်သည် ဝမ်းထဲ၌ ပဋိသန္ဓေတည်နေစဉ် "ငါ၏ ကလေးမျက်နှာကို ကိုယ်အင်္ဂါ ပြည့်ပြည့် စုံစုံဖြင့် ဘယ်တော့မြင်ရပါမတုံး" ဟု ကလေးကိုမြင်လိုသော မေတ္တာစိတ်သည် မိဘတို့မှာ မဖွားမီကပင် ဖြစ်နေ၏။ ဖွားမြင်လာသော ကလေးမျက်နှာကို မြင်ရ၍ အလွန်ခင်မင်သော မေတ္တာစိတ် ဖြစ်ပြန်လေသည်။ (ဤသို့ ကလေးမျက်နှာကို မြင်ရခြင်းကို အကြောင်းပြု၍ မွေးဖွားခြင်းကို "မျက်နှာမြင်" ဟု ခေါ်ကြသည်။)

## မိဘ၏ ကရုဏာစိတ်

မိမိ၏ ကလေးငယ်သည် ပက်လက်ကလေးအိပ်နေတုန်းဝယ် ခြင်ကိုက်ခြင်း ကြမ်းပိုးကိုက်ခြင်း နို့ဆာခြင်းကြောင့် ငိုသောအသံကို မိဘတို့ကြားလိုက်ရလျှင် သနားသော ကရုဏာစိတ်ဖြစ်၏။ ထိုကရုဏာ ကြောင့် အပြေးလာ၍ ခြင်ကို ခြောက်ကြ နို့တိုက်ကြ၏။ မကျန်းမမာဖြစ်ပြန်လျှင် အလွန်သနားသော ကရုဏာစိတ်ဖြစ်ကြပြန်၏။ ဤသို့လျှင် မိဘတို့မှာ အခါအားလျော်စွာ ကရုဏာစိတ်လည်း ဖြစ်ရလေသည်။

## မိဘ၏ မုဒိတာစိတ်

မိမိကလေးသည် မတ်တတ်ပြေး၍ ကစားနေသောအခါ ကျောင်းတက်၍ စာသင်နေသောအခါ စာမေးပွဲအောင်လာသောအခါ၊ လူလားမြောက်သဖြင့် လုချိန်ရောက်၍ လုနေသောအခါ၊ ကလေးကိုကြည့်၍ မိဘတို့မှာ အလွန်ဝမ်းမြောက်သော မုဒိတာစိတ် ဖြစ်ရလေသည်။

## မိဘတို့၏ ဥပေက္ခာစိတ်

သားသမီးများသည် အရွယ်ရောက်၍ မိမိတို့အိမ်ထောင်ဖြင့်နေသောအခါ၊ လူမှုရေးရာကို ကောင်းစွာ ရွက်ဆောင်နိုင်သောအခါ၊ မိဘတို့မှာ သူတို့အတွက် ကြောင့်ကြမများတော့ဘဲ လျစ်လျူထားနိုင်သော ဥပေက္ခာစိတ်လည်း ဖြစ်နိုင်ပေသည်။

ဤသို့လျှင် ဗြဟ္မာများသည် သတ္တဝါတို့အပေါ်၌ စိတ်လေးမျိုး ထားနိုင်သကဲ့သို့ မိဘတို့လည်း သားသမီးတို့အပေါ်၌ အခါအားလျော်စွာ စိတ်လေးမျိုးထားနိုင်သောကြောင့် မိဘတို့ကို ဗြဟ္မာဟုခေါ်ရသည်။

### လက်ဦးဆရာ မိဘ

မိဘတို့သည် သားသမီးများကို ကလေးဘဝ၌ပင် စကားတတ်အောင် သင်ပေးကြ၏။ ဝတ်တတ်အောင်၊ စားတတ်သောက်တတ်အောင် သင်ပေးကြ၏။ လိမ္မာယဉ်ကျေးအောင် သင်ပေးကြ၏။ တချို့ မိဘတို့ကား ဘုရားရှိခိုးတတ်အောင်၊ ရဟန်းသံဃာတော်များနှင့် စကားပြောတတ်အောင်ပင် သင်ပေးကြ၏။ ထို့ကြောင့် မိဘနှစ်ပါးကို "လက်ဦးဆရာ" ဟုလည်း ခေါ်ကြရသည်။

### အလှူခံထိုက်သော မိဘ

ထိုကဲ့သို့ သားသမီးများအပေါ်မှာ မေတ္တာများစွာဖြင့် လိမ္မာအောင် သွန်သင်ဆုံးမ၍ ကျောင်းထားချိန်၌ ကျောင်းထားပေးသော၊ အရင်းအနှီးပေးနိုင်လျှင် အရင်းအနှီးကိုထုတ်ပေးသော မိဘနှစ်ပါးကို အသက်အရွယ်ကြီးရင့်သောကြောင့် သူတို့ဘာသာ မနေသာသောအခါဖြစ်စေ၊ အရွယ်မကြီးလှသေးသော်လည်း မိဘနှင့်အတူနေ၍ဖြစ်စေ၊ ပြုစုလုပ်ကျွေးသော သားသမီးများကို လူတိုင်းကလည်း ချီးမွမ်း၏။ လူသာမက နတ်တို့ကလည်း ကြည်ညို၏။ ပြုစုသော ကုသိုလ်ကောင်းမှုက နောင်ဘဝ၌ ချမ်းသာအောင် အကျိုးပေး၏။ ထို့ကြောင့် မိဘတို့သည် သားသမီးများ၏ အလှူခံပုဂ္ဂိုလ်တစ်မျိုးလည်း ဖြစ်ပြန်သည်။

**ဗုဒ္ဓဘာသာသင်ခန်းစာ**
**(၁၄၈ – ၁၅၂)**

## မိဘကျေးဇူးဆပ်နည်း

ငါ၏ချစ်သား ရဟန်းများတို့ ဤလောက၌ သားသမီးတို့သည် အမိအဘတို့အား လွယ်ကူစွာ ကျေးဇူးတုံ့ပြိုင်၊ မဆပ်နိုင်ကြပေ။ တစ်ယောက်သောသားသည် အနှစ်တစ်ရာပတ်လုံး လက်ယာပခုံးထက်၌ မိခင်ကို၊ လက်ဝဲပခုံးထက်၌ ဖခင်ကိုတင်ထား၍ နံ့သာရေဖြင့် ပွတ်တိုက်လိမ်းကျံပေးခြင်း၊ လက်ခြေတို့ကို ဆုပ်နယ်ပေးခြင်း၊ ရေပူရေအေးချိုးပေးခြင်း၊ လက်ခြေတို့ကို ဆွဲဆန့်ပေးခြင်း စသည်ဖြင့် ပြုစုလုပ်ကျွေးငြားအံ့။ အမိအဘတို့သည် ထိုသား၏ ပခုံးနှစ်ဘက်ပေါ်မှာပင် ထိုင်ကုန်လျက် ကျင်ကြီးကျင်ငယ်တို့ကို စွန့်ကုန်ငြားအံ့။ ဤမျှမကအောင်ပင် နှစ်သက်ဖွယ် ရတနာများစွာရှိသော ဤမြေအပြင်ဝယ် စိုးမိုးအုပ်ချုပ် အကြီးအကဲလုပ်ရသည့် စကြဝတေးမင်းအဖြစ်၌ တည်စေငြားအံ့။ ထိုသားသည် ဤမျှလောက် အမိအဘတို့ကို ပြုစုလုပ်ကျွေး၊ စောင့်ရှောက်ပေးပါသော်လည်း အမိအဘတို့အား ကျေးဇူးတုံ့ပြန်၍ ဆပ်ပြီးသူမဖြစ်သေးပေ။ အဘယ့်ကြောင့်နည်းဟူမူ အမိအဘတို့သည် သားသမီးတို့အား ကျေးဇူးကြီးမား များလှပေသည်။ အမိအဘတို့သည် သားသမီးတို့ကို နို့ချိုတိုက်ကျွေး၊ မွေးမြူကြကုန်၏။ ကြီးပြင်းရွယ်ရောက် လူလားမြောက်အောင် စောင့်ရှောက်ကြကုန်၏။ ဤလောကရှိ အကောင်းအဆိုးအမျိုးမျိုးကို (အကောင်းကိုဆောင်၍ အဆိုးကိုရှောင်ရန်) ပြတတ်ကြကုန်၏။

(ထို့ကြောင့်ပင် အမိအဘတို့သည် သားသမီးတို့၏ 'ဗြဟ္မာများ' ဖြစ်ကြကုန်၏။ 'လက်ဦးဆရာများ' ဖြစ်ကြကုန်၏။ 'အဝေးက လက်ဆောင်ကောင်းကို ခံယူသုံးစွဲထိုက်သူများ' ဖြစ်ကြကုန်၏)

ငါ၏ချစ်သား ရဟန်းများတို့ အမိအဘတို့အား ကျေးဇူးကုန်ပြေအောင် ဆပ်နိုင်သည့် နည်းလမ်းကား ရှိ၏။ အဘယ်နည်းဟူမူ –

(၁) သဒ္ဓါတရားမရှိကုန်သော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌
(၂) သီလမရှိကုန်သော မိဘတို့ကို သီလတရားနှင့်ပြည့်စုံခြင်း၌
(၃) နှမြောဝန်တိုခြင်းရှိကုန်သော မိဘတို့ကို စာဂတရားနှင့် ပြည့်စုံခြင်း၌
(၄) ဝိပဿနာပညာမရှိကုန်သော မိဘတို့ကို ဝိပဿနာပညာနှင့် ပြည့်စုံခြင်း၌ နာယူသက်ဝင် တည်မြဲစေခြင်းဖြင့် အမိအဘတို့အား ကျေးဇူးကုန်ပြေအောင် ဆပ်ပြီးသူဖြစ်တော့သည်သာတည်း။

**အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုကနိပါတ်၊ သမစိတ္တဝဂ်**

**အရှင်ခေမာစာရ (မန်းရေတံခွန်)**

# သင်္ဂဟဝတ္ထု လေးပါး

သူတစ်ပါးကို မိမိလူ (မိမိဘက်သား) ဖြစ်အောင် သိမ်းသွင်းခြင်းကို "သင်္ဂဟ" ဟု ပါဠိလိုခေါ်၏။ ထိုသို့ သိမ်းသွင်းခြင်း၏အကြောင်းဝတ္ထုကို "သင်္ဂဟဝတ္ထု" ဟု ခေါ်၏။ ထိုသင်္ဂဟဝတ္ထုသည် ဒါန၊ ပေယျဝဇ္ဇ၊ အတ္ထစရိယာ၊ သမာနတ္တတာအားဖြင့် လေးပါးရှိ၏။

**(အင်္ဂုတ္တရအင်္ဂုတ္တိုရ်၊ ပထမပံ၊ ဂဟပတိဝဂ်)**

**ဒါန**

အချို့မိတ်ဆွေများသည် တစ်စုံတစ်ခုသော ပစ္စည်းလက်ဆောင်ကို လိုလား၏။ ပစ္စည်းရှိသူ ဖြစ်စေကာမူ လက်ဆောင်ပေးခြင်းကို လိုလားတတ်၏။ အထူးအားဖြင့် မိမိလောက်မျှ မပြည့်စုံသူသည် မိမိထံမှ ထိုက်တန်သောပစ္စည်းဖြင့် ချီးမြှောက်ခြင်းကို လိုလား၏။ ထိုမိတ်ဆွေအား သူနှင့်လျော်သော ပစ္စည်းကို ပေးခြင်းဖြင့် သိမ်းသွင်းရသည်။

**ပေယျဝဇ္ဇ**

ချစ်ဖွယ်စကားကို "ပေယျဝဇ္ဇ" ဟု ခေါ်၏။ အချို့သော မိတ်ဆွေ၊ မိတ်ဆွေမတို့သည် သူတို့မှာ ပစ္စည်းပြည့်စုံသောကြောင့် ပစ္စည်းဖြင့် ချီးမြှောက်ခြင်းကို မလိုလားကြ၊ ထိုသူတို့ကို ခေတ်အလိုက် နားဝင်ချိုသော အခေါ်မျိုးဖြင့်ခေါ်၍ ("အမေ၊ အဖေ၊ အစ်ကို၊ အစ်မ၊ အဒေါ်၊ ဦးကြီး၊ ဦးလေး၊ ညီမလေး" စသည်ခေါ်၍) ခင်ခင်မင်မင် ပြောဆိုခြင်းဖြင့် မိမိနှင့်ရင်းနှီးအောင် သိမ်းသွင်းရသည်။

## အတ္ထစရိယာ

သူ့အား အကျိုးရှိအောင် ပြုကျင့်ခြင်းကို "အတ္ထစရိယာ" ဟု ခေါ်၏။ မိတ်ဆွေမှာ သာမှု နာမှု မင်းမှု စသော ကိစ္စကြုံလာလျှင် လက်ဆောင်ပေးဖို့လည်းမလို၊ ချစ်ဖွယ်စကားပြောနေလို့လည်းမပြီး၊ ထိုကိစ္စပြီးစီးအောင် ကူညီဆောင်ရွက်ခြင်း၊ မိမိကပင် ကြောင့်ကြစိုက်၍ ရွက်ဆောင်ခြင်းသာလျှင် လိုရင်းဖြစ်၏။ ထိုအခါ မိတ်ဆွေ၏ကိစ္စကို ပြီးစီးအောင်ရွက်ဆောင်ခြင်းဖြင့် သိမ်းသွင်းရသည်။

## သမာနတ္တတာ

(သမာန – တန်းတူသော + အတ္တတာ – သဘောရှိသူ၏အဖြစ်) တချို့သောမိတ်ဆွေများသည် အမျိုးဥစ္စာ ရာထူးဂုဏ်သိန်အားဖြင့် မိမိနှင့် မညီမမျှဖြစ်နေကြ၏။ ထိုမိတ်ဆွေများအား အတူစား အတူထိုင် အတူသွားခြင်းအားဖြင့် တန်းတူထား၍ ဆက်ဆံလိုက်လျှင် အလွန်ဝမ်းမြောက်ကြ၏။ ထိုကဲ့သို့ဆက်ဆံမှု လိုလားသော မိတ်ဆွေတို့ကို တန်းတူထားသောအားဖြင့် သိမ်းသွင်းရသည်။

**(ဆောင်)**။ ။ *ပေးကမ်း ချစ်ဖွယ်၊ စကားကြွယ်၍၊ သူ့ဝယ်ကိစ္စ၊ ကြုံတွေ့ကမူ၊ ကြောင့်ကြကြီးစွာ၊*
*ကူညီကာဖြင့်၊ သွားလာနေမှု၊ တန်းတူပြုသည်၊ ဝတ္ထုသင်္ဂဟလေးမျိုးတည်း။*

## မိတ်ဆွေတု

ထိုကဲ့သို့ သင်္ဂဟဝတ္ထုလေးပါးဖြင့် ထိုက်တန်အောင် ချီးမြှောက်ပါလျက် မိမိအပေါ်၌ မကျေနပ်နိုင်ဘဲ အပြစ်ပြောသူကိုကား မိတ်ဆွေအစစ်မဟုတ်၊ မိတ်ဆွေအတုသာဖြစ်၍ ထိုသူမျိုးကို သတိထား၍ ပေါင်းသင်းဆက်ဆံရသည်။

## သုခလေးမျိုး

ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သူဌေးအား သုခလေးမျိုးကို ဟောတော်မူ၏။ သုခသည် အတ္ထိသုခ၊ ဘောဂသုခ၊ အာနဏျသုခ၊ အနဝဇ္ဇသုခအားဖြင့် လေးမျိုးရှိ၏။

**(စတုက္ကအင်္ဂုတ္တိုရ်၊ ဒုတိယပံ၊ ပတ္တကမ္မဝဂ်)**

## အတ္ထိ သုခ

"ယောက်ျားတို့၏ လုံ့လဝီရိယအား၊ လက်ရုံးအားတို့ဖြင့် ချွေးကျအောင် ရှာဖွေစုဆောင်းထားအပ်၊ တရားသောနည်းလမ်းဖြင့်ရအပ်သော စီးပွားဥစ္စာတို့သည် ငါ့မှာရှိပေသည်တကား" ဟု စဉ်းစားလိုက်သော အခါ ထိုစီးပွားစုပြီးဖြစ်သူမှာ စိတ်ချမ်းသာမှုတစ်မျိုး ဖြစ်ပေါ်လာ၏။ ထိုစိတ်ချမ်းသာမှုကို "အတ္ထိသုခ – ရှိလို့ ချမ်းသာခြင်း" ဟု ခေါ်သည်။

**ဘောဂ သုခ**

ထိုသို့ အပင်ပန်းခံ၍ တရားသဖြင့်ရအောင် ရှာဖွေစုဆောင်းထားအပ်သော ဥစ္စာစီးပွားတို့ဖြင့် အိမ် တိုက် တည်ဆောက်ကာ ထိုက်တန်သော အသုံးအဆောင် အစားအသောက်တို့ကို သုံးစွဲစားသောက်ရသောအခါနှင့် ကုသိုလ်ကောင်းမှု ပြုရသောအခါတို့၌ "ငါသည် ဘပင်တပန်း ရှာထားသော စီးပွားတို့ဖြင့် ချမ်းသာစွာ သုံးစွဲစားသောက်ရပေသည်။ ကုသိုလ်ကိုလည်း ပြုရပေသည်" ဟု တွေး၍ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုဖြစ်ရ၏။ ထိုသုခသည် "ဘောဂသုခ – ခံစားရလို့ ချမ်းသာခြင်း" ဟု ခေါ်သည်။

**အာနဏျ သုခ**

ထိုသို့ ကြိုးကြိုးစားစား ရှာဖွေထားသော ဥစ္စာရှင်သည် သူတစ်ပါးအထံမှ ကြွေးမယူရသဖြင့် မည်သူမှ ကြွေးတောင်းလာဖွယ်မလို၊ ကြွေးမရှိပုံကို စဉ်းစားမိသောအခါ စိတ်ချမ်းသာမှုဖြစ်ရ၏။ ထိုချမ်းသာမှုကို "အာနဏျသုခ – ကြွေးမြီကင်း၍ ချမ်းသာခြင်းတစ်မျိုး" ဟု ခေါ်သည်။ (ကြွေးယူထားသူတို့က ထိုကြွေးအတွက် စိတ်မအေးဘဲ အမြဲပူပန်ရသည်၊ "မပေးတော့ဘူ " ဟု ညစ်ပြန်လျှင်လည်း နောင်သံသရာအရေးကို စဉ်းစားမိကာ ပူပန်ရမည်သာ၊ ယခုဘဝ၌ ထုံပေနေသောကြောင့် မပူပန်စေကာမူ နောင်သံသရာ၌ကား ဧကန်ဒုက္ခ တွေ့ရမည်သာ။)

**အနဝဇ္ဇ သုခ**

စီးပွားဥစ္စာ ပြည့်စုံရကား ပြုလုပ်ပြောဆိုမှု ကိစ္စအစုစု၌ အကုသိုလ်ပြစ် မင်းပြစ်ကင်းအောင် သန့်သန့်ရှင်းရှင်းပြုလုပ်နိုင်၊ ပြောဆိုနိုင်၏။ ဤသို့ ပြောဆိုပြုလုပ်သည့်အတွက် အပြစ်မရှိပုံကို စဉ်းစားမိသောအခါ လွန်စွာ စိတ်ချမ်းသာ၏။ သေချိန်ရောက်၍ သေရစေကာမူ ကုသိုလ်ကောင်းမှုတွေ ပြည့်စုံနေရကား နောင်ဘဝအတွက် ကောင်းရာဘဝသို့ ရောက်ဖို့ရန် သေချာလျက်ရှိသောကြောင့် စိတ်ချမ်းသာ၏။ ဤချမ်းသာမှုကို "အနဝဇ္ဇသုခ – အပြစ်ကင်းလို့ ချမ်းသာခြင်းဟုခေါ်သည်။

**( ဆောင် )** ။ ။ *ဥစ္စာရှိစွ၊ ခံစားရ၍၊ ပေးရမည့်လျှင်း၊ ကြွေးပူကင်းလျက်၊ သန့်ရှင်းပြုပြော၊ ပြစ်မနှောသဖြင့်၊ ကိုယ်ရောစိတ်ပါ၊ လွန်ချမ်းသာ၊ လေးဖြာသုခတည်း။*

## လောကဓံရှစ်ပါး

လောက၌ တွေ့ကြုံရမြဲဖြစ်သော ကောင်းကျိုး၊ ဆိုးကျိုးရှစ်မျိုးကို "လောကဓံ" ဟု ခေါ်၏ ဤလောကဓံကို ဘုရားရှင်သော်မှ တွေ့ကြုံတော်မူရ၏။ ထိုလောကဓံရှစ်ပါးကား – လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြွေအရံရှိခြင်း၊ မရှိခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ အချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတည်း။

**( ဆောင် )**။ ။ *လာဘ်လာဘ၊ အရနှင့် မရဆို၊*
*ခြွေအရံ များနည်းပါတယ်၊ ကွဲပြားသကို၊*
*ကဲ့ရဲ့၍ချီးမွမ်းဆို၊ လိုသလိုအပြော၊*
*သုခဒုက္ခနှင့်၊ လောကဓံ ဤစက်ကွင်းငယ်၊ ကင်းနိုင်ဘုန်ရှော။*

**လောကဓံကြောင့် တုန်လှုပ်သူ**

အတွေ့အကြုံနှင့် စာပေဗဟုသုတမရှိသူသည် ပစ္စည်းလာဘ်ကို ရသောအခါ အလွန်ဝမ်းသာ၏။ စိတ်ကြီးဝင်ကာ မာန်မာနတက်ကြွ၏။ ထိုစိတ်ကြီးဝင်မှု ဝမ်းသာမှုသည် လာဘ်ရခြင်းကြောင့် နဂိုနေမြဲအတိုင်း မနေနိုင်ဘဲ တုန်လှုပ်ခြင်းတည်း။ ထိုသို့ ဝမ်းသာတက်ကြွ မာန်မာနဖြစ်နေသူသည် ပစ္စည်းဥစ္စာပျက်၍ အလာဘ (လာဘ်မရှိ–ဥစ္စာမရှိ) ဖြစ်ပြန်သောအခါ စိတ်အားငယ်၏။ မျက်ရည်ကျကာ ဝမ်းနည်းလာ၏။ ထိုစိတ်အားငယ်ခြင်း၊ ဝမ်းနည်းခြင်းသည် နဂိုနေမြဲအတိုင်း မနေနိုင်ဘဲ တုန်လှုပ်ခြင်းတည်း။ ဤနည်းကိုမှီ၍ အခြွေအရံရှိမရှိဖြစ်ပုံ၊ ချီးမွမ်းခံရ၊ ကဲ့ရဲ့ခံရပုံ၊ သုခ ဒုက္ခတို့ကြောင့် တုန်လှုပ်ပုံကိုသိပါ။

**လောကဓံကြောင့် မတုန်လှုပ်သူ**

အတွေ့အကြုံနှင့် စာပေဗဟုသုတရှိသူသည် ပစ္စည်းလာဘ်တွေ ရရှိတိုးတက်နေသော်လည်း "မမြဲသော အရာဝတ္ထုတွေပဲ၊ တစ်နေ့ကျလျှင် ပျက်ရမှာပဲ၊ ပစ္စည်းလာဘ်တွေက ငါ့ကို စွန့်ခွာမသွားသော်လည်း ငါက ပစ္စည်းတွေကို စွန့်ခွာသွားရမှာပဲ" ဟု တွေးမိသောကြောင့် အားရဝမ်းသာလည်းမရှိလှ၊ မာန်မာနလည်း မတက်ကြွချေ၊ အကြောင်းအားလျော်စွာ ထိုလာဘ်ပစ္စည်းတွေ ပျက်စီးသွားစေကာမူ နဂိုက စဉ်းစားပြီးဖြစ်သောကြောင့် အလွန်ဝမ်းမနည်းလှ၊ ဤသို့ ဝမ်းမသာ ဝမ်းမနည်းဘဲ ခိုင်မြဲသောစိတ်ရှိသူကို လောကဓံကြောင့် မတုန်လှုပ်သူဟု ခေါ်ရသည်။ အခြားလောကဓံများကြောင့် မတုန်လှုပ်ပုံကိုလည်း ဤနည်းအတိုင်းသိပါ။

**မတုန်လှုပ်မှ ချမ်းသာရ**

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ဤဘဝချမ်းသာရေးအတွက် ဥဋ္ဌာနသမ္ပဒါ စသော တရားလေးပါးကို ဟောတော်မူခဲ့၏။ ထိုတရားနှင့်အညီ ရှာသောကြောင့် ပစ္စည်းဥစ္စာ အခြွေအရံ စသည်ရသောအခါ မတုန်လှုပ်သူသာလျှင် ချမ်းသာသုခကို အပြည့်အစုံရနိုင်၏။ တုန်လှုပ်သူကား ထိုလာဘ်တို့ အခြွေအရံ စသည်တို့ကြောင့် ဒုက္ခဖြစ်ရပေလိမ့်ဦးမည်။ ထို့ကြောင့် လောကဓံအကောင်းအဆိုးရှစ်မျိုးနှင့် တွေ့သောအခါ မတုန်မလှုပ်ဘဲ စိတ်ခိုင်မြဲဖို့ရန် စောစောကတရားများကို မိမိကိုယ်တွင်းရောက်အောင် အလေ့အကျင့် ပြုထားကြကုန်။

(ဤလောကဓံနှင့်စပ်၍ အကျယ်မှတ်ဖွယ်ကို ကိုယ်ကျင့်အဘိဓမ္မာ ဒုတိယခန်း၌ ပြထားပါသည်။)

## လောကပါလတရား နှစ်ပါး

လောကကြီးကို စာရိတ္တအကျင့်ဘက်က မပျက်မစီးအောင် စောင့်ရှောက်ထားသောတရားကို "လောကပါလ" တရားဟု ခေါ်၏။ ထိုတရားသည် ဟိရီနှင့် ဩတ္တပ္ပ (မကောင်းမှုပြုဖို့ရန် အရှက်နှင့် အကြောက်) နှစ်ပါးတည်း။ ထိုတရားနှစ်ပါးတွင် ဟိရီ (အရှက်) သည် မကောင်းမှု (အမြင်မတော်မှု) ကို ပြုရမည်မှရှက်၏။ ဩတ္တပ္ပကား မကောင်းမှုပြုရမည်မှ ကြောက်လန့်၏။ ထိုသို့ ရှက်ရာ၌ တချို့သည် မိမိအမျိုးကိုငဲ့၍ တချို့ကား မိမိအရွယ်ကိုငဲ့၍ တချို့ကမူ မိမိ၏ သတ္တိ စည်းစိမ်ဉစ္စာ ပညာအရည်အချင်းကို ငဲ့၍ "ငါလိုလူသည် ဤကဲ့သို့သောအမှုကို မပြုသင့်" ဟု စဉ်းစားကာ မကောင်းမှုပြုရမည်မှ ရှောင်၏။ တချို့ကား သူတစ်ပါးတို့ အပြစ်တင်ခြင်း ကဲ့ရဲ့ရှုတ်ချခြင်းကိုတွေး၍ ကြောက်လန့်သောကြောင့် မကောင်းမှုကို မပြုဘဲရှောင်၏။ မည်သည့်အကြောင်းကြောင့် ရှောင်သည်ဖြစ်စေ ဤတရားနှစ်ပါးက စည်းကမ်းရှိအောင် စောင့်ရှောက်ထားသောကြောင့်သာ လူအများတို့ အမှားမှားအယွင်းယွင်းမဖြစ်ဘဲ မိဘနှင့်သားသမီး၊ ဆရာနှင့် တပည့် စသူတို့ ကိုယ့်စည်းနှင့်ကိုယ် နေနိုင်ကြပေသည်ဟု ဘုရားရှင် ဟောတော်မူသည်။

## လူ့လောကကို ထိန်းထားသော တရားတော်နှစ်ပါး

ဘိက္ခုတို့ – ဖြူစင်သန့်ရှင်းသော (ဟိရီဩတ္တပ္ပ) တရားနှစ်ပါးတို့သည် လူ့လောကကို စောင့်ထိန်း၍ ထားကြကုန်သည်။ ဤတရားတို့က လူ့လောကကို စောင့်ထိန်း၍မထားလျှင် မိခင်ဟူလည်း မထင်ရှားတော့ရာ ဒေါ်၊ ကြီးကြီး၊ ဦးကြီး၊ ဦးလေးတို့၏ ဇနီး၊ ဆရာကတော်၊ ဘကြီး၊ ဘထွေး စသော လေးစားလောက်သူတို့၏ ဇနီးဟူ၍လည်း မထင်ရှားတော့ရာ တစ်လောကလုံးသည် (အမေနှင့် သား ပေါင်းဖော်ခြင်း စသည်ဖြင့်) စည်းကမ်းပျက်ပြား၍ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊ ခွေးများကဲ့သို့ (မကြား ကောင်းမနာသာ) ဖြစ်ကုန်တော့ရာ၏။ အရှက်အကြောက် (ဟိရီဩတ္တပ္ပ) ဟူသော ကိုယ်ကျင့်တရားနှစ်ပါး၏ ထိန်းသိမ်းထားမှုကြောင့်သာ စည်းကမ်းမပျက်ပြားဘဲ သန့်ရှင်းစင်ကြယ်စွာ နေနိုင်ကြပေသည်။

**(ဣတိဝုတ်၊ ဒုကနိပါတ်၊ ဒုတိယဘာဏဝါရ၊ (၄၂) ဟိရီဩတ္တပ္ပသုတ်ပါဠိတော်)**

**ဗုဒ္ဓဘာသာသင်ခန်းစာ (၁၅၆ – ၁၅၉)**

## အမှောင်သွား အလင်းသွား

၁ – အမှောင်မှ အမှောင်သွားမည့်သူ၊

၂ – အမှောင်မှ အလင်းသွားမည့်သူ၊

၃ – အလင်းမှ အမှောင်သွားမည့်သူ၊

၄ – အလင်းမှ အလင်းသွားမည့်သူ၊ ဤသို့ပုဂ္ဂိုလ်လေးမျိုးရှိ၏။

## ၁။ အမှောင်မှ အမှောင်သွားမည့်သူ

ဤလောက၌ အချို့သူသည် အစားအသောက်အတွက် ခက်ခက်ခဲခဲရှာဖွေရ၍ ဆင်းရဲအောက်ကျသောအမျိုး၌ ဖြစ်ရ၏။ ရုပ်အဆင်းလည်း ဆိုးဝါး၏။ ကျန်းမာခြင်းလည်း မကောင်းလှ၊ ဤသို့ဖြစ်ရသူကို "မှောင်နေသူ" ဟု ခေါ်၏။ ထိုသူသည် ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှုကိုပြု၏။ ကံနှင့် ကံ၏အကျိုးကို မယုံ၊ အတောင်းအရမ်းလာသူများကို မပေးသည့်ပြင် ဆဲလိုက်သေး၏။ ပေးနေသည်ကိုတွေ့လျှင်လည်း မပေးဖို့ရန် တားမြစ်၏။ ဤသူသည် သေလျှင် အပါယ်လေးပါးကို သွားရမည်ဖြစ်သောကြောင့် မှောင်နေသောယခုဘဝမှ သာ၍မှောင်သော နောက်ဘဝသို့သွားရမည့် "အမှောင်မှ အမှောင်သွားပုဂ္ဂိုလ်" တစ်မျိုးဖြစ်ရလေသည်။

## ၂။ အမှောင်မှ အလင်းသွားမည့်သူ

ဤလောက၌ အချို့သူသည် အစားအသောက်အတွက် ခက်ခက်ခဲခဲရှာဖွေရ၍ ဆင်းရဲအောက်ကျသောအမျိုး၌ ဖြစ်ရ၏။ ရုပ်အဆင်းလည်း ဆိုးဝါး၏။ ကျန်းမာခြင်းလည်း မကောင်းလှ၊ ဤသို့ဖြစ်ရသူကို "မှောင်နေသူ" ဟု ခေါ်၏။ ထိုသို့ မှောင်နေသော်လည်း ကံနှင့်ကံအကျိုးကို ယုံကြည်၏။ နှမြောဝန်တိုခြင်းမရှိ၊ ဒုစရိုက်များကို ရှောင်ရှား၍ သုစရိုက်ကိုသာ ပြုကျင့်၏။ ရဟန်းကောင်းများကို ရိုသေဆည်းကပ်၏။ တောင်းရမ်းလာသူတို့အား ကိုယ်တိုင်လည်းပေး၏။ သူတစ်ပါးပေးနေသည်ကိုလည်း ဝမ်းမြောက်၏။ ဤသူသည် သေသောအခါ ကောင်းသောဘဝသို့ ရောက်ရမည်ဖြစ်သောကြောင့် "အမှောင်မှ အလင်းသွားရမည့်သူ" ဖြစ်ပေသည်။

## ၃။ အလင်းမှ အမှောင်သွားမည့်သူ

အချို့သူသည် ဥစ္စာစည်းစိမ် ဂုဏ်သိရ်ပြည့်ဖြိုးသော အထက်တန်းမျိုး၌ဖြစ်ရ၏။ ရုပ်အဆင်းလည်း လှ၏။ ကျန်းမာခြင်းလည်းကောင်း၏။ ဤသို့ပြည့်စုံနေသူကို "လင်းနေသူ" ဟု ဆိုရ၏။ ထိုသူသည် မကောင်းမှုဒုစရိုက်ကို ပြု၏။ ကံနှင့် ကံ၏အကျိုးပေးကို မယုံကြည်၊ အတောင်းအရမ်းလာသူများကို မပေးသည့်ပြင် ဆဲလိုက်သေး၏။ သူတစ်ပါးပေးနေသည်ကိုလည်း တားမြစ်၏။ ဤသူသည် သေလျှင် အပါယ်လေးပါးသို့ သွားမည့်သူဖြစ်သောကြောင့် "အလင်းမှ အမှောင်သို့ သွားရမည့်သူ" ဖြစ်လေသည်။

## ၄။ အလင်းမှ အလင်းသွားမည့်သူ

အချို့သူသည် ဥစ္စာစည်းစိမ် ဂုဏ်သိရ်ပြည့်ဖြိုးသော အထက်တန်းမျိုး၌ဖြစ်ရ၏။ ရုပ်အဆင်းလည်း လှ၏။ ကျန်းမာခြင်းလည်း ကောင်း၏။ ဤသို့ ပြည့်စုံနေသူကို "လင်းနေသူ" ဟု ဆိုရ၏။ ထိုသူသည် ကံနှင့် ကံ၏အကျိုးကို ယုံကြည်၏။ နှမြောဝန်တိုခြင်းမရှိ၊ ဒုစရိုက်များကို ရှောင်ရှား၍ သုစရိုက်ကိုသာ

ပြုကျင့်၏။ ရဟန်းကောင်းများကို ရိုသေဆည်းကပ်၏။ တောင်းရမ်းလာသူတို့အား ကိုယ်တိုင်လည်းပေး၏။ သူတစ်ပါးပေးနေသည်ကိုလည်းဝမ်းမြောက်၏။ ဤသူသည် သေသောအခါ ကောင်းသောဘဝသို့ ရောက်ရမည် ဖြစ်သောကြောင့် "အလင်းမှ အလင်းသွားရမည့်သူ" ဖြစ်ပေသည်။

(သဂါထဝဂ္ဂ၊ ကောသလသံယုတ်ပါဠိတော်)

တိုက်တွန်းချက် ။ ။ *"အမှောင်" ဟူရာ၌ "နည်းနည်းမှောင်၊ များများမှောင်၊ မှောင်သည်ထက်မှောင်" ဟု ခွဲပါ။ "အလင်းဟူရာ၌လည်း "နည်းနည်းလင်း၊ များများလင်း၊ လင်းသည်ထက်လင်း" ဟု ခွဲပါ။ ထို့နောက် မိမိနှင့်တကွ အိမ်သူအိမ်သား ပတ်ဝန်းကျင်လူများကို ယခုဘဝ၌ "မှောင်သူလား၊ လင်းသူလား" ဟု လည်းကောင်း၊ နောက်ဘဝအတွက် "အမှောင်သွားမည့်သူလား၊ အလင်းသွားမည့်သူလား" ဟု လည်းကောင်း၊ ခွဲခြား၍ မိမိအတွက်လည်းကောင်း၊ မိမိစကား နားထောင်သူတို့အတွက်လည်းကောင်း အလင်းသွားဖြစ်အောင် အမြဲသတိထား၍ ကြိုးစားကြပါ။*

# အလင်းမှ အလင်းသို့သွားသူ
# နန္ဒိယဥပါသကာဝတ္ထု

## နန္ဒိယသတို့သား

ဗာရာဏသီမြို့၌ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်၍ သဒ္ဓါတရားကောင်းသော မိဘနှစ်ဦးဝယ် "နန္ဒိယ" မည်သော သတို့သားတစ်ယောက် ထွန်းကားလေသည်။ ထိုနန္ဒိယသည် မိဘများကဲ့သို့ သဒ္ဓါတရားပြည့်စုံ၍ ရဟန်းသံဃာကောင်းများကို ဆွမ်း စသော လှူဖွယ်ဝတ္ထုဖြင့် ပြုစုလုပ်ကျွေးလေ့ရှိ၏။ မိဘနှစ်ပါး ကွယ်လွန်သောအခါ၌ကား အကြီးအကျယ် ဒါနရှင်ဖြစ်၍ ရဟန်းသံဃာများသာမက တောင်းရမ်းစားသောက်သူများနှင့် ခရီးသွားဧည့်သည်များအတွက်ပါ အိမ်ပေါက်၌ ချက်ပြီးသော ထမင်းအိုးများကို အမြဲထားလေသည်။

## ကျောင်းလှူခြင်း

နောင်အခါ၌ ဣသိပတနမိဂဒါဝုန်ကျောင်းတိုက်ဝယ် တံခါးမုခ်လေးခုပါသော လေးခန်းတန်းလျားရှည်ကျောင်းကို ဆောက်၏။ အခန်းတိုင်း၌ အိပ်ရာ ခုတင် ထိုင်ခုံ စသည်ကို အပြည့်အစုံထား၍ ဘုရားအမှူးရှိသော သံဃာတော်အား (အလှူ၏အထိမ်းအမှတ် ရေနှင့်တကွ) လှူဒါန်းလေသည်။ ထိုအခါ အလှူရေသည် ဘုရားရှင်၏လက်တော်၌ တည်သည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်၌လည်း နန္ဒိယဥပါသကာအတွက် အသုံးအဆောင်နှင့်တကွ ကြီးကျယ်သော ဘုံဗိမာန်ပေါက်လေသည်။

## အရှင်မောဂ္ဂလာန် မြင်တော်မူခြင်း

အရှင်မောဂ္ဂလာန်သည် နတ်ပြည်သို့ ကြွတော်မူသောအခါ ရေးကမတွေ့ဘူးသော ဗိမာန်အသစ်ကို မြင်ရ၍ အခြားနတ်များကို မေးတော်မူလေသည်။ ထိုအခါ "လူ့ပြည်မှာရှိနေသေးသော နန္ဒိယဥပါသကာ၏ ဗိမာန်ဖြစ်ကြောင်း" ကို လျှောက်ကြလေသည်။ ထိုဗိမာန်၌ ရောက်နှင့်နေသော နတ်သမီးများလည်း အရှင်မောဂ္ဂလာန်ကိုမြင်၍ ဗိမာန်မှဆင်းလာကြပြီးလျှင် "တပည့်တော်မတို့သည် နန္ဒိယဥပါသကာ၏ အလုပ် အကျွေးများ ဖြစ်ကြပါကြောင်း၊ ဥပါသကာမလာနိုင်သေး၍ အလွန်ပျင်းရိကြကြောင်း မြန်မြန်လာဖို့ရန် အကြောင်း" ကို လျှောက်လိုက်ကြလေသည်။

## ဘုရားရှင်အားလျှောက်ထားခြင်း

အရှင်မောဂ္ဂလာန်သည် လူ့ပြည်သို့ ပြန်ရောက်သောအခါ ဘုရားအထံတော်ကြွ၍ "မြတ်စွာဘုရား ကောင်းမှုရှင်က လူ့ပြည်၌ရှိနေစဉ် နတ်ပြည်၌ နတ်စည်းစိမ်ဖြစ်နှင့်နိုင်ပါသလော" ဟု မေးလျှောက်လေသည်။ ဘုရားရှင်ကလည်း "မောဂ္ဂလာန် ဘာကြောင့် ငါ့ကိုမေးနေရသလဲ။ နန္ဒိယ၏ နတ်စည်းစိမ်ကို ကိုယ်တိုင်တွေ့ခဲ့ရသည် မဟုတ်လော" ဟု မိန့်တော်မူပြီးလျှင် အောက်ပါတရားတော်ကို ဟောတော်မူသည်။

## တရားတော်

တစ်နယ်တစ်ကျေး အရပ်ဝေး၌ ကြာမြင့်စွာကွဲ၍နေပြီးမှ ကျန်းကျန်းမာမာနှင့် ပြန်၍ရောက်လာကြောင်းကို ကြားရသောအခါ ထိုသူ၏ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းတို့သည် အိမ်ဝင်းမှ အပြင်ဘက်သို့ အပြေးအလွှားထွက်လာ၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြ၊ အိမ်တွင်းမှ မထွက်နိုင်သူကလည်း ဝမ်းမြောက်စွာ လက်ခံသကဲ့သို့၊ ထို့အတူ ဤဘဝမှ တမလွန်ဘဝသို့ သွားသော ကောင်းမှုရှင်ကိုလည်း သူပြုထားသော ကောင်းမှုတို့က အလွန်ချစ်ကြသော ဆွေမျိုးတွေပမာ ကြိုဆိုကြ လက်ခံကြပေသည်။

**(ဓမ္မပဒ၊ ပိဋက၊ နန္ဒိယဝတ္ထု)**

**ဗုဒ္ဓဘာသာသင်ခန်းစာ**

# လူသုံးမျိုး

၁။ ဤဘဝ နောက်ဘဝအတွက် ဉာဏ်မျက်စိမရှိသူ၊ ဤသူ့ကို နှစ်ဘက်ကန်းဟုခေါ်၏။

၂။ ဤဘဝ၌ စီးပွားတိုးတက်အောင် ဉာဏ်မျက်စိရှိ၍ နောင်သံသရာအတွက် ဉာဏ်မျက်စိမရှိသူ၊ ဤသူ့ကို တစ်ဘက်ကန်းဟုခေါ်၏။ နောင်ဘဝအတွက် အသိဉာဏ် မျက်စိမရှိသောကြောင့် စီးပွားရှာရေး ပေါင်းသင်းဆက်ဆံရေး၌ တရား၊ မတရားကို မစဉ်းစားဘဲ ကိုယ်ကျိုးရှိလျှင်

ပြုတတ်သူဖြစ်သည်။ (တစ်နည်း) ဤဘဝအတွက် စီးပွားမရှာတတ်ဘဲ နောက်ဘဝအတွက် ကုသိုလ်ကိုသာပြုသူ၊ ဤသူလည်း မျက်စိတစ်ဘက်သာရှိသူပင်တည်း။ (အင်္ဂုတ္တိုရ်၌ ဤသူ့ကိုသာ ပြတော်မူ၏။)

၃။ ဤဘဝနောက်ဘဝ နှစ်ဌာနလုံးအတွက် ဉာဏ်မျက်စိရှိသူ၊ ဤသူ့ကို မျက်စိနှစ်ဘက်လုံး ပြည့်စုံသူဟုခေါ်၏။ ဤသူကား ဗျဂ္ဃပဇ္ဇသုတ်၌ ဟောတော်မူသည့်အတိုင်း တရားသဖြင့် စီးပွားရှာ၍ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာနှင့် ပြည့်စုံသူဖြစ်သည်။

(တိကအင်္ဂုတ္တိုရ်၊ ပုဂ္ဂလဝဂ်)

## စိတ်ချမ်းသာရေး

လူ့လောက၌ ဥဌာနသမ္ပဒါ စသော တရားတို့နှင့်အညီ စီးပွားရှာ၍ ပြည်စုံနေသည့်ပြင် နောင်တမလွန်ဘဝအတွက် ဒါန၊ သီလ စသော ကောင်းမှုများနှင့် ရပ်ရွာအကျိုးဆောင်သော ကောင်းမှုများ ပါရှိနေစေကာမူ “အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာတွေ့ဖို့” အကြောင်းတွေက ရှိသေးသောကြောင့် တစ်ရံတစ်ခါ သားသမီးအရေး၊ စီးပွားအရေး၊ ကျန်းမာရေးများအတွက် စိတ်စက်မချမ်းသာစရာ ဖြစ်ပေါ်လာတတ်သေး၏။ ထိုအခါမျိုး၌ ခံနိုင်ရည်ရှိဖို့ရာ ကိုယ်ကျင့်အဘိဓမ္မာ ဒုက္ခ ဒေါမနဿအကြောင်းနှင့် လောကဓံအကြောင်းကို စိတ်ထဲစွဲနေအောင် တင်ကြို၍ အထပ်ထပ်ဖတ်ထားကြပါ။

## နောင်ရေးကိုလည်း ပြင်ဆင်ပါ

ပုထုဇဉ်ဖြစ်ကြသော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည် ယခု တစ်ဘဝနေရေးကို (ချမ်းချမ်းသာသာ နေရအောင်) အထူးကြိုးစား၍ ပြင်ဆင်ကြ၏။ ခန္ဓာကိုယ်အပင်ပန်းခံ၍ပင် တစ်ဘဝချမ်းသာရေးကို ပြင်ဆင်ကြ၏။ သို့သော် ဒုတိယဘဝမှစ၍ နောက်ဘဝအဆက်ဆက် အရေးကိုကား ယခုဘဝအရေးလောက် မကြိုးစားကြ၊ ကြိုးစားသူတို့ကလည်း ခပ်အေးအေးပင် ကြိုးစားကြသည်။ အစစ်အမှန်အားဖြင့် ယခုတစ်ဘဝအရေးသည် အသက်တစ်ရာတွင်းက အရေးသာဖြစ်၍ နောက်နောက်ဘဝအရေးကား အသက်နှင့် တွက်၍မရ ရာထောင်မကများစွာသော ဘဝအရေးသာဖြစ်သည်။ ထို့ကြောင့် ယခုဘဝအရေးထက် နောက်ဘဝများစွာအရေးကို သာ၍ ပြင်ဆင်သင့်ကြပါသည်။

## နောက်ဘဝအတွက် ကြောက်ရွံ့ပုံများ

၁–မိမိ၏လက်ရှိဘဝကို စွန့်ရမည့်အရေးတွေး၍ ရွံ့ကြောက်ခြင်း၊ ၂–မိမိသွားရမည့်ဘဝကို မသိရသဖြင့် “မတော်တဆ အပါယ်ဘုံများ ရောက်သွားလေမည်လား” ဟု တွေး၍ကြောက်ခြင်း၊ ၃–မိမိနှင့် သံယောဇဉ်မကင်းသူ သား၊ သမီး၊ ဇနီး၊ ခင်ပွန်းတို့ကို ခွဲရမည့်အရေး တွေး၍ ရွံ့ကြောက်ခြင်း၊

၄ – တစ်သက်လုံး စုဆောင်းထားသော ပစ္စည်းများကို စွန့်ထားခဲ့ရမည့်အရေး တွေး၍ ရွံ့ကြောက်ခြင်း၊ ဤသို့အားဖြင့် နောက်ဘဝနှင့်စပ်၍ ရွံ့ကြောက်ခြင်းအမျိုးမျိုးရှိလေသည်။

**၁။ ဘဝစွန့်ဖို့ မကြောက်နည်း**

"မိမိ၏ဘဝ" ဆိုသည်မှာ ရှေးကံကြောင့်ရအပ်သော ဘဝဖြစ်၏။ ဤဘဝကုန်ဆုံးသောအခါ နောက်ထပ်ဘဝတစ်မျိုးကို ကံတစ်မျိုးကြောင့် ရဦးမည်သာ၊ ရုပ်နှင့်နာမ်ကို မခွဲခြားတတ်သူ ရုပ်နာမ်အကြောင်းကို နားမလည်သူတို့အတွက်သာ "တစ်ဘဝ" ဟု သတ်မှတ်ရ၏။ ရုပ်နာမ်အကြောင်းကို နားလည်သူတို့အတွက်ကား "တစ်ဘဝ" အတွင်း၌ပင် "ရုပ်အစဉ် နာမ်အစဉ်တွေ ဖြစ်လိုက်ပျက်လိုက်နေကြသည်" ဟု နားလည်နေသောကြောင့် ဤတစ်ဘဝအတွင်း၌ အသေပေါင်းများစွာသေ၍ အဖြစ်ပေါင်းများစွာ ဖြစ်ကြောင်း ကောင်းကောင်းသိကြ၏။ ထို့ကြောင့် ကံတစ်ခုအတွက် ပဋိသန္ဓေနှင့် စုတိအကြားကို တစ်ဘဝဟု သတ်မှတ်ထားရကား ကံတစ်ခု၏ အစွမ်းသတ္တိကုန်သောအခါ တစ်ဘဝဆုံးသဖြင့် နောက်ကံတစ်ခုက ဘဝသစ်တစ်ခုကို ပြုပေးမည်သာဖြစ်သောကြောင့် လက်ရှိဘဝကို စွန့်ရမည်မှာ နှမြောစရာလည်းမဟုတ်၊ ကြောက်စရာလည်းမဟုတ်၊ တစ်သံသရာလုံး လာခဲ့ကြရသော ထုံးစံမွေတာသာဖြစ်သည်။

**အသင့်ပြင်ပြီးဖြစ်လျှင် မကြောက်**

နောက်ဘဝအရေးကို တွေးမိသူတိုင်း ယခုဘဝ၌ ကောင်းသောအမှု (ကောင်းမှု) တို့ကို များစွာပြုထားခြင်းသည် နောက်ဘဝအတွက် အသင့်ပြင်ဆင်ထားခြင်းပင်ဖြစ်၏။ ထိုသို့ အသင့်ပြင်ဆင်ပြီးသူကား ကြောက်စရာမရှိသည့်ပြင် လက်ရှိဘဝထက် သာလွန်မည့်အရေးကိုတွေးကာ ပျော်စရာပင် ဖြစ်နိုင်ပါသည်။ ဥပမာ ခရီးသွားစရာရှိသောအခါ လမ်းခရီး၌သွားဖို့ရာ ပထမတန်းလက်မှတ်လည်း ရှိပြီးဖြစ်၍ ရောက်ရာအရပ်က ကြိုမည့်သူများနှင့် တည်းခိုစရာလည်း အဆင်သင့်ရှိပြီးဖြစ်သူအတွက် ခရီးထွက်ရသည်မှာ ပျော်စရာဖြစ်သကဲ့သို့တည်း။ (ထိုသို့ အဆင်သင့်ဖြစ်ပြီး မဟုတ်သူတို့အတွက်မှာမူ ပူပင်စရာနှင့် ကြောက်စရာဖြစ်ပေလိမ့်မည်။

**မကြောက်တရား**

၁ – ဒုစရိုက်ဆယ်ပါးကိုရှောင်၍ သုစရိုက်ဆယ်ပါးကိုဆောင်ခြင်း၊ ၂ – စားဖွယ်သောက်ဖွယ်ပေါများလျှင် ဒါန၏အကျိုးကိုယုံကြည်၍ နူးညံ့သောစိတ်ဖြင့် စွန့်ကြဲပေးကမ်းခြင်း၊ ၃ – ရဟန်းရသေ့များ ဆွမ်းခံလာလျှင် အလိုက်သိစွာပေးလှူခြင်း၊ ၄ – မိတ်ဆွေများကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ၅ – အပြောအဆို ချစ်စရာကောင်း၍ ပြေပြစ်ခြင်း၊ ဤဂုဏ်များ၌ တည်သူသည် တမလွန်ဘဝအတွက် ကြောက်စရာမရှိ။

**(ဥဒယဘဒ္ဒဇာတ်)**

**မှတ်ချက်** ။ ။ *ဤတရားများသည် ဗုဒ္ဓပဋ္ဌသုတ်၌ ဟောတော်မူအပ်သော တရားများနှင့် သဘောတူ ပင်တည်း။ ထို့ကြောင့် ရှေ့၌ပြခဲ့သော မကောင်းမှုများကို ရှောင်၍ ကောင်းမှုများကို ပြုနေသူသည် နောက်ဘဝအတွက် အသင့်ပြင်ဆင်ပြီးသူဟုမှတ်ပါ။*

## ၂။ မသိသော်လည်း မကြောက်သင့်

ပုထုဇဉ်တို့ သွားရမည့်ဘဝသည် ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ လူ့ဘဝ၊ နတ်ဗြဟ္မာဘဝဟု ငါးမျိုးရှိ၏။ ပုထုဇဉ်အဖြစ်ဖြင့် အဆင်သင့်ပြင်ထားသူ၏ သွားရမည့်ဘဝသည် လူနှင့် နတ်ဖြစ်ဖို့သာများ၏။ ငရဲ တိရစ္ဆာန် ပြိတ္တာဖြစ်ဖို့အကြောင်းက နည်းနည်းသာရှိ၏။ ငရဲ စသည်ဖြစ်ပြန်လျှင်လည်း မကြာမီ လွတ်မြောက်မည်သာ၊ ထို့ကြောင့် မိမိသွားရမည့်ဘဝကို သေချာစွာ မသိရသော်လည်း တွေး၍ မကြောင့်ကြ သင့်ပါ။ အသင့်ဖြစ်အောင်သာ ကောင်းကောင်းပြင်ဖို့လိုပါသည်။

## ၃။ သံယောဇဉ်အတွက် မစိုးရိမ်သင့်

မိမိ၏ သားသမီး ဇနီး ခင်ပွန်းတို့နှင့် ခွဲခွာရသည်မှာ ယခုဘဝမှ အသစ်အဆန်းမဟုတ်ပါ။ ဘဝတိုင်း ခွဲခဲ့ရ၍ ရိုးနေပါပြီ။ ခွဲရသော်လည်း တကယ်သူတော်ကောင်းချည်းဖြစ်ပါမူ မကြာမကြာ ပြန်တွေ့ရတတ်ပါသည်။ ယခုတွေ့နေရသော သွေးသားချစ်ခင်သူများလည်း တစ်ချိန်က ခွဲခဲ့ပြီးမှ ပြန်၍ တွေ့ရသူများဖြစ်ပါသည်။ ထို့ကြောင့် နောင်တစ်ချိန်တွေ့သောအခါ အရာရာ ပြည့်စုံသူများဖြစ်ဖို့ရန် ယခုနှယ်က သံယောဇဉ်ချစ်ခင်သူများကို လူကောင်းသူကောင်းဖြစ်အောင် အချင်းချင်းစောင့်ရှောက်ဖို့သာ တာဝန်ရှိပါသည်။ ထို့ကြောင့် ချစ်ခင်သူများနှင့် ခွဲရမည့်အရေးကို တွေး၍ မကြောက်သင့်ပါ။

## ၄။ ပစ္စည်းများကို စွန့်ရမှာ မကြောက်သင့်

ပစ္စည်းဥစ္စာဆိုသည်မှာ ယခုတစ်ဘဝအတွက် သုံးစွဲဖို့နှင့် နောက်ဘဝအတွက် စွန့်ကြဲပေးကမ်းဖို့ ဖြစ်၏။ စွန့်ကြဲပေးကမ်းလေ့ရှိသူအတွက် လက်ရှိပစ္စည်းသည် မမက်မောလောက်ပါ။ နောက်နောက်ဘဝ၌ ဤပစ္စည်းထက် နေရာအိမ် အဝတ်အစားမှစ၍ အဆင့်အတန်းသာသော ပစ္စည်းကိုရဖို့ ရဖို့ဘက်က များ ပါသည်။ တစ်နည်းအားဖြင့် စဉ်းစားလျှင် တစ်ဘဝပြောင်းရခြင်းသည် ဟောင်းနွမ်းသောအိမ်ကို အသစ်ပြင်၍ ဆောက်ခြင်းကဲ့သို့ ဟောင်းနွမ်းသောခန္ဓာကို အသစ်ပြင်ခြင်းသာဖြစ်သည်။ ထို့ကြောင့် ပစ္စည်းဥစ္စာအတွက် နောက်ဆံမတင်းသင့်ပါ။

**ဗုဒ္ဓဘာသာသင်ခန်းစာ**

**(၁၉၅ - ၁၉၇)**

## နိမိတ္တကျသုတ် ကောက်နုတ်ချက် ဥစ္စာ ၄ မျိုး

(၁) ထာဝရဥစ္စာ – ဒီနေရာမှာထားလျှင် ဒီနေရာမှာပဲ ဘယ်မှ ရွေ့လျားမသွားတတ်တဲ့ လယ်ယာ မိုးမြေ တိုက်တာ နေအိမ် ရွှေငွေ အိမ်ထောင်ပရိဘောဂ အသုံးအဆောင် အစရှိတဲ့ မိမိပိုင်သည့် သက်မဲ့ဝတ္ထုပစ္စည်းများ။

(၂) ဇင်္ဂမဥစ္စာ – တရွေ့လျားလျား၊ တလှုပ်ရှားရှား သွားလာတတ်တဲ့ မိမိပိုင်သော ဆင် မြင်း ကျွဲနွား ကျွန်ယောကျ်ား၊ ကျွန်မိန်းမ အစရှိတဲ့ သက်ရှိဥစ္စာပစ္စည်းများ။

(၃) အင်္ဂသမဥစ္စာ – မိမိရဲ့ ဦးခေါင်းခြေလက်အင်္ဂါတို့နှင့် တူသော မိမိတတ်သိတဲ့ နှုတ်မှုပညာ လက်မှုပညာများ။

(၄) အနုဂါမိကဥစ္စာ – အနာဂတ်သံသရာတစ်လျှောက် နိဗ္ဗာန်ရောက်အောင် မိမိနောက်က အရိပ်ပမာ လိုက်ပါတတ်တဲ့ ဒါန သီလ သမာဓိ ပညာကောင်းမှုများ။

## ဥစ္စာမြှုပ်နံရာ၌ ရည်ရွယ်ချက် ၂ မျိုး

(၁) အကျိုးရဖို့ မျှော်လင့်တဲ့ ရည်ရွယ်ချက်တစ်ခု။

(၂) အကျိုးမဲ့ကို ပယ်ရှားဖို့ ရည်ရွယ်ချက်တစ်ခု။

အကျိုးရဖို့ မျှော်လင့်တယ်ဆိုတာ "ခုအချိန်သည် ရောင်းလို့ဝယ်လို့ ရင်းလို့နှီးလို့ မကောင်းသေးဘူး။ နံနက်တစ်မျိုး၊ နေ့တစ်မျိုး၊ ညတစ်မျိုး၊ နက်ဖြန်တစ်မျိုး၊ နောက်တစ်နေ့တစ်မျိုး၊ နောက်ရက်တစ်မျိုး၊ အမျိုးမျိုးဈေးတွေ မတည်ငြိမ်တဲ့အခါမှာ သွားပြီးတော့ မြောက်မြားစွာ ရင်းနှီးလုပ်ကိုင်လို့ အဆင်မသင့် အခွင့်မလျော်ပါက အရင်းပါပြုတ်ပြီး ဆင်းရဲဒုက္ခရောက်နိုင်တယ်။ ဒီတော့ ရောင်းကောင်း ဝယ်ကောင်း တည်ငြိမ်သောအချိန်အခါ ရောက်လိမ့်ဦးမည်။ အခွင့်ကောင်းရတဲ့အခါကျမှ ငါ ဤဥစ္စာတို့ကို အရင်းအနှီးပြု၍ ရောင်းဝယ်ဖောက်ကား မြောက်မြားစွာသော အတိုးဥစ္စာကို ရစေမယ်" အဲဒီလိုရည်ရွယ်ချက်နဲ့လည်းပဲ ရွှေငွေဥစ္စာ ထာဝရဘဏ္ဍာကို မြေထဲမှာမြှုပ်တတ်တယ်။

## အကျိုးမဲ့ကို ပယ်လိုခြင်း၌ ရည်ရွယ်ချက် ၅ မျိုး

(၁) သူတစ်ဘက်သားက ကုန်းတိုက်စကား ပြောကြားလို့ ငါ့အပေါ် မင်းဘေးစိုးဒဏ်ရောက်လာလျှင် ထိုမင်းဘေးဆိုးဒဏ်မှ လွတ်မြောက်အောင် သုံးစွဲမယ်။

(၂) ရန်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ လူ့ဘုံလောကကြားထဲမှာ မတော်လို့ ငါ့ကို လူဆိုး သူခိုးတို့ နှိပ်စက်ရင် ငါ့အသက်ကို ဒီဥစ္စာ ရွှေငွေနဲ့ လွတ်မြောက်အောင် ရွက်ဆောင်မယ်။

(၃) ဘဝမှာ ဆင်းရဲဒုက္ခရောက်တတ်တာဟာ ကြွေးမြီပဲ။ ထိုကြွေးမြီနှိပ်စက်လာရင် ဒီဥစ္စာရွှေငွေနဲ့ ထိုကြွေးမြီးဘေးမှ ကင်းဝေးလွတ်မြောက်စေမယ်။

(၄) ထမင်းအစာ ခေါင်းပါးသော (ဒုဗ္ဘိက္ခ) ဘေးရောက်လာခဲ့သော် ထိုးဘေးမှ ကင်းဝေးလွတ်မြောက်ချမ်းသာရောက်အောင် ဒီရွှေငွေဥစ္စာကို ငါသုံးမယ်။

(၅) ရေဘေး မီးဘေး လေဘေးများ သင့်ရောက်လာခဲ့သော် ဒီဘေးတွေမှ ကင်းဝေးလွတ်မြောက်ချမ်းသာရောက်အောင် ငါ သုံးစွဲမယ်။

ဒီရည်ရွယ်ချက် ၅ မျိုးနဲ့လည်းပဲ ရွှေငွေဥစ္စာ ထာဝရဘဏ္ဍာကို မြေထဲမှာ မြှုပ်နှံတတ်တယ်။

## မြှုပ်နှံဥစ္စာ ပျောက်ဆုံးခြင်းအကြောင်း ၅ ပါး

(၁) ရွှေငွေကိုယ်၌ကလည်းပဲ သူ့ဘာသာသူ အရပ်တစ်ပါး ရွေ့သွားတတ်တယ်။

(၂) ကိုယ်ကသော်လည်းပဲ မြှုပ်နှံထားတဲ့နေရာကို မမှတ်မိပဲ ရှိတတ်တယ်။

(၃) နတ်နဂါးများ

(၄) ဘီလူးယက္ခဘုမ္မစိုးနတ်များကသော်လည်းပဲ အရပ်တစ်ပါးသို့ ယူဆောင်သွားတတ်ကြတယ်။

(၅) ကိုယ်မပေးချင်တဲ့လူများကသော်လည်းပဲ ကိုယ်မမြင်ခင် တိတ်တဆိတ် တူးဖော်၍လည်း ယူသွားတတ်တယ်။

## ဥစ္စာပျက်စီးခြင်းအကြောင်းရင်း

ကိုယ့်ကုသိုလ်ကံ အဟုန်ကုန်ပြီဆိုရင် မိမိမှာရှိတဲ့ သက်ရှိသက်မဲ့ ဥစ္စာအကုန် ဘယ်လို ပြုတ်ပြုတ်ပြုန်းတယ်လို့ ပျက်စီးမှန်းမသိအောင် ပျက်စီးတတ်တယ်။ ပျောက်ကုန်တတ်တယ်။

## အနုဂါမိကဥစ္စာ မြှုပ်နှံရာ (၇) ဌာန ဆောင်ပုဒ်

စေတီ[၁]၊ သံဃာ[၂]၊ ပုဂ္ဂလာ[၃]၊ ရောက်လာဧည့်သည်များ[၄]။
မိခင်[၅]၊ ဖခင်[၆]၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်၊ အစ်ကိုကြီး၊
အစ်မကြီး[၇] ဟု၊ (၇) ခု၌၊ အနုဂါမိကံ၊ ဥစ္စာမှန်၊
မြှုပ်နှံသိမ်းဆည်းထား။

**တိပိဋကရေမင်းကွန်းဆရာတော်ဘုရားကြီး**
ဟောစဉ်တရားတော်များ (ပထမတွဲ)
နှာ – ၅၈၉ မှ ၆၁၁
(ဆောင်ပုဒ်ကို ဤစာစုဆောင်းသူ ပြုလုပ်ထားပါသည်။)

## အင်္ဂုတ္တိုရ်လာ ဘဝလမ်းညွှန်ကဗျာများ
## ခုဘဝကြီးပွားရေး သမ္ပဒါ ၄ ပါး

၁။ ဗျဂ္ဃပဇ္ဇ အမျိုးသားအား
တို့ဘုရားက ဟောခဲ့တာ။
အလုပ်ဆိုင်ရာ ကျွမ်းကျင်ရှိလို့
ဝိရိယနဲ့ သတ္တိပါ။
ကိုယ်ရောသူပါ အလုပ်စေ့စပ်အောင်
စီမံတတ်မှ ဥဋ္ဌာနာ။ (ဥဋ္ဌာနသမ္ပဒါ)
ဘေးရန်ကာကွယ် မလွင့်မပျောက်အောင်
စောင့်ရှောက်နိုင်မှ အာရက္ခာ။ (အာရက္ခသမ္ပဒါ)
တော်ကောင်းမိတ်ဆွေ ပေါင်းဖော်မှုနဲ့
အတုယူပြုမှ မိတ္တတာ။ (ကလျာဏမိတ္တတာ)
နေ့စဉ်ထွက်ငွေ လွန်နည်းပါးလို့
ဝင်ငွေများမှ သမဇီဝါ။ (သမဇီဝိတာ)
ခုဘဝမနေ့း၊ ကြီးပွားရေး
လေးပါးသမ္ပဒါ။
အဲဒါမှ ဗုဒ္ဓဝါဒ “ဘဝလမ်းညွှန်” ပါ။

## စီးပွားပျက်ကြောင်း ၄ ပါး

၂။ မိန်းမကြူးကာ[၁] သေသောက်စား[၂] လို့
လောင်းကစားလည်း လိုက်စားတာ[၃]။
မိတ်ဆွေယုတ်မာ တွဲဖက်ပေါင်းတော့[၄]
စီးပွားပျက်ကြောင်း ဤလေးဖြာ။
ပျက်ကြောင်းလေးဖြာ ရှောင်ကာရှားမှ
ဖြစ်ကြောင်းလေးပါး အမှန်လာ။
ပျက်ကြောင်းရှောင်ရှား၊ ဖြစ်ကြောင်းများ
ဆောင်ထားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဝါဒ “ဘဝလမ်းညွှန်” ပါ။

## ကန်ရေပြည့်ဥပမာ

၃။ ရေထွက်ပေါက်တွေ ပိတ်ကာထားလို့
ဝင်ပေါက်များမှ ရေတည်မှာ။
မပြတ်မကြာ မိုးရွာချတော့
ကန်ရေပြည့်ဝ ဤဥပမာ။
ပျက်ကြောင်းလေးဖြာ ထွက်ပေါက်များကို
ပိတ်ကာထားကြ မြဲမြံစွာ။
ဖြစ်ကြောင်းလေးဖြာ ဝင်ပေါက်များတော့
ဖွင့်ထားပါကြ အမြဲသာ။
လေးပါးသမ္မဒါ မိုးရွာချတော့
တိုးကာပြည့်ဝ မြတ်ဥစ္စာ
ခုဘဝမနေး၊ ကြီးပွားရေး
လေးစားလိုက်နာရာ။
အဲဒါမှ ဗုဒ္ဓဝါဒ "ဘဝလမ်းညွှန်" ပါ။

## နောက်ဘဝ ချမ်းသာရေး
## သမ္မဒါ ၄ ပါး

၄။ ကိုးဂုဏ်ပိုင်ရှင် တရားမင်းကို
ယုံကြည်ခြင်းက မြတ်သဒ္ဓါ။ (သဒ္ဓါသမ္မဒါ)
ငါးပါးပဉ္စသီ ဆောက်တည်ပြုလို့
ရှောင်ကြဉ်မှုက မြတ်သီလာ။ (သီလသမ္မဒါ)
ယုတ်လတ်မြတ်ရယ် ရွေးချယ်မခွဲ
ပေးစွန့်ကြဲက မြတ်စာဂါ။ (စာဂသမ္မဒါ)
နှစ်ပါးရုပ်နာမ် ဖြစ်ပျက်ရှိကို
ရှုမြင်သိက မြတ်ပညာ။ (ပညာသမ္မဒါ)
နောက်ဘဝမနေး၊ ချမ်းသာရေး
လေးပါးသမ္မဒါ
အဲဒါမှ ဗုဒ္ဓဝါဒ "ဘဝလမ်းညွှန်" ပါ၊

## သင်္ဂဟဝတ္ထု ၄ ပါး

၅။ တို့မျိုးဘာသာ တိုးတက်လမ်းက
ပေးကမ်းစွန့်ကြဲ ချီးမြှင့်ပါ။ (ဒါန)
ခေါ်ဝေါ်ပြောဆို ချစ်ဖွယ်စကားလည်း
သကာပျားသို့ လွန်ချိုသာ။ (ပေယျဝဇ္ဇ)
ကိစ္စကြုံလျှင် မေတ္တာသက်လို့၊ သူ့ကျိုးဆောင်ရွက် ကူညီရာ။ (အတ္ထစရိယာ)
နိမ့်မြင့်ဆူကြုံ မခွဲခြားနဲ့
တန်းတူထားလို့ ဆက်ဆံပါ။ (သမာနတ္တတာ)
မျိုးဘာသာသွေး၊ တိုးတက်ရေး
လေးပါးသင်္ဂဟာ။
အဲဒါမှ ဗုဒ္ဓဝါဒ "ဘဝလမ်းညွှန်" ပါ။

## သုခ ၄ ပါး

၆။ တို့မျိုးဘာသာ မောင်မယ်များတို့
ဥစ္စာစီးပွား ကြိုးစားရှာ။
စီးပွားဥစ္စာ ပြည့်စုံရှိတော့
တွေးမိတိုင်းပေါ့ စိတ်ချမ်းသာ။ (အတ္ထိသုခ)
ရှိသည့်ဥစ္စာ အသုံးချလို့
ခံစားရတော့ စိတ်ချမ်းသာ။ (ဘောဂသုခ)
ဥစ္စာပြည့်စုံ ကြွေးမြီကင်းတော့
တွေးမိရင်းပေါ့ စိတ်ချမ်းသာ။ (အာနဏျသုခ)
ပြောဆိုလုပ်ကိုင် ကိစ္စခပင်း၌
အပြစ်ကင်းလို့ စိတ်ချမ်းသာ (အနဝဇ္ဇသုခ)
တို့မောင်မယ်များ အရကြိုးစား
လေးပါး ဤချမ်းသာ။
အဲဒါမှ ဗုဒ္ဓဝါဒ "ဘဝလမ်းညွှန်" ပါ။

## သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်လာ ဥစ္စာယိုထွက်ကြောင်း အပေါက် ၆ ပါး

၇။ တို့မျိုးဘာသာ ချမ်းသာပွားဖို့
တို့ဘုရားက ဟောမိန့်မှာ။
ပျင်းရိနေကာ[၁] မေ့လျော့များ[၂] လို့
ကြိုးစားလုံ့လ မရှိတာ[၃]။
စောင့်စည်းကင်းကွာ[၄] အိပ်လွန်ကဲ[၅] နှင့်
ပျင်းကြောဆွဲဆန့် အခါခါ[၆]။
စည်းစိမ်ဥစ္စာ ကုန်ပျက်ပျောက်အောင်
ယိုထွက်ပေါက်က ဤခြောက်ဖြာ။
ထွက်ပေါက်ခြောက်ပါး ပိတ်ကာထား
ကြိုးစားလွန်ချမ်းသာ။
အဲဒါမှ ဗုဒ္ဓဝါဒ "ဘဝလမ်းညွှန်" ပါ။

**အရှင်ခေမာစာရ**
**(မန်းရေတံခွန်)**

## သဂါထာဝဂ္ဂ၊ ကောသလသံယုတ်လာပုဂ္ဂိုလ်၄မျိုးပြကဗျာများ
## အမှောင်မှ အမှောင်သွားမည့်သူ

၁။ ဤလောကမှာ တချို့လူ
ရုပ်ရည်မလှ ရောဂါထူ။
စားသောက်,နေမှုဝတ်ဆင်မွဲ
အောက်ကျနောက်ကျ သူဆင်းရဲ။
အယူလွဲလို့ ရဟန်းမြတ်ဆီ
ရှိသေဆည်းကပ် မပြုပြီ။
သူ မယုံကြည် ကံကျိုးပေး
မကောင်းမှုတွေ ပြုလုပ်သေး။
ကပ်စေးနှဲမြော ဆိုဆဲကာ
တောင်းရမ်းသူအား မပေးပါ။

သူများပေးတာ တားမြစ်ငြား
အမှောင်မှ အမှောင်ထိုသူသွား။
အမှောင်ဆိုတာ ပါယ်လေးပါး။ (၃ - ခေါက်ဆို)

## အမှောင်မှ အလင်းသွားမည့်သူ

၂။ ဤလောကမှာ တချို့လူ
ရုပ်ရည်မလှ ရောဂါထူ။
စားသောက်နေမှု ဝတ်ဆင်မွဲ
အောက်ကျနောက်ကျ သူဆင်းရဲ။
ဆင်းရဲသော်လည်း ရဟန်းမြတ်ဆီ
ရှိသေဆည်းကပ် ပြုတတ်သည်။
သူကယုံကြည် ကံကျိုးပေး
ကောင်းမှုတွေလည်း ပြုလုပ်သေး။
ကပ်စေးနှဲမြော မရှိရှာ
တောင်းရမ်းသူအား ပေးတတ်ပါ။
သူများပေးတာ ဝမ်းမြောက်သား
အမှောင်မှ အလင်း ထိုသူသွား။
အလင်းဆိုတာ နတ်ရွာများ။ (၃ - ခေါက်ဆို)

## အလင်းမှ အမှောင်သွားမည့်သူ

၃။ ဤလောကမှာ တချို့လူ
ရုပ်ရေလှပ ကျန်းမာသူ။
စားသောက်နေမှု ဝတ်ဆင်မရိုး
အထက်တန်းကျ သူဌေးမျိုး။
ကံနှင့်အကျိုး မယုံကြည်
ရဟန်းမြတ်ထံ မကပ်ပြီ။
ကောင်းမှုတစ်လီ ပြုဖို့ဝေး
မကောင်းမှုတွေ ပြုလေသေး။

ကပ်စေးနှဲမြော ဆိုဆဲကာ
တောင်းရမ်းသူအား မပေးပါ။
သူများပေးတာ တားမြစ်ငြား
အလင်းမှ အမှောင်ထိုသူသွား။
အမှောင်ဆိုတာ ပါယ်လေးပါး။ (၃–ခေါက်ဆို)

## အလင်းမှ အလင်းသွားမည့်သူ

၄။ ဤလောကမှာ တချို့လူ
ရုပ်ရည်လှပ ကျန်းမာသူ။
စားသောက်နေမှု ဝတ်ဆင်မရိုး
အထက်တန်းကျ သူဌေးမျိုး။
ကံနှင့်အကျိုး သူယုံကြည်
ရဟန်းမြတ်ထံ ဆည်းကပ်သည်။
ကောင်းမှုလီလီ ပြုလေသေး
မကောင်းမှုတွေ ရှောင်ကာဝေး။
ကပ်စေးနှဲမြော မရှိရှာ
တောင်းရမ်းသူအား ပေးတတ်ပါ။
သူများပေးတာ ဝမ်းမြောက်သား
အလင်းမှ အလင်းထိုသူသွား။
အလင်းဆိုတာ နတ်ရွာများ။ (၃–ခေါက်ဆို)

**အရှင်ခေမာစာရ**
(မန်းရေတံခွန်)

# သိင်္ဂါလောဝါဒသုတ်လာ မိတ်ဆွေအတုအစစ်ပြကဗျာများ

## အညဒတ္ထုဟရခေါ်
## ကိုယ်ကျိုးသမားမိတ်ဆွေတု ၄ ယောက်

၁။ သူများဥစ္စာ အယူသာရှိလို့
မိမိကတော့ မပေးသူ[၁]။
နည်းနည်းပေးကာ သူ့ပစ္စည်းကို
များများကြီးပေါ့ လိုချင်သူ[၂]။

ဘေးရန်ရောက်ကာ သူတစ်ပါးကို
ကပ်ကာဖားလို့ လုပ်ပေးသူ[၃]။
ကိုယ်ကျိုးတွက်သာ တစ်ဘို့ထားလို့
သူတစ်ပါးနှင့် ပေါင်းသင်းသူ[၄]။
ကိုယ်ကျိုးသမား၊ မိတ်တုများ
လေးပါး မှတ်ကာယူ။
အဲဒါကြောင့် ရှောင်ကြ ကြဉ်ကြ
ဗုဒ္ဓမိန့်တော်မူ။

## ဝစီပရမ ခေါ်
## အပြောသမား မိတ်ဆွေတု ၄ ယောက်

၂။ လွန်ပြီးဥစ္စာ ပစ္စည်းများနဲ့
လောကွတ်စကား ပြောတတ်သူ[၁]။
လာမည့်ဥစ္စာ ပစ္စည်းများနဲ့
မစားရ၊ ဝခမန်းပြောတတ်သူ[၂]။
လက်ကဗလာ နှုတ်နဲ့ပြီးတဲ့
အချည်းအနှီး ချီးမြှောက်သူ[၃]။
ကူညီလိုဟန် ပျက်ပြားရတဲ့
အကြောင်းပြလို့ မကူညီသူ[၄]။
အပြောသမား၊ မိတ်တုများ
လေးပါး မှတ်ကာယူ။
အဲဒါကြောင့် ရှောင်ကြ ကြဉ်ကြ
ဗုဒ္ဓ မိန့်တော်မူ။

## အနုပိယဘာဏီ ခေါ်
## အကြိုက်ပြောသမား မိတ်ဆွေတု ၄ ယောက်

၃။ ကောင်းတာပြုလျှင် အကြိုက်ပြော[၁] လို့
မကောင်းမှုရော လိုက်လျောသူ[၂]။
ရှေ့မှာဆိုလျှင် ချီးမွမ်းပြု[၃] လို့

ကွယ်ရာကျတော့ ကဲ့ရဲ့သူ[၄]။
အကြိုက်ပြောသမား၊ မိတ်တုများ
လေးပါး မှတ်ကာယူ။
အဲဒါကြောင့် ရှောင်ကြ ကြဉ်ကြ
ဗုဒ္ဓ မိန့်တော်မူ။

## အပါယသဟာယ ခေါ်
## အပါယ်ဖော် မိတ်ဆွေတု ၄ ယောက်

၄။ အရက်သေစာ သောက်ဖက်သမား[၁] နဲ့
အခါမဲ့သွား ပေါင်းဖက်သူ[၂]။
အကျိုးယုတ်အောင် ပွဲသဘင်မှူး၌
တွဲယှဉ်ကြည့်ရှု ပေါင်းဖော်သူ[၃]။
လောင်းကစားဆို ထိုအမှု၌
အဖော်ပြုလို့ ပါဝင်သူ[၄]။
အပါယ်ဖော်သမား၊ မိတ်တုများ
လေးပါးမှတ်ကာယူ။
အဲဒါကြောင့် ရှောင်ကြ ကြဉ်ကြ
ဗုဒ္ဓမိန့်တော်မူ။

## ဥပကာရ ခေါ်
## ကျေးဇူးပြုသော မိတ်ဆွေစစ် ၄ ယောက်

၅။ မူးသော်မေ့သော် ကိုယ့်ပစ္စည်းကို
အနီးချဉ်းကပ် စောင့်ရှောက်သူ[၁]။
အရပ်တစ်ပါး ခရီးသွားလည်း
ကိုယ့်ဥစ္စာများ စောင့်ပေးသူ[၂]။
ကြောက်စရာဘေးရန် ပေါ်လာငြားက
အားကိုးအားထားပြုရသူ[၃]။
ပြုဖွယ်ကြုံလာ လိုတာထက်ပေါ်

နှစ်ဆတက်လို့ ကူညီသူ[၄]။
ကျေးဇူးပြုကြား၊ မိတ်စစ်များ
လေးပါး မှတ်ကာယူ။
အဲဒါကြောင့် ပေါင်းကြ ဖော်ကြ ဗုဒ္ဓမိန့်တော်မူ။

## သမာနသုခဒုက္ခ ခေါ်
## အေးအတူပူအမျှ မိတ်ဆွေစစ် ၄ ယောက်

၆။ လျှို့ဝှက်ကြောင်းရာ ကိစ္စများကို
ကိုယ့်ကိုပြောကြား သိစေသူ[၁]။
ကိုယ့်အတွင်းရေးကို ဘေးမပေါက်အောင်
အမြဲစောင့်ရှောက် နှုတ်လုံသူ[၂]။
ဘေးအန္တရာယ် ကြုံသော်ငြားလည်း
ကိုယ့်ကိုစွန့်ထား ပစ်မသွားသူ[၃]။
ကိုယ့်အတွက်ဆို တကယ့်ကို ရဲလို့
အသက်ကိုပဲ စွန့်နိုင်သူ[၄]။
အေးတူပူမျှ၊ မိတ်စစ်က
လေးဝမှတ်ကာယူ။
အဲဒါကြောင့် ပေါင်းကြဖော်ကြ
ဗုဒ္ဓမိန့်တော်မူ။

## အတ္ထက္ခာယီ ခေါ်
## အကျိုးစီးပွားပြောကြားသော မိတ်ဆွေစစ် ၄ ယောက်

၇။ မကောင်းမှုဆို အပြစ်တွေရှိလို့
မပြုမိအောင် တားမြစ်သူ[၁]။
ကောင်းမှုဆိုလျှင် အကျိုးရှိလို့
ကြိုးစားပြုဖို့ တိုက်တွန်းသူ[၂]။
လောကုတ်လောကီ မကြားဘူးတဲ့
တရားအကြောင်းထူး ပြောပြသူ[၃]။

နတ်ရွာနိဗ္ဗာန်ရောက်ရန်အကြောင်း
လမ်းမှန်လမ်းကောင်း ညွှန်ပြသူ[၄]။
အကျိုးပြောကြား၊ မိတ်စစ်များ
လေးပါးမှတ်ကာယူ။
အဲဒါကြောင့် ပေါင်းကြဖော်ကြ
ဗုဒ္ဓမိန့်တော်မူ။

## အနုကမ္ပက ခေါ်
## စောင့်ရှောက်တတ်သော မိတ်ဆွေစစ် ၄ ယောက်

၈။ စီးပွားဂုဏ်သိရ် ကိုယ့်မှာပျက်တော့
မနှစ်သက်လို့ မကြည့်ရက်သူ[၁]။
စီးပွားဂုဏ်သိရ် ကိုယ့်မှာပွားတော့
နှစ်သက်လိုလား ဝမ်းမြောက်သူ[၂]။
ကိုယ့်အကြောင်းကို မကောင်းပြောက
အမှန်သဘောနဲ့ တားမြစ်သူ[၃]။
ကိုယ့်ကျေးဇူးဂုဏ် ပြောသူတွေ့က
သဘောတူဖြည့်လို့ ချီးမွမ်းသူ[၄]။
စောင့်ရှောက်တတ်ငြား၊ မိတ်စစ်များ
လေးပါးမှတ်ကာယူ။
အဲဒါကြောင့် ပေါင်းကြဖော်ကြ
ဗုဒ္ဓမိန့်တော်မူ။

**ရှင်ခေမာစာရ**
**(မန်းရေတံခွန်)**

# ကံ ဉာဏ် ဝီရိယ အဖွင့်

**ကံအကြောင်း**

ကမ္မဟူသော ပါဠိစကားကို မြန်မာလို "ကံ" ဟု ခေါ်၏။ ထို့ကြောင့် ကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့်ပြောဆိုမှု၊ စိတ်ဖြင့်ကြံစည်မှုများကို "ကံ" ဟု မှတ်ပါ။ ထိုကံသည် ရှေးရှေးဘဝ၌ ပြုအပ်ခဲ့သော ကံ၊ ယခုဘဝမှ ပြုအပ်ခဲ့သော ကံဟု ၂ မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အကျိုးတစ်ခုကိုပေးရာ၌ ရှေးရှေးကံသည်

လိုရင်းအကြောင့်တည်း။ ယခုဘဝကံမှာ ယခုဘဝအတွက် ရှေးက အခွင့်ရအောင် သို့မဟုတ် အားရှိအောင် ကူညီထောက်ပံ့ရုံသာ။ နောက်ဘဝ၌ကား ဆိုင်ရာအကျိုးကို ကိုယ်တိုင်ပေးခွင့်ရှိသည်။

ထိုရှေးကံများသည် အလွန်အားကောင်းသောကံ၊ သာမန်လောက်သာ အားရှိသောကံဟု ၂ မျိုး ရှိပြန်၏။ ထိုတွင် ၁ – ကံမျိုး၏ အကျိုးပေးပုံသည် အလွန်ထင်ရှား၏။ ဥပမာ – ရှင်ဘုရင်၊ သူဌေး၊ မှူးမတ် စသည်ကို ဖြစ်စေနိုင်၏။ ဆင်းရဲသားအမျိုး၌ ဖြစ်စေကာမူ တစ်နည်းနည်းဖြင့် ကြွယ်ဝချမ်းသာစေနိုင်၏။ ၂ – ကံမျိုး၏ အကျိုးပေးပုံမှာ မထင်ရှားလှ။ သူများနည်းတူ အကျိုးမျိုးကိုသာ ရစေနိုင်၏။ ထိုကံများသည် ဤလူ့ပြည်လောက၌ မိမိတို့ချည်းသက်သက် အကျိုးပေးဖို့ ခဲယဉ်းသဖြင့် အကျိုးပေးခွင့်ရအောင် ဉာဏ် ဝီရိယနှင့် သတိဟူသော ပယောဂက ကူညီပေးရသည်။

## ဉာဏ်အကြောင်း

အဘိဓမ္မာနည်းအရ အကုသိုလ် အပြစ်မရှိသော တတ်သိလိမ္မာမှုကိုသာ "ဉာဏ်" ဟု ဆိုရသော်လည်း ကံအကျိုးပေးခွင့်သာအောင် ကြံဆောင်ရသည့်အရာ၌မူ အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တတ်သိမှု၊ ပါးနပ်၊ ဖျတ်လတ်၊ သွက်လက်၊ ချက်ချက်ချာချာနှင့် အရာရာ နှံ့စပ်မှုများကို "ဉာဏ်" ဟုပင် ခေါ်ရပေသည်။ ထိုဉာဏ်သည် ၁ – မိမိဘာသာ တတ်သိလိမ္မာသော "ဇာတိဉာဏ်"၊ ၂ – နောက်မှ ဖြစ်ပေါ်လာသော "ပဝတ္တိဉာဏ်" ဟု နှစ်မျိုးရှိပြန်သည်။

ထိုနှစ်မျိုးတွင် "ဇာတိဉာဏ်" ရှိသူမှာ ပြောဖွယ်မလို။ ဇာတိဉာဏ်ကို အခြေခံ၍ ပဝတ္တိဉာဏ်လည်း တိုးပွားအောင် ကြိုးစားပါလျှင် လူတွင်တစ်ယောက် ဆိုရလောက်အောင် ထွန်းတောက်လတ္တံ့။ ဇာတိဉာဏ် မရှိသူအတွက်မှာမူ ကျမ်းစာအမျိုးမျိုးကို ကြည့်ရှုသင်ယူခြင်း၊ မိမိထက် တတ်သိနားလည်သော ပညာရှိထံ ဆည်းကပ်ခြင်းတို့ဖြင့် ပဝတ္တိဉာဏ် ဖြစ်ပေါ်လာအောင် ကြံဆောင်အားထုတ်ရာ၌ ယခုအခါ စာသင်ခြင်း၊ ဒေသန္တရဗဟုသုတရှာခြင်းတို့ကြောင့် ပဝတ္တိဉာဏ်တိုးပွားလျက် လောကီကြီးပွားရေး၊ သံသရာ ကြီးပွားရေးတို့၌ ထိပ်တန်းရောက်နေသူများကို ကြည့်ပါ။

## နီတိပျို့

*ကောင်းစွာမရှောင်၊ နားထောင်သူကား၊ အကြားအမြင်၊ မြားမြောင်စင်၏၊ ဂုဏ်အင်ပွား၍၊ ပညာလွှေ့မှု၊ အောက်မေ့ဉာဏ်ဖြင့်၊ ဆင့်ဆင့်မနား၊ ကျိုးစီးပွားကို၊ ထောက်ထားစာနာ၊ သိလိမ္မာ၏၊ သိပါသူသည်၊ အရှည်ချမ်းသာ၊ မင်္ဂလာကို၊ အခါလေးမြင့်၊ ဆောင်နိုင်သင့်။*

အသိအလိမ္မာ ဉာဏ်ပညာနှင့် ကံရှိပါသော်လည်း လုံ့လမရှိလျှင် မည်သည့်အကျိုးမျှ မပြီးစေနိုင်။ **ဟိ** – ထိုစကား မှန်ကြောင်းကား၊ **သုတ္တဿ** – အပျင်းအားကြီး၍ တအိပ်တည်းအိပ်နေသော၊ **သီဟဿ** – ခြင်္သေ့၏၊ **မုခေ** – ပါးစပ်ထဲသို့၊ **မိဂါ** – သမင်တို့သည်၊ **နပဝိသန္တိ** – အလိုအလျောက် မရောက်လာကုန်။ "ထ၍ဖမ်းမှ လုံ့လပြုဦးမည်" ဟူလို။ (ဟိတောပဒေသ)

## ဝီရိယအကြောင်း

ကိစ္စတစ်ခု ပေါ်ပေါက်လျှင် မကြောက်မရွံ့ စွန့်စွန့်စားစား အားထုတ်မှုကို "ဝီရိယလုံ့လ" ဟု ခေါ်၏။ ဤဝီရိယသည် ၁–ပင်ကို "ဇာတိဝီရိယ"၊ ၂–နောက်မှ ဖြစ်ပေါ်လာသော "ပဝတ္တိဝီရိယ" ဟု ၂ မျိုးရှိ၏။ ရှေးရှေးဘဝက ဝီရိယအထုံပါခဲ့သဖြင့် ဇာတိဝီရိယရှိသူမှာ ဉာဏ်ရှိပါလျှင် သူတကာနှင့် မယှဉ်သာအောင် အကျိုးခံစားရမည်။ ဇာတိဝီရိယ မရှိသူကား ပဝတ္တိဝီရိယရှိအောင် ပြုပြင်ရပေလိမ့်မည်။

**ဆောင်**။ ။ *အကျိုးအပြစ်၊ အမျိုးစစ်လျက်၊ ဆိုးညစ်ရိပျင်း၊ သူကိုကွင်း၍၊ ထန်ပြင်းလုံ့လ၊ ရှိသူခမူ၊ ဝီရိယကေန်တိုးမည်တည်း။*

၁။ လုံ့လဝီရိယရှိလျှင် ရနိုင်မည့်အကျိုး။

၂။ လုံ့လဝီရိယမရှိလျှင် ဤဘဝ နောက်ဘဝ၌ အောက်ကျနောက်ကျဖြစ်ရမည့်အပြစ်။

၃။ ငါတို့အမျိုးသည် အထက်တန်းကျ၍ ထက်မြက်သော အမျိုးဖြစ်ခဲ့၏။ ငါတို့လက်ထက်ကျမှ အောက်မကျထိုက်ဟု အမျိုးအရိုးစိစစ်ဆင်ခြင်ရသည်။

၄။ ပျင်းရိသူများကို မပေါင်းဘဲ ရှောင်ရမည်။ ထိုသူများနှင့် အပေါင်းများလျှင် "တံငါနားနီး တံငါ" ဟူသကဲ့သို့ အပျင်းဓာတ်ကူးစက်၍ အပျင်းဘက်၌ ပါနေတတ်သည်။

၅။ လုံ့လပြင်းထန်သူကို ဆည်းကပ်ခယခြင်းပြုလျှင် "ဘုရားဒကာနားနီး ဘုရားဒကာ" ဟူသကဲ့သို့ ဝီရိယဓာတ်ကူး၍ အထူးအားတက်တတ်လေသည်။

## ငါးသုံးကောင်ဝတ္ထု

မြစ်တစ်စင်း၌ ကံယုံ၊ ဉာဏ်ယုံ၊ ဝီရိယယုံ၊ ငါးသုံးကောင်ရှိရာ အခါတစ်ပါး၌ တံငါသည်များ ရောက်လာလျှင် ဝီရိယယုံငါးသည် စောစောကတင်ကြို၍ အဝေးသို့ပြေးလေ၏။ ဉာဏ်ယုံငါးသည် စောစော ကမပြေးဘဲ တံငါသည်များအမိတွင် သေချင်ဟန်ဆောင်၍ နေပြီးလျှင် "သေပြီ" ဟသော အမှတ်ဖြင့် ကုန်းပေါ်ရေစပ်၌ တံငါသည်တို့ ချထားသောအခါ ရေနက်ရာသို့ အမြန်ဆင်းပြေးလေ၏။ "ကံရှိသလို ဖြစ်လိမ့်မည်" ဟု ကံတစ်ခုတည်းကိုသာ ယုံသော ကံယုံငါးကား တံငါသည်တို့၏ ပြုသမျှကို ခံကာ အသက်ဆုံးရှာလေသည်။

ဤငါးသုံးကောင်တို့တွင် ဝီရိယယုံငါး၌ လွတ်လောက်သောကံလည်း ရှိ၏။ ပြေးလျှင် လွတ်မည်ဟု ဉာဏ်လည်းရှိ၏။ ထို့ကြောင့် ဝီရိယထုတ်၍ ပြေးသည့်အတွက်လွတ်၏။ ဉာဏ်ယုံငါးမှာလည်း လွတ်လောက် သော ကံနှင့် ဉာဏ်သာမက ရေထဲသို့ ဆင်းပြေးမှုလုံ့လကိုလည်းပြု၏။ ထို့ကြောင့် လွတ်၏။ ကံယုံငါးမှာ (ကံရှိစေကာမူ) ဉာဏ်နှင့် လုံ့လကို အသုံးမချသောကြောင့် အသက်ဆုံးရှုံးရလေသည်။

ထို့ကြောင့် ကံပေးသမျှ ပဋိသန္ဓေနေခဲ့ရပြီးနောက် တစ်စုံတစ်ခု ကောင်းကျိုးပေးရာ၌ ကံသည် ဝေးသောအကြောင်း၊ ဉာဏ်သည် အလယ်အကြောင်း၊ ဝီရိယသည် အနီးဆုံးသောအကြောင်းဟု သဘောကျပြီးလျှင် ရှေးကံ၏အကျိုးပေးမှုကို အလေးဂရုမမျှော်လင့်ဘဲ လောကီလောကုတ္တရာဆိုင်ရာ၌ အသိအလိမ္မာဉာဏ်ပညာတိုးပွားအောင် ကြိုးစား၍ ကိုယ်နှင့်တန်သော လုံ့လကို အသုံးချပါမူ ကျက်သရေမင်္ဂလာအလိုအလျောက် ပေါ်ပေါက်လာပါလိမ့်မည်။ (**ဥယျောဂိနံ** – ကြိုးစားအားထုတ်လေ့ရှိသော၊ **ပုရိသသီဟံ** – ယောကျ်ားမြတ်သို့၊ **လက္ခီ** – ကျက်သရေမင်္ဂလာသည်၊ **ဥပေတိ** – ကပ်ရောက်လာ၏။ ဟိတောပဒေသ)

## သတိအကြောင်း

ကံအကျိုးပေးခွင့်ရအောင် ဉာဏ် ဝီရိယသာမက ထိုထိုကိစ္စ၌ အမြဲအမှတ်ရသော သတိလည်း အရေးကြီး၏၊ ပြုဖွယ်ကိစ္စကို အမှတ်မရဘဲ မေ့နေလျှင် ဉာဏ်နှင့် ဝီရိယကို အသုံးမပြုနိုင်တော့။ ထို့ကြောင့် ပယောဂသမ္ပတ္တိကိုပြရာ၌ ဉာဏ် ဝီရိယသတိ ၃ မျိုးလုံးကို ပြသင့်ပါသည်။ (ပယောဂ – ကိုယ်မှု နှုတ်မှု စိတ်မှု၏၊ သမ္ပတ္တိ – ပြည့်စုံခြင်း)

## မဃဒေဝလင်္ကာမှ ထုတ်နုတ်ချက်

၁။ ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။

၂။ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။

၃။ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရှိးကောင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏။

၄။ လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်း ကံ၊ ကောင်းလည်း ကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

၅။ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်၊ တံငါ့လက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့။

၆။ ကံမွဲဉာဏ်နုံ့၊ မလုံ့မလ၊ နတ်မ မဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုလျော့ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်းမ၍၊ တောင့်တကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏။

၇။ အန္ဓဗာလ၊ လူ့ထိုမျှတို့၊ ကမ္မဝီရိယ၊ မယုံကြဘူး၊ သိဝမဟော၊ ပရမေသွာ၊ ဗြဟ္မာဗိဿနိုး၊ ကမ္ဘာစိုးနှင့်၊ တန်ခိုးကြီးမား၊ နတ်ဘုရားကို၊ ပေးစားဖန်ဆင်း၊ ဖြစ်တုံလျှင်းဟု၊ ချွတ်ယွင်းသမှု၊ အမှာ ရှုသည်၊ တောင်သူ့ယူလေ့ယူလာတည်း။

ဤခန္ဓာကိုယ်ကြီး၏ အတွင်း၌ ကောင်းမြတ်သောအရာ၊ မြဲခိုင်သောအရာဟူ၍ ဘာတစ်ခုမျှမရှိပါ။ အလိမ္မာ စသော ဂုဏ်များကား လွန်စင်ကြယ်၏။ မစင်ကြယ်သော ခန္ဓာကိုယ်ကြီးဖြင့် စင်ကြယ်သော ဂုဏ်သတင်းများကို ရအောင် အားထုတ်လိုက်ကြလော့။

ငါတို့ ဗုဒ္ဓဘာသာဝင်များသည် မအို မသေ အမြဲနေရာ နိဗ္ဗာန်ကိုပင် မြော်မြင်မှန်းဆ၍ မရရအောင် အားထုတ်ကြကုန်သေး၏။ ယခုဘဝ ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေးလောက်ကို ပဓာနမူ၍ ကြောက်ရမည်နည်း။ လုံ့လ ဝီရိယကင်း၍ အဖျင်းစား အပေါစား လုပ်နေသော်လည်း ဤခန္ဓာကိုယ်ကြီး ပို၍ မကျန်းမာ၊ ပို၍ အသက်မရှည်တော့ပြီ။

စင်စစ်သော်ကား ပျင်းနေသည့်အတွက် ခန္ဓာကိုယ်မှ အခိုးအငွေ့တွေ အပြင်သို့ မထွက်ရသောကြောင့် အေးစက်စက်ဖြစ်ကာ ပို၍ မကျန်းမမာဖြစ်သေး၏။ ထိုမကျန်းမာမှုကြောင့် အပျင်းထူသူမှာ အသက်တိုဖွယ်သာများ၏။ ပျင်း၍ အလုပ်မလုပ်သူသည် သာ၍ ပျင်းစရာဖြစ်နေပါလိမ့်မည်။ လုံ့လဝီရိယမှန်မှန်ဖြင့် အလုပ်လုပ်နေသူကို လူတွေကလည်း ကြည်ညို၊ နတ်တွေကလည်း စောင့်ရှောက်လို၏။ ရေးကံတွေကလည်း အကျိုးပေးခွင့်သာ၍ လှလှပပအကျိုးပေးကြသည်။ ထို့ကြောင့် လုံ့လရှိသူတို့အဖို့မှာ လောကကြီး၌ ပျော်စရာကိုသာ တွေ့ရပါလိမ့်မည်။

တစ်နေ့အဖို့၌ ၁ – ကုသိုလ်၊ ၂ – ဥစ္စာ၊ ၃ – ကျန်းမာရေး၊ ၄ – အတတ်ပညာ၊ ၅ – တန်ခိုးဂုဏ်သိန် ဤ ၅ မျိုးတွင် တစ်မျိုးမျိုးမှ အကျိုးမရဘဲ ကုန်သွားသောနေ့သည် ဝမ်းနည်းစရာ လွန်စွာ အသုံးမကျ၊ မသေခင်က အသေဖြစ်ရသောနေ့ပင်တည်း။

**( ဆောင် )** ။ ။ *ကုသိုလ်ဥစ္စာ၊ ကျန်းခံ့သာ၍၊ ပညာတန်ခိုး၊ တစ်မျိုးမျိုးမှ၊ အကျိုးမထွက်၊ ထိုနေ့တွက်၊ သက်သက်ဝမ်းနည်းဖွယ်။*

**အရှင်ဇနကာဘိဝံသ**
ရတနာ့ဂုဏ်ရည်
(၂၀၉ – ၂၁၅)

# လောကနီတိ ပါဠိ - အနက် (၂)

## ၃။ ဗာလဒုဇ္ဇနကဏ္ဍ

၆၈။ အတိ ပိယော န ကာတဗ္ဗော၊
ခလော ကောတုဟလံ ကရော။
သိရသာ ဝဟမာနောပိ၊
အဓုပ္ပူရော ဃဋော ယထာ။

**ခလော**–သူယုတ်ကို။ **အတိ ပိယော**–အလွန်ချစ်အပ်သည်ကို။ **န ကာတဗ္ဗော**–မပြုအပ်။ **သိရသာ**–ဦးခေါင်းဖြင့်။ **ဝဟမာနောပိ**–ရွက်ဆောင်အပ်သော်လည်း။ **အဓုပ္ပူရော**–မပြည့်သောရေရှိသော။ **ဃဋော ယထာ**–အိုးကဲ့သို့။ **ကောတုဟလံ**–အုတ်အုတ်ကျက်ကျက်ကို။ **ကရော**–ပြုတတ်၏။

၆၉။ သပ္ပေါ် ဒုဋ္ဌော ခလော ဒုဋ္ဌော၊
သပ္ပါ ဒုဋ္ဌတရော ခလော။
မန္တောသဓေဟိ သောသပ္ပေါ်၊
ခလော ကေနုပသမ္မတိ။

**သပ္ပေါ်**–မြွေသည်။ **ဒုဋ္ဌော**–အမျက်လွန်၏။ **ခလော**–သူယုတ်သည်လည်း။ **ဒုဋ္ဌော**– အမျက်လွန်၏။ **သပ္ပါ**–မြွေထက်။ **ခလော**–သူယုတ်သည်ကား။ **ဒုဋ္ဌတရော**–အမျက်လွန်၏။ **သောသပ္ပေါ်**–ထိုမြွေကိုကား။ **မန္တောသဓေဟိ**–မန္တ ရားဆေးဝါးတို့ဖြင့်။ **သမ္မတိ**–ငြိမ်းစေနိုင်၏။ **ခလော**–သူယုတ်ကိုကား။ **ကေန**–အဘယ်မည်သောဆေးဖြင့်။ **ဥပသမ္မတိ**–ငြိမ်းစေနိုင်အံ့နည်း။

၇၀။ ယော ဗာလော မညတီ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော။
ဗာလောဝ ပဏ္ဍိတမာနီ၊
သ ဝေ ဗာလောတိ ဝုစ္စတိ။

**ယောဗာလော**–အကြင်သူမိုက်သည်။ **ဗာလျံ**–မိမိမိုက်သောအဖြစ်ကို။ **မညတီ**–သိ၏။ **တေန**–ထိုသို့သိခြင်းကြောင့်။ **သောဝါပိ**–ထိုသို့မိုက်သောသူဖြစ်လျက်လည်း။ **ပဏ္ဍိတော**–ပညာရှိမည်၏။ **ယောဗာလော**–အကြင်သူမိုက်သည်ကား။ **ဗာလောစ**–မိုက်လျက်လျှင်။ **ပဏ္ဍိတမာနီ**–မိမိကိုယ်ကို ပညာရှိဟုထင်၏။ **သ သော**–ထိုသူကိုသာလျှင်။ **ဝေ**–စင်စစ်။ **ဗာလောတိ**–သူမိုက်ဟူ၍။ **ဝုစ္စတိ**–ဆိုအပ်၏။

၇၁။ မဓုဝ မညတီ ဗာလော၊
ယာဝ ပါပံ န ပစ္စတိ။
ယဒါစ ပစ္စတီ ပါပံ၊
အထ ဒုက္ခံ နိဂစ္ဆတိ။

**ဗာလော**–သူမိုက်သည်။ **ယာဝ**–အကြင်မျှလောက်။ **ပါပံ**–မိမိပြုသော မကောင်းမှုသည်။ **န ပစ္စတိ**–အကျိုးမပေးသေး။ **တာဝ**–ထိုမျှလောက်။ **မဓုဝ**–ပျားရည်ကဲ့သို့။ **မညတိ**–အောက်မေ့တတ်၏။ **ယဒါစ**–အကြင်အခါ၌ကား။ **ပါပံ**–မိမိပြုသောမကောင်းမှုသည်။ **ပစ္စတိ**–အကျိုးပေး၏။ **အထ**–ထိုအခါ၌။ **ဒုက္ခံ**–ဆင်းရဲခြင်းသို့။ **နိဂစ္ဆတိ**–ရောက်၏။

၇၂။ န သာဓု ဗလဝါ ဗာလော၊
သာဟသာ ဝိန္ဒတေ ဓနံ။
ကာယဿ ဘေဒါ ဒုပ္ပညော၊
နိရယံ သောပပဇ္ဇတိ။

**ဗာလော**–သူမိုက်သည်။ **ဗလဝါ**–ကိုယ်အားရှိမှု။ **န သာဓု**–မကောင်း။ **သဟသာ**–အနိုင်အထက်။ **ဓနံ**–သူ၏ဥစ္စာကို။ **ဝိန္ဒတေ**–ရအောင်ယူတတ်၏။ **ဒုပ္ပညော**–ပညာနည်းသော။ **သောဗာလော**–ထိုသူမိုက်သည်။ **ကာယဿ**–ကိုယ်ခန္ဓာ၏။ **ဘေဒါ**–ပျက်သည်မှ။ **ပရံ**–နောက်၌။ **နိရယံ**–ငရဲသို့။ **ဥပပဇ္ဇတိ**–ရောက်တတ်၏။

၇၃။ ယဝေ ဒုဗ္ဘော မုသိကောစ၊
ဝနေ ဒုဗ္ဘော စ ဝါနရော။
သကုဏောစ ဒုဗ္ဘော ကာကော၊
နရေ ဒုဗ္ဘော စ ဗြာဟ္မဏော။

**ယဝေ**–အိမ်၌။ **ဒုဗ္ဘောစ**–ဖျက်ဆီးတတ်သည်ကား။ **မုသိကော**–ကြွက်တည်း။ **ဝနေ**–တော၌။ **ဒုဗ္ဘောစ**–ဖျက်ဆီးတတ်သည်ကား။ **ဝါနရော**–မျောက်တည်း။ **သကုဏေ**–ငှက်၌။ **ဒုဗ္ဘောစ**–ဖျက်ဆီးတတ်သည်ကား။ **ကာကော**–ကျီးတည်း။ **နရေ**–လူ၌။ **ဒုဗ္ဘောစ**–ဖျက်ဆီးတတ်သည်ကား။ **ဗြာဟ္မဏော**–ပုဏ္ဏားတည်း။

၇၄။ ဒီဃာ ဇာဂရတော ရတ္တိ၊
ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊
သဒ္ဓမ္မံ အဝိဇာနတံ။

**ဇာဂရတော**–နိုးကြားသောသူအား။ **ရတ္တိ**–ညဉ့်သည်။ **ဒီဃာ**–ရှည်၏။ **သန္တဿ**–ခရီးပန်းသောသူအား။ **ယောဇနံ**–တစ်ယူဇနာခရီးသည်။ **ဒီဃံ**–ရှည်၏။ **သဒ္ဓမ္မံ**–သူတော်ကောင်းတရားကို။ **အဝိဇာနတံ**–မသိကုန်သော။ **ဗာလာနံ**–သူမိုက်တို့အား။ **သံသာရော**–သံသရာသည်။ **ဒီဃော**–ရှည်၏။

၇၅။ ကိလမတ္တံ ပရေသံဝ၊
အပ္ပဒေါသဉ္စ ပဿတိ။
နာဋ္ဌိကေရမ္ပိ သဒေါသံ၊
ခလ ဇာတော န ပဿတိ။

**ခလဇာတော**–ယုတ်သော သဘာရှိသောသူသည်။ **ပရေသံ**–သူတစ်ပါးတို့၏။ **တိလမတ္တံဝေ**–နှမ်းစေ့ခန့်မျှသာရှိသော။ **အပ္ပဒေါသဉ္စ – အပ္ပဒေါသံဝေ**–အနည်းငယ်သော အပြစ်ကိုသာလျှင်။ **ပဿတိ**–မြင်တတ်၏။ **နာဋ္ဌိကေရံ**–အုန်းသီးလောက်ရှိသော။ **သဒေါသံပိ**–မိမိအပြစ်ကိုကား။ **န ပဿတိ**–မမြင်တတ်။

၇၆။ နတ္တ ဒေါသံ ပရေ ဇညာ၊
ဇညာ ဒေါသံ ပရဿ တု။
ဂုယှေ ကုမ္မာဝ အင်္ဂါနိ၊
ပရ ဒေါသဉ္စ လက္ခယေ။

**ပဏ္ဍိတော**–ပညာရှိသောသူသည်။ **အတ္တဒေါသံ**–မိမိအပြစ်ကို။ **ပရေ**–သူတစ်ပါးတို့ကို။ **နဇညာ**–မသိစေရာ။ **ပရဿ**–သူတစ်ပါး၏။ **ဒေါသံတု**–အပြစ်ကိုကား။ **ဇညာ**–သိအောင်ပြုရာ၏။ **ကိမိဝ**–အဘယ်ကဲ့သို့နည်းဟူမူကား။ **ကုမ္မာ**–လိပ်တို့သည်။ **အင်္ဂါနိ**–လက်၊ ခြေ၊ ဦးခေါင်းတို့ကို။ **ဂုယှန္တိ ဣဝ**–လျှို့ဝှက်ကုန်သကဲ့သို့။ **အတ္တဒေါသံ**–မိမိအပြစ်ကို။ **ဂုယှေ**–လျှို့ဝှက်ရာ၏။ **ပရဒေါသဉ္စ**–သူတစ်ပါးတို့၏ အပြစ်ကိုလည်း။ **လက္ခယေ**–မှတ်ရာ၏။

၇၇။ ပဏ္ဍိတဿ ပသံသာယ၊
ဒဏ္ဍော ဗာလေန ဒီယျတေ။
ပဏ္ဍိတော ပဏ္ဍိတေနေဝ၊
ပဏ္ဍိတောဝ သုဝဏ္ဏိတော။

**ဗာလေန**–သူမိုက်သည်။ **ပဏ္ဍိတဿ**–ပညာရှိအား။ **ပသံသာယ**–ချီးမွမ်းခြင်းဖြင့်။ **ဒဏ္ဍော**–ဒဏ်ကို။ **ဒီယျတေ**–ပေးသည်မည်၏။ **ပဏ္ဍိတော**–ပညာရှိကို။ **ပဏ္ဍိတေနေဝ** –ပညာရှိသည်သာလျှင်။ **ဝဏ္ဏိတော** –ချီးမွမ်းခြင်းသည်။ **သုဝဏ္ဏိတော** –ကောင်းစွာချီးမွမ်းခြင်းမည်၏။

၇၈။ လုဒ္ဒံ အတ္တေန ဂဏှေယျ၊
ထဒ္ဓံ အဉ္ဇလိ ကမ္မုနာ။
ဆန္ဒာ နုဝတ္တိယာ မူဠှံ၊
ယထာဘူတေန ပဏ္ဍိတံ။

**လုဒ္ဒံ** –လိုချင်တပ်မက်မောခြင်း ရှိသောသူကို။ **အတ္တေန**–တံစိုးလက်ဆောင်ပေးသဖြင့်။ **ဂဏှေယျ**–ယူရာ၏။ **ထဒ္ဓံ** –မာန်ခက်ထန်သောသူကို။ **အဉ္ဇလိကမ္မုနာ**–လက်အုပ်ချီသဖြင့်။ **ဂဏှေယျ**–ယူရာ၏။ **မူဠှံ** –သူမိုက်ကိုကား။ **ဆန္ဒာနုဝတ္တိယာ**–အလိုသို့လိုက်သဖြင့်။ **ဂဏှေယျ**–ယူရာ၏။ **ပဏ္ဍိတံ**–ပညာရှိကို။ **ယထာဘူတေန**–အဟုတ်အမှန်ဆိုသဖြင့်။ **ဂဏှေယျ** –ယူရာ၏။

**ဗာလဒုဇ္ဇနကဏ္ဍံ နိဋ္ဌိတံ။**

**ဗာလဒုဇ္ဇနကဏ္ဍံ** –သူမိုက် သူယုတ်တို့ကို ဆိုသောအခန်းသည်
**နိဋ္ဌိတံ**–ပြီးပြီ။

❑

## (၄) မိတ္တကထာ

၇၉။ ဟိတ ကာရော ပရော ဇန္တု၊
ဇန္တုပိ အဟိတော ပရော။
အဟိတော ဒေဟဇော ဗျာဓိ၊
ဟိတံ အရညာ မောသဓံ။

**ဟိတကာရော**–စီးပွားကိုဆောင်သည်ရှိသော်။ **ပရောပိ**–သူတစ်ပါးသည်လည်း။ **ဇန္တု**–အဆွေမည်၏။ **အဟိတော**–စီးပွားကို မဆောင်မူ။ **ဇန္တုပိ**–အဆွေသည်လည်း။ **ပရော**–သူတစ်ပါးမည်၏။ **ဗျာဓိ**–အနာသည်။ **ဒေဟဇော**–ကိုယ်၌ဖြစ်လျက်။ **အဟိတော**–စီးပွားကိုမဆောင်လေ။ **ဩသဓံ**–ဆေးကား။ **အရညာ**–တော၌ဖြစ်လျက်။ **ဟိတံ**–စီးပွားကို ဆောင်လေသလျှင်ကတည်း။

၈၀။ ပရောက္ခေ ဂုဏာ ဟန္တာရံ၊
ပစ္စက္ခေ ပိယဝါဒိနံ။
ဝဇ္ဇေယျ တာဒိသံ မိတ္တံ၊
ဝိသကုမ္ဘေ ယထာ မဓုံ။

**ပရောက္ခေ**–မျက်ကွယ်၌။ **ဂုဏာဟန္တာရံ**–ကျေးဇူးကိုချေတတ်သော။ **ပစ္စက္ခေ**–မျက်မှောက်၌။ **ပိယဝါဒိနံ**–ချစ်ဖွယ်စကားကို ဆိုတတ်သော။ **တာဒိသံ**–ထိုသို့သဘောရှိသော။ **မိတ္တံ**–အဆွေခင်ပွန်းကို။ **ဝိသကုမ္ဘေ**–အဆိပ်အိုး၌။ **မဓုံ**–ပျားကို။ **ဝဇ္ဇေယျယထာ**–ကြဉ်ရာသကဲ့သို့။ **ဝဇ္ဇေယျ**–ကြဉ်ရာ၏။

၈၁။ ဓနေ ဟီနေ စဇေ မိတ္တော၊
ပုတ္တဒါရာ သဟောဒရာ။
ဓနဝန္တေဝ သေဝန္တိ၊
ဓနံ လောကေ မဟာသခါ။

**ဓနဟီနေ**–ဥစ္စာတည်းယုတ်မူကား။ **မိတ္တော**–အဆွေခင်ပွန်းသည်။ **စဇေ**–စွန့်တတ်၏။ ပုတ္တဒါရာ–သားမယားတို့သည်လည်းကောင်း။ **သဟောဒရာ**–ညီသားအစ်ကိုတို့သည်လည်းကောင်း။ **စဇန္တိ**–စွန့်တတ်ကုန်၏။ **ဓနဝန္တေဝ**–ဥစ္စာရှိသောသူတို့ကိုသာလျှင်။ **သေဝန္တိ**–မှီဝဲကုန်၏။ **တသ္မာ**–ထို့ကြောင့်။ **ဓနံ**–ဥစ္စာသည်သာလျှင်။ **လောကေ**–လောက၌။ **မဟာသခါ**–ခင်ပွန်းကြီးတည်း။

**၈၂။ ဇာနေယျ ပေသေန ဘတ္တံ၊**
**ဗန္ဓဝါပိ ဘယာဂတေ။**
**အပ္ပကာသု တထာ မိတ္တံ၊**
**ဒါရဉ္စ ဝိဘဝက္ခယေ။**

**လောကေ**–လောက၌။ **ဘတ္တံ**–ကျွန် သူခစားကို။ **ပေသေန**–စေပါးခိုင်းခန့်မှုသာလျှင်။ **ဇာနေယျ**–ကောင်းမကောင်းကို သိရာ၏။ **ဗန္ဓဝါပိ**–ဆွေမျိုးတို့ကိုလည်း။ **ဘယာဂတေ**– ဘေးရောက်သောအခါ၌။ **ဇာနေယျ**–သိရာ၏။ **တထာ**–ထိုမြို့။ **မိတ္တံ**–အဆွေခင်ပွန်းကို။ **အပ္ပကာသု**–ဥစ္စာနည်းသောအခါတို့၌။ **ဇာနေယျ**–သိရာ၏။ **ဒါရဉ္စ**–မယားကိုလည်း။ **ဝိဘဝက္ခယေ**–စည်းစိမ်ကုန်မှုသာလျှင်။ **ဇာနေယျ**–သိရာ၏။

**၈၃။ သော ဗန္ဓု ယော ဟိတေ ယုတ္တော၊**
**ပိတရော ဟောတိ ပေါသကော။**
**တံ မိတ္တံ ယတ္ထ ဝိဿာသော၊**
**သာ ဘရိယာ စ နိဗ္ဗုတိ။**

**ယော**–အကြင်သူသည်။ **ဟိတေ**–အစီးအပွား၌။ **ယုတ္တော**–ယှဉ်စေတတ်၏။ **သော**–ထိုသူသည်။ **ဗန္ဓု**– အဆွေခင်ပွန်းမည်၏။ **ယော**–အကြင်သူသည်။ **ပေါသကော**– ကျွေးမွေးတတ်သည်။ **ဟောတိ**–ဖြစ်၏။ **သော**–ထိုသူသည်။ **ပိတရော**–မိဘမည်၏။ **ယတ္ထ**–အကြင်သူ၌။ **ဝိဿာသော**–ချစ်ကျွမ်းဝင်၏။ **တံ**–ထိုသူသည်။ **မိတ္တံ**–ခင်ပွန်းမည်၏။ **ယတ္ထ**–အကြင်သူ၌။ **နိဗ္ဗုတိ**–နှလုံးငြိမ်း၏။ **သာ**–ထိုသို့ ငြိမ်းစေတတ်သောသူသည်။ **ဘရိယာ**–မယားမည်၏။

**၈၄။ န ဝိဿသေ အမိတ္တဿ၊**
**မိတ္တဿာပိ န ဝိဿသေ။**
**ကဒါစိ ကုပိတေ မိတ္တေ၊**
**သဗ္ဗ ဒေါသံ ပကာသတိ။**

**အမိတ္တဿ**–ရန်သူနှင့်လည်း။ **န ဝိဿသေ**–အကျွမ်းမဝင်ရာ။ **မိတ္တဿာပိ**–အဆွေခင်ပွန်းနှင့်လည်း။ **န ဝိဿသေ**–အကျွမ်းမဝင်ရာ။ **ကဒါစိ**–တစ်ရံတစ်ခါ။ **မိတ္တေ**–အဆွေခင်ပွန်းသည်။ **ကုပိတေ**–အမျက်ထွက်လတ်သော်။ **သဗ္ဗဒေါသံ**–ခပ်သိမ်းသောအပြစ်ကို။ **ပကာသတိ**–ထင်ရှားပြတတ်၏။

၈၅။ သကိံ ဒုဋ္ဌတိ ယော မိတ္တာ၊
ပုန သန္ဓိတုမိစ္ဆတိ။
သော မစ္စုံ ဥပဂစ္ဆတိ၊
ဂဗ္ဘော အဿတရိံ ယထာ။

**ယော** –အကြင်သူသည်။ **မိတ္တာ**–ခင်ပွန်းနှင့်။ **သကိံ** –တစ်ကြိမ်။ **ဒုဋ္ဌတိ** –အမျက်ထွက်ဖူး၏။ **သော** – ထိုသူသည်။ **ပုန**–တစ်ဖန်။ **သန္ဓိတုံ** –စေ့စပ်ခြင်းငှာ။ **ဣစ္ဆတိ** –အလိုရှိငြားအံ့။ **ဂဗ္ဘော**–ကိုယ်ဝန်သည်။ **အဿတရိံယထာ**–အဿတိုရ်မြင်းကို ဖွားအံ့သော မြင်းမကဲ့သို့။ **မစ္စုံ**–သေမင်းနိုင်ငံသို့။ **ဥပဂစ္ဆတိ**– ဆောင်၏။

၈၆။ ဂဟေ အမိတ္တံ ခန္ဓေန၊
ယာဝ ကာလံ အနာဂတံ။
တမေဝ အာဂတေ ကာလေ၊
သေလေ ဘိန္ဒေ ဃဋံ ဣဝ။

**ယာဝ**–အကြင်မျှလောက်။ **ကာလံ** –မိမိ၏ အကြံကာလသည်။ **အနာဂတံ** –မရောက်သေး။ **တာဝ**– ထိုမျှလောက်။ **အမိတ္တံ** –ရန်သူကိုလျှင်။ **ခန္ဓေန**–ပခုံးဖြင့်။ **ဝဟေ**–ရွက်ဆောင်ရာ၏။ **ကာလေ**–မိမိအကြံ ကာလသည်။ **အာဂတေ**–ပြည့်စုံခြင်းသို့ ရောက်လေပြီးသော်။ **တမေဝ**–ထိုရန်သူကိုလျှင်။ **သေလေ** – ကျောက်၌။ **ဃဋံ** –ရွက်ဆောင်သောအိုးကို။ **ဘိန္ဒေဣဝ**–ခွဲသကဲ့သို့။ **ဘိန္ဒေ** –ဖျက်ရာ၏။

၈၇။ ဣဏာ သေသော အဂ္ဂိ သေသော၊
ရောဂ သေသော တထေဝစ။
ပုနပ္ပုနံ ဝိဝဍ္ဎန္တိ၊
တသ္မာ သေသံ န ကာရယေ။

**ဣဏသေသော**–မြီကြွင်းလည်းကောင်း။ **အဂ္ဂိသေသော**–မီးကြွင်းလည်းကောင်း။ **တထေဝစ** – ထို့အတူသာလျှင်။ **ရောဂသေသော**–ရောဂါကြွင်းလည်းကောင်း။ **ပုနပ္ပုနံ** –အဖန်တလဲလဲ။ **ဝိဝဍ္ဎန္တိ** – ပွားတတ်ကုန်၏။ **တသ္မာ**–ထို့ကြောင့်။ **သေသံ**–အကြွင်းကို။ **နကာရယေ** –မပြုရာ။

၈၈။ ပဒုမံဝ မုခံ ယဿ၊
ဝါစာ စန္ဒန သီတလာ။
တာဒိသံ နောပသေဝေယျ၊
ဟဒယေတု ဟလာဟလံ။

**ယသာ**–အကြင်သူ၏။ **မုခံ** –မျက်နှာကား။ **ပဒုမံ – ပဒုမံဣဝ**–ပဒုမ္မာကြာကဲ့သို့ရွှင်၏။ **ဝါစာ**–ဆိုသော စကားသည်လည်း။ **စန္ဒနသီတလာ** – စန္ဒကူးကဲ့သို့ ချမ်းအေး၏။ **ဟဒယေတု**–နှလုံး၌ကား။ **ဟလာဟလံ** – လျင်စွာသေစေတတ်သောအဆိပ်ကဲ့သို့ ရှိ၏။ **တာဒိသံ**–ထိုသို့သဘောရှိသောသူကို။ **နောပသေဝေယျ**– မမှီဝဲရာ။

၈၉။ **န သေဝေ ဖရုသံ သာမိံ၊**
**န စ သေဝေယျ မစ္ဆရိံ။**
**တတော အပဂ္ဂဏှံ သာမိံ၊**
**နေဝ နိဂ္ဂဟိတံ တတော။**

**ဖရုသံ** –ကြမ်းကြုတ်သော။ **သာမိံ** – အရှင်ကို။ **နသေဝေ**–မမှီဝဲရာ။ **တတော**–ထိုထက်။ **မစ္ဆရိံ**– ဝန်တိုသော။ **သာမိံ** –အရှင်ကို။ **နစသေဝေယျ**–မမှီဝဲရာ။ **တတော** –ထိုထက်။ **အပဂ္ဂဏှံ** –မချီးမြှင့်တတ်သော။ **သာမိံ**–အရှင်ကို။ **နသေဝေယျ**–မမှီဝဲရာ။ **တတော**–တိုထက်။ **နိဂ္ဂဟိတံ** –နှိပ်စက်တတ်သော။ **သာမိံ** – အရှင်ကို။ **နေဝ သေဝေယျ**–မမှီဝဲရာသာလျှင်ကတည်း။

၉၀။ **သိင်္ဂီ ပညာသ ဟတ္ထေန၊**
**သတေန ဝါဇိနံ ဝဇ္ဇေ။**
**ဟတ္ထိံ ဒန္တိံ သဟဿေန၊**
**ဒေသ စာဂေန ဒုဇ္ဇနံ။**

**သိင်္ဂီ** –ဦးချိုရှိသော သတ္တဝါကို။ **ပညာသဟတ္ထေန**–အတောင်ငါးဆယ်ရှိသောအရပ်မှ။ **ဝဇ္ဇေ** –ကြဉ်ရာ၏။ **ဝါဇိနံ** –မြင်းကိုကား။ **သတေန**–အတောင်တစ်ရာမှ။ **ဝဇ္ဇေ** –ကြဉ်ရာ၏။ **ဟတ္ထိံဒန္တိံ** –အစွယ်ရှိသော ဆင်ကိုကား။ **သဟဿေန**–အတောင်တစ်ထောင်ကသာလျှင်။ **ဝဇ္ဇေ**–ကြဉ်ရာ၏။ **ဒုဇ္ဇနံ** –သူမကောင်းကိုကား။ **ဒေသစာဂေန** –အရပ်ကိုစွန့်သဖြင့်။ **ဝဇ္ဇေ** –ကြဉ်ရာ၏။

၉၁။ **ကုဒေသဉ္စ ကုမိတ္တဉ္စ**
**ကုကုလဉ္စ ကုဗန္ဓဝံ။**
**ကုဒါရဉ္စ ကုဒါသဉ္စ၊**
**ဒူရတော ပရိဝဇ္ဇယေ။**

**ကုဒေသဉ္စ**–မကောင်းသော အရပ်ကိုလည်းကောင်း။ **ကုမိတ္တဉ္စ** –မကောင်းသော ခင်ပွန်းကိုလည်းကောင်း။ **ကုကုလဉ္စ**–မကောင်းသောအမျိုးကိုလည်းကောင်း။ **ကုဒါရဉ္စ** –မကောင်းသော မယားကိုလည်းကောင်း။

**ကုဒ္ဒါသန္တ**–မကောင်းသောကျွန်ကိုလည်းကောင်း။ **ဒူရတော**–ဝေးစွာ။ **ပရိဝဇ္ဇယေ**–ကြဉ်ရာ၏။

**၉၂။ ရောဂါတုရေစ ဒုဗ္ဘိက္ခေ၊**
**ဗျာသနေစ သတ္တုဂ္ဂဟေ။**
**ရာဇ ဒွါရေ သုသာနေစ၊**
**သခါ တိဋ္ဌာ သုမိတ္တကာ။**

**ယေသခါ**–အကြင်ခင်ပွန်းတို့သည်။ **ရောဂါတုရေစ**–အနာနှိပ်စက်သော ကာလ၌လည်းကောင်း။ **ဒုဗ္ဘိက္ခေစ**–ဝတ်မွတ်ခေါင်းပါးသော ကာလ၌လည်းကောင်း။ **ဗျာသနေစ**–စည်းစိမ်ပျက်စီးသော ကာလ၌လည်းကောင်း။ **သတ္တုဂ္ဂဟေ**–ရန်သူမိသော ကာလ၌လည်းကောင်း။ **ရာဇဒွါရေစ**–မင်းအိမ်တံခါး၌လည်းကောင်း။ **သုသာနေစ**–သုသာန်ဝစပြင်၌လည်းကောင်း။ **တိဋ္ဌာ**–တည်ရပ်ပေကုန်၏။ **တေသခါ**–ထိုခင်ပွန်းတို့သည် သာလျှင်။ **သုမိတ္တကာ**–ခင်ပွန်းကောင်း မည်ကုန်၏။

**၉၃။ သီသ ဝါစော ဗဟု မိတ္တော၊**
**ဖရုသော အပ္ပမိတ္တကော။**
**ဥပမံ ဧတ္ထ ဉာတဗ္ဗံ၊**
**သူရိယ စန္ဒ ရာဇူနံ။**

**သီတဝါစော**–နူတ်ချွန်းချိုသော စကားရှိသောသူသည်။ **ဗဟုမိတ္တော**–များသောအဆွေခင်ပွန်းရှိ၏။ **ဖရုသော**–ကြမ်းကြုတ်သောသူသည်။ **အပ္ပမိတ္တကော**–နည်းသောအဆွေခင်ပွန်းရှိ၏။ **သူရိယစန္ဒရာဇူနံ**–နေမင်း လမင်းတို့၏။ **ဥပမံ**–ဥပမာကို။ **ဧတ္ထ**–ဤအရာ၌။ **ဉာတဗ္ဗံ**–သိအပ်၏။

**မိတ္တကဏ္ဍော နိဋ္ဌိတော။**

**မိတ္တကဏ္ဍော**–ခင်ပွန်းကို ဆိုရာအခန်းသည်၊
**နိဋ္ဌိတော**–ပြီးပြီ။

*အပိုင်း (၃)*
*ကြီးပွားချမ်းသာရေးကဏ္ဍ*
*ပြီး၏။*

အပိုင်း ( ၄ )

# အောင်မြင်ရေးကာလများ

# အပိုင်း (၄)

# အောင်မြင်ရေးကဏ္ဍ

## ပလာယိတ ပရိဗ္ဗာဇက အောင်ပွဲ

*ရှေးအခါဆီမှာ အတည်တကျ၊ အမည်မရတဲ့ တိတ္ထိဗိုလ်၊*
*နောက်လိုက်နောက်ပါ အတော်များတော့*
*ကျော်ကြားသည့်ထက် ကျော်ကြားလို။*
*ဘုရားကိုယှဉ်ပြိုင်အနိုင်ငြင်းဖို့၊ စတိုင်တင်းလို့လာခဲ့သကို။*
*ရောင်ခြည်ရှက်ဖြာ လက်ကာဝင်းလို့၊ တက်လာလင်းတဲ့ နေမင်းလို။*
*ဘုရားရှင့်ပုံ မြင်ရုံကလေးနဲ့၊ ရင်တုန်ပြေးလို့ အဆွေးပို။*
*မပြိုင်ခင်က အနိုင်ရ၊ ဗုဒ္ဓထွဋ်ဘုန်းမို့။*
*အဲဒါက ဘဂဝါမျှုးရဲ့၊ ထူးတဲ့အောင်စဉ်ဆို*

ရှေးတုန်းက သာဝတ္ထိမြို့မှာ အမျိုးအမည်မထင်ရှားတဲ့ တိတ္ထိကြီးတစ်ယောက်ရှိတယ်။ သူဟာ အကြွားအဝါကောင်းတော့ နောက်လိုက်နောက်ပါ ဒကာတော်တော်များလာတယ်။ ပိုပြီးကျော်ကြားအောင် "ဂေါတမဘုရားနဲ့ တရားချင်းပြိုင်မယ် ဝါဒချင်းပြိုင်မယ်" ဆိုပြီး သူ့နောက်လိုက်နောက်ပါအပြည့်အဝနဲ့ လက်မထောင်ပြီးလာခဲ့တယ်။ ကျောင်းတော်အတွင်းရောက်တော့ မြတ်စွာဘုရားဟာ ရောင်ခြည်တော် ခြောက်သွယ် တဝင်းဝင်းတပြောင်ပြောင်နဲ့ ပရိသတ်အလယ်ခေါင်မှာ တရားဟောတော်မူနေတာကို တွေ့ရတယ်။ ဘုရားကိုပြိုင်ဖို့ ဟန်ကြီးပန်ကြီးလုပ်လာတဲ့ တိတ္ထိကြီးဟာ ရောင်ခြည်တော်ခြောက်သွယ် တဝင်းဝင်း တလက်လက်နဲ့ တုဘက်မရှိတဲ့ မြတ်စွာဘုရားရဲ့အသရေတော်ကို မြင်ရတာနဲ့ "ဟာ ဒီလောက်တောင် အသရေရှိပြီး တက်သစ်စနေမင်းလို ဝင်းဝင်းတောက်နေတဲ့ မြတ်စွာဘုရားနဲ့ သွားပြိုင်လို့ ဘယ်ဖြစ်ပါ့မလဲ" ဆိုပြီး လာတဲ့လမ်းကပဲ တိတ်တိတ်ကလေး ပြန်ပြေးပါလေရော။


❁




ပလာယိတ ပရိဗ္ဗာဇက အောင်ပွဲ



ပလာယိက ပရိဗ္ဗာဇကော အောင်ပွဲ



သာဝတ္ထိ တိတ္ထိများ အောင်ပွဲ



သာဝတ္ထိ တိတ္ထိများ အောင်ပွဲ

# သာဝတ္ထိ တိတ္ထိများ အောင်ပွဲ

*တရားနှင့်ဆိုင်ရာ အကျိုးမရလို့၊ တန်ခိုးမပြနဲ့လို့ ပညတ်တယ်။*
*အဲဒီအခါ တိတ္ထိအများက၊ စိတ်ရှိကြွားလို့ အော်ကြတယ်။*
*"တန်ခိုးဆိုတာ တို့မှာရှိသကွဲ့၊ သတ္တိကောင်းလျှင် ပြိုင်ကြမယ်"*
*ရဟန်းတော်တွေဟာ သိက္ခာပုဒ်ကြောင့်၊ စိတ်မှာရှုပ်လို့ ရှောင်ကွင်းဖယ်။*
*ဗုဒ္ဓတက်ယှဉ် သရက်ပင်တစ်ဝိုက်မှာ ယမိုက်ပြာဋိ တန်ခိုးကြွယ်*
*လေလုံးကြီးထွား၊ တိတ္ထိများ၊ ပြေးလွှား ဟိုဒီနယ်။*
*အဲဒါက .ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်ကွယ်။*

ရှေးတုန်းက ရာဇဂြိုဟ်မြို့မှာ သူဌေးတစ်ယောက်ရှိတယ်။ သူက ဘယ်ဘုရားကိုမှ မကိုးကွယ်ဘူး။ တစ်နေ့တော့ သူဟာ ဂင်္ဂါမြစ်မှာ ပိုက်ကွန်တွေကာပြီး ရေချိုးနေတုန်း စန္ဒကူးတုံးကြီးတစ်ခု မျောလာတယ်။ သူက အဲဒီစန္ဒကူးတုံးကြီးကို သပိတ်လုပ်ပြီး ဆွမ်းတွေဟင်းကွေထည့်ပြီး အတောင်ခြောက်ဆယ်မြင့်တဲ့ တိုင်ထိပ်မှာ ဆွဲထားတယ်။ ပြီးတော့ "ဘယ်ဘုရားမဆို ကောင်းကင်ကို ပျံတက်ပြီး ဒီသပိတ်ကို ယူနိုင်လို့ရှိရင် အဲဒီဘုရားကို တစ်ဆွေလုံး တစ်မျိုးလုံး ကိုးကွယ်မယ်" လို့ ကြော်ငြာလိုက်တယ်။ ဒါနဲ့ တိတ္ထိတွေလာပြီး အလှူခံတယ် "ငါ့ကိုလှူပါ သူ့ကိုလှူပါ" နဲ့ပေါ့။ သူဌေးက "ဘယ်သူ့ကိုမှ မလှူဘူး ပျံနိုင်လျှင်ယူ" လို့ ပြန်ပြောတယ်။ ဒီလိုနဲ့ ဘယ်သူမှ ဒီသပိတ်ကိုမရဘူး။ ၇ ရက်မြောက်တဲ့နေ့ကျတော့ အရှင်မောဂ္ဂလာန်နဲ့ အရှင်ပိဏ္ဍောလတို့ဟာ မြို့ထဲကို ဆွမ်းခံကြွဖို့ သင်္ကန်းရုံနေတုန်း အရက်သမားတွေက "လောကမှာ သူလည်း ဘုရား၊ ငါလည်း ဘုရားနဲ့ ဘုရားတွေပေါလိုက်တာ လွန်ပါရော။ ဒါပေမဲ့ တို့သူဌေးကြီးရဲ့ စန္ဒကူးသပိတ်ကိုတော့ ဘယ်ဘုရားမှ မယူနိုင်ဘူး။ အလကား ညာနေကြတာပါကွာ" လို့ ပြောနေကြသံကို ကြားကြတယ်။ အဲဒီတော့ အရှင်မောဂ္ဂလာန်က အရှင်ပိဏ္ဍောလကို "အရှင်ပိဏ္ဍောလ အခုတော့ လူတွေက အကုန်လုံး သိမ်းကျုံးပြီး လူညာတွေလို့ပြောကုန်ကြပြီ။ အရှင်ဘုရား ကောင်းကင်ပျံတက်ပြီးတော့ယူပါ" လို့ တိုက်တွန်းတာနဲ့ အရှင်ပိဏ္ဍောလဟာ စျာန်ဝင်စားပြီးတော့ သုံးဂါဝုတ်လောက်ရှိတဲ့ ကျောက်ဖျာကြီးကို ခြေမနဲ့ညှပ်ပြီး မြို့ပေါ်မှာ ၇ ခေါက်လောက် ပျံဝဲနေလိုက်တယ်။ ပြီးတော့မှ ကျောက်ဖျာကြီးကို ခြေနဲ့ ခတ်ထုတ်လိုက်ပြီးတော့ သူဌေးအိမ်အပေါ်မှာ ရပ်နေလိုက်တယ်။ သူဌေးကြီးက "ဆင်းတော်မူပါဘုရား" လို့ ဆိုပြီး သပိတ်ကိုလည်းချ စတုမဓုတွေထည့်ပြီး လှူလိုက်တယ်။ အရှင်ပိဏ္ဍောလ ကျောင်းပြန်ကြွနေတုန်း လူတွေကဝိုင်းပြီး "တန်ခိုးနည်းနည်းပြပါဦးဘုရား" လို့ တောင်းပန်နေကြတော့ ဆူညံနေတာပေါ့။ မြတ်စွာဘုရားက သိတော့ အရှင်ပိဏ္ဍောလကိုခေါ်ပြီး ဆုံးမတော်မူတယ်။ နောင်ကိုလည်း ဘယ်ရဟန်းမှ တန်ခိုးမပြရဘူးလို့ ပညတ်တော်မူတယ်။ ဘာဖြစ်လို့လဲဆိုတော့ တန်ခိုးပြတယ်ဆိုတာ မျက်လှည့်ပြသလိုပဲ ဘာမျှအကျိုးမရှိဘူး၊ လူတွေကို တရားမရစေနိုင်ဘူးတဲ့။ သပိတ်ကိုလည်း ခွဲချေပြီးတော့ ဆေးမှုန့်ကြိတ်ခိုင်းလိုက်တယ်။ ဒါကို တိတ္ထိတွေကကြားတော့ "ရဟန်းကြီးဂေါတမက သူ့တပည့်တွေကို တန်ခိုးမပြရဘူး" လို့ ပညတ်လိုက်ပြီ ဒါဟာ

တို့အချက်ပဲကွ" ဆိုပြီး "ဟော့ တို့ကတော့ သပိတ်စုတ်ကလေးရဖို့လောက်နဲ့တော့ တန်ခိုး မပြပေါင်၊ သတ္တိကောင်းလျှင် လူချင်းတန်ခိုးပြိုင်မယ်" လို့ လျှောက်ကြွားကြပြန်တယ်။ ရဟန်းတော်တွေက ကြားပေမယ့် သိက္ခာပုဒ်တော်ကြောင့် ခေါင်းငုံ့ပြီး ရှောင်ရှောင်သွားကြသတဲ့။ အဲဒီတော့ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားဆီသွားပြီး –

"မြတ်စွာဘုရား တိတ္ထိတွေကတော့ အရမ်းလျှောက်ကြွားနေကြပြီ၊ ဒါကို ဘယ်လိုလုပ်ကြမလဲဘုရား"

"ဒါယကာမင်းကြီး နောက်လေးလကြာလျှင် ငါဘုရား တန်ခိုးပြတော်မူမယ်"

"အရှင်ဘုရား သိက္ခာပုဒ် ပညတ်ထားတယ် မဟုတ်ပါလားဘုရား"

"ဟုတ်တယ် နောင်အခါ ရဟန်းတွေဟာ နားမလည်ဘဲ မှားယွင်းပြီး တွေ့ကရာတွေ လျှောက်မလုပ်ရအောင် ပညတ်ထားတယ်။ ငါဘုရားကတော့ သိက္ခာပုဒ်ရဲ့ အရှင်သခင်ဖြစ်လို့ တန်ခိုးပြမယ်"

"ဘယ်မှာ တန်ခိုးပြပါ့မလဲဘုရား"

"သာဝတ္ထိပြည်မှာ ပြတော်မူမယ်"

နောက်မကြာခင်ဘဲ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်ကို ကြွတော်မူတယ်။ တိတ္ထိတွေကလည်း ဘုရားနောက်ကကပ်ပြီး လိုက်လာကြတယ်။ လူတွေက "အသင်တို့ ဘာဖြစ်လို့ ဘုရားနားမှာ ကပ်နေကြသလဲ" လို့ မေးလို့ရှိရင် "ရဟန်းဂေါတမက တန်ခိုးပြိုင်မယ်လို့ ပြောထားပြီး အလစ်မှာ ထွက်ပြေးမှာစိုးလို့ လိုက်စောင့်ကြည့်နေရတယ်" လို့ ပြန်ပြောကြတယ်။ သာဝတ္ထိပြည်ရောက်တော့ တိတ္ထိတွေဟာ သူတို့ဒကာတွေဆီက ငွေတောင်းပြီး မဏ္ဍပ်ကြီးဆောက်ကြတယ်။ ကောသလမင်းကြီးက မြတ်စွာဘုရားဆီသွားပြီး "တပည့်တော် မဏ္ဍပ်ဆောက်ပါ့မယ်" လို့ လျှောက်တော့ မဆောက်ပါနဲ့ သိကြားမင်းဆောက်ပါလိမ့်မယ်လို့ တားထားလိုက်တယ်။ "ဘယ်မှာ တန်ခိုးပြမလဲဘုရား" လို့ မေးတော့ "ကဏ္ဍသရက်ပင်နားမှာ ပြမယ်" လို့ မိန့်တော်မူလိုက်တယ်။ အဲဒါကို တိတ္ထိတွေကကြားတော့ သရက်ပင်မှန်သမျှ ပေါက်စလေးပါမချန် အကုန်လုံး ပိုက်ဆံပေးပြီး ခုတ်ခိုင်းကြတယ်။ တန်ခိုးပြမယ့်နေ့မှာ မြတ်စွာဘုရား မြို့ထဲကိုကြွလာတော့ ကဏ္ဍဆိုတဲ့ ဥယျာဉ်မှူးဟာ သရက်ပင် ခြံအုံထဲက မှည့်ဝင်းနေတဲ့ သရက်သီးကြီးတစ်လုံး ရလာပြီးတော့ မြတ်စွာဘုရားကို ကပ်တယ်။ အရှင်အာနန္ဒာက သရက်ဖျော်ရည်လုပ်ပြီး ကပ်တယ်။ ဘုဉ်းပေးပြီးတော့ မြတ်စွာဘုရားက "ဥယျာဉ်မှူး ဒီသရက်စေ့ကိုစိုက်ပါ" လို့ ခိုင်းတာနဲ့ ဥယျာဉ်မှူးက စိုက်လိုက်တယ်။ မြတ်စွာဘုရားက အပေါ်ကနေ လက်ဆေးပြီးချလိုက်တော့ ချက်ချင်းအပင်ပေါက်ပြီး ကြီးလာလိုက်တာ အတောင်ငါးဆယ်လောက်တောင်မှ မြင့်တယ်။ သိကြားမင်းက လေနတ်သား မိုးနတ်သားတွေခေါ်ပြီး လေတွေ မိုးတွေချခိုင်းလိုက်တော့ တိတ္ထိတွေရဲ့မဏ္ဍပ်ကြီးဟာ လွင့်သွားပြီး နေစရာမရှိဖြစ်ကုန်တာပေါ့။ အဲဒီတော့မှ မြတ်စွာဘုရားက ကောင်းကင်ကိုပျံတက်ပြီး ဘယ်သူမှပြလို့မဖြစ်တဲ့ ရေအစုံ မီးအစုံ တန်ခိုးတွေ ပြလိုက် တရားတွေဟောလိုက် လုပ်ပြတော်မူတော့၊ သာခုခေါ်သံတွေဟာ ဆူညံနေတာပဲ အပြောကြီးတဲ့ တိတ္ထိတွေလည်း ရှက်ပြီး မျက်နှာမပြရဲတာနဲ့ ဟိုနယ် ဒီနယ် ထွက်ပြေးကုန်ကြသတဲ့။

# ဘာရဒွါဇ မိစ္ဆာပုဏ္ဏား အောင်ပွဲ

*ဓနဉ္စာနီ ပုဏ္ဏားမက၊ ဘုရားတလို့ ရှိခိုးသန်။*
*ဘာရဒွါဇာ လင်ပုဏ္ဏား၊ ရင်တုန်သွားလို့ ဒေါသထန်။*
*မယားကိုမနိုင် စတိုင်ပွဲတော့၊ ဘုရားကိုင်မဟဲ့လို့ သွားတဲ့ပြန်။*
*မေးတဲ့ပြဿနာ ဖြတ်ကာရှင်းတော့၊ သဒ္ဓါဝင်းလို့ အမြင်မှန်။*
*သာသနာတွင်း ဝင်လာလျှင်း၊ ဖြစ်ခြင်း အရဟံ။*
*အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်တစ်တန်။*

ရှေးတုန်းက မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ နေတော်မူပါတယ်။ အဲဒီမြို့မှာ ဘာရဒွါဇမျိုး ပုဏ္ဏားကြီးတစ်ယောက်ရှိတယ်။ သူက မိစ္ဆာအယူရှိလို့ ဘုရားတရားမကြည်ညိုဘူး။ သူရဲ့မိန်းမ ဓနဉ္စာနီ ဆိုတာကတော့ သောတာပန်အရိယာဖြစ်လို့ ဘုရားတရား သိပ်ကြည်ညိုတယ်။ လင်ပုဏ္ဏားက သူ့ဆရာပုဏ္ဏားကြီးတွေကိုဖိတ်ပြီး ထမင်းကျွေးလေ့ရှိတယ်။ ဓနဉ္စာနီကလည်း မြတ်စွာဘုရားနဲ့ သံဃာတော်တွေကိုပင့်ပြီး ဆွမ်းကျွေးလေ့ရှိတယ်။ ပုဏ္ဏားတွေကို ကျွေးတဲ့အခါမှာ မဓနဉ္စာနီက ဝတ်ကျေတဲ့မယားဖြစ်လို့ ကောင်းကောင်းမွန်မွန်ပဲ ညှော်ခံကျွေးမွေးလေ့ရှိပါတတ်။ မြတ်စွာဘုရားနှင့် သံဃာတော်တွေကို ဆွမ်းကပ်တော့မယ်ဆိုလျှင် ဘာရဒွါဇပုဏ္ဏားဟာ အစောကြီး အိမ်က ထွက်ထွက်ပြေး လေ့ရှိတယ်။ ဓနဉ္စာနီဟာ ဘုရားကို ကြည်ညိုလွန်းအားကြီးလို့ တစ်ခုခုဖြစ်ပြီး ယောင်တဲ့အခါမှာတောင် "မြတ်စွာဘုရားကို ရှိခိုးပါ၏' လို့ ဆိုလေ့ရှိတယ်။ တစ်နေ့တော့ ဘာရဒွါဇကပြောတယ်။

"ဟေ့ ရှင်မ နက်ဖြန်ခါ တို့အိမ်မှာ ပုဏ္ဏားငါးရာ ထမင်းစားဖို့ လာကြလိမ့်မယ်"

"အဲဒါ ကျွန်မ ဘာလုပ်ပေးရမလဲ"

"မင်း ဘာမှ လုပ်ဖို့မလိုပါဘူး။ ဒါပေမဲ့ မင်းဟာ အလကားနေရင်း မြတ်စွာဘုရားကို ရှိခိုးပါ၏ ဆိုပြီး ကတုံးတွေကို ရှိခိုးလေ့ရှိတယ်။ နက်ဖြန်တစ်နေ့တော့ မင်းအဲဒီလို မဆိုပါနဲ့၊ ငါနဲ့ ငါ့ပုဏ္ဏားတွေကို ရန်တိုက်မပေးပါနဲ့ကွာ"

"ရှင်နဲ့ ရှင်ပုဏ္ဏားတွေ ရန်မကလို့ ဘာဖြစ်ဖြစ် ကျွန်မတော့ ဘုရားမရှိခိုးဘဲ မနေနိုင်ပေါင်"

"ဟေ့ ရှင်မ အိမ်ခြေတစ်ရာရှိတဲ့ရွာကိုတောင် တံခါးပိတ်လျှင် လုံသေးတာပဲ။ မင်းပါးစပ် လက်နှစ်သစ်လောက်ကို ခဏပိတ်မထားနိုင်ဘူးလား။ နက်ဖြန်ခါ ငါ့ပုဏ္ဏားတွေရှိတုန်း မင်းရဲ့ကတုံးတွေ ရှိခိုးသံကြားလျှင် မင်းကို ဓားနဲ့ခုတ်သတ်ပစ်လိုက်မယ်။ ဘာမှတ်လို့လဲ"

"ဓားနဲ့ခုတ်ရုံမကလို့ ဘာလုပ်လုပ် ကျွန်မတော့ ရှိခိုးမှာပဲ"

ဒါနဲ့ နောက်တစ်နေ့မှာ ပုဏ္ဏားငါးရာ ထမင်းကျွေးပါရော။ ဓနဉ္စာနီ ပုဏ္ဏားမကလည်း ညှော်ခံ

ကျွေးမွေးရင်း ထမင်းတို့ ဟင်းတို့ လိုက်ပေးနေတယ်။ အဲဒီလိုလိုက်ပေးနေရင်း ခွက်တစ်ခုကို ခလုတ်တိုက်လိုက်တော့ "မြတ်စွာဘုရားကို ရှိခိုးပါ၏" လို့ ယောင်လိုက်တယ်။ ထမင်းစားနေတဲ့ ပုဏ္ဏားတွေဟာ "ဒါဟာ တို့ကို စော်ကားတာပဲ" ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်သွားကြရော။ ဘာရဒွါဇပုဏ္ဏားဟာ သိပ်စိတ်ဆိုးပေမယ့် မယားကိုမဆူရဲတော့ "မင်းဟာ တော်တော်ဆိုးတယ်ကွာ ငါက ဒီလိုမလုပ်ပါနဲ့လို့ ပြောထားရက်သားနဲ့ လုပ်ဖြစ်အောင်လုပ်တယ် ငါ မင်းရှိခိုးတဲ့ ဘုရားဆီသွားပြီး ဝါဒတင် ညှဉ်းလိုက်မယ်" လို့ ပြောပြီး ဘုရားဆီ ထွက်သွားပါရော။ ပြီးတော့

"ဘာကိုဖြတ်လျှင်၊ စိုးရိမ်စင်၊ ဘာလျှင်သတ်ဖို့ ကြိုက်သနည်း" လို့ မေးတယ်။

မြတ်စွာဘုရားက "ဒေါသဖြတ်လျှင်၊ စိုးရိမ်စင်၊ အမျက်ပင်သတ်ဖို့ ကြိုက်သတည်း" လို့ ဖြေတယ်။

ဘုရားဆီမှာ တပည့်အဖြစ်နဲ့ ရဟန်းခံပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားရော။

✿



ဘာရဒွါဇ မိစ္ဆာပုဏ္ဏား အောင်ပွဲ



ဘာရဒွါဇ မိစ္ဆာပုဏ္ဏား အောင်ပွဲ



အက္ကောသ ဘာရဒွါဇ အောင်ပွဲ



အက္ကောသ ဘာရဒွါဇ အောင်ပွဲ

# အက္ကောသ ဘာရဒွါဇ အောင်ပွဲ

*ရဟန်းပြုပြီ သူ့ညီကြားတော့၊ နှသည့်စိတ်ဝမ်း မခံသာ။*
*ဘုရားရှင်ထံ အမြန်ပြေးလို့၊ ဆဲရေးပုတ်ခတ် ယုတ်ပတ်တာ။*
*ဘုရားကရှုစရာ ဥပမာပြုတော့၊ သူ့ဟာသူပဲ ခံရရှာ။*
*ကောပြေစ်ကွာ မေတ္တာနှောလို့၊ သစ္စာသဘော ပေါက်တဲ့ခါ။*
*ဆဲတဲ့ပုဏ္ဏား ကျွတ်လို့သွား၊ တရားကျင့်တော့တာ။*
*အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်တစ်ဖြာ။*

ရာဇဂြိုဟ်မြို့မှာဘဲ သူ့အစ်ကို ဘာရဒွါဇပုဏ္ဏား ရဟန်းပြုသွားပြီလို့ကြားတော့ သူ့ညီ အက္ကောသ ဘာရဒွါဇက ဘုရားဆီသွားပြီးတော့ ကြမ်းကြမ်းတမ်းတမ်း ယုတ်ယုတ်မာမာ ဆဲရေးတိုင်းထွာတော့တာပဲ။ ဒီတော့ မြတ်စွာဘုရားက မေးတော်မူတယ်။

"အမောင်ပုဏ္ဏား၊ သင့်ဆီကို ဆွေမျိုးမိတ်ဆွေများ တစ်ခါတစ်ခါ မလာဘူးလား"

"လာတာပေါ့"

"လာလျှင် စားစရာ သောက်စရာတွေ မပေးဘူးလား"

ပေးတယ်"

"သင်ပေးတဲ့ဟာတွေကို သူတို့မယူလို့ရှိလျှင် အဲဒီဟာတွေကို ဘာလုပ်မလဲ"

"ကျွန်ုပ်ပဲ ပြန်ယူရမှာပေါ့"

"အဲဒီလိုပေါ့ သင်ဆဲရေးတိုင်းထွာတာတွေ ငါ လက်မခံဘူး ဒီတော့ သင်ပဲ အဲဒီဆဲရေးမှုတွေကို ပြန်ယူပေတော့"

"အရှင်ဂေါတမဟာ ရဟန္တာဖြစ်တယ်လို့ ရှင်ဘုရင်နှင့်တစ်ကွ လူတွေသိကြတယ်။ အခုတော့ သင်ဟာ အမျက်ထွက် စိတ်ဆိုးနေပါကလား"

"အမောင်ပုဏ္ဏား ငါ့မှာ အမျက်ဒေါသမှ မရှိတော့ဘဲ ဘယ်မှာအမျက်ထွက်ခြင်း စိတ်ဆိုးခြင်း ရှိတော့မှာလဲ ကိုယ့်ကိုလာပြီး စိတ်ဆိုးတဲ့လူကို ပြန်ပြီးစိတ်မဆိုးခြင်းဟာ စစ်ပွဲအောင်တယ်လို့လည်း ခေါ်တယ်။ မိမိ သူတစ်ပါး နှစ်ဦးသားတို့အကျိုးကို ကျင့်တယ်လို့လည်း ခေါ်တယ်" လို့ မိန့်တော်မူလိုက်တော့ သဘောကျသွားပြီး ရဟန်းခံ တရားကျင့်လိုက်တာ ရဟန္တာဖြစ်သွားရော။ သူ့ညီနှစ်ယောက်ဟာလည်း ဒီလိုပဲ ဘုရားကို လာရန်ထောင်ရင်းနဲ့ပဲ အကျွတ်တရား ရသွားကုန်ကြပါတယ်။

✿

# ဥရုဝေလ ကဿပ အောင်ပွဲ

*ဥရုဝေလာ ဟေမာထဲမှာ၊ သွေကာလွဲတဲ့ အကျင့်ဆောင်။*
*နဒီဂယာ ကဿပတို့၊ မှတ်လိုက်ကြပေ့ ရသေ့တစ်ထောင်။*
*ဗုဒ္ဓမြတ်စွာ ထပ်ကာတိုးလို့ မျှားစွာတန်ခိုး ပြတာတောင်။*
*"ငါလို့မှန်စွာ ရဟန္တာမဖြစ်" လို့၊ ဝမ်းမှာအစစ် ထင်မှားယောင်။*
*ဘွင်းဘွင်းပြောင်ပြောင် ရှင်းအောင်မိန့်မှ၊ နှိမ့်ချဝပ်တွား၊ သူနားထောင်။*
*သာသနာတွင်း ထိန်ဝါဝင်း၊ ဝင်ခြင်း ရှင်တစ်ထောင်။*
*အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်အခေါင်။*

ရှေးတုန်းက ဥရုဝေလတောကြီးထဲမှာ ဥရုဝေလကဿပ နဒီကဿပ ဂယာကဿပရယ်လို့ ရသေ့ညီနောင် သုံးယောက်ရှိကြတယ်။ ဥရုဝေလရသေ့မှာ နောက်လိုက်တပည့်ငါးရာရှိတယ်။ နဒီကဿပ ရသေ့မှာ နောက်လိုက်တပည့်သုံးရာရှိတယ်။ ဂယာကဿပ ရသေ့မှာတော့ တပည့်နှစ်ရာရှိတယ်။ တစ်နေ့တော့ မြတ်စွာဘုရားကြွလာပြီးတော့ "ဥရုဝေလကဿပ ငါ ဒီမီးတင်းကုတ်မှာ ခဏနေလိုတယ်" လို့ ဆိုတော့ ဥရုဝေလကဿပရသေ့က "အို ရဟန်းကြီး၊ တို့ကတော့ လက်ခံချင်ပါတယ်။ ဒါပေမဲ့ အဲဒီမီးတင်းကုတ်ထဲမှာ ကြောက်စရာကောင်းတဲ့ နဂါးကြီးတစ်ကောင်ရှိတယ်။ အဲဒီနဂါးကြီးက သင့်ကို ညှဉ်းဆဲပါလိမ့်မယ် မနေပါနဲ့" လို့ ပြောတယ်။ မြတ်စွာဘုရားက "နေဖို့သာခွင့်ပြုပါ သင့်နဂါး ငါ့ကို မညှဉ်းဆဲနိုင်ပါဘူး" ဆိုတော့မှ "နေပါ" လို့ ပြန်ပြောတယ်။ ညကျတော့ မြတ်စွာဘုရားကြွပြီး မီးတင်းကုတ်ထဲမှာ သီတင်း သုံးတဲ့အခါမှာ နဂါးကြီးက စိတ်ဆိုးပြီး အခိုးတွေ အလျှံတွေ လွှတ်တယ်။ မြတ်စွာဘုရားကလည်း တန်ခိုးတော်နဲ့ အခိုးတွေ အလျှံတွေပြန်လွှတ်တော့ မီးတင်းကုတ်တစ်ခုလုံးဟာ မီးလောင်နေသလို ထင်ရတယ်။ ရသေ့တွေက ဝိုင်းကြည့်ပြီး "သြော် ရဟန်းဂေါတမ လှကလှနဲ့ သေရှာတော့မှာပဲ" လို့ ပြောကြတယ်။ မြတ်စွာဘုရား တန်ခိုးတော်ကြောင့် နဂါးကြီး တန်ခိုးတွေကုန်ပြီး ရှုံးသွားတော့မှ နဂါးကို သပိတ်ထဲမှာထည့်ပြီး ဥရုဝေလကဿပကို "သင့်နဂါးကြီး ဒီမှာကြည့်စမ်း" ဆိုပြီး ပြလိုက်တော့ ရသေ့ကြီးက "ရဟန်းဂေါတမ တန်ခိုးတော့ကြီးတာပဲ ငါ့လို ရဟန္တာမဟုတ်ပါဘူးလေ" လို့ စိတ်ထဲမှာထင်သတဲ့။ နောက်ပြီး ညတိုင်းလိုပဲ မြတ်စွာဘုရားဆီကို တန်ခိုးကြီးတဲ့ နတ်မင်း သိကြားမင်း ဗြဟ္မာမင်းကြီးတွေ လာလာပြီး တရားနာကြတာ တစ်တောလုံးကို အရောင်အဝါတွေနဲ့ ထိန်နေတာပဲ။ ဒါပေမဲ့ ရသေ့ကြီးက "ရဟန်းဂေါတမ တန်ခိုးကြီးပေမယ့် ငါ့လို ရဟန္တာမဟုတ်သေးပါဘူး" လို့ ထင်နေတာပဲတဲ့။ တစ်နေ့တော့ ဥရုဝေလကဿပရဲ့ကျောင်းမှာ ယဇ်ပူဇော်ပွဲကြီးတစ်ခုရှိတယ်။ အနားမှာရှိတဲ့ မြို့တွေရွာတွေက လူတွေအများကြီးလာကြတယ်။ ဒီတော့ ဥရုဝေလ ရသေ့ကြီးက "ဒီနေ့ ရဟန်းဂေါတမ မလာလျှင်ကောင်းမှာပဲ။ လာပြီးတော့ လူတွေထဲမှာ တန်ခိုးပြလိုက်လို့ရှိလျှင် သူ့ကို လူအကြည်ညိုများပြီး ငါ့ကို လူအကြည်ညိုနည်းတော့မှာပဲ" လို့ စိတ်ထဲက



ဥရုဝေလ ကဿပ အောင်ပွဲ



ဥရုဝေလ ကဿပ အောင်ပွဲ

ကြံလိုက်တယ်။ သူစိတ်ကူးတာကို မြတ်စွာဘုရားက သိတော်မူတော့ သူ့ကိုသနားပြီး သူ့ဆီမသွားတော့ဘဲ မြောက်ကျွန်းသွားပြီး ဆွမ်းခံစားနေလိုက်တယ်။ နောက်တစ်နေ့ကျတော့ ရသေ့ကြီးက "ရဟန်းဂေါတမ မနေ့က ဘာဖြစ်လို့မလာပါသလဲ တို့များက မျှော်နေတာ" လို့ ပြောတော့ သူစိတ်ကူးတာတွေ မြတ်စွာဘုရားက ပြန်ပြောပြပြီးတော့ "သင် စိတ်ဆင်းရဲမှာစိုးလို့ ငါမလာတာပါ" လို့ မိန့်တော်မူတယ်။ ဒီတော့ ရသေ့ကြီးက "အံမယ်လေး ရဟန်းဂေါတမဟာ တယ်တန်ခိုးကြီးပါကလား ငါစိတ်ကူးတာတောင်သိနေတယ်။ ဒါပေမဲ့ ငါလိုရဟန္တာတော့ မဟုတ်ပါဘူးလေ" လို့ ထင်ပြန်တယ်။ တစ်နေ့တော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ဟာ ပံသုကူလ တစ်ထည်ကောက်တော်မူလာတယ်။ (ပံသုကူလဆိုတာ အမှိုက်ပုံမှာ လွှင့်ပစ်ထားတဲ့ ညစ်ပတ်ပေတေနေတဲ့ အဝတ်၊ သင်္ချိုင်းမှာ လူသေကောင်ကိုပတ်ပြီး ပစ်ထားလို့ လောက်တက်နေတဲ့ အဝတ်မျိုးကိုခေါ်တယ်) အဲဒီအဝတ်ကို လျှော်ဖို့ဖွပ်ဖို့အတွက် သိကြားမင်းက ရေကန်တူးပေးတယ်၊ ကျောက်ဖျာကြီးတွေချပေးတယ်။ ရုက္ခစိုးနတ်က အဝတ်လှန်းဖို့ သစ်ကိုင်းကြီးကို နှိမ့်ပေးတယ်။ အဲဒါတွေကို မြင်တော့လည်း "ရဟန်းဂေါတမဟာ တန်ခိုးတော့ကြီးပါရဲ့ ငါ့လိုတော့ ရဟန္တာမဟုတ်သေးဘူး" လို့ ထင်ပြန်တာပဲ။ နောက်ပြီး မြတ်စွာဘုရားကို ဆွမ်းစားဖို့ လာပင့်တဲ့အခါမှာ မြတ်စွာဘုရားက "ငါ လာမယ် သွားနှင့်" လို့ ဆိုပြီး သိပ်ဝေးတဲ့နေရာမှာရှိတဲ့ ဇမ္ဗူသပြေသီးတွေ သရက်သီးကို ယူလာပြီးတော့မှ ရသေ့ကြီး အရင်ရောက်အောင်ကြွပြီး ထိုင်နေတာတွေကို တွေ့တော့လည်း "ရဟန်းဂေါတမဟာ တန်ခိုးတော့ ကြီးပါရဲ့ ငါ့လိုရဟန္တာတော့ မဟုတ်သေးဘူး" လို့ ထင်ပြန်တာပဲ။ နောက်ပြီး ရသေ့တွေ မီးပူဇော်ဖို့ ထင်းတွေခွဲလို့မရ မီးမွှေးလို့မရ ဖြစ်နေတော့လည်း မြတ်စွာဘုရားက ထင်းတွေကွဲစေ မီးတွေတောက်စေ ဆိုလိုက်တာနဲ့ ထင်းတွေလည်းကွဲ မီးတွေလည်း ထတောက်လာတာပဲ။ ဒါပေမဲ့ ရသေ့ကြီးကတော့ အရင်လိုပဲထင်နေတာပဲ။ တစ်နေ့တော့ မိုးတွေရွာပြီး ရေတွေကြီးလာတော့ "ရဟန်းဂေါတမတော့ ရေမျောနေပြီ သွားဆယ်ကြရအောင်" ဆိုပြီး လှေတွေနဲ့သွားကြတဲ့အခါမှာ မြတ်စွာဘုရားက ရေတွေဝိုင်းနေတဲ့ကြားထဲမှာ ဖုံတထောင်းထောင်းနဲ့ စင်္ကြံလျှောက်တော်မူနေတာကို တွေ့တာနဲ့တောင် "ငါ့လိုရဟန္တာမဟုတ်ပါဘူး" လို့ ထင်တုန်းပဲ။ အဲဒီလိုနဲ့ပဲ မြတ်စွာဘုရားကိုယ်တော်မြတ်ဟာ တန်ခိုးပေါင်း ၃၅၀၀ ပြတော်မူရတယ်။ ရသေ့ကြီးကတော့ သူ့အထင်ကို မလျှော့သေးဘူး။ ဒီတော့မှ မြတ်စွာဘုရားက "ဟယ် ဥရုဝေလကဿပ သင်ဟာ ရဟန္တာလည်းမဟုတ် ရဟန္တာဖြစ်အောင် ကျင့်တဲ့လူလည်းမဟုတ်ဘူး။ ကျင့်ဖို့နေနေသာသာ သင့်မှာ ရဟန္တာဖြစ်နိုင်တဲ့ အကျင့်လမ်းစဉ်တောင် မရှိသေးဘူး" လို့ ရှင်းရှင်းမိန့်တော်မူလိုက်တော့မှ မြတ်စွာဘုရား ခြေတော်ကို ခေါင်းနဲ့တိုက်ပြီး ရဟန်းပြုပေးဖို့ လျှောက်တော့တယ်။ ဒီတော့ "သင်ဟာ ရသေ့ငါးရာတို့ရဲ့ ဆရာဖြစ်တယ် သူတို့နဲ့တိုင်ပင်ပါဦး" လို့ မိန့်တော်မူတာနဲ့ တပည့်တွေကိုခေါ်ပြီးတော့ "ငါ ဂေါတမ ဘုရားဆီမှာ တရားကျင့်တော့မယ် သင်တို့ ဘယ်လိုသဘောရသလဲ" လို့ မေးတယ်။ တပည့်တွေက "ဆရာကြီး ကျွန်တော်တို့လည်း ဂေါတမဘုရားကို ကြည်ညိုနေတာကြာလှပြီ ဒါကြောင့် ကျွန်တော်တို့လည်း

အတူတူပဲ ရဟန်းပြုကြမယ်" လို့ ဆိုတာနဲ့ သူတို့ရဲ့ ရသေ့အသုံးအဆောင်တွေကို နေရဉ္စရာမြစ်ထဲ မျှောပစ်လိုက်ကြပြီး ရဟန်းပြုကြရော။ မြစ်အောက်မှာနေကြတဲ့ နဒီကဿပနှင့် ဂယာကဿပတို့ကလည်း မြစ်ထဲမှာမျောလာတာတွေမြင်တော့ တို့အစ်ကိုကြီး ဘာဖြစ်ပါလိမ့်မလဲဆိုပြီး လာကြည့်ကြတော့ အကျိုးအကြောင်းတွေအကုန်သိပြီး သူတို့လည်း အကုန်လုံးရဟန်းခံပြီး တရားကျင့်လိုက်ကြတာ ရဟန္တာ ဖြစ်ကုန်ကြသတဲ့။

*အပိုင်း (၄)*

*အောင်မြင်ရေးကဏ္ဍ ပြီး၏။*

*ယဉ်ကျေးလိမ္မာတတိယဆင့်ပြီးပြီ။*

❁

# အောင်ပါစေကဗျာ

❁ လူနတ်ဗြဟ္မာ တစ်စုံတစ်ယောက်မှ၊
မထောက်ကူဘဲ မြတ်ဗိုဓိနေ။
ပါရမီမေတ္တာ စွမ်းအင်အားနဲ့၊
ထပ်ဆင့်အောင်ပွဲ များလှပေ။
အောင်ကြပါစေ အောင်နိမိတ်နဲ့၊
အောင်ဟိတ်အောင်နည်းအထွေထွေ။
အောင်ဆုပိုင်ရှင် တို့ဘုရားက၊
တို့ကိုသနား ပေးခဲ့သလေ။
မောင်မယ်တို့တွေ နည်းယူသုံးလို့၊
အောင်ပန်းပြုံးပန်း တဝေဝေ။
အောင်ကြပါစေ အောင်ကြစေ၊
အောင်စေ အောင်စေ။ (၃ ခေါက်ဆို)

**အရှင်ခေမာစာရ**
**(မန်းရေတံခွန်)**

# ဆန္ဒ နှင့် ပန်ကြား

နေလုံးကြီးကထွက်လာပြီ၊ ခေါင်းလောင်းသံ စီစီ။
လက်အုပ်တင်ချီ ရှိသေထား၊ ဘုန်းတော်ကျောင်းသို့ သွားစို့လား။
ဘုန်းတော်ကျောင်းက ဘုန်းဘုန်းဆရာ၊ ဘုရားစာပေ သင်ပေးရှာ။
ကျောင်းသားများစွာ ကျောင်းသူများ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြား။
ချောင်ဇရပ်က ဆရာကြီးမေ၊ ဆရာလေးတွေလည်း မကျန်ပေ။
အမျိုးသမီးတွေ လာလာသမျှ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြ။
ဆရာ – ဆရာမ အများတို့ရေ၊ ဘဂဝါဘုရားက မိန့်မှာချွေ။
ယဉ်ကျေးဖွယ်တွေ လိမ္မာရေး၊ တပည့်တွေကို သင်ကြလေး။
ရွာတိုင်းရပ်တိုင်းမြို့တိုင်းမှာ၊ ရပ်ကွက်တိုင်းလည်း မကျန်ပါ။
ယဉ်ကျေးလိမ္မာသာယာရေး၊ ကြီးသူတွေက သင်ကာပေး။
သမီး – သားတို့ လိမ္မာချင်၊ မိဘများက ဆုံးမသင်။
ဘိုးဘွားကပင် မြေးချစ်က၊ ပုံကလေးတွေ ပြောကာပြ။
ကြောင်းကျိုးကြည့်ကြ မိဘဆရာ၊ အပြောပျင်းလို့ မဖြစ်ပါ။
သီလငါးဖြာ လုံခြုံသေး၊ ပြည်လုံးမြန်မာ ချမ်းသာအေး။
ကမ္ဘာလုံးလည်း ငြိမ်းချမ်းမလေး။

ရွှေသုဝဏ်

၁၃၄၁ ခုနှစ် ၊ တန်ဆောင်မုန်းလ